www.burmeseclassic.com

ရဲမြင့်သိန်း

# ထိပ်သီးသုံးနိုင်ငံ နှင့် တကောင်ထွား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# " ထိပ်သီးသုံးနိုင်ငံ နှင့် တကောင်ဘွား "

ရဲမြင့်သိန်း

# THE MAN WITH THREE FACES

by

HANS OTTO MEISSNER

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ♦ ၃၁၀၀ ၃၆၀ ၅၀၄ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ♦ ၃၁၀၀ ၃၃၀ ၅၀၅ |
| ပုံနှိပ်ခြင်း | ♦ ပထမအကြိမ် ၂၀၀၅ ခုနှစ် ဇွန်လ |
| ပုံနှိပ်သူ | ♦ ဦးအေးမြင့်(၀၃၃၄၂) |
| ထုတ်ဝေသူ | ♦ ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ |
| မျက်နှာဖုံးဒီဇိုင်း | ♦ ရဲမြင့်သိန်း |
| အုပ်ရေ | ♦ ၅၀၀ |
| တန်ဖိုး | ♦ ၉၀၀ ကျပ် |
| ဖြန့်ချိရေး | ♦ ဖိုးရာဇာစာပေ အမှတ် (၂၇)၊ လမ်း(၄၀) ကျောက်တံတားမြို့နယ် ရန်ကုန်။ |


BURMESE CLASSIC .com

## ဘာသာပြန်သူ၏ အမြင်

ကမ္ဘာ့နိုင်ငံများ၏ ထောက်လှမ်းရေးအဖွဲ့အစည်းများအကြောင်း ကျွန်တော် အတော်များများ ဖတ်ရှုလေ့လာခဲ့ဖူးပါသည်။ သူလျှိုတို့၏ လှုပ်ရှားမှုများအပေါ် တော်ရုံဖြင့် စိတ်လှုပ်ရှားအံ့သြခြင်း မဖြစ်ခဲ့ပါ။

သို့သော် ဂျာမန်လူမျိုး၊ ရုရှားသူလျှို ကွန်ယက်ခေါင်းဆောင် ရစ်ချတ်ဆာဂေး၏ လှုပ်ရှားမှုကို ဖတ်မိရသောအခါ၊ သူလျှိုလေးဦး သာပါသော သူ့ကွန်ယက် တစ်ကွက်ပြီးတစ်ကွက် လှုပ်ရှားလိုက်တိုင်း ကျွန်တော်၏ရင်တွင်း၌ ဂယက်လှိုင်း ထခဲ့ရသည်ချည်းသာ။

ဒုတိယကမ္ဘာစစ် အကြိုနှစ်များနှင့် ဒုတိယကမ္ဘာစစ်ကာလ အတွင်းက ဂျပန်နိုင်ငံသည် နိုင်ငံခြားသားအနည်းငယ်ကိုသာ မတတ်သာ၍ လက်ခံထားသလို အလစ်မပေးဘဲ မျက်စေ့ဒေါက်ထောက် ကြည့်နေသော ကာလလည်းဖြစ်သည်။

ထိုနေရာ၊ ထိုအချိန်မျိုးတွင် လာလေးငါးဦးသာပါသော သူလျှို

www.burmeseclassic.com

www.burmeseclassic.com

ကွန်ယက်ကို ဂျာမန်လူမျိုးဆာဂေးတစ်ယောက် မည်ကဲ့သို့ကမ္ဘာကျော် အောင်ပွဲကိုင်သွားသနည်း။

သူ၏ အောင်မြင်မှုသည် သာမန်မဟုတ်။ ယနေ့ထိ အနောက်နိုင်ငံ ဝါရင့်ထောက်လှမ်းရေးသမားများကိုယ်တိုင်က သူ့ကို "သူလျှိုဘုရား" ဟုအလွန်အကျွံ ချီးမွမ်းကြခဲ့ဖြစ်၏။

ဒုတိယကမ္ဘာစစ်သမိုင်းကို လေ့လာသူများနှင့် ထောက်လှမ်းရေးအတတ်ပညာသမိုင်းကိုလေ့လာသူများက ကမ္ဘာစစ်ကြီး၏ အလှည့်အပြောင်းသည် သူ၏ စွမ်းရည်ကြောင့် ပြောင်းပြန် အကျိုးသက်ရောက်ခဲ့ရသည်ဟု ဆိုနေကြသည်။

ပို၍အံ့ဩဖွယ်ရာကောင်းသည်မှာ ထိုခေတ် ထိုအချိန်က ဂျာမန်လူမျိုးတို့သည် ဟစ်တလာကို ဂျာမန်တစ်မျိုးသားလုံး၏ ကယ်တင်ရှင်အဖြစ်လည်းကောင်း၊ တစ်ကမ္ဘာလုံးကို ဂျာမန်လူမျိုးတို့၏ လက်ဝယ်သို့ အပ်နှင်းပေးနိုင်မည့် ပုဂ္ဂိုလ်ထူးအဖြစ်လည်းကောင်း ယုံကြည်ချက်ပြင်းထန်စွာ ခိုဝင်နေကြသောကာလဖြစ်ပါလျက် နိုင်ငံရေးသိပ္ပံပါရဂူဘွဲ့ရထားသော ဂျာမန်လူမျိုး ရစ်ချတ်ဆာဂေးတစ်ယောက်ကမူ ရုရှားတို့၏ နိုင်ငံရေးစနစ်ကို သက်ဝင်ယုံကြည်ကာ၊ "ယုံကြည်မှု၏ သားကောင်" အဖြစ်သို့ သက်ဆင်းခဲ့သည့်ကိစ္စဖြစ်သည်။

စွမ်းဆောင်ရည် ထူးချွန်ထက်မြက်သူ ဂျာမန်တစ်ဦး၏ "ယုံကြည်ချက်" ကြောင့် ဒုတိယကမ္ဘာစစ်ကြီးကို အနိုင်ယူတော့မည့် ဂျာမဏီသည် မော်စကိုတိုက်ပွဲမှ စတင်ကာ ရှုံးပွဲဆက်တိုက် ရင်ဆိုင်ခဲ့ရသည်ဟုဆိုကြသည်။

ဆာဂေး မည်ကဲ့သို့လှုပ်ရှားခဲ့သနည်း။

ရုရှားထောက်လှမ်းရေးဌာနကြီးသည် ဒုတိယကမ္ဘာစစ်ကြီးတွင် အနိုင်ပိုင်းနိုင်ရန်အတွက် ဂျာမန်လူမျိုးတစ်ဦးကို မည်သို့မွေးမြူအသုံးပြုသွားသနည်း။

ဆာဂေးဦးဆောင်သည့် သူလျှိုကွန်ယက်ကို "ဆာဂေးကွန်ယက်" ဟုသာ ထောက်လှမ်းရေးလောကတွင် ဂုဏ်ပြုခေါ်ဝေါ်လျက်ရှိကြသည်။

ဆာဂေး ကွန်ယက်လောက် အောင်မြင်သော သူလျှိုကွန်ယက်မျိုးထိုအချိန်မှစတင်ပြီး ယနေ့ထိမတွေ့ရသေးပါဟုလည်း သူလျှိုလောကတွင်မှတ်တမ်းတင်ထားကြသည်။

ထိုကွန်ယက်သည် ရုရှား၊ ဂျပန်၊ ဂျာမဏီ ထိပ်သီးသုံးနိုင်ငံ၏ ကံကြမ္မာ၊ စတာလင်၊ တိုဂျို၊ ဟစ်တလာ ထိပ်သီးပုဂ္ဂိုလ်ကြီးသုံးဦး၏ ကံကြမ္မာကို ကိုင်လှုပ်နိုင်စွမ်းရှိသည်ဟုလည်း ဆိုကြသည်။

ယနေ့ထိ အနောက်နိုင်ငံများရှိ စာနယ်ဇင်းများတွင် ဆာဂေးကွန်ယက်အကြောင်းငြင်းခုံနေကြဆဲ။

ဘာကြောင့်နည်း။

ရှင်းပြနိုင်လောက်အောင် ကျွန်တော်မစွမ်းနိုင်သည်မှာ အမှန်ဖြစ်ပါသည်။

ထိုမှတပါးလည်း သူလျှိုလောကတွင် ဂန္ထဝင်မြောက်သော ဆာဂေး၏ လှုပ်ရှားမှုနှင့် လိုက်လျောညီထွေသည့် မှုရင်း စာရေးဆရာ ဟန်းစ်အော်တိုမိုက်စနာ၏ ချယ်မှုန်းမှုတို့ကိုမီအောင် ကျွန်တော်ဘာသာပြန်ဆို တင်ပြနိုင်စွမ်း မရှိသည်မှာလည်းအမှန်ပင်။

ဖတ်ကောင်တို့၏ လှုပ်ရှားမှုနှင့် မူရင်းစာရေးသူ၏ ချယ်သ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ထားပုံတို့ကို စာရှုသူတို့ကိုယ်တိုင်သာ အကဲဖြတ်ကြပါကုန်။

"မ–တစ်ထောင် တစ်ကောင်ဖွါး" တို့၏ ထက်မြက်မှုမျိုးကို ပိုင်ဆိုင်သော ဆာဂေးအား "တကောင်ဘွား" ဟုသာ ကင်ပွန်းတပ်လိုက်ပါရစေ။

ထို့ကြောင့် "ထိပ်သီးသုံးနိုင်ငံနှင့် တကောင်ဘွား" ဟု အမည်တင်မိပါသည်။

**ထိပ်သီးသုံးနိုင်ငံနှင့် တကောင်ဘွား**

BURMESE CLASSIC .com

## မာတိကာ


| စဉ် | အခန်း | စာစုအမည် | စာမျက်နှာ |
|---|---|---|---|
| ၁။ | ၁ | အချုပ်ခန်းမှာတစ်ညတာ | ၁ |
| ၂။ | ၂ | သော့ပေါက်မှချောင်းကြည့်ခြင်း | ၃၅ |
| ၃။ | ၃ | ပထမအသွင်နှင့်သူလျှိုကွန်ယက်ကြီး | ၄၉ |
| ၄။ | ၄ | နိုင်ငံတော်လျှို့ဝှက်ချက် | ၅၁ |
| ၅။ | ၅ | ဂျပန်ရဲတပ်ရိုက်ခံရခြင်း | ၈၃ |
| ၆။ | ၆ | ဒုတိယအသွင် | ၉၉ |
| ၇။ | ၇ | ဖိနပ်ထဲကဆုး | ၁၁၅ |
| ၈။ | ၈ | လုံခြုံမှုအက်ကြောင်းပေါ်လာခြင်း | ၁၂၁ |
| ၉။ | ၉ | ဂျပန်တန်ပြန်ထောက်လှမ်းရေးခြေလှမ်း | ၁၃၃ |
| ၁၀။ | ၁၀ | ကမ္ဘာစစ်ကြီး၏အလှည့်အပြောင်း | ၁၄၉ |
| ၁၁။ | ၁၁ | တတိယအသွင် | ၁၅၉ |
| ၁၂။ | ၁၂ | ကြီးမားသောအောင်မြင်မှု | ၁၆၉ |
| ၁၃။ | ၁၃ | လျှို့ဝှက်မှုပေါက်ကြားခြင်း | ၁၇၉ |
| ၁၄။ | ၁၄ | သေဒဏ် | ၁၉၁ |
| ၁၅။ | ၁၅ | ဇာတ်သိမ်း | ၂၀၃ |


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

## အချုပ်ခန်းမှာ တစ်ညတာ

၁၈၉၅ ခုနှစ်၏ တစ်ခုသောညနေဦးယံသည် တိတ်ဆိတ်ငြိမ်သက် အေးချမ်းလှပလွန်းလှ၏။ ကောင်းကင်၌ အိမ်ပြန်ငှက်တိုက်များ အတော်အတန်ရှိလင့်ကစား ငွေလရောင်ကိုတော့ ကွယ်ပျောက်သွားစေခြင်းငှာ သူတို့မဖုံးကွယ်နိုင်ခဲ့ကြ။ ငြိမ့်ငြိမ့်အေးအေး တိုက်ခတ်နေသောလေစီးကြောင်းတို့၏ သယ်ဆောင်ရာနောက်ကို အလိုက်သင့် လွင့်မျောနေကြသောတိမ်လွှာဖြူလွလွများ၊ ကောင်းကင်ပြင်တလျှောက် တရွေ့ရွေ့ဖြတ်ကျော်နေသည့်ကြားမှပင် ငွေလရောင်က မှိန်တချည်လင်းတလှည့်နှင့် ကမ္ဘာမြေပြင်ထက်ကို အလင်းဖြာ ကျဆင်းပေးလျက် ရှိနေလေသည်။

ပါပါဆာဂေးတစ်ယောက် လရောင်ဖြင့် ခပ်ရေးရေးသာ လှမ်းမြင်နေရသည့် မလှမ်းမကမ်းရှိ ကော်ကေးရှင်း တောင်တန်းကြီးများအား ပြတင်းတံခါးမှတဆင့် လှမ်းကြည့်နေမိလေသည်။ သူ့လှမ်း

www.burmeseclassic.com

www.burmeseclassic.com



၆

မြင်တွေ့နေရသည့် တောင်တန်းကြီးများက စိမ်းမှုန်နက်ပြာနေ၏။ တောင်တန်းကြီးများ ဆိုသည်ထက် တောင်လှိုင်းတံပိုး၊ တောင်တံတိုင်းကြီးများဟုသာ ပါပါ့စိတ်တွင်းက ခေါ်ဆိုပစ်လိုက်ချင်သည်။ ထိုတောင်တို့အံထက်၌ တိမ်ဖြူတို့က ရစ်ကားဆိုင်းနေလေသည်။ ဖြတ်ကာသန်းနေသည်။ တိမ်ဖြူတို့၏ ငြင်ငြင်သာသာ ဖြတ်သန်းနေပုံ ကိုကပင် ပါပါ့မျက်စိ၌ တစ်မျိုးကြည့်၍ ကောင်းနေ၏။ လရောင်အောက်၌ အလွန်ပင် ခန့်ညားတင့်တယ်လွန်းလှသည့် မြင်ကွင်းကျယ် ပန်းချီကားတစ်ချပ်နှယ်ပင်။

အကြည့်တို့ကို ပြန်ရုပ်သိမ်းကာ ပါပါတစ်ယောက် ဖန်ခွက်ထဲမှ လက်ကျန်အရက်ကို တစ်ကျိုက်တည်း ကောက်မော့သောက်ချလိုက်၏။

စိတ်တို့က တစ်ခဏအတွင်းမှာပင် တစ်ဖက်ခန်းတွင်း၌ မိဖွားနေသော ဇနီးဖြစ်သူထံ ရောက်ရှိကူးပြောင်းသွားပြန်သည်။ တဒင်္ဂအတွင်း ပေါ်ပေါက်လာသော စိတ်လှုပ်ရှားမှုဒဏ်ကို ပါပါတစ်ယောက် ဘယ်လိုမှ တင်းခံနိုင်စွမ်းအားမရှိတော့။ အပြင်းအထန်စိတ်လှုပ်ရှားလွန်းလှသဖြင့်လည်း ပါပါတစ်ယောက် အနီးမှ ဖန်ခွက်များကို ကောက်ကိုင်ကာ တစ်လုံးပြီးတစ်လုံး နံရံဆီသို့ အကြောင်းမဲ့ပစ်ပေါက်ခွဲနေလိုက်လေတော့သည်။

ထိုအချိန်အတောအတွင်းမှာပင် သူ့ဇနီးမှ သူ၏ ဒုတိယသားငယ်လေး ရစ်ချက်ဆာဂေးကို အောင်မြင်စွာ ဖွားမြင်ပြီးစီးသွားခဲ့လေသည်။ ဂျာမဏီတွင် အပင်ပန်းခံနိုင်ဆုံးသော ရေနံတွင်းတူးသမားဟု အမြဲကြွေးကြော် ပြောဆိုခဲ့သည့်ပါပါ။ ယခုလည်း ဇာဘုရင်၏ အလိုဆန္ဒ



အရလိုအပ်နေသော ရေနံများအတွက် ရေနံရှာနိုင်သူအား အခကြေးငွေများစွာပေးနေခြင်းကြောင့် အများနည်းတူ ရေနံရှာဖွေရန် ဘာကူးသဲကန္တာရရှိရာ ရုရှားတောင်ပိုင်းသို့ ဇနီးနှင့်အတူ ထွက်လာခဲ့ခြင်းဖြစ်၏။ သူ့အလုပ်က ဝင်ငွေလစာကောင်းသည် မှန်ပေမယ့်လည်း ပါပါအရက်စွဲခဲ့သည်။ အရက်ကို အလွန်အကျွံ သောက်တတ်လာသည်။ ရစ်ချက်ကျောင်းထားချိန်သို့ ရောက်မှသာငွေအနည်းငယ်စုဆောင်း၍ ဘာလင်သို့ပြန်လာခဲ့၏။ ဘာလင်မြို့၏ ဆင်ခြေဖုံးရပ်ကွက်လေး တစ်ခုတွင် အိမ်တစ်လုံးဝယ်ယူလိုက်ကာ အခြေချနေထိုင်လိုက်လေသည်။

သူတို့မိသားစုလေး ဘာကူးမှာတော့ ဘာအနှောင့်အယှက်မှမရှိဘဲ နေနိုင်ခဲ့ပေမယ့်လည်း ယခုဂျာမန်၌မူ ပါပါတစ်ယောက် အပြောင်းအလဲကြီး ပြောင်းလဲလာခဲ့လေသည်။ နိုင်ငံရေးကို စိတ်ဝင်စားလာသည့်ပါပါတစ်ယောက် ဇာဘုရင်၏ နယ်ချဲ့စနစ်ကို အကြွင်းမဲ့ထောက်ခံလာ၏။ သူ့ကိုယ်သူပင် ဆင်ခြေဖုံး၏ အထက်တန်းစားဟု ကင်ပွန်းတပ်ကာ မိသားစုအပေါ်တွင် သံမဏိအာဏာနှင့် အုပ်ချုပ်လာလေတော့သည်။

ဂျာမဏီရောက် ပြည်တော်ပြန် ပါပါ့ဘဝ၌ ခြားနားချက်နှစ်ရပ်ဖြစ်ပေါ်လာတော့သည်။ သို့သော်လည်း ပါပါတစ်ယောက် ယင်းနှစ်ချက်အနက် နားထောင်သူရှိလျှင် တစ်ချက်ကိုသာ ပြောပြခဲ့ပြီး ကျန်အချက်ကိုတော့ လျှို့ဝှက်ထားတတ်၏။

သူအာဘောင်အာရင်းသန်သန်ဖြင့် ပြောပြနေသည့်အချက်ကတော့ သားဖြစ်သူရစ်ချက်၏ ဉာဏ်ထက်မြက်ပုံပင်ဖြစ်သည်။ သို့ပေမယ့်လည်း နေအိမ်ကိုစွန့်ခွာကာ ကားလ်မတ်စ်၏ ကိုယ်ရေးအတွင်းဝန်လုပ်ခဲ့သူ ရစ်ချက်၏အဘိုး၊ သူ၏ဖခင် အဒေါ့လ်ဆာဂေး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုတော့ဖြင့် သူဘယ်သောအခါမှ မပြောခဲ့ဘဲလျှို့ဝှက်ထားခဲ့လေသည်။ ထိုအမည်ကိုပင် သူ၏ ဘိုးစဉ်ဘောင်ဆက်စာရင်းအတွင်းမှ ထုတ်ပယ်ထားလိုက်၏။ ထို့ကြောင့်ပင် သူ့အတွက်မှာတော့ ဖခင်ရှိသည်ဟု ဝန်ခံရန်ပင် ခက်ခဲနေရလေတော့သည်။

၁၉၁၄ ခုနှစ်သို့ ရောက်ရှိလာခဲ့ချိန်မှာတော့ ပါပါတစ်ယောက် သူ၏ နိုင်ငံရေးယုံကြည်ချက်အတိုင်း လုပ်ဆောင်နိုင်ရန်အတွက် ၁၉နှစ်သားအရွယ်ရှိ သားငယ် ရစ်ချတ်ဆာဂေးအား ကိုင်ဇာခြေလျင်တပ်သို့ အတင်းဝင်ခိုင်းခဲ့လေတော့သည်။

ရစ်ချတ်အနေနှင့်မူ စွန့်စားလိုစိတ်ရှိပေမယ့်လည်း နိုင်ငံရေးရာ စီးပွားရေးနှင့် သမိုင်းပညာများကို သင်ကြားလျက်ရှိနေသေးသဖြင့် စာမေးပွဲကို ဦးစွာဖြေလိုသေး၏။ သို့ပေမယ့်လည်း ဖခင်၏အာဏာကို မလွန်ဆန်နိုင်ရှာသဖြင့် ဆာဂေးတစ်ယောက် သူ့အကြံကို လက်လျှော့ကာ တပ်ထဲ ဝင်လိုက်ရလေသည်။ ဤနည်းဖြင့် ရစ်ချတ်ဆာဂေးတစ်ယောက် ခြေလျင်တပ်သားတစ်ဦးအနေဖြင့် ဂျာမန်တပ်မတော်၏ အနောက်ဘက် စစ်မျက်နှာသို့ စစ်ချီတက်မှုတွင် ပါဝင်ခဲ့ရလေတော့သည်။

အခြားသော လက်နက်ကိုင် လူငယ်ရဲဘော်များကဲ့သို့ပင် ရစ်ချတ် ရင်တွင်း၌လည်း မျိုးချစ်စိတ်ဓာတ်က ပြင်းထန်လွန်းလှ၏။ ဂျာမန် လူငယ်တိုင်း၏ ရင်တွင်း၌ အဖနိုင်ငံတော်အား ချစ်မြတ်နိုးသောစိတ် အပြည့်အဝရှိကြလေသည်။

မျိုးချစ်စိတ်ပြင်းပြစွာဖြင့် လိုက်ပါလာခဲ့သော ရစ်ချတ်၊ စစ်မြေပြင် တစ်နေရာအရောက်မှာတော့ ပြင်သစ်စက်သေနတ်သမားတစ်ဦး၏ လက်ချက်ကြောင့် ခြေထောက်တွင်လည်း ဒဏ်ရာရခဲ့သလို သူ၏



မျိုးချစ်စိတ်အဟုန်ကလည်း လျော့ပါးသွားခဲ့ရ လေတော့သည်။

နောက်တန်းဆေးရုံ၌ ဆေးရုံပြန်တက်ခွင့်ရခဲ့၍ တစ်ဘက်မှ သူ့အတွက် စာကျက်ရန် အခွင့်သာခဲ့ပေမယ့်လည်း ၁၉၁၆ ခုနှစ်အတွင်း မှာပင် ရှေ့တန်းသို့ တစ်ဖန်ပြန်ရောက်ခဲ့ရပြန်လေသည်။

ထိုကာလများအတွင်း၌ ဖြစ်ပွားခဲ့သည့် နှစ်နှစ်ကြာစစ်ပွဲကြီးကြောင့်ပင် လူငယ်ရဲဘော်များ၏ ရင်တွင်းမှ မျိုးချစ်စိတ်ဓါတ်တို့က ပိုမိုလျော့ပါး သွားခဲ့ရလေတော့သည်။ ကြောက်စိတ်များ ဖုံးလွှမ်းနေသည့် ရဲဘော်များ၏ မျက်နှာများကို မြင်တွေ့နေရခြင်းကပင် ရစ်ချတ်အဖို့ အဆိုးရွားဆုံးသော၊ အကြီးအကျယ် တုန်လှုပ်စေခဲ့ရသည့် အချက်ဖြစ်ခဲ့ လေသည်။

သူတို့ခုခံနေရသည့် စခန်းကုန်းအား တိုက်ခိုက်သိမ်းပိုက် ခံလိုက်ရချိန်၌ ရစ်ချက်တစ်ယောက် ယခင်ကထက်ပင် ပိုမိုပြင်းထန်စွာ ဒဏ်ရာရခဲ့လေသည့်အပြင် အများနည်းတူ ကြောက်စိတ်များပါ ဖြစ်ပေါ်ခံစားခဲ့ရလေတော့သည်။ ယခုတစ်ကြိမ် ရရှိသော ဒဏ်ရာက သူ့အတွက် ပိုမို၍ပင် ပြင်းထန်နေသည်။ ခန္ဓာကိုယ်အပေါ်ယံရှိ ဒဏ်ရာထက်ပင် စိတ်တွင်း၌ ရရှိဖြစ်ပေါ်ခဲ့သော ဒဏ်ရာက သူ့အတွက် တော့ ပို၍ပင် ကြောက်မက်ဖွယ် ကောင်းလွန်းလှပေသည်။

ထိုအချိန်များအတွင်း၌ ဂျာမန်တို့၏ စိတ်တွင်းဝယ် ရန်သူကို မနိုင်မှန်းသိလျက်နှင့် သန်းပေါင်းများစွာသော အသက်တို့ကို အလဟဿ စတေးကာ တိုက်နေရသည်ဟူသည့် ထင်မြင်ယူဆချက်တစ်ခုက အမြစ်တွယ် စွဲမြဲနေလေတော့သည်။ ထိုပြဿနာရပ်၏ အဖြေကိုမူ ရစ်ချတ်အပါအဝင် မည်သူတစ်ဦးတစ်ယောက်ကမှ စဉ်းစားနိုင်မလည်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့ကြ။ သူ့အတွက်တော့ ဤပြဿနာက စဉ်းစားလေလေ ပို၍ပင် ခက်ခဲရှုပ်ထွေး လာလေလေပင်။ တဖန် သူ၏ စိတ်တွင်း၌ ကားလ်မတ်စ်ကို အဖိုးက ဘာကြောင့်ချီးကျူး၍ အဖေက ဘာကြောင့်မုန်းတီးခဲ့သည် ဆိုသည့်အချက်ကိုပါ တဆက်တည်းစဉ်းစားရင်း အဖြေရှာမရနိုင်ခဲ့ပေ။ နောက်ဆုံးမှာတော့ သူ့အတွက် အဖြေမရနိုင်ခင်မှာပင် ရှုပ်ထွေးသောအတွေးတို့ ကြီးစိုးနေသည့် စိတ်ဓာတ်များဖြင့်ပင် ရှေ့တန်းစစ်မျက်နှာသို့ တဖန်ပြန်လည် ရောက်ရှိခဲ့ရပြန်လေတော့သည်။

ဤစစ်ဆင်ရေးကာလအတွင်း သူ့ဘဝကို အပြောင်းလဲကြီး ပြောင်းလဲသွားစေခဲ့လေသည်။ ရုရှစစ်မျက်နှာသို့ သူရောက်ပြီးမကြာမီမှာပင် ဒဏ်ရာအကြီးအကျယ်ရကာ ဘာလင်သို့ ဆေးကုသမှုခံယူရန် ပြန်ရောက်လာခဲ့ရလေသည်။ ထိုဒဏ်ရာများကြောင့်ပင် သူ့အား စစ်မှုထမ်းရန် မသင့်ဟူသည့် ဆေးမှတ်ချက်ဖြင့် တပ်မတော်အတွင်းမှ နုတ်ထွက်ခဲ့ရလေသည်။ သူ့အတွက်ကတော့ ဘယ်လိုမှ သူစဉ်းစားမရနိုင်ခဲ့သည့် တိုက်ပွဲကြီး ပြီးဆုံးသွားပြီဟုသာ သဘောပိုက်ထားခဲ့လေတော့သည်။

အရပ်သားဘဝကို တဖန်ပြန်လည် ရောက်ရှိလာသည့်အခါမှာတော့ သူ့အတွက် ဘာအလုပ်အကိုင်မှမရှိခဲ့။ ထို့ကြောင့်ပင် ဘာလင်မြို့၏ လမ်းမများထက်၌ ယောင်လည်လည်နှင့်တစ်ကိုယ်တော် ရှက်လှုပ်နေသူတစ်ဦးအဖြစ် လူတိုင်းကသူ့ကိုမြင်တွေ့နေရလေတော့သည်။

စစ်ပွဲ၏ အကျိုးဆက်ကြောင့် ဘာလင်၌လည်း ဒုက္ခကန္တာရကာပ် ဆိုက်ရောက်နေလေသည်။

''အဲဒီတုန်းက ဘာလင်မှာ ငွေပဲသိပ်အရေးကြီးတယ်ဗျာ၊



ဘိုကျိုရိုကျာမန်သံအမတ်ကြီး–အောဘတ်
(သူ့ထံမှဂျာမန်တို့၏ဆိုဗီယက်အားတိုက်ခိုက် သိမ်းပိုက်မည့် သတင်းများကို ဆာဒေးနှင့်အဖွဲ့က ကြိုတင်ရရှိနေကြသည်။)

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်သည် စစ်သား ၂သန်းပါဝင်သော ခမ်းတပ်အား ဆိုက်ဘေးရီးယားနယ်စပ်တွင် ဖြန့်ကျက် ထားလိုက်၏။ ရုရှားသည် ဂျပန်နှင့် ရာစုနှစ်ပေါင်း များစွာကပင် ရန်သူတော်များဖြစ်ခဲ့ကြခြင်းကြောင့် တပ်နီတော်သည် မျက်စိတစ်ဘက်က အာလင်ကိုကြည့် ကာ အခြားတစ်ဘက်က တိုကျိုကို ကြည့်နေခဲ့ရ လေ သည်။

တိုကျိုသည် ဆိုဗီယက် တပ်မတော် ထောက် လှမ်းရေး၏ အဓိကပစ်မှတ်တခု ဖြစ်လာခဲ့သည်။

တိုကျိုအခိုးရသည် ရုရှားအတွက် သော့အချက် ချက်ထားကြောင်းဘဲ ဒင်သိ၏။ သို့ပေမယ့်လည်း တခါး တိုင်းမှာ သော့ပေါက်တော့ရှိကြစမြဲ ။

ထိုအပေါက်မှ ချောင်းကြည့်တတ်ရန်ပဲလိုအပ် ပါသည်။



စစ်တိုက်တယ်ဆိုတဲ့ သိပ်ကိုကြီးကျယ်လွန်းတဲ့ ရည်မှန်းချက် ပန်းတိုင် တွေ၊ တိုက်ပွဲဝင်သတင်းတွေကို မကြားရတော့ဘူး"

တိုကျိုသို့ ရောက်ရှိလာချိန်၌ တိုကျိုရှိ ဂျာမန်များအား ပြန်လည်ပြောပြ ရင်ဖွင့်ခဲ့သော ဆာဂေး၏ ဖြစ်ရပ်မှန်သတင်းစကား လေးပင်။

ထိုကာလများအတွင်း၌ ရေ့တန်းပြန်စစ်သည်များ ဆုံဆည်း မိကြသည်နှင့် အားလုံးပြောဖြစ်ခဲ့ကြသည်က ဆိုရှယ်လစ်ဇင်အကြောင်း အရာများပင်။ ဆာဂေးက ဤအချက်များကိုနားထောင်ရင်း တစ်ဘက် မှလည်း သူ လေ့လာမိသလောက်သော ကွန်မြူနစ်သဘော တရားတို့နှင့် နှိုင်းဆယှဉ်ထိုး ကြည့်မိခဲ့၏။ ထို့ကြောင့်ပင် ဂျာမဏီသည် စစ်ရှုံးပြီး နိုင်ငံ၏ သမိုင်းစာမျက်နှာ အသစ်များပေါ်တွင် အရေးပါသော တော်လှန်ရေးများ ပေါ်ပေါက်လာစေကာ နိုင်ငံသစ်တစ်ခု ပေါ်ထွက် လာရမည်ဟု သူ့ရင်ထဲမှ တထစ်ချယုံကြည်ခဲ့မိလိုက်လေသည်။

သူ့ ယုံကြည်ချက်အတိုင်းပင် ၁၉၁၈ ခုနှစ်၌ ဂျာမဏီသည် စစ်ရှုံးကာ လက်နက်ချခဲ့ရလေသည်။ နိုင်ငံအနှံ့အပြား၌ စစ်သားများ ဘန်းစီကာ စားဝတ်နေရေးအတွက် လှည့်လည်တောင်းခံနေရသည် အထိပင် နိုင်ငံ၏ စီးပွားရေးက များစွာချွတ်ခြုံကျခဲ့လေသည်။ နိုင်ငံတော် အနေဖြင့် သူတို့အတွက် ဘာမှပြန်လည် မဖြည့်ဆည်းပေးနိုင်ခဲ့ပေ။

သည်အချက်က ဆာဂေးကို များစွာမှပင် ထိတ်လန့်တုန်လှုပ် သွားစေခဲ့တော့သည်။ စစ်နိုင်သူတို့ အုပ်စိုးသော စစ်အုပ်ချုပ်ရေးက ဘာ်အောက်သို့ တရားမျှတမှုလုံးဝမရှိခဲ့။ ဆာဂေးအနေဖြင့် ဤအချက် ကြီးကိုဘယ်လိုမှ မနှစ်မြို့ခဲ့။ သို့ပေမယ့်လည်း သူ့စိတ်တွင်းမှာ နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရန်ရည်ရွယ်ချက်က မိုးစဉ်းမျှမရှိ။ ထို့ကြောင့်ပင် ကီးရဲလ်နှင့် ဟန်းဘတ် တက္ကသိုလ်များတွင် ပညာကိုသာအဓိကထား၍ ဆက်လက်သင်ကြားခဲ့ လေတော့သည်။

ဤကဲ့သို့ ပညာသင်ကြားနေခဲ့သော်လည်း သူ့ရင်တွင်း၌ ကိန်းဇအောင်း နစ်မြုပ်လျှက်ရှိနေသေးသည့် စိတ်ဓာတ်ကြောင့်ပင် အခြေအနေပေးသည်နှင့် ဆာဂေးတစ်ယောက် ကီးရဲလ်ဆိပ်ကမ်း အလုပ်သမားများ၏ တော်လှန်ရေးနှင့် လမ်းကြားတိုက်ပွဲများ၌ ပါဝင် ဆင်နွှဲခဲ့လေသည်။

၁၉၂၀ ခုနှစ်၌ ဆာဂေးတစ်ယောက် နိုင်ငံရေးသိပ္ပံပါရဂူဘွဲ့ ရရှိခဲ့လေသည်။ ဤအချိန်မှစ၍ သူ့ဘဝကို စာအုပ်ပုံများကြားမှ ရုန်းထွက်လိုက်ကာ သူ၏ ဘဝသစ်တစ်ခုအတွက် သမိုင်းစာမျက်နှာ သစ်တစ်ခုကို စတင်ဖွင့်လှစ်လိုက်လေတော့သည်။

နွေဦးရာသီ၏ တစ်နေ့သောညနေခင်းလေးတွင် ဆာဂေး တစ်ယောက် ဂျာမန်ကွန်မြူနစ်ပါတီ၏ ဟန်းဘတ်မြို့ ရုံးခွဲအတွင်းသို့ ရောက်ရှိလာခဲ့လေသည်။ ထိုအချိန်မှအစပြုကာ ကိုင်ဇာအတွက် စစ်မြေပြင်တွင် လက်နက်ကိုင်အစွမ်းပြခဲ့သည့် ဖွဲ့သမားလေးသည် ကာရင်မလင်မှ အုပ်စိုးသူ ကွန်မြူနစ်ဆရာများအတွက် အားထားစရာ တင်းပြည့်ပါတီဝင်ကောင်းတစ်ယောက် ဖြစ်လာခဲ့လေတော့သည်။

ပါတီဝင်ဖြစ်လာပြီးသည့်နောက်တွင် ဆာဂေးတစ်ယောက် ဟန်းဘတ်၌ ကျောင်းဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ စစ်အကြောင်း ကို ဟာသနှော၍ စိတ်ဝင်စားဖွယ်ကောင်းအောင်ပြောတတ်သည်။ ထို့ကြောင့်လည်း တပည့်များ၏ ချစ်ကြောက်ရိုသေမှုကို ရရှိခဲ့လေသည်။



သို့သော်လည်း သင်ရိုးညွှန်းတမ်းတွင်မပါဝင်သော ကွန်မြူနစ်စုဆောင်း ရေးအလုပ်အား တိတ်တဆိတ်လုပ်ကိုင်နေသည်ကို ကျောင်းအုပ်ကြီး သိရှိသွားချိန်၌ အလုပ်မှထုတ်ပယ်ခြင်း ခံခဲ့ရလေသည်။ ဆာဂေး တစ်ယောက် ကျောက်မီးသွေးတူးသမားအဖြစ် ထပ်မံလုပ်ကိုင်ခဲ့ ပြန်သည်။ ဖွဲ့ကောင်း၍ ခွန်အားရှိသောသူ့ကို အလုပ်သမားခေါင်းဆောင် များက ခင်မင်သဘောကျလှ၏။ သို့သော်လည်း ဆာဂေးတစ်ယောက် သူ့ ထုံးစံအတိုင်း ကွန်မြူနစ်သင်တန်းပေးနေသည်ကို တွေ့ရှိသွားချိန် မှာတော့ ကုန်ထုတ်လုပ်မှုကို အနှောင့်အယှက်ဖြစ်စေမှုနှင့် အလုပ်ထုတ် ခံခဲ့ရပြန်လေသည်။

အလုပ်ခွင်တွင် အဆင်မပြေပေမယ့်လည်း ပါတီအတွက်၌မူ များစွာအားထားရသူ ဖြစ်ခဲ့လေသည်။ ပါတီအကြီးအကဲများက သူ့အား လမ်းဘေးတိုက်ပွဲများတွင် အားထားရသူ၊ လှုံ့ဆော်မှုတွင် ထူးချွန်သူ တစ်ဦးအဖြစ် အသိအမှတ်ပြုခဲ့ကြ၏။ ပါတီတွင်း၌ ဆာဂေး နာမည်ရလာ ခဲ့လေသည်။ မော်စကိုမှလည်း အဒေါ်ဆာဂေး၏မြေး သူတို့ပါတီထဲ ရောက်လာမှုအတွက် လွန်စွာဝမ်းသာကြ၏။ ဤသို့ဖြင့် ဗိုက်ပြည့်ရန် အစာသာရှာ၍ ဗိုက်ဝလျှင်ကျေနပ်ပြီး အတွေးအခေါ်ပိုင်းကို ပစ်ပယ် ထားကြသော ဂျာမဏီ၏ သန်းပေါင်းများစွာသော အညွန့်အဖူးလူငယ် များနှင့် ကွန်မြူနစ်ပါတီတွင် ဘဝရှင်သန်နေရခြင်း၏ အကြောင်းအရင်း ကို သိမြင်လာသော ဆာဂေးသည် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ် လာလေတော့သည်။

ဆာဂေးတစ်ယောက် ကျောက်မီးသွေးတွင်းမှ ထွက်ခွာ ခဲ့ရပြီး သူ့ဘဝတွင် သူက အိမ်ဟုသတ်မှတ်ထားသော တစ်ပတ်တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



အိမ်လခပေးရတာ ငှားရမ်းထားသည့် လမ်းကြားထဲမှ အခန်းလေးတွင် သူ့ဘဝကို အခြေချခဲ့၏။ တစ်နေ့၌ ဆာဂေးတစ်ယောက် ထိုအခန်းသို့ အရှေ့လေကို ခေါင်းငုံ့ကာပြန်လာခဲ့သည်။ သူ့အိတ်တွင်းမှ တစ်ပတ်စာ အတွက်သာငွေရှိသည်။ သို့သော်လည်း သူ့နောက်၌ ပါတီရှိနေသဖြင့် သူဘာမှမပူပင်မိခဲ့။ အလွန်အေးသော ရာသီတွင်ပင် ကုတ်အင်္ကျီကို တင်းတင်းစေ့ကာ အပူအပင်ကင်းကင်းဖြင့် လမ်းလျှောက်နေနိုင်သည် အထိ သူ့ဘဝငြိမ်းအေးခဲ့လေသည်။ လှေကားမှအတက် မှောင်ထဲမှ လူတစ်ယောက်ထွက်လာကာ–

"ရဲဘော်တို့ ကျုပ်စောင့်နေတာ၊ ရဲဘော်အခန်းသွားပြီး စကားပြောကြတာပေါ့"

ဆာဂေးတစ်ယောက် ကိုယ်ကို မတ်လိုက်၏။ အသံကိုထောက်၍ ဟင်နရီတောလ်မန်းဟု သိလိုက်၏။ သူ့လေသံက မိတ်ဆွေသံ အပြည့်ပါပေမယ့် ဆာဂေးအတွက်တော့ လုံးဝစိတ်မချရပေ။ ဟင်နရီ တောလ်မန်းသည် ကတုတ်ကျင်းသူရဲကောင်းဟု နာမည်ရကာ ဟန်းဘာ့တ်ပါတီ၏ လျှို့ဝှက် အကြီးအကဲလည်း ဖြစ်လေသည်။ ပထမ ဆုံးသော ဂျာမဏီ ကွန်မြူနစ်အစိုးရ၏ နိုင်ငံလုံခြုံရေးအရာရှိကြီး ဖြစ်လာရန် ရည်မှန်းချက်ရှိသူလည်းဖြစ်၏။ တောလ်မန်းသည် လက်တစ်ဘက်ဖြင့် စီးကရက်လိပ်ရင်း ကျန်တစ်ဘက်ဖြင့်လည်း လူတစ် ယောက်၏ လည်ပင်းကို တပြိုင်တည်းလိမ်ချိုးနိုင်သူဟု ဆိုနိုင်သူ ဖြစ်သည်။ တောလ်မန်းသည် ကြောက်ရွံ့ရသူ လေးစားထိုက်သူ ဖြစ်သော်လည်း ခင်မင်ထိုက်သောသူတော့ မဟုတ်ချေ။

သူ့အခန်းတွင်းသို့ ရောက်သွားချိန်၌ တောလ်မန်းက



သူ့အိပ်ယာထက်၌ သက်သက်သာသာပင် ဝင်ထိုင်လိုက်၏။ အိမ်ရှင် ဆာဂေးကတော့ သူ့အိမ်ရှိ တစ်လုံးတည်းသော ကုလားထိုင်၌ ထိုင်ကာ ဘရန်ဒီတစ်ခွက်စီ သောက်ကြ၏။ အရက်သောက်ရင်း သူ့ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည့် ဆာဂေးကို ကြည့်၍ တောလ်မန်း အနေရခက်လာ၏။ ရဲဘော်အချင်းချင်း တစ်ဦးအိမ် တစ်ဦး မဝင်ရဟူသော တင်းကြပ်သည့် စည်းကမ်းရှိ၏။ တောလ်မန်း အနေဖြင့် ဤစည်းကမ်းကို ဖောက်ဖျက်ရသည့် အကြောင်းအား ရှင်းပြရန်အတွက် စကားခက်နေခဲ့သည်။ ထို့ကြောင့်လည်း ကမ္ဘာပေါ်တွင် ပါတီတန်ခိုး ထွားလာမည့် အကြောင်းများ၊ လက်ရှိ ဂျာမဏီ၏ နိုင်ငံရေးပြဿနာ များအား ပါတီကဖြေရှင်းပေးနိုင်မည့် အကြောင်းများအား ပြောရိုးပြောစဉ် အတိုင်း အဆက်မပြတ် ပြောနေလေတော့သည်။

ဤကဲ့သို့ ဝါဒဖြန့် စကားများကိုသာ နားထောင်နေရသဖြင့် လည်း ဆာဂေးအနေဖြင့် စိတ်မရှည်နိုင်တော့ပေ။ စိတ်မရှည်ဟန်ဖြင့် အရက်တစ်ခွက်ငှဲ့၍ သောက်နေလိုက်သည်။

"အရက်သိပ်သောက်တာ မကောင်းဘူး"

တောလ်မန်း ကကြားဖြတ်ကာဝင်ပြောလိုက်၏။

"ကျုပ်သိပါတယ်" ဟုဆတ်ဆတ်ထိထိပြန်ဖြေကာ နောက်တစ်ခွက် ထပ်မော့လိုက်ပြန်သည်။

သည်တော့မှ တောလ်မန်းက –

"ဂျာမဏီကနေ အကြာကြီးခွဲပြီး သွားနေနိုင်မလား"

သူ့အမေးက အရင်းအဖျားမရှိဘဲ တဲ့တိုးမေးလိုက်ခြင်းပင်။ ထို့ကြောင့်လည်း ဆာဂေးအဖို့ ကြားကြားချင်းပင် အထူးတလည်

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩသွားမိလေတော့သည်။ သို့ပေမယ့်လည်း ထိုအံ့ဩမှုကို မရိပ်မိစေရန် မျက်နှာထားကို မပြောင်းလဲဘဲ မျက်စိကိုသာ စုံမှိတ်ထားမိလိုက်၏။ ဤအချက်ကလည်း သူ၏ စိတ်လှုပ်ရှားမှုကို ပြနေကျ လက္ခဏာပင်။

"မင်းဘာလုပ်ရမယ်ဆိုတာတော့ ငါမသိဘူး။ ဒါပေမယ့် မင်းဘက်က လက်ခံရင်တော့ သောရှာတာက ဂျာမဏီကို မင်းတော်တော်နဲ့ပြန်လာရမှာမဟုတ်ဘူး၊ သင်တန်းလည်း အကြာကြီးတက်ရလိမ့်မယ်၊ မော်စကို ကိုသွားရလိမ့်မယ်"

ဆာဂေး၏ ရင်ထဲ၌ ထိတ်သွား၏။ ထို့ကြောင့်ပင် တောလ်မန်းကို လှမ်းကြည့်လိုက်ရင်း

"မော်စကို – ဟုတ်လား၊ သွားချင်တာတော့ ကြာပြီဗျ။ ဒီလိုသွားဖြစ်မယ်လို့လည်း မထင်ခဲ့မိဘူး။ အဖိုးလည်း မော်စကိုမှာ ဆုံးခဲ့တာ၊ နို့တက်ရမယ်ဆိုတဲ့ သင်တန်းက ဘာသင်တန်းလဲ၊ ကျွန်တော့်ကို ဘာများခိုင်းချင်လို့လဲ"

စိတ်လှုပ်ရှားစွာဖြင့် အလျင်စလို ပြန်မေးမိလိုက်၏။ ဤသို့ စကားပြောနေရင်းနှင့်ပင် တောလ်မန်းသည် ဆာဂေးအား ခင်မင်သဘောကျလာလေသည်။ ထို့ကြောင့်လည်း –

"ဒီကိစ္စက မင်းအဘိုးနဲ့လည်း ပတ်သက်ရင်ပတ်သက် လိမ့်မယ်၊ အသေးစိတ်တော့ ငါလည်းမသိဘူး။ ငါသိရသလောက် ကတော့ ကွန်မင်တန်ကနေ ဖိဆီလှမ်းပေးတဲ့ သတင်းတစ်ခုပဲရှိတယ်"

ဆာဂေး မျက်လုံးများဝယ် အရောင်ဖြင့်လင်းလက်သွား၏။ သူ့အနေဖြင့် ပို၍လည်း စိတ်ဝင်စားသွားလေတော့သည်။ ထို့ကြောင့်ပင်



တောလ်မန်း၏ မျက်နှာကို အားကိုးတကြီး စိုက်ကြည့်ရင်း နားစွင့်ထားလိုက်မိလေသည်။

"ကွန်မင်တန်က ဆာဂေးမျိုးဆက် ပါတီဝင်ဖြစ်လာလို့ အရမ်းဝမ်းသာနေကြတယ်၊ မင်းကို သူတို့နားမှာ ခေါ်ထားချင်လို့နဲ့တူတယ်၊ အသေးအဖြာတော့ ငါမသိဘူးနော်၊ ငါ့တာဝန်က မင်းလက်ခံနိုင် လက်မခံနိုင် ဆိုတာကိုပဲ သတင်းပို့ဖို့ပဲ၊ သဘောတူရင်တော့ ဆိုင်ရာက ဆက်ပြီး အမိန့်ပေးသွားလိမ့်မယ်၊ ငါ့အနေနဲ့ကတော့ မင်းကို စိတ်ချ ယုံမှုရှိမရှိဆိုတာ သတင်းပို့ပေးဖို့ပဲ၊ ဒါပေမယ့် ဒီကိစ္စအတွက် မင်းဘာမှ စိတ်မပူနဲ့၊ မင်းဟာ စိတ်အချရဆုံးလူဆိုတဲ့အကြောင်း ငါသတင်း ပြန်ပို့လိုက်ပါမယ်"

တောလ်မန်းစိတ်ထဲ၌ ဤကိစ္စအပေါ် ဆာဂေး စိတ်ဝင်စားမှုမှ ဝမ်းသာသွားသည် မှန်သော်လည်း စကားကို ခပ်တင်းတင်းသာ ပြောလိုက်၏။ မြေအောက် ကွန်မြူနစ်ပါတီဝင်များ၏ စည်းကမ်းကို ထိန်းကိုင်ရသောအလုပ်ဖြစ်၍ သူ့အနေဖြင့် ပျော့ညံ့၍မရပေ။ သူ့စကားဆုံးသည်နှင့် ဆာဂေးက ထိုင်ရာမှထလိုက်ရင်း သူ့ကို လက်ဆွဲနှုတ်ဆက်လာလေသည်။ ထိုကိစ္စအတွက် သဘောတူသည့် လက္ခဏာပင်။ ကိစ္စပြီးပြီမို့ တောလ်မန်းလည်း အခန်းတွင်းမှ ပြန်ထွက် သွားလေတော့သည်။

ဆာဂေးတစ်ယောက် ဝမ်းသာလုံးဆို့သွားရလေပြီ။ အရက်ခွက်ကို ထပ်ငှဲ့သောက်လိုက်၏။ ကုန်သွားသည်နှင့် ဖန်ခွက်လွတ်ကို နံရံထက်ဆီသို့ အားကုန်ပစ်လွှဲရင်း အသားလွတ်ခွဲပြစ်လိုက် လေတော့သည်။ ဘာမျိုးဘိုးတွေဟုသာ ဆိုရပေတော့မည်လေ။

ဤအချိန်ကာလမှ စတင်ကာ ကံကြမ္မာစက်ဝန်းတစ်ခေါက်၌

www.burmeseclassic.com

www.burmeseclassic.com



ဆာဂေး၏ကြမ္မာက စတင်၍လှုပ်ရှားလည်ပတ် ပါဝင်လာခဲ့လေတော့သည်။

ထိုနေ့မှစ၍ရေတွက်သော် သုံးပတ်ခန့်ကြာသောတစ်နေ့၌ ဆာဂေးတစ်ယောက် သူ၏ တစ်ခုတည်းသော လက်ဆွဲအိတ်တွင် အဝတ်အစားများထည့်ကာ အိမ်လခရှင်းပြီးသည်နှင့် ပါတီဌာနချုပ်သို့ သတင်းပို့ရန် ထွက်လာခဲ့လေသည်။

အလုပ်အမှုဆောင် အတွင်းရေးမှူးက သူ့အား ဌာနချုပ် အပေါ်ထပ်ရှိ အခန်းကျဉ်းတစ်ခုကို ပေး၏။ ထိုအခန်းလေးက ဘာအခင်းအကျင်းမှမရှိ။ လေးဘက်လေးတန် ညစ်ပတ်ပေစုတ်နေသော နံရံနှင့် ကွာကျနေသောနံရံစက္ကူများကြောင့် နေရသည်မှာ ဆာဂေး အတွက် ဘယ်လိုမှ စိတ်ချမ်းသာဖွယ်ရာမရှိပေ။

ဆာဂေးအနေဖြင့် အရှေ့အရပ်ဆီသို့ ခရီးထွက်စရာရှိသည်။ ဤခရီးစဉ်အတွက် သူ့ကိုလာခေါ်မည့်သူကိုစောင့်ရင်း နေရသည်ကပင် ပထမနေ့အဖို့ ဘယ်လိုမှစိတ်မချမ်းသာခဲ့။ ဒုတိယနေ့မှာတော့ ဤအခန်း တွင်း၌ နေရသည်ကို အကျဉ်းကျသလိုပင်၊ ခံစားလာမိတော့သည်။ တတိယနေ့အရောက်မှာတော့ အတွင်းရေးမှူး ခြိမ်းခြောက်ဟန့်တား နေသည့်ကြားမှပင် အပြင်သို့ရအောင်ထွက်ခဲ့မိလိုက်လေသည်။

ကိုက် ၂၀၀ ခန့် လျှောက်ပြီးချိန်မှာတော့ ဆာဂေးတစ်ယောက် တစ်ဘက်လမ်းမှ သူ့ကို အမှီလိုက်နေသော မိန်းမငယ်လေးကို သတိထား မိလိုက်လေသည်။ သူမြန်မြန်ထပ်လျှောက်ကြည့်၏။ ထိုမိန်းမငယ် ကလည်း အမြန်ပင်အမှီလိုက်လေသည်။ သူနှေးလိုက်လျှင်လည်း ထို့အတူပင်။ ထို့ကြောင့်ပင် ဆာဂေး ထိုအမျိုးသမီးနှင့်ရင်ဆိုင် လိုက်လေတော့သည်။ သူမထံ တည့်တည့်လျှောက်သွားလိုက်၏။



အနားရောက်လျှင် မျက်နှာကို စေ့စေ့ကြည့်လိုက်လေသည်။ လှပနုပျိုကာ အလွန်မှ ကြည့်ကောင်းလှသော မျက်နှာပိုင်ရှင်လေးပင်။

"မင်းကြည့်ရတာ ချမ်းပြီးဆာနေပုံပဲ၊ ငါဘာကူညီရမလဲ"

ဆာဂေးအမေးကို မိန်းမပျိုလေးက ချက်ခြင်းပြန်မဖြေ ပေးသေး။

"ငါ့အိမ်က ဟိုနားမှာပါ"

ပြောပြောဆိုဆို ဆာဂေးက သူ့အိမ်ဘက် ပြန်လက်ညှိုး ထိုးပြလိုက်သည်။ သည့်အခါမှတော့ မိန်းမပျိုလေးမျက်နှာမှာ အပြုံး သဲ့သဲ့ စွန်းထင်းသွားကာ–

"ကျွန်မသိပါတယ်၊ ထွက်လာကတည်းက ရှင့်ကို မြင်သားပဲ"

ထိုစကားကြောင့် ဆာဂေး မျက်မှောင်တစ်ချက် ကျုံ့လိုက်ရင်း

"မင်း ငါ့နောက်လိုက်နေတာပေါ့ ဟုတ်လား၊ ဘာလုပ်ဖို့လဲ"

သည်တစ်ခါမှာတော့ မိန်းမပျိုလေး မျက်နှာထက်၌ နှစ်လိုဖွယ် ကောင်းသော အပြုံးတစ်ပွင့် ဖြစ်တည်လာလေသည်။ ညို့အား ကောင်းသော မျက်ဝန်းအစုံနှင့် ဆာဂေးကို ညို့ငင်လိုက်ရင်း–

"ကျွန်မ ငွေလိုချင်လို့၊ ရှင့်ကြည့်ရတာ သနားတတ်မယ့် ရုပ်မျိုးပဲ"

ဆာဂေးတစ်ယောက် ဘာမှထပ်ပြောမနေတော့ဘဲ မိန်းမ ပျိုလေး၏ လက်ကိုဆွဲကာ သူ့အခန်းသို့ ပြန်လာခဲ့လေတော့သည်။

အတွင်းရေးမှူးအား ဘုကြည့်ကြည့်ရုံမကဘဲ ညနေစာပင် နှစ်ယောက်စာ အဝယ်ခိုင်းလိုက်သေး၏။ နောက်တစ်နေ့ နံနက်ပိုင်းမှာ တော့ ဆာဂေး ထိုသူငယ်မလေးကို ဘီယာနှင့်စီးကရက်ဝယ်ရန် အဝယ် လွှတ်လိုက်ချိန်မှစ၍ မိန်းကလေး ပြန်ရောက်မလာတော့ပေ။ ဆာဂေး

www.burmeseclassic.com

www.burmeseclassic.com



ဒေါသထက်ပင် အတွင်းရေးမှူး၏ ဒေါသက ပိုရှိနေလေသည်။ ဆာဂေးကို မီးဝင်းဝင်းတောက်မတတ် မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်ရင်း–

''မင်းဘာသိလဲ၊ အဲဒါ ရဲသလို့ပဲနေမှာ၊ ငါသေသေချာချာ ပြောထားရက်နဲ့ကွာ မနက်ဖြန်ဆို မင်းကိုခေါ်မယ့်လူရောက်တော့မယ်၊ ဒီအခန်းထဲမှာဘဲ နေလို့ ငါပြောသားပဲ၊ အခုတော့ မင်းမလိုက်နာလို့ ပြဿနာပေါ်တော့မယ်''

အတွင်းရေးမှူးက စကားဆုံးသည်နှင့် အိမ်သားများနှင့် ဆာဂေးအား အထောက်အထား စာရွက်စာတမ်းများကို မီးရှို့ဖျက်ဆီးပစ်ရန် အမိန့်ပေးလိုက်၏။

တစ်နာရီအကြာမှာတော့ ရဲများရောက်လာကာ အိမ်အတွင်း ဝင်ရောက်၍ တစ်ခန်းဝင် တစ်ခန်းထွက် ရှာကြလေတော့သည်။ ရဲမှူး မေးသမျှ မေးခွန်းတိုင်းကို အတွင်းရေးမှူးက ပြန်ဖြေပေးနေရသည်။ ဆာဂေးကိုမူ ရှေ့တန်းတွင် အတူတိုက်ခဲ့ရသော ရဲဘော်ရဲဘက်ချင်းမို့ အလုပ်မရမီ ခေတ္တတည်းခိုခွင့်ပြုထားသူဟု အကြောင်းအချက်ပြ၏။

''မင်းတို့ညာတယ်၊ မင်းတို့ ဘော်လ်ရှီဗစ်တွေ၊ အေး.. မင်းတို့ကို မတရားအသင်း တည်ထောင်မှုနဲ့ တရားစွဲမယ်''

ရဲမှူးအကြည့်က ဆာဂေးဘက် လှည့်လာပြန်သည်။

''မင်းကိုလည်း ကုန်ထုတ်လုပ်မှု ကျဆင်းအောင်လုပ်မှုနဲ့ စွဲချက်တင်မယ်''

ထိုညက ဆာဂေးတို့အဖို့ အချုပ်ခန်းတွင်း၌ အိပ်ကြရတော့သည်။ ဆာဂေး ဘဝမှာတော့ ထိုတစ်ညလေးကို ဘယ်လိုမှပင် မေ့လို့ရတော့မှာ မဟုတ်ပေ။ သူ့ကိုယ်သူလည်း မကျေနပ်သလို



မိန်းမှန်သမျှကိုလည်း မကျေနပ်တော့။ ရင်ထဲမှာကတော့ မဟုတ်တာ အလေး တစ်ခုလုပ်မိလိုက်၍ မော်စကိုသွားရမည့် အခွင့်အရေး ဆက်လွှတ်ရတော့မည်ကို တွေးပြီး နောင်တရ၍ မဆုံးတော့ပေ။

''ဒီတစ်ခါတော့ မင်းတို့ကို ခွင့်လွှတ်လိုက်မယ်၊ မင်းတို့ သုပ်နေတာတွေ၊ မင်းတို့ ဘယ်သူဘယ်ဝါကအစ ငါတို့အားလုံး သိပြီးသား။ ဒါပေမယ့် အခုတော့ အရေးမယူတော့ဘူး။ နောက်တစ်ခါ ဆိုရင်တော့ ခွင့်လွှတ်မယ် မထင်နဲ့''

နောက်တစ်နေ့ နံနက်မှာတော့ ရဲမှူးက အထက်ပါအတိုင်း ပြောဆိုပြီး ဆာဂေးတို့ကို ပြန်လွှတ်လိုက်လေသည်။ ပါတီဌာနချုပ်သို့ ပြန်ရောက်မှပင် ရဲမှူးသိမ်းသွားသည့် စာရွက်စာတမ်းတို့က အရေးယူနိုင်လောက်သော အထောက်အထား မဟုတ်သဖြင့် ပြန်လွှတ်ဆိုက်ကြောင်း အတွင်းရေးမှူးမှ ရှင်းပြ၏။ ယခုမှပင် ဆာဂေးရင်ထဲ၌ အတွင်းရေးမှူးကို ကြည်ညိုလာလေတော့သည်။

နောက်တစ်နေ့မှာပင် မော်စကိုမှ လာခေါ်သူ ရောက်လာလေသည်။ ဆာဂေး အတွင်းရေးမှူးအား လှိုက်လှိုက်လှဲလှဲ လက်ဆွဲနှုတ်ဆက်လိုက်လေသည်။ ယခုမှ သူ့ရင်ထဲမှာ အတွင်းရေးမှူး၏ စေတနာကို နားလည်ခဲ့ရခြင်းအတွက်ပင်။ အတွင်းရေးမှူး ကျေးဇူးကြောင့်သာ မော်စကိုသို့ အပြစ်ကင်းစင်သူတစ်ဦးအဖြစ် ဆာဂေး သွားနိုင်ပေတော့မည်လေ။

ဆာဂေးတို့ ခရီးထွက်လာခဲ့ကြ၏။ လမ်းတစ်လျှောက် ဘာပြဿနာမှ မတွေ့ရပေမယ့်လည်း ရှုရှု အမည်ကြားတိုင်း ဆာဂေး စိတ်ထဲမှာတော့ တစ်မျိုးခံစားနေရသည်။ ယခင်ယခင်နှစ်များ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းဓာ-ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်နေသော အလုပ်လက်မဲ့ လူငယ်တစ်ယောက်၏ စွန့်စားမှုတစ်ရပ်ပင်။

သူ့ခရီးသွားဖော်ကလည်း အင်မတန်မှပင် စကားနည်း၏။ မော်စကိုသို့ ရောက်ခါနီးမှပင်–

"မော်စကိုက ကားတစ်စီးလာကြိုလိမ့်မယ်၊ ကားက ဟိုတယ်ကို လိုက်ပို့ပေးလိမ့်မယ်၊ နားပါ။ မနက်ဖြန်မှ ငါလာခေါ်မယ်၊ ကရင်မလင် နန်းတော်ကို သွားကြမယ်၊ အဲဒီမှာ မင်းအသိကို တွေ့လိမ့်မယ်"

"ကျွန်တော့်အသိ ဟုတ်လား၊ ဘယ်သူလဲ"

"ဒီမီထရီ မနုစကီ–ပေါ့"

"အော်....,"

ဆာဂေးတစ်ယောက် ဒီမီထရီ မနုစကီကို မှတ်မိလိုက်လေသည်။ မနုစ်က ဂျာမဏီကိုလာ၍ ပါတီပွဲစည်းစဥ် ပါတီပွဲစည်းပုံ ရှင်းပြပုံအကြောင်းနှင့် ကွန်မင်တန်နှင့် မည်သို့ဆက်သွယ်ရမည့် အကြောင်း၊ ဟန်းဘတ်တွင် သူ့အား သူ့အဖိုးအကြောင်းပြောပြပုံ တို့ကို ဆာဂေးက ပြန်ဖောက်သည်ချမိနေလေတော့သည်။

ဆာဂေးရဲ့ အတွေးထဲမှာကတော့ မနုစကီ သူ့ကို ဘာများခိုင်း မလို့ပါလိမ့် ဟူသော အဖြေပြန်ထွက်မလာသည့် အတွေးကြီးက ကြီးစိုး နေရာယူထားခဲ့ပင်။ ထိုအတွေးကြောင့်လည်း တစ်ညလုံး အိပ်၍မရခဲ့။

နောက်တစ်နေ့မှာတော့ ဆာဂေးတစ်ယောက် မနုစကီနှင့် တွေ့ခွင့်ရလေသည်။ မနုစကီသည် ကွန်မင်တန်၏ နိုင်ငံခြား ထောက်လှမ်းရေးဌာန အကြီးအကဲတစ်ဦးပင်။ ဆာဂေးတစ်ယောက် မနုစကီ ရုံးခန်းအတွင်းမှ ကျေနပ်စွာ ထွက်လာခဲ့လေတော့သည်။



ဆာဂေး ယခု စတင်လုပ်ကိုင်နေရတော့မည့်အလုပ်က သူလျှို အလုပ်။ ဆိုဗီယက်ယူနီယံသည် အခက်အခဲကြုံတွင် တိုးတက်နေသည့် "တော်လှန်ရေး"ဟု အမည်တစ်ထားသော "ကလေးငယ်" အတွက် လိုအပ်နေသော အရာကတော့ သူ့နေရာနှင့်သူ "ကျွမ်းကျင်ခြင်း" တည်းဟူသော "သွေး" ပင်။

ကွန်မင်တန်သည် ကွန်မြူနစ်အဖွဲ့တစ်ခုဖြစ်ပြီး ကမ္ဘာအရပ်ရပ် ရှိကွန်မြူနစ်အဖွဲ့များ၏ ဗဟိုဦးစီးကော်မတီလည်း ဖြစ်သည်။ ကော်မတီ၏ နည်းပေးလမ်းပြ လုပ်ငန်းစဥ်အတွက် ခေါင်းဆောင်မှိုင်းတွင် သတင်း လိုအပ်နေလေသည်။ ဂလဲ့စားချေလိုစိတ်နှင့် ပုဂ္ဂိုလ်စွဲရှိသူတို့ ပေးသည့် ဇနိတီးချယ်သထားသော သတင်းများ မလိုချင်ပေ။ အသေအချာ လေ့ကျင့် ပေးပြီးသောသူထံမှ ရရှိသော တိကျမှန်ကန်သည့် သတင်းမှန်ကိုသာ လိုအပ်နေလေသည်။ ထိုသူများသည် ဆိုဗီယက်ယူနီယံ၏ လက်ရွေးစင် များပင်။ ကရင်မလင်မှ ထိုလူများအား ရွေးချယ်ရာ၌ လူမျိုးနှင့်ဘာသာကို ရှုမစိုက်ပေ။ အသိဉာဏ်နှင့် သိပ္ပံကျေ ရှိပြီး ဘာသာစကားကျွမ်းကျင်သူ သစ္စာရှိကွန်မြူနစ် ဖြစ်ရန်ပဲလိုအပ်လေသည်။

ဆာဂေးတစ်ယောက် ယခုတော့ ထိုသူများစာရင်း၌ ပါဝင် ခဲ့လေပြီ။ ဆာဂေး၏ သင်တန်းသည် ၅ နှစ်ကြာမြင့်၏။ သင်ခန်းစာကို စာသင်ခန်း၊ ဟောပြောခန်း များတွင်သာမကဘဲ လုပ်ရင်းကိုင်ရင်း သင်ကြားပေးသွားခြင်းပင်။ သင်တန်းကာလ ငါးနှစ်အတွင်း စကင်ဒီနေဗီးယား၊ ဘောလ်ကန်နိုင်ငံများနှင့် ဥရောပတိုက်တစ်ခုလုံး နီးပါးတွင် အလုပ်လုပ်ခဲ့ရလေသည်။ ဆာဂေးတစ်ယောက် အစိုးရတိုင်း ဆောကျသည့် ဘက်စုံသူလျှို ဖြစ်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆာဂေးသည် အိရည်အချင်း ပြည့်ဝသူတစ်ဦးပင်။ သူလျှ စနစ်ကို သူ့မူပိုင်တီထွင်ကာ စံချိန်မီအောင်လုပ်ခဲ့သည်။ သူသည် ဇာတ် ဂျာမန်စကားသာမက ရုရှ၊ ပြင်သစ်၊ အင်္ဂလိပ်စကားများ အားလည်း ကျွမ်းကျင်စွာ ပြောနိုင်လေသည်။ စကားကြွယ်သူ ဆာဂေးသည် တရုတ်နှ ဂျပန်စကားများကိုလည်း အတော်အတန် တီးခေါက်မိလာသည်။

သူ့ယုံကြည်ချက်ကတော့ တာဝန်ကျရာနိုင်ငံ၏ သမိုင်းအစ အလာယဉ်ကျေးမှုများကို နှံ့စပ်စွာသိထားရန် လိုအပ်သည်ဟူပင် သို့မှသာ ထိုနိုင်ငံရှိ လူများ၏ အတွင်းစိတ်သဘောထားကို သိနိုင်မည်ဟု သူက ယူဆယုံကြည်ထားခဲ့လေသည်။

ရောက်ရာအရပ်မှ လူမျိုးတို့၏တွေးခေါ်ပုံ၊ သူတို့ဘာကို တွေးသည်၊ ဘယ်သူ့အကြောင်းတွေးတောသည်၊ အများဆုံးဘာကို တွေး၍ အနည်းဆုံး ဘာကိုတွေးသည်တို့အား သိရှိနိုင်ရန် စုံစမ်းရခြင်းမှ ဆာဂေး၏ ပထမဦးဆုံးသော တာဝန်ပင်ဖြစ်နေလေတော့သည်။

အမေရိကန် ကွန်မြူနစ်ပါတီ၏ ကယ်လီဖိုးနီးယား ဌာနခွဲသည် ကရင်မလင်မှ လိုအပ်သောသတင်းများကို ဖြည့်ဆည်းပေး၏။ ဆာဂေ တစ်ယောက် ထိုနေရာ၌ တစ်နှစ်ခန့် သွားရောက်နေထိုင်ရင်း တရားဝင် နည်းလမ်းဖြင့်ပင် လျှို့ဝှက်စွာဖြင့် အစီရင်ခံစာများ ပေးပို့နိုင်ခဲ့လေသည် နှစ်ကုန်မှပင် မော်စကိုသို့ နောက်တာဝန်သစ်အတွက် ပြန်လာခဲ့လေသည်

ဆာဂေးသည် လုပ်ငန်းလုပ်ကိုင်စဉ် ရပ်ဖျက်ခြင်းကို မကြိုက်ပေ။ ထို့ကြောင့်လည်း သူသည်အမြဲတမ်းပင် ဂျာမန်နိုင်ငံရေ သိပ္ပံတွဲ့ရ ဒေါက်တာရစ်ချတ်ဆာဂေး အဖြစ်နှင့်ပင် ခရီးသွားလေ့ရှိသည် ဘာလင်လိပ်စာပေးထား၍လည်း ဟန်းဘတ်တွင်နေစဉ်က သူ့ကို



ကွန်မြူနစ်အဖြစ် သိထားသူများနှင့် တစ်ခါမျှမတွေ့တော့ပေ။ သို့ပေမယ့်လည်း ဆာဂေး အင်္ဂလန်သို့ ရောက်သောအခါမှာတော့ ထိုကိစ္စကိုသိနေသူနှင့် မမျှော်လင့်ဘဲ တွေ့ခဲ့ရလေတော့သည်။

၁၉၂၈ တွင် လန်ဒန်သို့ ဆာဂေးတစ်ယောက် အမည်ရင်း နှင့်ပင် ဂျာမန်နိုင်ငံကူးလက်မှတ်ဖြင့် ရောက်လာခဲ့လေသည်။ ဘလွန်းဘာရီရှိ တည်းခိုရိပ်သာမှ အခန်းတစ်ခန်းတွင် သူ့ဌာနချုပ်ကို ဖွင့်ထား၏။ မစ်ဒ်လန်းဒေသရှိ စက်မှုလုပ်ငန်းအနံ့အပြားသို့ မည်သည့် ကွန်မြူနစ်အသိနှင့်မျှ မဆက်သွယ်ဘဲ ခရီးသွားခဲ့၏။

သူလန်ဒန်သို့ရောက်ပြီး သုံးပတ်အကြာမှာပင် စကော့ တလန်ယာဒ် စုံထောက်တစ်ယောက်နှင့် တွေ့လေတော့သည်။ အရပ်ဝတ် ဝတ်ထားသော ထိုစုံထောက်မှ သူ့ကိုယ်သူ အထူးထောက်လှမ်းရေး ဌာနမှ အရာရှိတစ်ဦးဟု မိတ်ဆက်၏။ သူ့အကြောင်းတွေ ပေါ်သွားမည် ကို ဆာဂေး စိုးရိမ်မိလိုက်သည်။ သို့သော်လည်း ထိုအရာရှိကပင် သူ လိုက်နှောင့်ယှက်မိခဲ့သည့်အတွက် တောင်းပန်လာသဖြင့် ဆာဂေး အံ့ဩသွားရလေသည်။

''ဒေါက်တာ့ကို မေးခွန်းနည်းနည်း မေးချင်ပါတယ်။ ဒီအတွက် ဘယ်လိုမှ စိတ်ထဲမှာမထားပါနဲ့။ ဒါကလည်းတကယ်ဆို ဒေါက်တာတို့ကို ပေးထားတဲ့ နိုင်ငံခြားသား လက်မှတ်ကို သေသေချာချာ ဖတ်ကြည့်ရင် ဒီလိုကိုလာမေးနေစရာ အကြောင်းမရှိပါဘူး။ နိုင်ငံခြားသား တစ်ယောက်ဟာ နိုးစပ်ရာရဲစခန်း၊ စကော့တလန်ယာဒ်၊ နိုင်ငံခြားသား ဌာနစိတ်တွေမှာ သတင်းပို့ဖို့ ကဒ်မှာအဝေါ်အလင်း ဖော်ပြထားပါတယ်။ ဒေါက်တာအနေနဲ့ အဲဒါလေးကို သတိပြုစေလိုပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်အရာရှိက သူ့မှတ်စုစာအုပ်ကို ထုတ်လိုက်ရင်း–

–"ဂျာမဏီကို ဘယ်တော့ပြန်မလဲ"

"အခုတော့ မသေချာသေးပါဘူး"

"ရက်ပိုင်းလား၊ တစ်ပတ်လား၊ လပိုင်းလောက်လား၊ ဒီထက်ကော ကြာဦးမှာလား"

"ခြောက်ပတ်လောက် နေဖြစ်ဦးမယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ၊ နောက်လိပ်စာပြောင်းရင်တော့ သတင်းပို့ဖို့ မမေ့ပါနဲ့ဗျာ"

ပြောပြောဆိုဆို အရာရှိသည် ဦးထုပ်ကိုဆောင်းလိုက်ရင်း အခန်းထဲမှ ထထွက်သွား၏။ တံခါးဝအရောက်မှာတော့ ခေတ္တ ရပ်လိုက်ရင်း–

"လူကြီးမင်းရဲ့ လိပ်စာကို ဘာလင်လို့တော့ ရေးထားတာ တွေ့တယ်၊ ဟန်းဘာက်မှာရော နေဖူးသေးလား"

ထိုအမေးကြောင့် ဆာဂေးအသဲများပင် အေးသွား၏။

"မ...မနေဖူးပါဘူး၊ ရောက်ယုံသာ ရောက်ဖူးပါတယ်"

အရာရှိက ဆာဂေးမျက်နှာကို စေ့စေ့ကြည့်၏။ ပြီး ကျေးဇူးတင်ပြီကာ ထွက်သွားလေတော့သည်။

တစ်လခန့်အကြာမှာတော့ ဆာဂေးတစ်ယောက် မော်စကိုသို့ ပြန်ရောက်လာ၏။ သူ၏ အစီရင်ခံစာ၌–

"အင်္ဂလန်သည် သူလျှိုများအကြောင်းကို အခြားတိုင်းပြည်များထက် ပိုမိုနားလည်သည်" ဟူသောစာသားဖြင့် အဆုံးသတ်၍ ပို့ခဲ့လေသည်။



သူ့အထက်အရာရှိနှင့် တွေ့ဆုံရာတွင်လည်း ဆာဂေး ပြောပြခဲ့သည်က–

"အဲဒီစုံထောက်နဲ့ တွေ့ပြီးကတည်းက ဘယ်သွားသွား နောက်ကနေ တစ်ယောက်က နောက်ယောင်ခံနေတာပါပဲ။ သူတို့ ကျွန်တော့အကြောင်း အားလုံးသိနေပြီလေ၊ ဒီစိုးရိမ်မှုက ဘယ်လိုမှ ကိုဖျောက်လို့မရဘူး၊ ကျွန်တော် စဉ်းစားမရတာက ဘာလို့ ဒီအရာရှိက ဟန်းဘတ်အကြောင်း ထည့်ပြောသွားတာလဲ ဆိုတာပဲ၊ ဒီကိစ္စနဲ့တင် ကျွန်တော်လည်း ဘယ်သူနဲ့မှ သွားမတွေ့ရဲတော့ဘူး၊ ဘယ်စက်ရုံ နားမှလည်း ကြာကြာရပ်မနေရဲအောင်ပဲ၊ အင်္ဂလိပ်သတင်းစာဖတ်ပြီး သတင်း ရသင့်သလောက်သာ ရတော့တယ်"

ထိုအတွေ့အကြုံကြောင့်ပင် ဆာဂေးသည် သူလျှိုအလုပ် ကြောင့် ခေါင်းပြုတ်ရမည် ဆိုတာကို ခံစားသိရှိခဲ့လေသည်။ ထို့ကြောင့်ပင် ကုမင်တန်အတွက် နိုင်ငံရေးလုပ်၍ ခေါင်းပြုတ်ခံရခြင်းထက် ပို၍ အရေးပါသော အလုပ်ကိုလုပ်ရင်း အသက်ပေးရခြင်းက ပို၍ပင်အကျိုး ရှိမည်ဟု အလေးအနက် ခံယူယုံကြည်လာခဲ့လေတော့သည်။

အရေးကြီးသော လျှို့ဝှက်သတင်းများရရှိအောင် စွန့်စွန့် စားစားနှင့် စွန့်စားရသောအလုပ်မျိုး လုပ်ချင်လာ၏။ ထို့ကြောင့်လည်း မကြာခင်ကပင် တပ်ဦးတော်က ပြန်လည်ဖွဲ့စည်းထားသော ...းခြား ထောက်လှမ်းရေးဌာနအဖွဲ့တွင် လုပ်ကိုင်ခွင့်ရရန်အတွက် ...တင် ...းစားလေတော့သည်။

၁၉၂၉ ခုနှစ်တွင် မနုစက်မှ ဆာဂေး၏ လုပ်ရပ်... တွ... ကုမင်တန်၏ တရားဝင် ဂုဏ်ပြုချီးကျူးလွှာကို ပေးအပ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုချိုးကျူးလွှာနှင့် တဆက်တည်းမှာပင် ဆာဂေးအား အခြားလုပ်ငန်းတစ်ခုသို့ ဝမ်းနည်းစွာဖြင့်ပင် လွှဲပြောင်းပေးလိုက်သည်ဟု ဖော်ပြထား၏။

ဆာဂေးကတော့ နိုင်ငံခြားရေးဌာနမှ ဆိုလိုမွန် လိုဇော့ဗိုစကီထံသို့ သတင်းပို့ရန် ညွှန်ကြားချက်အား ဝမ်းမြောက်စွာပင် လက်ခံခဲ့လေသည်။ ဗိုစကီနှင့် တွေ့အပြီးမှာတော့ သူသည် လက်ရှိအလုပ်ကို စွန့်လွှတ်လိုက်ရကာ ဆိုဗီယက်ကွန်မြူနစ်ပါတီဝင်အဖြစ် အသိအမှတ်ပြုခံခဲ့ရလေတော့သည်။ ထို့ကြောင့်လည်း ဆာဂေးသည် နိုင်ငံခြားကွန်မြူနစ်အဖွဲ့များအတွက် မဟုတ်ဘဲ ဆိုဗီယက်နိုင်ငံ အကျိုးကိုသာ သည်ပိုးခွင့် ရသွားလေတော့သည်။ ထိုအတွက် ဆာဂေးသည် စတုတ္ထဗျူရိုခေါ် တပ်ဦးတော်၏ ထောက်လှမ်းရေးဌာနသို့ သွားရောက်သတင်းပို့ရန်သာ ကျန်နေလေတော့သည်။

ဆာဂေး၏ ဆုံးဖြတ်ချက်နှင့် ကြိုးစားမှုက မှန်ကန်သင့်တော်သွား၏။ သူ့အစွမ်းအစကို အပြည့်အဝ ဖော်ထုတ်နိုင်မည့်အဖွဲ့သို့ သူရောက်ရှိသွားပြီဖြစ်၏။ နိုင်ငံရေးနှင့်ပတ်သက်၍ သတင်းပေးရသော နယ်ပယ်သည် သူ့အတိတ်တွင် ကျန်ရစ်ခဲ့ပြီး အနာဂတ်တွင်တော့ ပို၍ကျယ်ပြန့်လှသော တပ်မတော်သူလျှိုလုပ်ငန်း အပါအဝင် မဟာမိတ်နိုင်ငံများနှင့် ရန်သူ၏ လျှို့ဝှက်ချက်များအတွက် ဆာဂေးသည် သူလျှိုတိုက်ပွဲဝင်ရပေတော့မည်။

စတုတ္ထဗျူရို၏ ပထမဆုံးတာဝန်ပေးချက်ကြောင့်ပင် ဆာဂေးသည် မော်စကိုတွင် နာမည်ရကြောင်း သိသာလှ၏။ သူ့တာဝန်မှာ အရှေ့ဖျားဒေသရှိ ဆိုဗီယက်စစ်သူလျှိုများ၏ ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ရန်ပင်။ ဤတာဝန်ကို တပ်နီတော်၏



ထောက်လှမ်းရေးမှူးချုပ် ဗိုလ်မှူးကြီးဘဲလ်ဒင်က ပေးအပ်ခဲ့ခြင်းဖြစ်၏။

ဆာဂေး၏ ဌာနချုပ်သည် ရှန်ဟဲတွင် အခြေစိုက်ကာ ညွှန်ကြားချက်များအား လွတ်လပ်စွာပင် လုပ်ကိုင်ခွင့်ပေး၏။ အဓိက ရယူရမည့် သတင်းကတော့ ယယ်ရွယ်သော ဗိုလ်ချုပ်ချန်ကေရှိတ်၏ အမျိုးသားတပ်မတော် အင်အားကြီးထွားလာပုံကို ရသည့်နည်းဖြင့် ပို့ရန်ပင်။ ထိုသို့ သတင်းရယူရန်အတွက် တရုတ်ပြည်တွင်း (၇) ဖွဲ့ခွဲ၍ ဖွဲ့စည်းထားသော ရုရှားသူလျှိုအဖွဲ့ကို စနစ်တကျဖြင့် သိုသိုသိပ်သိပ် ဖြင့်လည်း စုဖွဲ့ရန်လည်း ညွှန်ကြားခံရ၏။ ထို့အပြင် စကာပူနှင့် မန်ချူးရီးယားနယ်စပ်သို့ပင် လှုပ်ရှား ထောက်လှမ်းစေခဲ့ကာ အဆိုပါ သူလျှိုကွန်ယက်သစ်ကို မော်စကို၌ တရုတ်ပြည်ယူနစ် ဟုအမည်ပေးလိုက်လေသည်။

ဆာဂေးတစ်ယောက် တရုတ်ပြည်အတွက် လက်ရှိလုပ်ကိုင်နေသူများအားထုတ်ပယ်ပစ်ကာ ယူနစ်အတွင်း၌ သူသဘောကျနေသူများအား အစားထိုးခန့်ထားလိုက်၏။ စတုတ္ထဗျူရိုရှိ မှတ်တမ်းမှတ်ရာများအား စနစ်တကျလေ့လာခဲ့လေသည်။ သူနှင့်လိုက်ပါရန်အတွက် စနစ်တကျလေ့ကျင့်ထားသော ရေဒီယို အတတ်ပညာသည်နှစ်ဦးကို ရွေးလိုက်၏။

လူကိုယ်တိုင် သတင်းပို့သည့်စနစ်သည် လုံခြုံမှုရှိ၍ စိတ်ချရသော်လည်း နှေးကွေးလွန်းလှ၏။ ထို့ကြောင့်လည်း တရုတ်ပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းသို့လည်းကောင်း၊ ဗိုလ်မှူးကြီးဘဲလ်ဒင်နှင့် ဆက်သွယ်ရာတွင်လည်း ရေဒီယိုဆက်သွယ်မှုသည် အရေးကြီး… လွန်စွာမှပင် အရေးပါသည်ဟု ဆာဂေး ခံယူထားခြင်းပင်။ လှုပ်ရှား ထောက်လှမ်းရေးအဖွဲ့ရာ၌လည်း ဝှက်စာစနစ်အပြင် သတင်းပေး တစ်ဦးနှင့်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



အရေးပေါ်တွေ့ဆုံရန်နည်းလမ်းများကိုပါ ထည့်သွင်းရေးဆွဲ ထားလိုက်လေသည်။

ဆာဂေး၏ စီမံချက်ကို ဘဲဒင်က အတည်ပြု၏။ ထို့ကြောင့်ပင် ၁၉၃၀ ခုနှစ်၌ တရုတ်ပြည်ယူနစ်မှ သတင်းပေးများသည် ရှန်ဟဲသို့ စထင်ဝင်ရောက်လေတော့သည်။ ဆာဂေးသည် ဤတစ်ကြိမ် တွင်သာလျှင် သူ့ဘဝ၌ ပထမဆုံးနှင့်တစ်ကြိမ်တည်းသာ နာမည် လွှဲပြောင်းသုံးစွဲခဲ့လေသည်။

သတင်းပေးများ တစ်ဦးနှင့်တစ်ဦး လေးရက်ခွာ၍ ထွက်ခွာခဲ့ကြ၏။ တစ်နေ့သ၌ ရှန်ဟဲမြို့ရှိ အင်ကာဟော်တယ်သို့ လူနှစ်ဦးရောက်ရှိလာလေသည်။ ပထမတစ်ဦးမှာ အမေရိကန်သတင်းထောက် မစ္စတာဂျွန်ဆင် ဟုမှတ်ပုံတင်၍ ကျန်တစ်ဦးမှာ ဂျာမန်ကုန်သည် မစ္စတာဂျိုးစက်ဝီးနား ဟုစာရင်းသွင်းလေသည်။

ဂျွန်ဆင်သည် ထိုနေ့ညပိုင်း၌ နန်ကင်းလမ်းရှိ ပျော်ပွဲစားရုံငယ်လေးသို့ အငှားကားဖြင့် ထွက်လာခဲ့၏။ ဆိုင်အတွင်း၌ ရှန်ပိန်တစ်ခွက်မှာသောက်ကာ နယူးယောက်တိုင်းမ်သတင်းစာကို ဖတ်နေလိုက်လေသည်။

မိနစ်အနည်းငယ်မျှအကြာမှာဘဲ အရက်ကောင်တာနားမှ မိန်းမငယ်တစ်ဦး သူ့စားပွဲဆီသို့ ရောက်ချလာလေသည်။

"ရှင့်ကြည့်ရတာ အမေရိကန်နဲ့တူတယ်"

"ဟုတ်ပါတယ်"

ဂျွန်ဆင်တစ်ယောက် စကားစဆိုလာသူ အမျိုးသမီးကို သတင်းစာပေါ်မှ ကျော်၍ကြည့်ရင်း ပြန်အဖြေပေးလိုက်၏။

"စိတ်မရှိနဲ့နော်၊ ဒီမှာ ဝင်ထိုင်လို့ရမလား"

"ရပါတယ် ကိစ္စမရှိပါဘူး–ထိုင်ပါ"

ဂျွန်ဆင် ခွင့်ပြုလိုက်၍ မိန်းမငယ်လည်း သူနှင့် မျက်နှာချင်းဆိုင်၌ ဝင်ထိုင်လိုက်၏။

"ရှင် ဒီကိုရောက်တာ ကြာပြီလား"

"နေ့လည်ကမှ ရောက်တာပါ"

"ဒါဆို ဒီနေရာကို ဘယ်လိုသိပြီး ရောက်လာတာလဲ"

"အော်–ဒါလား၊ အမေရိကန်ကသူငယ်ချင်းက တရုတ်ပြည်မှာ အစားအစာကို သတိထားစားဖို့ မှာလိုက်တယ်ဗျ၊ နောက် စားချင်ရင် ဒီဆိုင်လေးကောင်းတယ် စိတ်ချရတယ်လို့ လမ်းညွှန်လိုက်လို့ လာခဲ့ကြည့်တာလေ"

ဂျွန်ဆင် စကားကို ခဏနားရင်း အမျိုးသမီးကို ဆူးစမ်းသလိုကြည့်လိုက်၏။ ပြီးမှ–

"ရှန်ပိန် သောက်ပါဦးလား"

သူ့စကားကြောင့် အမျိုးသမီးမျက်နှာက ချစ်စဖွယ် ပြုံးသွား၏။

"ဟင်း...ဟင်း ရှန်ပိန်တော့ မသောက်ချင်ပါဘူး၊ တကယ်ဆိုက်တာဆိုရင်တော့ ဂျင်ပဲသောက်ပါ့မယ်၊ ကြုံလို့ပါ၊ ရှင်လဲ ဒီမှာနေကုန်းရှန်ပိန်ထက် ဂျင်ကို ပိုသောက်ရင်ကောင်းမယ်၊ အကုန်အကျသက်သာသာပေါ့၊ ဒီမှာက ရှန်ပိန်က အရမ်းကိုဈေးကြီးတာပဲ"

စကားအဆုံး၌ နှစ်ဦးသားပြိုင်တူ ပြုံးမိ၏။

"ကျွန်မနာမည်း စမ[illegible]သပါ"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးလေးက ပြောပြောဆိုဆို လက်ကမ်းပေးလိုက်၏

"ဟုတ်ကဲ့ ကျွန်တော်ကတော့ ရွှန်ဆင်ပါ"

ရွှန်ဆင် ခေါ်ဆာဂေးတစ်ယောက် အခုမှပင် ရင်ထဲမှ စိုးရိမ်မှုများ ကွယ်ပျောက်သွားရလေတော့သည်။ အားလုံး စီစဉ်ထားသည့်အတိုင်း ကွက်တိပင်။ မော်စကိုတွင်ရှိနေစဉ်က သူစီစဉ်ထားခဲ့သည့်အတိုင်း လူချင်းတွေ့ဆုံရာတွင် ပြောရမည့် စကားဝှက်များကို မှန်ကန်စွာအသုံးချနိုင်ခဲ့လေပြီပဲ။

သူသည် ဤစားပွဲရုံ၌ မိန်းမတစ်ဦးနှင့် တွေ့ရမည်ဖြစ်၏ တွေ့ပါက သူမအား ရှန်ပိန်သောက်ရန်ဖိတ်ရပေမည်။ ထိုအခ သူမကငြင်းပယ်၍ ဂျင်သောက်လိုကြောင်း ပြန်ပြောလာမည်။ ဤသည်မှာ သူတီထွင်ထားသည့် အမှတ်အသားစကားဝှက်ပင် ဖြစ်လေသည်။ ဤနည်းဖြင့် ဆာဂေးသည် တရုတ်ပြည်ယူနစ်အတွက် စိတ်အချရဆုံးနှင့် အများဆုံးအကူအညီပေးနိုင်မည့် အမေရိကန် ကွန်မြူနစ်စာရေးဆရာမ အားတွေ့ဆုံခွင့်ရခဲ့လေသည်။ ညစာစားပြီးသည်နှင့် "မစ္စစမက်လေ အခန်းသို့ လိုက်ပါသွားကာ တညလုံး ဆွေးနွေးကိုင်ပင်တော့သည်။ အာရုံတက်၍ အခန်းပြန်ချိန်မှာတော့ ဆာဂေးတစ်ယောက် တရုတ်ပြည် မှာသူကြုံတွေ့ရမယ့် ပြဿနာများနှင့် သူ့အဖွဲ့ခင်ဆိုင်ရမယ့် အခက်အခဲ များကို နားလည်သိရှိခဲ့လေတော့သည်။

နောက်တစ်ပတ်အကြာမှာတော့ ဟာဝိန်းနားဆိုသူ ဂျာမန် ကုန်သည်သည် ရေဒီယိုအသံလွှင့် အသံဖမ်းစက်တစ်လုံးကို စမက်လေ၏ အခန်းတွင်း၌ တပ်ဆင်ပြီးစီးခဲ့လေသည်။ ထိုအခန်းမှပင် ရုရှလျှို့ဝှက် အသံလွှင့်ဌာနနှင့် ဆက်သွယ်မှုရယူနိုင်ခဲ့လေသည်။



ဝိန်းနား၏ တာဝန်မှာ ရှန်ဟဲမှနေ၍ ရေဒီယိုစက်ကိုင် တာဝန်ပင်။ ၌အတောအတွင်း၌ ကွန်မြူနစ်အယည်မခံချင်သော စစ်သတင်းများအား ဆိုဗီယက်ယူနီယံသို့ ပေးပို့ချင်နေသူများအား စမက်လေ အကူအညီဖြင့် ဆာဂေး အဆက်အသွယ်ရခဲ့လေသည်။ ထိုသူတို့အထဲ၌ အိုဇာကီဟိုဇူမီ ဆိုသူ ပညာတတ်ဂျပန်လူငယ် သတင်းစာဆရာတစ်ဦးလည်း ပါဝင် လေသည်။ အိုဇာကီ၏ မိဘများက ကြွယ်ဝချမ်းသာသူများဖြစ်ကာ အိုဇာကီအား တိုကျိုတက္ကသိုလ်တွင် ပညာသင်ကြားပေး၏။ အိုဇာကီသည် နာမည်ကြီး တိုကျိုသတင်းစာ တစ်စောင်တွင် နိုင်ငံရေးသတင်းထောက် ထလုပ်ခဲ့၏။ သူ့တောင်းဆိုမှု ကြောင့်ပင် ရှန်ဟဲသို့ သတင်းထောက်တာဝဖြင့် ရောက်ရှိလာခဲ့ခြင်းပင်။ ကားလ်မတ်စ်၊ လီနင်နှင့် အိန်ဂျယ်တို့၏ နိုင်ငံရေးသဘောတရားများအား စုံစေ့စွာလေ့လာ၍ ကွန်မြူနစ်ဝါဒကို ယုံကြည်သော်လည်း မိဘများအား ငဲ့ညှာသဖြင့်ပင် သူ့ယုံကြည်မှုကို ရောင့်နှုတ်ပိတ်ထားခဲ့သူပင်။

ရှန်ဟဲရှိ နာမည်ကြီး စာအုပ်ဆိုင်တစ်ဆိုင်တွင် အိုဇာကီ အချိန်ဖြုန်းလေ့ရှိ၏။ ကြာတော့ ဆိုင်ရှင်မစ္စဝိမေယာနှင့် ခင်မင်လာခဲ့ လေသည်။ သူမ၏ ဆက်သွယ်ပေးမှုအရ အမေရိကန် စာရေးဆရာမ စမက်လေနှင့် သိကျွမ်းခွင့်ရခဲ့ပြန်လေသည်။ နိုင်ငံရေး ယုံကြည်ချက် တူသူချင်းမို့လည်း ရဲဘော်ရဲဘက်များကဲ့သို့ ဖြစ်လာခဲ့လေသည်။ အိုဇာကီတစ်ယောက် မည်သူ့ကိုမှ ဖွင့်မပြောဖြစ်ခဲ့သည့် သူ့အတွေးအခေါ် တို့ကို စမက်လေကို ဖွင့်ပြောဖြစ်၏။

စမက်လေတစ်ယောက် အိုဇာကီကို ဆာဂေးနှင့် တွေ့ပေးခဲ့ ပေမယ့်လည်း အိုဇာကီသည် သူလျှိုတစ်ယောက် ချက်ချင်းဖြစ်မလာ

www.burmeseclassic.com

www.burmeseclassic.com





သေးပေ။ ဆာဂေးနှင့်အတူ လက်တွဲလုပ်ကိုင်ရင်းမှ အိုဇာကီတစ်ယောက် ဆိုဗီယက်သူလျှို ဖြစ်လာလေတော့သည်။ အိုဇာကီသည် ဆာဂေး မွေးမြူခဲ့သော ပထမဦးဆုံးသော သူလျှိုတစ်ဦးပင်။

ပထမအဆင့်အနေဖြင့် ရှန်ဟဲ၌ ဆာဂေးတို့ ဌာနတစ်ခု ဖွင့်လှစ်နိုင်ခဲ့ပြီးပေပြီ။ ထို့ကြောင့်လည်း နောက်တဆင့်အနေဖြင့် မြောက်ပိုင်းဒေသ၌ ဌာနများဖွင့်လှစ်ရန် စီစဉ်ရပြန်လေသည်။

ရှန်ဆင်အမည်ခံ ဆာဂေးသည် ဟော်တယ်ခများရှင်းလင်းကာ အမေရိကန်သို့ ဇိဆောင်းပါးရေးရန်ဟူသော ခေါင်းစဉ်ဖြင့် ရှန်ဟဲမှ ထွက်ခွာခဲ့လေတော့သည်။ ခြောက်ပတ်ခန့်အကြာ၌ မန်ချူးရီးယား ပြည်နယ်တွင်းရှိ ဟာဘင်မြို့သို့ ရောက်ရှိလာခဲ့၏။ ထိုမြို့ရှိ မော်ဒန် ဟော်တယ်၌ တည်းခိုရင်း မော်စကိုမှရောက်ရှိလာမည့် အဖွဲ့ဝင်များကို အသင့်စောင့်ဆိုင်းနေလေတော့သည်။

အမေရိကန်ဒေါ်လာ (၁၅၀) ထုတ်ခွင့် စာဖြင့် ခပ်ဝဝဖိုင့်ဖိုင့် ဂျာမန် အရောင်းကိုယ်စားလှယ်တစ်ဦး ရှန်ဟဲသို့ ရောက်ချလာလေသည်။ ဗီဇာပါ သူ့နောက်ဆုံးလိပ်စာမှာ ဘာလင်ဖြစ်၏။ အမည်မှန် မက်စ်ကလောဆင် ဟုဖော်ပြထားသည်မှအပ ကျန်အချက်အလက် များက အစစ်အမှန်မဟုတ်ပေ။

အမှန်စင်စစ်၌ သူသည် တကယ်ပင် အရောင်းကိုယ်စားလှယ် မဟုတ်ပေ။ စတုတ္ထဗျူရို၏ အတော်ဆုံးသော ရေဒီယိုကျွမ်းကျင်သူ ဝ[illegible]ဦးပင်။ လွှက်ရည်အိုးထဲ၌ပင်လျှင် ရေဒီယိုကို တပ်ဆင်နိုင်ကာ ထိုဒိုး[illegible]ပင် လက်ဖွဲ့ရည်မျှော်နိုင်သည်အထိ ပိုင်နိုင်ကျွမ်းကျင်သူပင်။ [illegible]အိတ်ထဲတွင် ဖုက်ယူလာခဲ့သော ရေဒီယိုစက် အစိတ်အပိုင်းများအား အခြားပစ္စည်းတို့နှင့် ပေါင်းစပ်ကာ ရေဒီယိုတစ်လုံး ပြုလုပ်တပ်ဆင်နိုင်သူ တစ်ဦးလည်းဖြစ်၏။ ထိုတပ်ဆင်ပြီးသော ရေဒီယိုသည် မိုင်ပေါင်းများစွာ ဝေးကွာသောနေရာအထိပင် အသံလွှင့်၊ အသံဖမ်းနိုင်လေသည်။

သို့ပေမယ့်လည်း ကလောဆင်သည် ဆာဂေးကို တခါမျှ မတွေ့ဘူးသလို အမည်ကိုပင် မကြားဖူးသေးပေ။ ထို့ကြောင့်လည်း မော်စကိုက ရှန်ဟဲ၌ မင်ရှင်နှင့် အရင်တွေ့ရန် မှာလိုက်၏။ မင်ရှင်သည် ကွန်မြူနစ်မဟုတ်သော ရုရှဖြူအနေဖြင့် တရုတ်ပြည်အတွင်း၌ နှစ်အတော်ကြာပင် သူလျှိုလုပ်ကိုင်နေသူပင်။ မင်ရှင်၏ တာဝန်မှာ ကလောဆင်အား ဟာဘင်ရှိ ဆာဂေးထံ ပို့ပေးရန်ဖြစ်၏။

ရှန်ဟဲရှိ ပဲလေ့စ်ဟိုတယ်တွင်း၌ ကလောဆင်သည် မင်ရှင် အလာကိုစောင့်နေ၏။ သူသည် ညနေခန်းတွင်းရှိ မြင်သာသောနေရာ၌ လက်တစ်ဖက်တွင် သတင်းစာ၊ တခြားတစ်ဖက်တွင် ဆေးတံကိုကိုင်၍ ထိုင်နေလေသည်။ သူမှန်းသိအောင် ပြသထားသည့်အချက်ပြသင်္ကေတ ပင်။ နာရီဝက်အကြာမှာပင် အရပ်ရှည်ရှည်နှင့် လူသန်တစ်ယောက် ဝင်ရောက်လာလေသည်။ ညနေခန်းအတွင်း မျက်စိတစ်ချက်ဝေ့ကာ အကဲခတ်လိုက်၏။ ပြီးနောက် သူ့ရှေ့ခုံလွတ်မှာ ဝင်ထိုင်လိုက်ရင်း–

"ကလောဆင် မဟုတ်လား"

သူဘာမှ ပြန်မဖြေခင်မှာပင်–

"ရစ်ချတ် မအားလို့ ကျွန်တော့်ကို လွှတ်လိုက်တာပါ"

ထိုစကားအားလုံးက စကားဝှက်များမို့ ကလောဆင် စိတ်သက်သာရာ ရသွားလေတော့သည်။ သူလျှိုပေမယ့်လည်း ကလောဆင်ကတော့ ရင်တုံတတ်သော သူလျှိုတစ်ဦးပင်။

www.burmeseclassic.com

www.burmeseclassic.com



ကလောဆင်သည် စမက်လေ၏ အခန်းသို့ ရောက်လာကာ ဝိန်းနား၏ ရေဒီယိုကို စစ်ဆေးကြည့်ရှုပေး၏။ ထို့နောက် ပိုမိုကောင်းအောင် ထပ်မံပြုပြင်ပေးခဲ့လိုက်လေသည်။ မင့်ရှင်က သူ့ကို ဟာဘင်သို့ လိုက်ပို့ပေး၏။ မော်ဒန်ဟိုတယ်မှာပင် တည်းခိုကာ မင်ရှင် မိတ်ဆက်ပေးသည့် ဆာဂေးနှင့် တွေ့ဆုံခဲ့လေတော့သည်။

ဆာဂေးတစ်ယောက် ကလောဆင်အား စောင့်ဆိုင်းနေစဉ် ကာလအတွင်းမှာပင် ဟာဘင်မြို့ရှိ အမေရိကန်ကောင်စစ်ဝန်နှင့် မိတ်ဆွေဖြစ်ခဲ့လေသည်။ မကြာမီ ရောက်ရှိလာမည့် သူ၏ ဂျာမန်မိတ်ဆွေ အတွက်ဟုဆိုကာ ကောင်စစ်ဝန်အိမ်မှ အခန်းတစ်ခန်းအား ငှားရမ်းရန်လည်း စီစဉ်ထားခဲ့လေသည်။ ဂျာမန်မိတ်ဆွေမှာ အရောင်းကိုယ်စားလှယ်ဖြစ်သည်ဟု ညာထားလိုက်လေသည်။

ကလောဆင်သည် ဟော်တယ်၌ ရက်အနည်းငယ်သာ နေလိုက်ပြီး ဆာဂေးညွှန်ကြားချက်အတိုင်း ကောင်စစ်ဝန်အိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့လေသည်။ ထိုအိမ်ရှိ တရုတ်အစေခံမှာ ဆာဂေးကပင် ရှာဖွေ အလုပ်သွင်းပေးထားသူဖြစ်ကာ နှစ်အတန်ကြာကပင် တိုးတိုး တိတ်တိတ် ကွန်မြူနစ်ဖြစ်နေသူပင်။

ကလောဆင်၏ အလုပ်မှာ ရေဒီယိုအသံလွှင့် အသံဖမ်းရန် ဖြစ်လေသည်။ ကလောဆင်တစ်ယောက် ရေဒီယိုတပ်ဆင်ပြီးချိန်မှာတော့ ဆာဂေး၏ တရုတ်ပြည်ယူနစ်သည် ဟာဘင်မှ ရှန်ဟဲ၊ ရှန်ဟဲမှ မော်စကိုသို့ ဆက်သွယ်မိသွားလေတော့သည်။ ဤသည်ကပင် ဆာဂေး၏ အနာဂတ်စစ်ဆင်ရေးကိစ္စများ အောင်မြင်ရေးနှင့် အောင်မြင်မှုအတွက် အထောက်အကူတစ်ရပ် ဖြစ်စေခဲ့လေသည်။



ဟာဘင်မြို့သည် အရောင်းကိုယ်စားလှယ် ကလောဆင်အတွက် နယ်ကျယ်လွန်းလှသည်ဟု ဆိုကာ မင်ရှင်အား အရောင်းလက်ထောက် အဖြစ် ငှားရမ်းရန်ပင် ကောင်စစ်ဝန်က အဆိုပြုလာလေသည်။ ဆာဂေးအတွက် ပို၍ပင် ကောင်းသွားလေတော့သည်။ ထို့ကြောင့်ပင် မင်ရှင်အား ကောင်စစ်ဝန်ရုံးအနီး၌ပင် အခန်းငှား၍ နေခိုင်းလိုက်၏။ မင်ရှင်၏တာဝန်မှာ ကလောဆင်အား ကူညီရန်ဖြစ်၏။

ဆာဂေးသည် ဟာဘင်၌ သူ၏တရုတ်ပြည်ယူနစ်ကို အားရ ကျေနပ်ဖွယ်ကောင်းသည်အထိ ထူထောင်ပြီးစီးခဲ့လေပြီ။ ထို့ကြောင့်လည်း ဆာဂေးသည် ကောင်စစ်ဝန်အား ကျေးဇူးတင်စကားပြောကြားကာ ကလောဆင်ကိုလည်း အလုပ်ရှင်များမှ အရောင်းသွက်စေရန် အားထားနေကြောင်း စကားကိုပြောကြားကာ ရှန်ဟဲသို့ ပြန်လာခဲ့ လေတော့သည်။

......*......*......*......

www.burmeseclassic.com

# အခန်း(၂)

## သော့ပေါက်မှ ချောင်းကြည့်ခြင်း

၁၉၃၃ ခုနှစ်တွင် ဆာဂေး၏ ရည်ရွယ်ချက်များ အတော်ပင် အောင်မြင်လာခဲ့လေသည်။ သူ၏ တရုတ်ပြည်ယူနစ်အား ရှန်ဟဲနှင့် ဟာဘင်မြို့များ၌ အခြေစိုက်ကာ နန်ကင်း၊ ပီကင်း၊ ကန်တုန်နှင့် ဟောင်ကောင်မြို့များတိုင် ဌာနများ ဖြန့်ခွဲထားနိုင်ခဲ့လေသည်။ ဌာနခွဲများသာမကသေးဘဲ တစ်ကိုယ်တော်သူလျှိုများအား တောင်ဘက်တွင် မလေးရှားနှင့် မြောက်ဘက်တွင် ဆိုက်ဘေးရီးယားနယ်စပ်အထိ ဖြန့်ကျက်ကာ သတင်းစုဆောင်းနိုင်းနိုင်ခဲ့၏။ ဆာဂေးကိုယ်တိုင်လည်း ရှန်ဟဲရှိ ဂျာမန်သံရုံးများ၊ ဂျာမန်ရပ်ကွက်များနှင့် အမေရိကန်သံရုံးများအတွင်း ရင်းနှီးစွာဝင်ရောက်၍ အတွင်းရေးများအား သူလျှိုလုပ်ခဲ့လေသည်။

သူ၏ စတုတ္ထဗျူရိုသို့ ပေးပို့သည့် သတင်းပေါင်းစုံတွင်–

www.burmeseclassic.com

www.burmeseclassic.com



(၁) တရုတ်ကွန်မြူနစ် ပီကင်းအစိုးရ၏တပ်များနှင့် စစ်လက်နက် ပစ္စည်းအင်အားတို့ ကွဲပြားနေသော ချန်ကေရှိတ်စစ်တပ်တို့၏ စစ်အင်အားနှိုင်းယှဉ်ချက်၊ အဆင့်ဆင့်ကွပ်ကဲပုံစနစ်၊ စစ်လက်နက် ပစ္စည်းနှင့် ရိက္ခာထောက်ပံ့မှု၊ ခံတပ်များ တည်နေရာနှင့် အရေအတွက်၊ အရံတပ်မများ အရေအတွက် နှင့် လာဘ်ထိုးနိုင်သော စစ်ခေါင်းဆောင်များစာရင်း။

(၂) တရုတ်ပြည်သူလူထုအပေါ် ထင်မြင်ယူဆချက်၊ အစိုးရအပေါ် နှင့် ချန်ကေရှိတ်၊ ကွန်မြူနစ်တို့အားကူညီနေသော အတန်းအစားများစာရင်း။

(၃) ကွန်မြူနစ်တော်လှန်ရေးကို အကူအညီပေးမည့် စီးပွားရေး လုပ်ငန်းကြီးများနှင့် သူတို့၏ အထောက်အပံ့အတွက် မည်သည့်အကျိုးအမြတ်တို့အား ပြန်မျှော်လင့်သည်ဟူသော သတင်းများ ပါဝင်ခဲ့လေသည်။

ဆာဂေးသည် သူ၏ကင်ပွန်းပင်များအား စားပွဲရုံများ၊ လမ်းများနှင့် သူတို့၏ နေအိမ်များ၌ သွားရောက်တွေ့ဆုံခဲ့လေသည်။ ရှန်ဟဲမြို့၏ ညချမ်းအချိန်တွင် ဂျပန်တစ်ဦးအတွက် လမ်းလျှောက် ထွက်ခြင်းသည် မည်သို့မျှ လုံခြုံမှုမရှိနိုင်ပေ။ ထို့ကြောင့် ဆာဂေးသည် အိုဇာကီအား ရပ်ကွက်အပြင်သို့ခေါ်ထုတ်ကာ လမ်းမများဘက်၌ ကားလှည့်မောင်းရင်း ကားထဲ၌ပင်စကားပြော၏။ အိုဇာကီက ရသမျှသော ဂျပန်၏ တရုတ်ပြည် အပေါ်ကြံရွယ်ချက် သတင်းများကို ပြန်ဖေါက်သည်ချသည်။ ရသမျှသော သတင်းတို့အပေါ်တွင် ဆုံးဖြတ်ချက်ချရန်အတွက် ဆာဂေးသည် စမက်လေ၏ အိမ်တွင်အသေးစိတ် ပြန်လည်စီစစ် စစ်ဆေးခဲ့လေသည်။



ဆာဂေးက တယ်လီဖုန်းနှင့် စာများအသုံးပြုဆက်သွယ်ခြင်း ကိုတင်းကြပ်စွာ တားမြစ်ထားလေသည်။ လူခြင်း တွေ့ဆုံခြင်းစနစ် ကိုသာအသုံးပြုစေခဲ့၏။ တွေ့ဆုံရန် ကြိုတင်စီစဉ်ပြီးသည်နှင့် သတင်း ရသည်ဖြစ်စေ မရသည်ဖြစ်စေ စီစဉ်ထားသည့်အတိုင်း မပျက်မကွက် သွားတွေ့ခဲ့လေသည်။ အရေးကြီးစာရွက်စာတမ်းများ လုံခြုံရေး အတွက်ကိုမူ ကွန်မြူနစ်မဟုတ်သူများထံတွင် လက်ခံသူကိုယ်တိုင် မသိရှိ မရိပ်မိလေအောင် စီမံ၍ အပ်နှံထားလိုက်လေသည်။

ဆာဂေးသည် သူ၏ တရုတ်ပြည်ယူနစ်ကို အကောင်းမွန်ဆုံး ဖြစ်အောင် ဖွဲ့စည်းနိုင်ခဲ့ပြီး ယင်းအပေါ်၌လည်း အလွန်မှပင် စိတ်ချ ယုံကြည်မှု ပြုထားနိုင်ခဲ့သည်။ တရုတ်စကားနှင့် ယဉ်ကျေးမှုများကိုပါ ဘိုးမြင့်လေ့လာလိုက်စားခဲ့ပြန်သည်။ လုပ်ငန်းတိုးချဲ့ခြင်းနှင့် ပတ်သက် ၍လည်း တရုတ်ပြည်အတွင်းပိုင်းအထိ ဝင်ရောက်နိုင်ရန် စီစဉ်ခဲ့ လေသည်။

ပထမကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သည့် အချိန်မှစတင်၍ ဂျပန်သည် တရုတ်ပြည်နှင့် မန်ချူးရီးယားမြောက်ပိုင်းနယ်များအား စိတ်ဝင်စား သာခဲ့လေသည်။ အချို့သောအစိတ်အပိုင်းများကိုပင် သိမ်းပိုက်ထားခဲ့၏။ ဂျာမန်နှင့် တရုတ်ပြည်တို့၏ သမရိုးကျ ချစ်ကြည်ရေးအစား ဘာသင်နှင့်တိုကျိုနှစ်ဦးနှစ်ဖက် သဘောရှိမှု၊ လေးစားမှုတို့ဖြင့် ပြောင်းလဲ အစားထိုးလိုက်သည်။ ကရင်မလင်ကလည်း ဤသို့ သံတမန်ဆက်ဆံရေး ကိုမြှင့်သည်။ ဂျပန်သည် စစ်သား ၂ သန်းပါဝင်သော စစ်တပ်အား ဆိုက်ဘေးရီးယားနယ်စပ်တွင် ပြန့်ကျက်တပ်စွဲ ထားလိုက်၏။ ရုရှသည် ဂျပန်နှင့် ရာစုနှစ်ပေါင်းများစွာကပင် ရန်သူတော်များ ဖြစ်ခဲ့ကြခြင်းကြောင့် [illegible]တော်သည် မျက်စိတစ်ဖက်က ဘာလင်ကိုကြည့်ကာ အခြား

www.burmeseclassic.com

www.burmeseclassic.com

တစ်ဘက်ကို တိုကျိုကိုကြည့်နေခဲ့ရလေသည်။ စစ်ရေးအသင့်ရှိစေရန် အတွက် တပ်နီတော်သည် စစ်ပြင်ထားလိုက်လေသည်။

တိုကျိုသည် ဆိုဗီယက်တပ်မတော် ထောက်လှမ်းရေး၏ အဓိက အရေးကြီးပစ်မှတ်တစ်ခု ဖြစ်လာခဲ့လေသည်။ ဗိုလ်မှူးကြီးဘဲဒင်အား စတုဋ္ဌဇျူရှိအကြီးအကဲတာဝန်မှ ဗိုလ်ချုပ်ကြီးအဆင့်တိုးမြှင့်ပေးကာ အရှေ့ဖျား အထူးထောက်လှမ်းရေးတပ်ဖွဲ့ ဖွဲ့စည်းရန် တာဝန်ပေးအပ်၏ သူ၏ ယခင်တာဝန်ကို ဆိုက်ဘေးရီးယားတပ်မတော်၏ ဦးစီးချုပ် ဗိုလ်ချုပ်ကြီးယူလီစကီးမှ ဆက်လက်တာဝန်ယူခဲ့လေသည်။ ဘဲဒင်၏ အဓိကတာဝန်မှာ ဂျပန်နယ်ချဲ့အစိုးရအဖွဲ့၏ အတွင်းသတင်းရယူရန်ပင်

တိုကျိုအစိုးရအဖွဲ့သည် ရုရှအတွက် သော့အမြဲခတ်ထား ကြောင်း ဘဲဒင်သိ၏။ သို့ပေမယ့်လည်း တံခါးတိုင်းမှာ သော့ပေါက် တော့ရှိကြစမြဲပင်။ ထိုအပေါက်မှ ချောင်းကြည့်တတ်ရန်ပဲ လိုအပ်ပါသည် ထို့ကြောင့် ဘဲဒင်၏ အဓိကအလုပ်မှာ သော့ပေါက်မှ ချောင်းကြည့်ရန်လူ မှန်ကန်စွာ ရွေးချယ်နိုင်ရေးပင်ဖြစ်၏။ ထို့အတွက် ကရင်မလင်နှင့် တပ်နီတော်၏ အားအကိုးရဆုံးသော ဘက်စုံမြင်နိုင်သည့် အစွမ်းမျက် ရှိသည့် သူ့တပည့်ကျော်မှလွဲ၍အခြားလူကို ဘဲဒင်မမြင်ခဲ့တော့ပေ ထို့ကြောင့်လည်း သူ၏အောင်မြင် ကျော်ကြားလွန်းလှသော လျှို့ဝှက် သူလျှိုတော်ကြီး ရစ်ချတ်ဆာဂေးအား မော်စကိုသို့ ပြန်လည်ဆင့်ခေါ် လိုက်လေတော့သည်။

ဆရာတပည့်နှစ်ဦး မော်စကိုမြို့ရှိ ပြင်ပလောကနှင့် အဆက်အသွယ်ဖြတ်ကာ တိုက်တစ်ခုအတွင်း သီးသန့်နေထိုင်နေလိုက်ကြ စတုဋ္ဌဇျူရှိရှိ အုပ်ချုပ်သူများမှ သူတို့အား အစစအရာရာ အကူအညီ



မော်စကိုသို့အရေးတကြီးသတင်းများတိုကျိုမှဆက်သွယ်ရေးစက်ဖြင့် ပေးပို့ရာတွင်ဆာဂေးတို့သူလျှိုအဖွဲ့အသုံးပြုခဲ့သည့်ဒါးဖမ်းစက်လော

www.burmeseclassic.com

www.burmeseclassic.com

ဆာဂေးတစ်ယောက် ဟန်ဂေလာဂိုအားရှင်း ဂိုဘဲတို့နှင့် အရင်းနှီးဆုံးသူများသာ တက်ရောက်ခွင့်ရသည့် ညစာစားပွဲများသို့ တက်ရောက်ရန်ပင် ဖိတ်ကြားခံခဲ့ရလေသည်။

မကြာမီပင် ဖရန့်ဖူးတားဇိုက်တွန်းသတင်းစာမှ သတင်းထောက်ကြီး ရစ်ချက်ဆာဂေးသည် နိုင်ငံရေးအာဏာရ ပုဂ္ဂိုလ်ကြီးများနှင့် ဂက်စတာပိုအကြီးအကဲ ဟိမ်းရစ်ဟင်းမလားတို့နှင့်ပင် လွန်စွာရင်းနှီးသူဟု တီးတိုးအပြောခံရသည်အထိ ကျော်ကြားခဲ့လေသည်။



ပေးခဲ့လေသည်။ ကြုံတွေ့နေရသမျှ အတွေ့အကြုံတို့က သူတို့နှစ်ဦးအတွက် အသစ်အဆန်းချည်းပင်။

စတုတ္ထဗျူရိုသည် စစ်နှင့်သက်ဆိုင်သောကိစ္စရပ်များအတွက်သာ သူလျှိုလုပ်ခြင်းဖြစ်၏။ ယခုအခါမှာတော့ ဘဲဒင်၏အထူးဌာနသည် နိုင်ငံရေးအဓိပ္ပါယ်ဖော်ပြချက်ပါသော စစ်ရေးစစ်ရာမှတ်တမ်းများကိုပါ ခိုးယူသူလျှို လုပ်ရပေတော့မည်။ လွန်စွာမှပင်အရေးကြီးသကဲ့သို့ များစွာပင်ကျယ်ဝန်းများပြောင်လှသည့် အလုပ်တစ်ခုလည်း ဖြစ်ပေသည်။ အုပ်ချုပ်မှုနှင့် ငွေကြေးပိုင်းဆိုင်ရာအတွက် စတုတ္ထဗျူရို၏ ထောက်ပံ့မှုကိုရယူကာ စတာလင်ကိုယ်တိုင် တိုက်ရိုက်တာဝန်ခံ ကိုင်တွယ်အုပ်ချုပ်နေခြင်းပင်ဖြစ်သည်။

ဘဲဒင်နှင့် ဆာဂေးတို့နှစ်ဦးသည် ဆိုဗီယက်မှ ဂျပန်ပြည်တွင်းသို့ ထိုးဖောက်ဝင်ရောက်ရေးအတွက် အစီအမံ မူကြမ်းတစ်စောင်ရေးဆွဲခဲ့လေသည်။ ထိုမူကြမ်းကြောင့် တစ်ကမ္ဘာလုံးအနှံ့ ဖြန့်ကျက်ထားသော ဆိုဗီယက်သူလျှိုများအတွင်း အပြောင်းအလဲများစွာ ဖြစ်ပေါ်သွားလေတော့သည်။ သူတို့သည် ဘုံဘေမှ ဆန်ဖရန်စစ္စကို ထိရှိသော ဆိုဗီယက် သူလျှိုများ၏ ကိုယ်ရေးရာဇဝင်ကို သေချာစွာလေ့လာခဲ့ကြသည်။ သူတို့၏ သမိုင်းတွင်ရစ်မည့် သူလျှိုလုပ်ငန်းအတွက် သင့်တော်မည့်လူများအား သေချာစွာ စိစစ်ရွေးချယ်ခဲ့လေသည်။

ဆာဂေးသည် ဟာဘင်မြို့ရှိ ရေဒီယိုဘုရားဆိုသူ ကလောဆင်အားအလိုရှိ၏။ ထို့ကြောင့် ကောင်စစ်ဝန်ရုံးမှ ကလောဆင်အားခေါ်လည် ဆင့်ခေါ်ခဲ့လေသည်။ သဘောကောင်းသော လူဝကြီးကလောဆင်သည် ချစ်သူတွေ့နေပြီဖြစ်၏။ ထိုအချက်ကပင် ဆာဂေး၏

www.burmeseclassic.com

www.burmeseclassic.com



သူလျှိုကစားကွက်ကို အတားအဆီး ဖြစ်နေစေလေသည်။ ကလောဆင်အနေဖြင့် အဖိုးတန်ကိုက်သား ဖြစ်လာပါမလား ဟူသောသံသယ အတွေးမျိုး ဆာဂေး တွေးတောနေခဲ့ရလေသည်။

ကလောဆင်သည် လူ့အလိုက်ကိုမသိသူ မယဉ်ကျေးသူဟု ယူဆနိုင်လေသည်။ တိုကျိုတွင်ရှိနေစဉ် သူ့ထံမှ ခင်မင်စရာတစ်ကွက်မှ မတွေ့ရပေ။ ထို့ကြောင့်ကလောဆင်အား တပ်နိုတော်၏ အောင်မြင်သော သူလျှိုဟု ယုံကြည်ရန်ပင် သံသယဖြစ်စေခဲ့လေသည်။ သို့သော်လည်း ကလောဆင်သည် လက်ဆွဲအိတ်တွင် ရေဒီယိုကို လျှို့ဝှက်တပ်ဆင်နိုင်ကာ ဗလာဒီဗော့စတော့နှင့် တိုကျိုကို ကောင်းမွန်စွာ ဆက်သွယ်ပေးနိုင်သည့် အလွန်အားကောင်းသည့် စက်ကိုတည်ဆောက်နိုင်သူပင်။

ကလောဆင်သည် ကွန်မြူနစ်ဝါဒကိုဝင်ရာ၌ ဆာဂေးနှင့် အဖြစ်တူလေသည်။ ဂျာမန်မြောက်ပိုင်းရှိ ဆင်းရဲလှသော နေအိမ်မှ ဂျာမန်ဆက်သွယ်ရေးတပ်တွင်းသို့ ၁၉၁၇ ခုနှစ်တွင် ဝင်ရောက်ခဲ့၏။ ရှေ့တန်းသို့ ရေဒီယိုတပ်သားအဖြစ် အပို့ခံခဲ့ရလေသည်။ ကလောဆင်သည် ရေဒီယိုအပျက်များအား ရရာနည်းဖြင့်ပင် ပြုပြင်ဖန်တီးပေးနိုင်ခဲ့သူလည်း ဖြစ်လေသည်။

စစ်ကြီးပြီးဆုံးသည့်နောက်တွင် ကလောဆင်သည် ဟန်းဘတ်ဆိပ်ကမ်းကို အခြေပြုထားသည့် ဂျာမန်သင်္ဘောများတွင် အလုပ်ရ၏။ ဆာဂေး ပါတီဝင်ပြီး ၆ နှစ်ကြာမှ ကလောဆင်တစ်ယောက် ဟန်းဘတ်ကွန်မြူနစ်ပါတီဝင် ဖြစ်လာခဲ့သည်။ သူပါတီဝင်ဖြစ်လာခဲ့ပုံနှင့် ပတ်သက်၍-

"စစ်အတွင်းက တပ်မှာ ကွန်မြူနစ် သတင်းတွေချည်းပဲ ပျံ့နှံ့နေတာပဲ၊ အထက်လူကြီးတွေကလည်း ဝါဒဖြန့်တယ်၊ ဂျာမန်လူမျိုး



တွေရဲ့ဒုက္ခကို ကွန်မြူနစ်ဝါဒကသာ ကယ်တင်နိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်လာခဲ့တယ်" ဟု ကလောဆင်ကိုယ်တိုင် ပြောပြခဲ့ဖူးလေသည်။

ကလောဆင်သည် မိန်းမအတော်များများနှင့် တွေ့ဆုံခဲ့ရဖူးရာ တစ်ချို့က သူ့ကိုစိတ်မဝင်စားသော်လည်း သည်းခံတတ်၏။ တစ်ချို့ကတော့ သူ့ကိုသရော်၍ ရယ်ကြလေသည်။ ရှန်ဟဲမှ ကလောဆင် ငှားနေသော အိမ်ခန်းပိုင်ရှင် ရုရှဖြူမက ခင်ပွန်းဆုံးပြီး နိုင်ငံတွင်းမှ ပြေးခဲ့ရသည်မှာ ကွန်မြူနစ်ဝါဒကြောင့်ဟု သုံးသပ်ပြီး ကွန်မြူနစ်ကို မုန်းနေသူပင်။ သို့သော်လည်း ဂျာမန်အရောင်းကိုယ်စားလှယ် ကလောဆင်နှင့် သန်းခေါင်ကျော်အောင် နိုင်ငံရေးဆွေးနွေးရင်းမှ ဆိုးမအင်နာနှင့် လူပျိုကြီး ကလောဆင်တို့ ချစ်မိသွားကြလေတော့သည်။ ထို့ကြောင့် ကလောဆင်မှာ အခန်းခမပေးရတော့သည့်အပြင် အင်နာ့အခန်းသို့ပြောင်းရွှေ့ကာ သူ့အခန်းကိုပင် သူများအား ထပ်ငှားထားလိုက်တော့သည်။ ကွန်မြူနစ်မုန်းသူက ကွန်မြူနစ်သူလျှိုကို လင်သားအဖြစ် ရွေးခဲ့မိမှန်း မသိသေးပေ။

ကလောဆင်အတွက်တော့ မော်စကိုပြန်လာရန် ကြေးနန်းက ကျက်ဆိုးထိုးသံ တစ်ခုနှယ်ပင်။ ပို၍ဆိုးသည်က ကွန်မင်တန်သူလျှို အမျိုးသမီးတစ်ဦးနှင့် တွေ့ဆုံကာ အတူပြန်လာခိုင်းခြင်းပင်။ အမိန့်ကို လိုက်နာလျှင် သူ့အနေဖြင့် အင်နာကိုစွန့်ရပေတော့မည်။ အမိန့်ကိုလည်း ဖီဆန်ရဲသလို ချစ်သူကိုလည်း မစွန့်လွှတ်နိုင်သည့် ဘဝရောက်နေ၏။ ထို့ကြောင့်ပင် မော်စကိုကဲ့သို့ ၁၀ ရက် ၁၀ ညခန့် ကြာမည့်ခရီးကို အခြားမိန်းမသားတစ်ဦးနှင့် ခရီးသွားရမည်ကို လက်ခံမယ့်သူက သဘောကျမည်မဟုတ် ဆိုသောအကြောင်းပြချက်ဖြင့် ဝေစဉ်းစားသည်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာလိုကြောင်း ခွင့်ပြုမည်ဆိုပါက ရည်းစားနှင့် ပြန်လာခဲ့ပါရစေဟု ပြန်တင်ပြခဲ့၏။

နိုင်းသည့်အမိန့်ကို ပြန်လှန်ရဲသူ ရှားလှသဖြင့်လည်း မော်စကိုက သူ့တင်ပြချက်အတွက် မျက်လုံးပြူးသွားရလေသည်။ အမိန့်ကိုပင် ပြန်ဖီဆန်ရဲသည့် ဖြစ်ရပ်ကြောင့် သူ့ရည်းစားနှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်ပေးရန် ဘဲဒင်က လျှို့ဝှက်ရဲများအား တာဝန်ပေးအပ်လိုက်၏။ ဆာဂေးကမူ မည်သို့လာလာ မြန်မြန်ပြန်လာဟုပဲ အကြောင်းပြန်ခဲ့သည်။ ဆာဂေးစိတ်ထဲ၌ သူ၏ တိုကျိုစီမံကိန်းတွင် ဒုတိယတန်းစား ရေဒီယိုသမားနှင့် မတွဲလိုပေ။ အားကိုး စိတ်ချရသည့် ကလောဆင်နှင့်သာ လက်တွဲလုပ်ကိုင်သွားချင်၍ဖြစ်သည်။

ကလောဆင်သည် ဆာဂေးထံမှ ခွင့်ပြုချက်ရ၍ ဝမ်းသာခဲ့ ရသော်လည်း တကယ့်လက်တွေ့တွင်မူ အင်နာကို မော်စကိုသို့ ခေါ်သွားရန် အခက်တွေ့နေရလေသည်။ အင်နာကလည်း ညညတွင် ထွက်ထွက်လည်တတ်သော ကလောဆင်ကို မသင်္ကာဖြစ်နေသည်မှာ ကြာနေပြီ။ ကလောဆင်ပြောပြခဲ့သည့် ဟစ်တလာအား တိုက်ခိုက်မည့် နာဇီဆန့်ကျင်သူများအား ကူညီနေသူဟူသော စကားကို ဘဝင်မကျ ဖြစ်နေ၏။ တရုတ်ပြည်မှာနေပြီး ဂျာမန်အစိုးရပြုတ်ကျရန် ကူညီစဉ်းစား နေခြင်းဟူသည့် စကားအပေါ် သံသယဝင်နေချိန်လည်းဖြစ်၏။ နောက်ဆုံးတော့ ကလောဆင်က ၊ အင်နာအား နာဇီဆန့်ကျင်ရေး ဌာနချုပ်သည် မော်စကိုတွင်ရှိကြောင်းနှင့် သူသည် ကွန်မြူနစ်သူလျှို ဖြစ်ကြောင်း ဖွင့်ပြောပြလာသောအချိန်တွင် အင်နာတစ်ယောက် ချုံးပွဲ ငိုကြွေးခဲ့ရလေတော့သည်။



အစပထမကတော့ ရဲကိုတိုင်မည်ဟု ခြိမ်းခြောက်မိသေး၏။ တကယ်တမ်းပြန်စဉ်းစားမိချိန်မှာတော့ သူမချစ်သူပဲ ၊ ခံစားရမည်ဖြစ်၍ အင်နာ မလုပ်ရက်တော့။ ကွန်မြူနစ် မုန်းသည့်စိတ်နှင့် ချစ်သူကို ချစ်သည့်စိတ်တို့ ရင်ထဲ၌ ဒွန်တွဲခံစားနိုင်းယှဉ်နေရင်း နောက်ဆုံးမှာတော့ ချစ်သူကို ချစ်သည့်စိတ်ကပဲ အနိုင်ရသွားခဲ့လေတော့သည်။

အင်နာ၏စိတ်အတွင်း၌မူ ကလောဆင်၏ အလုပ်အပေါ်၌ အပြင်ပန်းက လက်ခံခဲ့သော်လည်း အတွင်းစိတ်၌မူ ချစ်သူကွန်မြူနစ် ဖြစ်နေ၍ လက်မခံနိုင်ခဲ့ရပေ။

ကလောဆင်သည် မော်စကိုသို့ အင်နာနှင့်အတူ ပြန်ရမည် ဖြစ်နေ၍ ဂုဏ်ယူပြီး စိတ်လှုပ်ရှားနေလေသည်။ ဖျူရီကို ရေဒီယို သင်တန်းမှ သူငယ်ချင်းများအား ကြွားမည်ဟုလည်း အားခဲထား၏။ သို့သော်လည်း ရုံးတွင် သူငယ်ချင်းများနှင့် လုံးဝမတွေ့ရဘဲ လျှို့ဝှက်ရဲအဖွဲ့မှ လူစိမ်း ၂ ဦးလာကြိုနေသည်ကိုသာ တွေ့မြင်လိုက်ရ၍ လွန်စွာမှပင် အံ့အားသင့် သွားခဲ့လေတော့သည်။ လက်ရှိတွင် သူသည် ကွန်မြူနစ် မဟုတ်သူ ရုရှားဖြူမနှင့် စေ့စပ်ထား၍လည်း သွေဖီသူ ဖြစ်နေလေသည်။ တော်လှန်ရေးအရာရှိ ဖြစ်နေ၍လည်း သူ့အပြစ်က ပိုရှုံကြီးလေး သွား၏။ ဆိုဗီယက်ယူနီယံတွင် တော်လှန်ရေးသမား များအား ရှင်းလင်းသုတ်သင်နေချိန်လည်းဖြစ်သည်။ ဤအတိုင်းဆိုလျှင် ဖျူရီအတွက် အစားထိုးမရနိုင်သည့် ထူးချွန်သည့် ရေဒီယိုသမားတစ်ဦး ဆုံးရှုံးဖို့ရန် သေချာနေလေသည်။ ဤအခြေအနေတွင် ဘဲဒင်နှင့် ဆာဂေးတို့က သြဇာအာဏာကုန်သုံးပြီး ကလောဆင်အား ကယ်တင်နိုင်ခဲ့လေသည်။ သို့ပေမယ့်လည်း ဆိုဗီယက်ယူနီယံက ကလောဆင်အား အလိုမရှိတော့ပါက

www.burmeseclassic.com

www.burmeseclassic.com



ဂျာမဏီသို့ ပြည်နှင်ဒဏ်ပေးခဲ့လေတော့သည်။ ကလောဆင်သည် ဤနည်းဖြင့် ဂျာမဏီတောင်ပိုင်း၌ သွားရောက် နေထိုင်ခဲ့ရလေတော့သည်။ ဂျာမဏီတောင်ပိုင်း၌ပင် အင်နာနှင့် လက်ထပ်လိုက်၏။

ကလောဆင်သည် ဒွာနေကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့ပြီး နေ့အချိန် လယ်ထွန်၍ ညအခါ ပါတီသဘောတရားများ ဆွေးနွေးပို့ချလေ့ရှိ၏။ ဤအချက်ကပင် မိုလ်ချုပ်ဘဲဒင်အတွက် ပြောအားရှိလာစေခဲ့လေသည်။ ဘဲဒင်သည် မာရှယ်ဗိုရိုရှီလော့အား တွေ့ဆုံကာ ကလောဆင်နှင့် ပတ်သက်၍ အယူခံ၏။ သစ္စာရှိ ကွန်မြူနစ်ဖြစ်ကြောင်း ထောက်ပြလိုက်လေသည်။ ထို့ကြောင့်ပင် ရဲဘက်မှ သွေဖီရေးသမား အမှုတွဲဖိုင်ကို ဖျက်ဆီးလိုက်ကာ ကလောဆင်အား မော်စကိုသို့ ပြန်လည်ခေါ်ယူခံခဲ့ရလေသည်။ ဤသို့ညှတာလိုက်ရခြင်း၏ အဓိက အချက်မှာ ဘဲဒင်နှင့် ဒွာနစိတ်အား ဦးစားပေးနေရသောအချိန် ဖြစ်နေ၍ပင်။ သူ မရှိမဖြစ်လိုအပ်နေ၍ မဟုတ်ပေမယ့်လည်း ဆိုဗီယက်မှာ အတတ်ပညာရှင်များ မလုံလောက်သေး ကြောင်းတော့ ထင်ရှားပေါ်လွင်နေလေသည်။

ဘဲဒင်တစ်ယောက် ကလောဆင်အတွက် အယူခံဝင်ပေးနေချိန်တွင် ဆာဂေးသည် သူ၏ စီမံကိန်းအတွက် တိုကျို၌ ရေဒီယိုဆရာအသုံးချရေး စီမံချက်ကို ရေးဆွဲနေလေသည်။ သူ၏ စီမံချက်ပါ နောက်တစ်ဦးမှာ ဂျပန်လူငယ် အိုဇာကီပင်။ ဂျပန်အာဏာပိုင်များနှင့် ဆာဂေးအကြား နိုင်မာသည့်အဆက်အသွယ်ရရှိစေမည့် သူလည်းဖြစ်၏။ ဆာဂေး တစ်ယောက် ဂျပန်စကားကို အိုဇာကီထံမှ တတ်မြောက်လာလေသည်။ ယဉ်ကျေးမှုများကိုပါ သိခွင့်ရခဲ့သေးသည်။ ထို့ကြောင့်လည်း ဂျပန်တွင်



နေထိုင်လုပ်ကိုင်မည်ဆိုပါက အထက်တန်းစား ဂျပန်အမျိုးသားတစ်ဦး မပါလျှင် မည်သည့်လုပ်ငန်းမှ မအောင်မြင်နိုင် ဟူသောအချက်ကို ဆာဂေး သိရှိထားခဲ့သောကြောင့်ပင်။

အိုဇာကီသည် ဂျပန်ပြည်သို့ပြန်ကာ အစိုးရပိုင်းတွင် ဝင်ဆံ့၍ လွတ်လွတ်လပ်လပ် ဝင်ထွက်နိုင်သော အလုပ်တစ်ခုလုပ်ခွင့်ရရန် ဆာဂေးထံမှ ညွှန်ကြားမိန့်ရခဲ့လေသည်။ ထိုအမိန့်အရပင် အိုဇာကီ တစ်ယောက် တိုကျိုသတင်းစာတိုက်သို့ ပြည်ကွင်းနိုင်ငံရေး၌ ချက်ခြေမပြတ်လို၍ တိုကျိုသို့ ပြန်ခဲ့သချင်ကြောင်းနှင့် ပြန်လာခွင့်ပြုရန် စာရေး အကြောင်းကြားလိုက်၏။ သတင်းစာတိုက်ကလည်း ချက်ချင်းပင် လွယ်လွယ်ကူကူ လက်ခံခဲ့သဖြင့် ၁၉၃၃ ခုနှစ်မှာပင် အိုဇာကီ တစ်ယောက် ပြည်တော်ပြန်ခဲ့လေတော့သည်။

မော်စကိုတွင်တော့ ဘဲဒင်နှင့် ဆာဂေးတို့နှစ်ယောက်သား သူလျှိုများအား တစ်ဦးပြီးတစ်ဦး အပြန်ပြန်အလှန်လှန် စစ်ဆေးလျက် ရှိနေလေသည်။ အသွင်ယူမှုများ ပြီးစီးသွားပြီဖြစ်သည်။ မကြာမီ လုပ်ငန်းကို အမြန်ဆုံး လုပ်ဆောင်နိုင်ပေတော့မည်။ ဆာဂေးသည် သူ့ကွန်ယက်ကို အမြန်ဆုံး ဖြန့်ကျက်နိုင်စေရန်အတွက် သူ့လူများအား အသင့်ပြင်ဆောင်ဖြစ်လေသည်။

ပါရီမြို့တွင် ချမ်းသာ၍ ရုပ်ချောသော အမျိုးသမီးငယ် တစ်ဦးကို ဆော်ဗိုနစ် တော်လှန်ရေးမှ ထွက်ပြေးလာခဲ့သူဟု လူသိများ၏။ မိဘများ အသက်ခံရပြီး ဆွေမျိုးများနှင့် ဆိုဗီယက်မှထွက်လာသည်ဟု ကောလဟာလဖြစ်နေလေသည်။ ထိုမိန်းကလေးနှင့် ယူဂိုဆလပ် စစ်ဗိုလ်ဟောင်း ဘရန်ကိုဒီဗောက်ကဲလစ်ချ် တို့နှစ်ဦးသည်တွေ့

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြိုက်နေကြကာ လူမြင်မကောင်းအောင် ချစ်နေခြင်းအတွက် မျက်စိရှက်စရာဟုပင် အပြောခံနေရလေသည်။

ဗောက်ကဲလစ်ချ်သည် ယူဂိုဆလားဗီးယားကို ဆိုဗီယက်လက်အောက် ရောက်ရှိသွားအောင် ဖန်တီးပေးခဲ့သော ပထမကမ္ဘာစစ်ကို မီးထိုးပေးခဲ့သူပင်။ "လက်မဲအသင်း" Black Hand ၏ အသင်းဝင်တစ်ဦးလည်းဖြစ်၏။ ဆိုဗီယက်တော်လှန်ရေးကြီး ပြီးဆုံးသွားသည့်နောက်တွင် လက်မဲအသင်းသည် ဆိုဗီယက်ဘက်သို့ ပါဝင်ခဲ့လေတော့သည်။ ဤတွင် ဗောက်ကဲလစ်ချ် အပါအဝင် အသင်းသားများ ယူဂိုဆလားဗီးယားမှ ထွက်ပြေးခဲ့ရလေတော့သည်။

သူ့အား ပါရီမြို့နေလူထု မကျေနပ်သည်မှာ သူ့တွင်မယားကြီးရှိသောကြောင့်ပင်။ ထို့ကြောင့်လည်း ထိုအမျိုးသမီးငယ်နှင့် တွဲ၍လူတကာရှေ့ဆက်ဆံနေခြင်းကို ခွင့်မလွှတ်နိုင်ခဲ့ကြပေ။ ဘယ်လိုပင်ဖြစ်နေပါစေ သူတို့နှစ်ဦးကတော့ မည်သူ့ကိုမျှ ဂရုမစိုက်ပေ။

အမှန်စင်စစ်မှာတော့ သူတို့နှစ်ဦးစလုံးသည် ကွန်မြူနစ်ဝါဒကြောင့်ပြေးလာကြသူများမဟုတ်ဘဲ စတုတ္ထဇျူရိုမှ သူလျှိုများပင်။ သူမကပြင်သစ်ဆိုင်ရာ သူလျှိုအကြီးအကဲဖြစ်ကာ ဗောက်ကဲလစ်ချ်က သူမ၏လက်ထောက်အကြီးအကဲပင်။ သူမ၏အမည်ဝှက်မှာ ဘော်လ်တစ်အိုဂါပင်။ လူအများကသူတို့၏ ဖုံးကွယ်ထားသောအချစ်မှာ စိတ်ဝင်စားနေကြ၍ သူတို့ အဓိကလုပ်ကိုင်နေသည့် သူလျှိုလုပ်ငန်းအပေါ် မရိပ်စားမိခဲ့ကြပေ။ သို့ပေမယ့်လည်း ဤဖုံးကွယ်ထားမှုက သူတို့နှစ်ဦးအတွက် အပိုင်းအစမျှသာပင်။ သူတို့နှစ်ဦးသည် မယားကြီးကိုပင်မေ့ထားကာ မကြာခဏတစ်ကုတင်တည်းအတူအိပ်၍ ချစ်ပွဲနွှဲနေခဲ့ကြလေသည်။



ဘဲဒင်သည် ဗောက်ကဲလစ်ချ်အား သိက္ခာရှိသောဖုံးကွယ်မှုရစေရန် လွန်ခဲ့သော ၂ နှစ်ကတည်းက မိန်းမယူခိုင်းထားခဲ့လေသည်။ ဗောက်ကဲလစ်ချ်က ဤကိစ္စအတွက် အိုဂါနှင့်တိုင်ပင်ခဲ့၏။ အိုဂါ အွန်ကြားချက်အရ မလှမပ ထုံထုံထိုင်းထိုင်း အပျိုဟိုင်းကြီးတစ်ယောက်နှင့် လက်ထပ်လိုက်လေသည်။ အပျိုကြီးကလည်း ဘာမသိဘာမသိပေမယ့် ကျေနပ်၍နေလေတော့သည်။

၁၉၃၃ ခုနှစ် အောက်တိုဘာလ၌ ဘော်လ်တစ်အိုဂါမှ ဗောက်ကဲလစ်ချ်က ခရီးစထွက်ရန် အမိန့်ပေးခဲ့လေသည်။ သူသည် တိုကျိုမြို့သို့ ဘန်းပြအလုပ်ဖြင့် သွားရောက်ရမည်ဖြစ်ပြီး တိုကျိုမှ နေ၍ ဆာဂေးကို စောင့်ဆိုင်းနေရမည်ဖြစ်သည်။

ထိုအချိန်မှပင် ပြင်သစ်သတင်းစာနှင့် မဂ္ဂဇင်းများ၌ စိတ်ကြိုက်ဆောင်းပါးများ ရေးသားနေသူ ဗောက်ကဲလစ်ချ်အား လာဗူးမဂ္ဂဇင်းက တိုကျိုကိုယ်စားလှယ်ခန့်ရန် စည်းရုံးလာလေသည်။ ဤတွင် ဗောက်ကဲလစ်ချ်က ယူဂိုဆလပ် သတင်းစာတိုက်တစ်ခုသို့လည်း ဂျပန်ကိုယ်စားလှယ်ခန့်ပါရန် စာရေးတောင်းခံခဲ့ရာ သတင်းစာတိုက်ကလည်း လက်ခံခဲ့လေသည်။ ထို့ကြောင့်ပင် ဗောက်ကဲလစ်ချ်သည် သုံးပတ်ခန့်အကြာ၌ အိုဂါအိမ်မှ အပြီးတိုင်စွန့်ခွာခဲ့လေသည်။ နောက်မိန်းမကိုခေါ်ကာ လက်ဆွဲအိတ်များဖြင့် မာဆေးမှတဆင့် တိုကျိုသို့ ပထမဆုံးသော စစ်ဦးခရီးထောက်အဖြစ် ထွက်ခဲ့လေတော့သည်။

ဂျပန်တွင် ဗောက်ကဲလစ်ချ်သည် သတင်းစာလုပ်ငန်းကို ဒိဒိစီးစီးလုပ်ကိုင်ခဲ့လေသည်။ အခြားသတင်းထောက်များနှင့်လည်း တွေ့ဆုံခဲ့၏။ တိုကျိုသတင်းစာဆရာအသင်း၌လည်း အသင်းဝင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဂျပန်အစိုးရ၏ ပြန်ကြားရေးဌာနနှင့်လည်း သိအောင် လုပ်ဆောင်ခဲ့၏။ သူ၏ဌာနချုပ်အဖြစ် တိုကျိုတွင် ခန့်ညားလှသော တိုက်တစ်လုံး ငှားထားလိုက်သည်။ ဗောက်ကဲလစ်ချ်တစ်ယောက် ရက်သတ္တပါတ် အနည်းငယ်အတွင်းမှာပင် လူချစ်လူခင်များသော သတင်းစာဆရာတစ်ယောက် ဖြစ်လာခဲ့လေသည်။

ဘဲဒင်၏ အတွေ့အကြုံရှိသော ညွှန်ကြားချက်များကြောင့် ဆာဂေး၏ တိုကျိုစီမံကိန်းသည် စာရွက်ပေါ်မှာသာမဟုတ်တော့ဘဲ အပြင် လောက၌ တကယ်ပင်အကောင်အထည်ပေါ်လာပြီဖြစ်၏။ စီမံကိန်းအရ သူလျှိုနှစ်ဦးသည် ပထမဦးဆုံးသောခြေလှမ်းသစ်တို့ဖြင့် တိုကျိုမြို့သို့ ရောက်ရှိဆောင်ရွက် အကောင်အထည်ဖော်နေပြီလည်းဖြစ်၏။ ဗော်ကဲလစ်ချ်နှင့်အိုဇာကီတို့သည် တစ်ဦးနှင့်တစ်ဦး အလွယ်တကူ တွေ့ဆုံနိုင်ကြသော်လည်း တစ်ဦး၏ ရည်မှန်းချက်တာဝန်ကို တစ်ဦးကမသိ နားမလည်သေး၍ မတွေ့ကြသေးဘဲနှင့် သူတို့ဆရာကြီး၏ ညွှန်ကြားမှု ကိုသာစောင့်ဆိုင်းရင်း ရည်မှန်းချက်တာဝန်များကို အသီးသီး အောင်မြင်စွာ ဆက်လက်လုပ်ကိုင်လျှက်ရှိနေလေသည်။

***

# အခန်း(၃)

## ပထမအသွင်နှင့် သူလျှိုကွန်ယက်ကြီး

ဆာဂေးတစ်ယောက် လုပ်ငန်းအတွက် ဟန်ပြအလုပ်တစ်ခုကို ရွေးချယ်အသွင်ယူလိုက်၏။ နောင်သော် ယင်းအလုပ်အတွက်ပင် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရကာ သူ့ဘဝပြိုလဲပျက်စီးမှုအတွက်ပင် အကြောင်းရင်းတစ်ချက် ဖြစ်စေခဲ့ရလေသည်။

ဆာဂေးမှာ နှစ်အတော်ကြာကပင် ဟန်းဘတ်မြို့ရှိ ကွန်မြူနစ်ပါတီဌာနခွဲတွင် ဒေါက်တာရစ်ချတ်ဆာဂေးအမည်ဖြင့် အတီအလင်း ဝင်ရောက်ထားခဲ့သူဖြစ်၏။ ယခုအခါမှာတော့ သူသည် အဖနိုင်ငံသို့ ပြန်ရောက်လာသည်။ အလွန့်ခရီးများခဲ့သော သားတစ်ဦး အသွင်ဖြင့် ဂျာမဏီ ပြည်သစ်ကို ဦးညွှတ်ယောင်ဆောင်ကာ ပြန်ဝင် လာခဲ့လေသည်။ သစ္စာရှိလှသော နာဇီအသွင်နှင့်ဖြစ်လေသည်။ ဤသည်မှာ ဆာဂေး၏ ပထမအသွင်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားရောက် ဂျာမဏီတို့၏ ဂျာမန်သတင်းစာဆရာ ဖြစ်ကြောင်း ထောက်ခံရေးသားချက်များကို ကိုင်ဆောင်၍ ပြည်တော် ဝင်ခဲ့၏။ နှစ်အတော်ကြာကပင် ငယ်သူငယ်ချင်းများထံ ဘာလင်လိပ်စာ ဖြင့်စာအဆက်အသွယ် လုပ်ထားခဲ့လေသည်။ ထို့ကြောင့် ယခုအချိန်၌ ကောင်းမွန်စွာ ပြန်ဝင်လာနိုင်ခဲ့ခြင်းပင်။ သူရေးသားခဲ့သော စာများကြောင့် ဆာဂေးသည် နာဇီပါတီအတွင်းသို့ ဝင်နိုင်သည်အထိ အထောက်အကူ ဖြစ်ခဲ့သော်လည်း ဆာဂေးစိတ်အတွင်း၌ "ဒီထက်ပို၍ပင် အတွင်းဝင် ဝင်လိုလှသေး၏။

နာဇီပါတီတွင်းသို့ ဝင်ရောက်လိုက်ပါက ယခုထက်ပို၍ အခွင့်အရေးရမည်ဟု နာဇီသတင်းစာဆရာတို့၏ အကြံပြုချက်အား ဆာဂေး လက်ခံခဲ့၏။ ထို့ကြောင့်လည်း ရင်းနှီးသောသူငယ်ချင်း သတင်းစာဆရာတစ်ဦးအကူအညီဖြင့် ပါတီဝင်လျှောက်လွှာ တင်လိုက် လေသည်။ ထွက်လာမည့်အဖြေကို စိတ်မောစွာဖြင့် စောင့်စားနေခဲ့ ရလေသည်။ ထိုသို့ အသင်းဝင်လာ၍ ဂက်စတာပို၏ အစစ်အဆေး ခံရမည်ကိုသိပါလျက်နှင့် သူကိုယ်၌ကလည်း ဤကိစ္စအတွက် လွန်စွာမှပင် စွန့်စားလိုနေလေသည်။ ဟန်းဘတ်၌ လုပ်ကိုင်ခဲ့သော ကွန်မြူနစ် လှုပ်ရှားမှုများနှင့်ပတ်သတ်၍ ပြန်လည်ပေါ်လာမည်ကို ကြောက်ရွံ့ နေမိလေသည်။

တိုကျိုတွင် လူအထင်ကြီးအောင် နေထိုင်နိုင်ရန်မှာ ဘာလင်မှ ဂျာမန်သတင်းသည် လွန်စွာအရေးကြီးလှသောကြောင့် ယခုလိုစွန့်စား သင့်သည်ဟု ဆာဂေးလက်ခံထားခဲ့၏။ ထို့ကြောင့် သူသည် စိတ်တင်းကာ နာဇီအသိုက်အဝန်းထဲ ဝင်ခဲ့ခြင်းပင်။ သူ့ကိုထောက်ခံသူ နှစ်ဦးအနက်



တစ်ဦးက နော်ဘတ်ကြောင်းရာဇဝင်ကို အာမခံ၍ ကျန်တစ်ဦးက လုပ်ငန်းတွင်သံစွာရှိမှုအပေါ် ထောက်ခံခဲ့၏။ ဂက်စတာပိုကလည်း အရေးမကြီးလှသော သာမန်အချက်များကိုသာ သာမန်မျှစစ်ဆေးခဲ့ပြီး ပါတီဝင်အဖြစ် လက်ခံခဲ့လေသည်။ ထို့ကြောင့်ပင် စက်တင်ဘာလ နောက်ပိုင်းရက်များ၌ ကွန်မြူနစ်လက်မှတ်ရ ရစ်ချတ်ဆာဂေးသည် နာဇီပါတီတံဆိပ်ကို တပ်ဆင်သူဖြစ်လာခဲ့လေသည်။

ဤအခက်အခဲများအား အလွယ်တကူ ဖြတ်ကျော်နိုင်ခဲ့ ၍လည်း ဆာဂေးတစ်ယောက် ကိုယ့်ကိုယ်ကို ယုံကြည်မှု ပိုမိုများပြား လာကာ မူလရည်မှန်းထားသည်ထက်ပင် ပို၍ကြီးကျယ်အောင်မြင် လာစေရန် ကြိုးစားလာခဲ့လေတော့သည်။ ထို့ကြောင့်လည်း ယခင် အလယ်အလတ် တန်းစားသတင်းစာသုံးခု၏ တိုကျိုကိုယ်စားလှယ်ဖြစ်ရန် ရည်မှန်းချက် ကိုပင်ကျော်လွန်ကာ အောင်မြင်ခဲ့လေသည်။

ဂျာမဏီထုတ် ဖရင့်ဖူးထားဇိုက်တွန်း သတင်းစာသည် အရာရှိ သတင်းစာဖြစ်၏။ နာဇီခေါင်းဆောင်တစ်ဦးဖြစ်သူ ဂိုးဘဲသည် နာဇီသတင်းစာများတွင် သတ်မှတ်စည်းကမ်းကို မကျော်လွန်စေဘဲနှင့် နာဇီဝါဒဖြန့်ခြင်းအား ဆောင်ရွက်ပေးစေလိုသည်။ အစိုးရသတင်း ထည့်ချင်လာသည်မှအပ ပြည်တွင်းပြည်ပ သတင်းကိုယ်စားလှယ် ခန့်အပ်ခြင်းနှင့် အခြားနေရာများ၌ ဝင်ရောက်ချုပ်ချယ်ကန့်သတ်ခြင်း မရှိပေ။ ဆာဂေးသည် ဘာလင်ရှိ သတင်းစာဆရာမိတ်ဆွေများ၏ အကူအညီဖြင့် အယ်ဒီတာချုပ်နှင့် တွေ့ဆုံခွင့်ရခဲ့၏။ သူ့အား တိုကျို သတင်းထောက် ခန့်အပ်ရန်တိုင်ပင်ခဲ့ရာ သူ့အောင်မြင်မှုများကြောင့်ပင် တိုကျိုရောက် အခြားသတင်းထောက်များထက်ပင် ပို၍အဆင့်မြင့်သော

www.burmeseclassic.com

www.burmeseclassic.com



သတင်းထောက်ကြီးအဖြစ် သူ့ကိုခန့်လိုက်လေသည်။

ဆာဂေးသည် နာဇီပါတီတွင် အခြေခိုင်အောင် စလုပ်ခဲ့၏။ အမြင့်ဆုံးပါတီ အလုပ်အမှုဆောင်အဖွဲ့တွင် သူ့အမည်သည် အချိန်တို အတွင်းလူသိများလာခဲ့ခြင်းမှာ အံ့သြစရာပင် ကောင်းလွန်းလှလေသည်။ ဟစ်တလာ၊ ဂိုအားရင်း၊ ဂိုဘဲတို့နှင့် အရင်းနှီးဆုံးသော သူများသာ တက်ခွင့်ရသော ညစ်ခံပွဲများသို့တက်ရောက်ရန်ပင် ဖိတ်ကြားခံခဲ့ ရလေသည်။ မကြာမီမှာပင် ဖူးတားဇိုက်တွန်းသတင်းစာမှ သတင်းထောက် ကြီးရစ်ချတ်ဆာဂေးသည် နိုင်ငံရေးအာဏာရ ပုဂ္ဂိုလ်ကြီးများနှင့် ဂတ်စတာပိုအကြီးအကဲ ဟိန်းရစ်ဟင်းမလားတို့နှင့်ပင် လွန်စွာရင်းနှီး သူဟု တီးတိုးအပြောခံရခဲ့သည်အထိ ကျော်ကြားခဲ့လေသည်။

ဆာဂေး အရှေ့ဖျားဒေသသို့ ထွက်ခွာခါနီးတွင် သတင်းစာ ကလပ်က ပြုလုပ်သော ဂုဏ်ပြုညစာစားပွဲသို့ ဂိုဘဲနှင့် နာဇီပါတီ၏ နိုင်ငံခြားရေးဌာနမှ အကြီးအကဲများပင် တက်ရောက်ခဲ့ကြလေသည်၊ ဤအချက်ကပင် ဆာဂေးအား တိုကျိုရောက်ရှိပါက နာဇီပါတီသည် နောက်မှ ကျောထောက်နောက်ခံရှိကြောင်း ပြသရာရောက်နေလေသည်။ ဤကဲ့သို့ဖြစ်အောင် ဆာဂေး တမင်ဖန်တီးခဲ့ခြင်းဖြစ်၏။ ထို့နောက် ဆာဂေးသည် အမေရိကန်၊ ကနေဒါတို့မှတဆင့် တိုကျိုသို့ အသွင်ယူ ဖုံးကွယ်မှုဖြင့် ဝင်ရိုးတန်းနိုင်ငံများ၏ အာဏာပိုင်များအား အရှုံးလုပ်ရန် စထွက်ခဲ့လေတော့သည်။

ဆာဂေးသည် တိုကျိုသို့ရောက်သည်နှင့် သံ့ပတ်ကြာအောင်ပင် ဝန်ကြီးဌာနအသီးသီး၏ ပြန်ကြားရေးမှူးများ၊ သံရုံးများမှ ပြန်ကြားရေးမှူး များနှင့် သွားရောက်တွေ့ဆုံ မိတ်ဖွဲ့ခဲ့လေသည်။ ဂျာမန်သံရုံးတာဆိုလျှင်



ဆာဂေးအား သူ့သံရုံး အမှုထမ်းများနှင့် မိတ်ဆွေဖြစ်သွားစေရန် သီးသန့်ညစာစားပွဲပင် ပြုလုပ်ပေးခဲ့လေသည်။

ဆာဂေးသည် တိုကျိုရှိ နိုင်ငံခြားသတင်းထောက်အသင်း၌ လည်းအသင်းဝင်ခဲ့လေသည်။ အစိုးရသတင်းစာ ကွန်ဖရင့်များသို့ တက်ရောက်ခဲ့ရာ ပြင်သစ်မှ သတင်းထောက် ဗောက်ကဲလစ်ချ်နှင့် ထမဦးဆုံး စတင်တွေ့ဆုံခဲ့လေသည်။

ဆာဂေးသည် ဗောက်ကဲလစ်ချ်အား သတ္တိရှိမှုနှင့် အကြံကောင်းပြီး အခက်အခဲမှလွတ်အောင် လုပ်နိုင်စွမ်းရှိကြောင်း မှတ်ချက်များအား မှတ်တမ်းတွင်တွေ့ရ၍ ရွေးချယ်ခဲ့ခြင်းဖြစ်၏။

တန်ပြန်သူလျှိုများသည် နိုင်ငံခြားသူလျှိုများအား ပြန်ပေးဆွဲ ကာတန်ပြန်ဖန်တီးထားသည့် သူလျှိုများဖြင့်ထောင်၍ ဟန့်ပြ လုပ်ကွက်များ ဖန်တီးတတ်၏။ ဤဖြစ်ရပ်ကို ရှောင်နိုင်ရန် ဆာဂေးမှ ကြိုတင်စီစဉ်မှုများ ပြုလုပ်ထားခဲ့သည်။ ကြိုတင်စီစဉ်ထားသော စကားဝှက်အမှတ်အသားများ ဖလှယ်လိုက်ကာ တစ်နေရာတွင် တွေ့ဆုံအသိအမှတ်ပြုရန် အမိန့် ပေးလိုက်၏။ ဤနည်းသည် ဖာတ်ဆန်သည်ဟု လူပြိန်းများမှ ထင်နေကြသော်လည်း သူလျှိုလုပ်ငန်းကြီး အောင်မြင်မှု ရစေရန်အတွက် လုပ်ရိုးလုပ်စဉ်ပါ လိုအပ်သောကြိုတင်စီစဉ်မှု ဖြစ်လေသည်။

တစ်နေ့သောညနေတွင် ဗောက်ကဲလစ်ချ်သည် သူ့အကြီးအကဲ အားတွေ့ဆုံရန်အတွက် မက်ဂျူရှိ ဟော်တယ်သို့ထွက်လာခဲ့လေသည်။ အစီအစဉ်ပါအတိုင်းပင် အရပ်ရှည်ရှည် ခပ်သွယ်သွယ် လူတစ်ယောက် သည် အရက်မှာသောက်ပြီး စားပွဲ၌ စာအုပ်တစ်အုပ်ထိုင်ဖတ် နေလေသည်။ ကဲလစ်ချ်တစ်ယောက် ထိုစားပွဲ၌ ဝင်ထိုင်လိုက်ရင်း—

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဖရင့်ဖူးထားဖိုက်တွန်းသတင်းစာက ရစ်ချတ်ဆာဂေး မဟုတ်လား"

ထိုစကားကြောင့် ဆာဂေး စာအုပ်ဖတ်တာကို ခဏရပ်ရင်း သူ့ကို ခပ်တွေတွေတစ်ချက် လှမ်းကြည့်၏။

"ပြီးခဲ့တဲ့အပတ်တုန်းက နိုင်ငံခြားရေးရုံး ကွန်ဖရင့်မှာ တွေ့ခဲ့ကြတယ်လေ"

သူ အားတက်တရော ထပ်ပြောလိုက်၏။ ဆာဂေးထံမှ မှတ်မိကြောင်းအဖြေကို ပြန်ကြားရလေသည်။ ကဲလစ်ချ်မှ ဆာဂေး လက်ထဲမှ စာအုပ်ကို တစ်ချက်ကြည့်လိုက်ရင်း–

"ဒီစာအုပ် တော်တော်ကောင်းသားဗျ။ မိန်းမတစ်ယောက်အကြောင်း ရေးထားတာများ သိပ်တော်တာပဲဗျာ၊ ကျွန်တော်ကတော့ အကြိုက်တွေ့ပြီဆိုရင် စာမျက်နှာကအစ အလွတ်မှတ်တော့တာပဲ၊ စာမျက်နှာ (၁၂၈) မှာပါတဲ့ သူလေးဆိုရင် ကျွန်တော့နှမဝမ်းကွဲနဲ့ တော်တော်လေးတူတယ်ဗျာ"

ဆာဂေးတစ်ချက်ပြုံးလိုက်၏။ ပြီး နှုတ်ကလဲ–

"ဒါဆိုလဲ ခင်ဗျားနှမလေးနဲ့ တွေ့ကြတာပေါ့" ဟုဆိုကာ စာရွက်အချို့ကို စလှန်လိုက်၏။ လှန်ရင်းမှလည်း–

"ခင်ဗျားပြောတဲ့မိန်းကလေးက ကျွန်တော်ဖတ်ဖူးပြီးသားထင်တယ်၊ ဒါဆိုရင် ခင်ဗျားအမှတ်မှားနေပြီ၊ အဲဒါကစာမျက်နှာ(၁၈၁)မှာပါဗျ"

သူတို့ပြောလိုက်သည့် ဂဏန်းအကွာရာများက သူတို့၏လျှို့ဝှက်သင်္ကေတများပင်။ မော်စကိုကတည်းက ကြိုတင်စီစဉ်ထားခဲ့သည့် အမေးအဖြေ စကားဝှက်တစ်ခုပင်။



၁၉၄၀ ခုနှစ်ဖက်တဘ်ဂလဝင်ရိုးတန်းသုံးနိုင်ငံစစ်စာချုပ်ချုပ်ဆိုနေစဉ် (ထိုင်နေသူများ ဝဲမှယာ–အီတလီမှ အာလ်ဗီယာနီ၊ ဂျာမနီမှ ဖွန်ရစ်ဘင်ထရော့၊ ဂျပန်မှ ဒိုရှိဟ)
ဤစာချုပ်ပါသတင်းအချက်အလက်များနှင့် နိုင်ငံရေးသုံးသပ်ချက်များကို ဆာဂေးကရုရှား အစိုးရထံ ဦးဦးဖျားဖျားပေးပို့နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

-ကလောဆင် (ခေါ်)ဗရုစ်၏ တာဝန်မှာ ဂျပန် ဓါးစီးသူများရေနှင့် ကုန်းလမ်းကုန်သွယ်မှုသတင်းများ ရရှိ ဆောင်ဆောင်ရွက်ရန်။

-ဆာဂေး (ခေါ်)ရှမ်အေးသည် ဂျာမန်သံရုံးနှင့် သံတမန်ရုပ်ကလပ်တွင် အာရုံစိုက်ရန်နှင့် ဂျပန်အသိုက်အဝန်းတွင် အခွင့်အရေးရသမျှ လှုပ်ရှားရန်။

-အိုဇာကီ (ခေါ်) ဆော်တိုသည် ဂျပန်ဝန်ကြီးအဖွဲ့ထံမှ နိုင်ငံရေးနှင့် စစ်မှုသတင်းများရရှိရေး တာဝန် ယူရန်။

-ဟော့ကဲလစ်ချ် (ခေါ်) ဂျိုတိုသို့သည် မြို့တိမ် အမေရိကန်နှင့် ပြင်သစ်သံရုံးများ၌ ကူညီဆောင်ရွက်ပေးမည်၊ အမေရိကန်နိုင်ငံများ၏၊ အရှေ့ဖျားဒေသအပေါ် ကြံရွယ်ချက်အား သိနိုင်ရေးတာဝန်ယူရန်။

-မိယာဂီ (ခေါ်) ဂျိုး၏တာဝန်မှာ ဂျပန်ကြည်းတပ်နှင့် ရေတပ်၏လျှို့ဝှက်စီမံကိန်းများ၊ လက်နက်ခဲယမ်းထုတ်လုပ်မှုတို့အား၊ ထောက်လှမ်းရန်နှင့် စက်မှုလုပ်ငန်း အသိုက်အဝန်းတွင်း၌ လှုပ်ရှားထောက်လှမ်းရန်။



ဆာဂေးအနေဖြင့် နောက်တစ်ဆင့်အနေဖြင့် အိုဇာကီနှင့် တွေ့ရန် ဖြစ်လေသည်။ ထို့ကြောင့်လည်း ကဲလစ်ချ်အား ကောက်တေး ပါတီပေးရန် ညွှန်ကြား၏။ ထိုပါတီသို့ အိုဇာကီကိုလည်း ဖိတ်ခိုင်း လိုက်၏။ ပါတီတွင် ကဲလစ်ချ်က ဆာဂေးအား အိုဇာကီနှင့် မိတ်ဆက် ပေးရမည်ဖြစ်လေသည်။

ဤနည်းအားဖြင့် သူလျှို (၃) ယောက်သည် တိုကျိုတွင် သဘာဝကျကျ ချိတ်ဆက်မိသွားခဲ့လေပြီ။ သူ့အစီအစဉ်အတိုင်းဆိုလျှင် တိုကျိုသို့ နောက်ထပ် သူလျှို (၂) ဦး ရောက်ရန်သာ ကျန်နေလေတော့ သည်။ ဆာဂေးလည်း ထပ်ရောက်လာမည့်သူလျှို (၂) ဦးကို စောင့်ဆိုင်းနေလိုက်လေသည်။

သူတို့အနက် တစ်ဦးအား အိုဇာကီကို အကူအညီပေးရန် ရွေးချယ်ထားခြင်းဖြစ်၏။ သူ၏အမည်မှာ မိယာဂီယိုတိုကို ဖြစ်ကာ ကယ်လီဖိုးနီးယားသို့ ပန်းချီဆွဲနေသူပင်။ လော့အိန်ဂျယ်လိစ်ရှိ တိုကျိုလေး ရပ်ကွက်တွင် ညစာလာစားသူများအား ပုံတူဆွဲရင်း အသက်မွေးဝမ်း ကြောင်းနေ၏။ ယခုမှသာ ပန်းချီပညာနှင့် အသက်မွေးဝမ်းကျောင်းလာ နိုင်ခြင်းဖြစ်ကာ ယခင် ဇီးကွက်ပျော်ပွဲစားရုံ ဖွင့်သည်ထက်ပင် အဆင် ပြေ၍နေလေသည်။

မိယာဂီသည် ကယ်လီဖိုးနီးယားသို့ရောက်စက အမေရိကန် လူနေမှုစနစ်ကို မြင်တွေ့ရပြီး များစွာတုန်လှုပ်မိသွား၏။ တချို့သည် လွန်စွာမှပင်ချမ်းသာကာ တချို့က မရှိသလောက်ပင် ဆင်းရဲလှန်းနေ၏။ ထိုမြင်ကွင်းများကြောင့် မိယာဂီတစ်ယောက် အမေရိကန် ကွန်မြူနစ် ပါတီ၏ လော့အိန်ဂျယ်လိစ်ဌာနခွဲတွင် ပါတီဝင်ခဲ့၏။ ထိုဒကို

www.burmeseclassic.com

www.burmeseclassic.com



သဘောကျမှုနှင့်အတူ ပုံတူဆွဲရင်း ထောက်လှမ်းရေးမျက်စိရှိသေ
အချက်များအား မော်စကိုကသိသွားရာမှအစ သူသည် စတုတ္ထ
သူလျှိုတစ်ယောက် ဖြစ်လာခဲ့လေသည်။

၁၉၃၃ ခုနှစ် စက်တင်ဘာလတွင် မီယာဂျီ၏နေအိမ်
ပါတီကလပ်စည်း ခေါင်းဆောင်တစ်ဦးရောက်လာကာ စကားဝှက်မ
ပြောပြ၍ တိုကျိုသို့သွားရန် အမိန့်ပေး၏။ သင်္ဘောလက်မှတ်အတွ
ဒေါ်လာ ၂၀၀ နှင့် တစ်ဒေါ်လာတန် ငွေစက္ကူတစ်ရွက်ထုတ်ပေး၏

သူ့အလုပ်မှာ တိုကျိုသို့ရောက်လျှင် Janpan ADVERTISE
သတင်းစာ စောင့်ဖတ်ရန်ပင်။ ဤသတင်းစာ၌ ဂျပန်သစ်ဓေ
ပန်းချီကားတစ်ချပ် အလိုရှိကြောင်း ကြော်ငြာပါလာပါက ကြော်
ရှင်အား သွားတွေ့ရပေမည်။ ကြော်ငြာရှင်မှ သူ့အားတစ်ဒေါ်လာတ
ငွေစက္ကူအား ထုတ်ပြပေလိမ့်မည်။ ထိုအခါ ယခုပေးလိုက်သေ
ငွေစက္ကူနှင့် တိုက်ကြည့်ရန်နှင့် ငွေစက္ကူနံပါတ်စဉ်သည် ကပ်လျ
ရှေ့ဆင့် နောက်ဆင့်ဖြစ်နေပါက ထိုသူ၏အမိန့်ကို နာခံရန်ပင်။

နိုဝင်ဘာလကုန်ဆုံးခါနီးတွင် မီယာဂျီသည် တိုကျို
အင်ပရီရယ် ကုမ္ပဏီရှိ ကော်ဖီဆိုင်တစ်ခုတွင် ကော်ဖီသောက်ရ
Janpan ADVERTISER သတင်းစာကို ဖတ်နေလေသည်။ သတင်း
တွင်း၌ သူရှာနေသည့် ကြော်ငြာကို တွေ့လိုက်ရလေသည်။ ချက်ခြင်း
မီယာဂျီလည်း မန်နေဂျာထံဖုန်းလှမ်းဆက်ရာ နေ့လည်ပိုင်းတွ
ကြော်ငြာရှင်နှင့်တွေ့နိုင်ကြောင်း ခွင့်ပြုချက်ရလိုက်၏။

မီယာဂျီ ရောက်ရှိသွားချိန်တွင် အရပ်ရှည်ရှည်န
စကားဟန်ပါသည့် လူတစ်ဦးနှင့် တွေ့ဆုံခဲ့ရလေသည်။ ထိုလူနှင့် အတူ



ကုမ္ပဏီအပြင်သို့ လမ်းလျှောက်ထွက်လာခဲ့လိုက်လေသည်။ လမ်းလျှောက်
နေခိုက်မှ ကြော်ငြာရှင်က သူ့အား တစ်ဒေါ်လာတန် ငွေစက္ကူတစ်ရွက်ကို
ထုတ်ပြ၏။ သူကလည်း သူ၏ငွေစက္ကူကို ပြန်ထုတ်ပြလိုက်လေသည်။
ဒီနောက် ထိုနေရာမှကားဖြင့် ထွက်ခွာသွားကြတော့သည်။ တိုကျိုရောက်
မီယာဂျီအား ကဲလစ်ချ်က ကြိုဆိုသွားခဲ့လေပြီ။

ဆာဂေးထံ ပဌမမြောက် သူလျှိုရောက်ရန် အချိန်တန်နေ
သော်လည်း မရောက်လာသေးပေ။ ထိုသူမှာ မက်စ်ကလောဆင်ပင်။
ကလောဆင်အား တိုကျိုတွင် ရေဒီယိုလုပ်ငန်းလုပ်ကိုင်ရန် ဘဲဒင်မှ
အမိန့်ပေးလာလေသည်။ ထို့ကြောင့်လည်း ကလောဆင်သည် ဇနီးသည်
ဆင်နာအား (၆) လကြာလျှင် ရှန်ဟဲလိုက်လာရန်နှင့် ထိုမှတဆင့်
သူ့အခေါ်စောင့်ရန်မှာ၍ ခရီးစထွက်ခဲ့လေသည်။

ကလောဆင်သည် ဥရောပကိုဖြတ်၍ တိုကျိုသို့သွားရန်
မော်စကိုမှ စထွက်ချိန်တွင် သူ့၌ နိုင်ငံကူးလက်မှတ် (၃) ခုပါခဲ့လေသည်။
နောင်အခါတွင် သူက တရားရုံး၌ မော်စကိုတွင် နိုင်ငံကူးလက်မှတ်များ
အနှင့်ချီ၍ ရှိနေကြောင်း အမှန်တကယ် ပိုင်ရှင်များထံမှ ဝယ်ယူ၍
ကြောင်းနှင့် ဓာတ်ပုံနှင့်လက်မှတ်သာပြောင်းထားကြောင်း ထွက်ဆို
ခဲ့လေသည်။

ကလောဆင်အား ဒေါ်လာ ၂၀၀၀ ထုတ်ပေးလိုက်လေသည်။
သူသည် စတော့ဟုန်းမှ အမေရိကန်သဘောသားတစ်ယောက်၏
လက်မှတ်ကို ဝယ်ယူလိုက်ပြီး လီဟာဗါမြို့မှ နယူးယောက်မြို့သို့သွားရန်
သင်္ဘောစတွန်သို့ ထွက်လာခဲ့လေသည်။ ထိုမှဆက်၍ ခရီးစဉ်အတိုင်း
တိုကျိုသို့ ခရီးဆက်ခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၄ ခုနှစ် နိုဝင်ဘာလတွင် ကလောဆင်တစ်ယော
တိုကျိုသို့ ရောက်ရှိလာခဲ့လေသည်။ ဂျာမန်အရောင်းကိုယ်စားလှယ
တစ်ဦးအသွင်နှင့်ဖြစ်၏။ ဂျာမန်သံရုံးမှတဆင့် လုပ်ငန်းတူ ဂျပန်ကုမ္ပဏ
များမှ အရာရှိများနှင့် တွေ့ဆုံဆွေးနွေး၏။ သူသည် တကယ်လည်
ဂျာမန်ကုမ္ပဏီတစ်ခု၏ အရောင်းကိုယ်စားလှယ်လည်း ဖြစ်လေသည
သံရုံးသို့ ရောက်ဖန်များလွန်း၍ သံရုံးမှတရားဝင် ဖိတ်ကြားခံရ
စာရင်းတွင် ပါလာခဲ့လေသည်။ ညနေခံပွဲတစ်ခု၌ သူ့အား ဆာဂေးနှ
မိတ်ဆက်ပေးခံခဲ့ရ၏။ နှစ်ဦးသား မသိကျိုးကျွံပြုကာ လက်ဆွဲနှုတ်ဆက
ကြလေသည်။ ဆာဂေးသည် သူ့အားစောင့်စားနေသည်မှာ ကြာမြင့်
ချေပြီ။ ယနေ့သူလျှို ၅ ဦး တွေ့ဆုံသွားပြီဖြစ်၍ သူလျှိုကွန်ယက်ကြ
စတင်ဖြန့်ကျက် လှုပ်ရှားရန်သာ ကျန်နေလေတော့သည်။

မော်စကိုက သူတို့အားစိတ်မရှည်တော့ပေ။ ဂျပန်ဘက်ခြမ်း
မန်ချူးရီးယားနယ်စပ်တွင် ထူးခြားမှုများလည်း ဖြစ်ပေါ်၍နေလေသည
သူတို့ စစ်ပြင်နေပြီလား ဟူသောအချက်ကို မော်စကိုမှသိချင်နေပေ
ဘဲဒင်ကလည်း အချိန်မရှိတော့ကြောင်းနှင့် ဂျပန်များ အရှေ့ဖျား
စတင်ကျူးကျော်တော့မည်ဟု သူအပါအဝင် မော်စကိုမှ တာဝန်ရှိ
များက ထင်မြင်ယူဆကြောင်းတို့အား ဆာဂေးထံ အကြောင်းကြားလ
လေသည်။

ဆာဂေးသည် သူ့လူများအား အသွင်ယူထားသည့် အလုပ်
ဖိဖိစီးစီးလုပ်စေခဲ့၏။ သက်ဝင်သွားစေရန်ဖြစ်သည်။ သူလျ
တစ်ယောက်၏ အောင်မြင်မှုသည် သဘာဝကျကျ နေထိုင်လုပ်ကိုင
ပေါ်တွင် မူတည်သည်ဟုလည်း ယူဆထားသူပင်။ အထူးသဖြ



ကျိုသည် ရှန်ဟဲနှင့်မတူညီပဲ များစွာကွဲပြားခြားနားနေပေသည်။
ငံခြားသား နည်းသဖြင့်လည်း ရှိသမျှသောသူများအပေါ်တွင် ရဲမှ
ကာသော မျက်လုံးဖြင့် ကြည့်နေလေ့ရှိ၏။ ယဉ်ကျေးမှုပိုင်းတွင်လည်း
ပန်ယဉ်ကျေးမှုကို အနောက်နိုင်ငံက မလွှမ်းမိုးအောင် ကာကွယ်
ာင့်ရှောက်ထားလေသည်။ ဂျပန်အမျိုးသမီးအား နိုင်ငံခြားသားမှ
ိုးရပေ။ နိုင်ငံခြားသားအား အလုပ်ချင်းဆက်စပ်နေသော ဂျပန်
ိထောင်စုကသာ ညှဉ်းခံရလေသည်။ ဘူတာတွင် ဖနိုးအားနှုတ်ဆက်၍
ိသော ဂျာမန်အား ဒဏ်ငွေ ၁၀ ပေါင် ရိုက်ဒဏ်တပ်လေသည်။
ပန်လူငယ်များ အကျင့်ပျက်စေသော အပြုအမူဟူ၍ စွဲချက်တင်ခဲ့၏။
နောက်တိုင်းယဉ်ကျေးမှုသည် ပျက်စီးနေပြီး ဂျပန်လူငယ်များသည်
ပန်ဘုရင်မင်းမြတ်၏ အမိန့်ကိုလိုက်နာ၍ ဘုရင့်အတွက်သာ အသက်
င်ရမည်ဟုဆိုထား၏။

ဂျပန်၌ ကင်ပေတိုင်များအပြင် စစ်တပ်လျှို့ဝှက်ထောက်လှမ်းရေး
ည်းရှိသေး၏။ သူလျှိုရောဂါ ထနေသောကြောင့်ဖြစ်သည်။ ဆာဂေး
ဲ့သို့ အထူးဂရုစိုက်မှုနှင့် သတိရှိမှုများသည် သူလျှိုတစ်ဦးအတွက်
ထူးလိုအပ်လှလေသည်။

တိုကျိုစီမံကိန်းသည် ပထမဆုံးအတွေ့အကြုံဖြစ်၍
ာဂေးတစ်ယောက် အထူးသတိထားလုပ်ဆောင်ခဲ့၏။ သတင်းစာ
ည်းဝေးတစ်ခုတွင် အာရီတိုမီမစ်ဆူကာဒို ဆိုသူသတင်းထောက်မှ
ာဂေးအား မိတ်ဆွေဖြစ်အောင် ချဉ်းကပ်လာလေသည်။ ဟော်တယ်
နေရာမှ ထိုသူသည်ရဲသူလျှိုဖြစ်ကြောင်း သတိပေးလာသဖြင့်
ာဂေးလည်း သူ့ကို နောက်ယောင်ခံကြည့်နေရလေသည်။ တစ်နေ့၌

www.burmeseclassic.com

www.burmeseclassic.com



အာရီတိုမီက ဆာဂေးအား သူ့မိတ်ဆွေတစ်ဦးနှင့် မိတ်ဆက်ပေး၏ ထိုသူက ဆာဂေးအား ရုရှားလိုပြော၍ မိတ်ဆက်လာခဲ့ရာ ဆာဂေးလည်း နားမလည်ဟန်ဆောင်နေရလေသည်။ ထို့နောက်မှာတော့ ဆာဂေးလည်း အာရီတိုမီအား ရှောင်ခဲ့လေတော့သည်။

တစ်နေ့ ဆာဂေး အပြင်မှပြန်ရောက်လာသောအခါ သူ့ သေတ္တာအား တစ်စုံတစ်ဦးမှဖွင့်ထားကြောင်း တွေ့မိရ၏။ ဆာဂေးအဖွဲ့ ပို၍ပင် သတိထားလာခဲ့ရလေသည်။

လုပ်ငန်းချင်းတူလျှင် အပေါင်းအသင်းဖြစ်တတ်သည် သဘာဝအားအသုံးချကာ ဆာဂေး၊ အိုဇာကီနှင့် ဖောက်ကဲလစ်ချ် တို့သုံးဦးသည် အလွန်ရင်းနှီးကြသည့်ပုံဖြင့် ပျော်ပွဲစားရုံများ၌ မကြာခဏ တွေ့ရလေသည်။ သတင်းစာဆရာအချင်းချင်း နိုင်ငံရေးအမြင် ဖလှယ်ကြခြင်း အလေ့ရှိသဖြင့်လည်း သူတို့အား အများကသံသယ မရှိတော့ပေ။

တစ်နေ့၌ ဖောက်ကဲလစ်ချ်သည် ပန်းချီပြခန်းတစ်ခုသို့ ဆာဂေးအား ခေါ်ဆောင်သွား၏။ ထိုပြခန်း၌ ဆာဂေးအား မီယာချီနှင့် မိတ်ဆက်ပေးခဲ့လေသည်။ ထို့နောက် သုံးယောက်သား အရှေ့အနောက် နိုင်ငံများ၏ အယူအဆအား ဆွေးနွေးခဲ့ကြလေသည်။ လူချင်းခွဲချိန်၌ မီယာချီကို ဆာဂေးက ပန်းချီပညာသည်များသွားနေကျ ဘားသို့ ဖိတ်ခေါ်ခဲ့လေသည်။ ဤနည်းဖြင့်ပင် မီယာချီတစ်ယောက် စပိုင်အဖွဲ့နှင့် အဆက်အသွယ် ရသွားခဲ့လေတော့သည်။

ဆာဂေးတစ်ယောက် အရောင်းကိစ္စအတွက် အမြဲအဆက် အသွယ်ရှာနေသော မက်စ်ကလောဆင်အား မကြာခဏ ကြုံနေသဖြင့် အလုပ်ကူညီပေးရာမှ ခင်မင်သည့်ပုံစံဖြင့် ညနေသောက်ပွဲသို့ ခေါ်ခေါ် သွားခဲ့၏။ ဤသို့ဖြင့် လူ (၅) ဦးတို့သည် အလုပ်ကြိုးစားရင်း မိတ်ဆွေ ဖြစ်လာသည့်ပုံစံဖြင့် ပေါင်းစပ်မိသွားလေတော့သည်။

ယခုအချိန်၌ ဆာဂေးအတွက် လိုအပ်ချက်မှာ ဌာနချုပ်ဖွင့် ရန်ပင်။ စာရေးဆရာဝင်ငွေနှင့် ကိုက်မည့်အိမ်ကို ရှာဖွေရ၏။ ကံကောင်း ထောက်မစွာဖြင့် အဇာဘူကူ ရပ်ကွက်ရှိ နဂါစကီမာလမ်းဝဲ့င်းမှ ၂ထပ် သားအိမ်အိုတစ်ခု ရခဲ့လေသည်။ ရပ်ကွက်မှာ လူလတ်တန်းစားများ နေသော ရပ်ကွက်ဖြစ်ပြီး ဆာဂေးငှားလိုက်သောအိမ်သည် လမ်းတွင်းရှိ အခြားအိမ်များနှင့် နှိုင်းယှဉ်လိုက်ပါက ဖြူအောင်တိုက်ထားသည့် ပြဲဖြူများကြားမှ မဲနေသည့်သွားတစ်ချောင်းလို ဖြစ်နေလေသည်။

အိမ်အတွင်းရှိ ပစ္စည်းများကလည်း ရှုပ်ပွနေသလို ခြံတွင်း သည်း မြက်ပင်များက ဖုံးလွှမ်းနေသေးသည်။ အိမ်ကြမ်းပြင်ပေါ်မှာ လည်း စာအုပ်များ၊ မဂ္ဂဇင်းများနှင့် သတင်းစာများက ပြန့်ကျဲနေသလို ညစ်ပတ်နေသော ဖန်ခွက်နှင့်ပုလင်းခွံများကလည်း နေရာအနှံ့ပင်။ ပေမယ့်လည်း ဤအိမ်တွင်းသို့ ရောက်ရှိသွားပါက ထိုအခန်းကိုပင် သွားကာ ဆာဂေးပြောဆိုသည့်စကားပေါ်၌ အာရုံရောက်သွားကြ ပင်။

မော်စကိုမှ ဘဲဒင်၏ အချိန်ကျပြီဟူသော သတိပေးချက်ကြောင့် ဆာဂေးမှာ တပည့်များအားစုစည်း၍ ညွှန်ကြားချက်ပေးရန် စိတ်စော လေသည်။ ထိုကိစ္စအတွက် သဘာဝကျရန်လည်း လိုအပ်သေး၏။ ဆုံး ဆာဂေးတစ်ယောက် သူ့အိမ်၌ ပါတီပွဲပေးရန် ဆုံးဖြတ်ချက် ခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆာဂေး၏ပါတီသည် အစပိုင်းတွင် သိမ်မွေ့လှသော်လည်း နောက်ပိုင်းတွင် အမူးလွန်ပြီးဆူပူလေ့ရှိ၏။ ထို့ကြောင့်လည်း သူပါတီပေးလျှင် တစ်ရပ်ကွက်လုံးနှင့် သံရုံးများကပင် လန့်လန့်နေတတ်လေသည်။ ဆာဂေးတစ်ယောက် တပည့်များအား ညွှန်ကြားချက်ပေးတော့မည်ဆိုလျှင် ပါတီပြုလုပ်ပေးနေကျပင်။ ဤပါတီသို့ သတင်းစာဆရာ၊ မန်းချီဆရာ၊ သံရုံးအရာရှိများ၊ ဂျပန်အရာရှိအနည်းငယ်နှင့် ကုန်သည်အချို့ကို ဖိတ်ကြား၍ ကော့တေးမျိုးစုံဖြင့် ဧည့်ခံခဲ့လေသည်။ ထိုနေ့များ၌ အိမ်ကို စနစ်တကျခြင်းကျင်းထားကာ အရက်တိုက်ရန် စားပွဲထိုးများလည်း ငှားထားခဲ့လေသည်။

ည (၁၁) နာရီခန့်၌ မရင်းနှီးသူများ ပြန်ထွက်သွားတတ်လေသည်။ ခဏကြာသော် အငှားကားတစ်စီးနှင့် မိန်းမပျက်တစ်သိုက် ရောက်ရှိလာကာ ည၏ တိတ်ဆိတ်မှုကိုဖြိုခွင်း၍ ဆူညံပွဲကျနေတတ်လေသည်။ သန်းခေါင်ကျော်လျှင် မိန်းကလေးများနှင့် ဧည့်သည်များ အတွဲလိုက် ပြန်သွားကြ၏။ ဆာဂေးအိမ်၌ ဧည့်သည် (၄) ယောက်သာ ကျန်ခဲ့ကြစမြဲပင်။ စောစောက မူးချင်ဟန်ဆောင်နေသူများသည် ဆာဂေး ညွှန်ကြားချက်အား နာခံရန်အသင့် ဖြစ်နေကြလေသည်။

ဆာဂေး၏ ပထမဦးဆုံးသော ညွှန်ကြားချက်၌ တာဝန်ပစ်မှတ် (၇) ခုပါဝင်ခဲ့လေသည်။ ယင်းတို့ကား–

(၁) ဂျပန်သည် ဆိုဗီယက်အားတိုက်ရန် ကြံရွယ်ပါသလား။

(၂) ဆိုဗီယက်အား ဆန့်ကျင်ရန်ရည်ရွယ်၍ ဖွဲ့စည်းထားသော ဂျပန်လက်နက်ကိုင်တပ်များအား ပြန်လည်ဖွဲ့စည်းခြင်းနှင့် အင်အားဖြည့်ခြင်း သတင်းပို့ချက်များ။



(၃) ဂျပန်တပ်မတော်၏ နိုင်ငံရေးကိစ္စများတွင် ပါဝင်မှုကဏ္ဍ၊ အပြည်ပြည်ဆိုင်ရာ ဆုံးဖြတ်ချက်အား ၎င်းတို့ဘာသာ ပြန်လည်ပြင်ဆင်မှုနှင့် အကျိုးသက်ရောက်မှု။

(၄) ဂျပန်အကြီးစား စက်မှုလုပ်ငန်းများ၏ တိုးတက်မှုနှင့် စစ်ရေး–စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု။

(၅) ဟစ်တလာတက်လာချိန်မှစ၍ ဂျပန်–ဂျာမန်ဆက်ဆံရေး တိုးတက်လာပုံ။

(၆) တရုတ်နှင့်မန်ချူးရီးယား အပေါ်ထားသည့် ဂျပန်၏မူဝါဒ။

(၇) ဗြိတိန်၊ အမေရိကန်နှင့် ဂျပန်တို့၏ ဆက်ဆံရေးအခြေအနေတို့ ဖြစ်၏။

မော်စကိုအနေဖြင့် ဂျပန်သည် ဆိုက်ဘေးရီးယားသို့ ဝင်ချီသွားပါက အမေရိကန်နှင့် ဗြိတိန်တို့က ထောက်ခံမည်ဟု တထစ်ချ ယုံကြည်နေလေသည်။ ဆာဂေးသည် သူ့အဖွဲ့အား ဤရည်မှန်းချက်များ ရရှိစေရန် လွတ်လပ်စွာပင် လုပ်ကိုင်ခွင့်ပေးထားလေသည်။

ဆာဂေးက သူ့လူများအား တစ်ဦးချင်းအသွင်ယူလုပ်ရာ လုပ်ငန်းတွင်လည်း ဖိဖိစီးစီးလုပ်ရင်း တစ်ဘက်မှလည်း လျှို့ဝှက်လုပ်ငန်းအား တိုးတက်အောင် တပြိုင်တည်းလုပ်ဆောင်ရန်၊ ဂျပန်ကွန်မြူနစ်များ စည်းရုံးသူများနှင့် လုံးဝအဆက်အသွယ်မလုပ်ရန်၊ ဆိုဗီယက်လူမျိုးတို့၏ အဖွဲ့အစည်းအတွင်းမဝင်ရန် ဟူသော သီးခြားသူ့မူပိုင် ညွှန်ကြားချက်များကိုလည်း ထပ်ညွှန်ကြားထားခဲ့လေသည်။

သူလျှိုတစ်ဦးအတွက် အရေးကြီးဆုံးအချက်မှာ သတင်းပေါက်ကြားမည်စိုးရိမ်မှုမဟုတ်ပေ... (line continues:) သတင်းပေါ်ပေါက်ပြီးမှ ... 

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်သော သူလျှိုဖြစ်ပေမည်။ နောင်မလိုတော့သည့် စာရွက်စာတမ်းများအား ဖျက်ဆီးပစ်ခြင်းသည် လက်တွေ့ကျင့်ရမည့် စည်းကမ်းလည်း ဖြစ်၏။ ဝါယာလက်သတင်းလွှင့်ရန် တစ်ဦးစီအား အမည်ဝှက်တစ်ခုစီ ပေးထားလေသည်။ အသံလွှင့်စက်အား တစ်ကြိမ်အသံလွှင့်ပြီးပါက နေရာပြောင်းရမည်ဖြစ်သည်။ ဝှက်စာများအား ဖျောက်ဖျက်ထားရန်သည် အထူးအရေးကြီးဆုံးပင်။ ဤအချက်များသည် ဆာဂေး၏ ညွှန်ကြားချက်များပင် ဖြစ်လေသည်။

စည်းကမ်းရှိရှိလုပ်ဆောင်ရင်း ဖြစ်ပေါ်သော မှားယွင်းမှု၊ ကျဆုံးမှုအပေါ်၌ ဆာဂေးမှ တာဝန်ခံပေး၏။ လုပ်ငန်းအောင်မြင်မှုအား ထိခိုက်စေသော မှားယွင်းမှုဖြစ်ပါက ချက်ချင်းအပြစ်ပေးလေသည်။ အကယ်၍ ရာဇဝတ်မှုကြီးမားပါက မော်စကိုသို့ ပြန်ပို့ရန်စီစဉ်ထား၏။ ဥရောပတွင် ဖမ်းဆီးရမိသော သူလျှိုများ၏ကံကြမ္မာကို အားလုံးသိနေကြသော်လည်း ဂျပန်တွင်တော့ ပထမဦးဆုံးအကြိမ်ဖြစ်နေ၍ မည်သို့ ဆုံးဖြတ်ချက်ချမည်ကို မည်သူမှမသိရှိ၊ မခန့်မှန်းနိုင်ကြပေ။

ဤသို့ အစစအရာရာအတွက် သတိပေးပြီးသည့်နောက်၌ တစ်ဦးချင်းစီအတွက် လုပ်ငန်းတာဝန်များအား ခွဲဝေပေးခဲ့လေသည်။

ဆာဂေး (ခေါ်) ရမ်ဆေးသည် ဂျာမန်သံရုံးနှင့် သံတမန် ရပ်ကွက်တွင် အာရုံစိုက်ရန်နှင့် ဂျပန်အသိုင်းအဝိုင်းတွင် အခွင့်ရေးရသမျှ လှုပ်ရှားရန်။

အိုဇာကီ (ခေါ်) ဆော်တိုသည် ဂျပန်ဝန်ကြီးအဖွဲ့ထံမှ နိုင်ငံရေး နှင့် စစ်မှုသတင်းများ ရရှိစေရေးတာဝန်ယူရန်။

ဗောက်ကဲလစ်ချ် (ခေါ်) ဂျိုတိုလိုသည် ဗြိတိန်၊ အမေရိကန်နှင့်



ငြင်သစ်သံရုံးများ၌ ကူညီဆောင်ရွက်ပေးရင်း အနောက်ဒီမိုကရေစီ နိုင်ငံများ၏ အရှေ့ဖျားဒေသအပေါ် ကြံရွယ်ချက်အား သိနိုင်ရေး တာဝန်ယူရန်။

မိယာဂီ (ခေါ်) ဂျိုး၏တာဝန်မှာ ဂျပန်ကြည်းတပ်နှင့် ရေတပ်၏ လျှို့ဝှက်စီမံကိန်းများ၊ လက်နက်ခဲယမ်း ထုတ်လုပ်မှုတို့အား ထောက်လှမ်း ရန်နှင့် စက်မှုလုပ်ငန်းအသိုက်အဝန်းတွင်း၌ လှုပ်ရှားထောက်လှမ်းရန်။

ကလောဆင် (ခေါ်) ဖရစ်၏တာဝန်မှာ ဂျပန်၏ စီးပွားရေးနှင့် ကမ္ဘာ့ကုန်သွယ်မှုသတင်းများရရှိအောင် ဆောင်ရွက်ရင်း မူရင်းအလုပ် ဖြစ်သည့် ရေဒီယိုအော်ပရေတာတာဝန်အား ဆောင်ရွက်ရန်။

ဆာဂေးသည် ဗောက်ကဲလစ်ချ်အား အဖွဲ့၏ ဓါတ်ပုံသမား အဖြစ် တရားဝင်ခန့်အပ်၏။ ကဲလစ်ချ်သည် အပျော်တမ်းဓါတ်ပုံရိုက် ဝါသနာပါသူဟု အသွင်ယူကာ ကင်မရာကိုသွားလေရာယူနိုင်း၍ ကိုယ်ပိုင်ဓါတ်ပုံကူးခန်းလည်း လုပ်ထားနိုင်းလေသည်။ ဆာဂေးကိုယ် တိုင်လည်း မော်စကိုမှ သူ့အတွက်အထူးပြုလုပ်ထားသည့် လျှပ်တပျက် ပါသည့် ကင်မရာကို ဆောင်ယူသွားတတ်လေသည်။ ဤကင်မရာအား ပြစ်တူးအတွင်းရှိ စီးကရက်၌ တပ်ဆင်ထားခြင်းဖြစ်၏။ ထို စီးကရက်အား း ရှို့ပါက အပြာရောင်တောက်ပသော မီးရောင်ထွက်ကာ ဓါတ်ပုံရိုက်ခြင်းကိစ္စ ပြီးစီးလေသည်။ ထို့နောက် မီးငြိမ်းပြီး မှန်းစီးကရက်ကဲ့သို့ သောက်နိုင်လေသည်။

မိယာဂီသည် တရားဝင်ဘာသာပြန်ပေးသူ တာဝန်ကိုပါ ထမ်းဆောင်ရလေသည်။ ရရှိသည့် စာရွက်စာတမ်းများအား အင်္ဂလိပ် [illegible] ပြန်ပေးရ၏။ ကလောဆင်ကိုမူ အဖွဲ့၏ ငွေရေးကြေးရေး

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကိုတာဝန်ယူစေကာ ငွေကိုင်အရာရှိအဖြစ် ခန့်ထားခဲ့လေသည်။ သူလျှို (၄) ဦးသည် ဆာဂေး၏ ညွှန်ကြားချက်များအတွက် အပြည့်အဝ တာဝန်ခံရကာ သူတို့အား မော်စကိုမှမလှမ်းမိုးစေရန် ဆာဂေးက ပြန်ကာကွယ်ထားလေသည်။

သူလျှိုများအား သဘောတရားတစ်မျိုးတည်းနှင့် ကြပ်တည်းစွာ ချုပ်ချယ်ထားခြင်းအား ဆာဂေးမကြိုက်။ ထို့ကြောင့်လည်း ကွန်မြူနစ်နည်းအတိုင်း နေထိုင်စားသောက်ခြင်းမှသွေဖယ်၍ လုပ်ကိုင်စေခဲ့၏။

ကလောဆင်သည် မိုင် (၃၀၀၀) အကွာအဝေးသို့ အသံဖမ်းနိုင်၊ လွှင့်နိုင်သော ရေဒီယိုစက်ကို တီထွင်တပ်ဆင်ခဲ့လေသည်။ ထိုစက်သည် လက်ဆွဲအိတ်တွင်း၌ပင်ထည့်၍ သယ်ဆောင်နိုင်သည်အထိ သေးငယ်လေသည်။ အဆိုပါရေဒီယိုကို သူလျှိုတစ်ဦးစီ၏ အိမ်များ၌ အလှည့်ကျအသံလွှင့်၊ အသံဖမ်းခဲ့၏။ သို့မှသာလျှင် အသံလွှင့်စက်ရှာကရိယာမှ စက်ကိုရှာမတွေ့နိုင်တော့ပေ။ ထိုအချိန်က ထိုအသံလွှင့်စက်ရှာကရိယာသည် နှစ်မိုင်ပတ်လည်သာ ရှာဖွေညွှန်ပြနိုင်လေသည်။ တစ်အိမ်မှ တစ်အိမ်လှည့်လည်၍ အသံလွှင့်ခြင်းဖြင့် ဤအန္တရာယ်မှ ရှောင်ရှားနိုင်ခဲ့လေသည်။

ရှရှရှိ အသံလွှင့်စက်များကိုလည်း မော်စကို ကို (မွန်ချင်) ဗလာဒီဗော့စတော့အား (ဝေ့စ်ဘာဒင်) ဟုအမည်ဝှက်ပေးထားခဲ့၏။ ဝှက်စာကို ဆာဂေးနှင့် ကလောဆင်တို့မှပြုလုပ်ပေးကာ တစ်ဖွဲ့လုံး မှတ်သားအသုံးပြုရ၏။ ဤဝှက်စာအား ဂဏန်းသင်္ချာနည်းဖြင့် တီထွင်ခဲ့ကာ စုံရက်နှင့် မရက်ဟူ၍ သီးသန့်ပြုလုပ်ထားခဲ့လေသည်။ တစ်လတစ်ကြိမ် လည်းပြောင်းလဲအသုံးပြုစေခဲ့၏။ အသံလွှင့်ချိန်ကို မှုပုံသေမထားပဲ



ရာသီဥတု ကောင်းမွန်ချိန်ကိုသာ အသုံးပြုခဲ့လေသည်။

ရေဒီယိုကို အလွန်အရေးကြီးသောသတင်းများနှင့် အရေးပေါ်ဆက်သွယ်ရန် လိုအပ်မှသာအသုံးပြုရန် ဆာဂေးမှ ညွှန်ကြားချုပ်ကိုင်ထားလေသည်။ အခြားပစ္စည်းများ၊ စာများကိုမူ လူနှင့်သာဆက်သွယ်ပို့ဆောင်ခဲ့လေသည်။ မော်စကိုမှ စေလွှတ်လိုက်သည့် ဆက်သားအားရှန်ဟဲနှင့် ဟောင်ကောင်မြို့များသို့သာ လာစေ၍တခါတရံမှသာ တိုကျိုတွေ့ဆုံခဲ့၏။ ယင်းအတွက် တစ်ဦးစီမှ အလှည့်ကျဆက်သားပြုလုပ်ရလေသည်။ သူတို့၏တာဝန်မှာ စာရွက်စာတမ်းများအားရိုက်ထားသည့် မိုက်ခရိုဖလင်များအားသယ်ဆောင်ကာ တစ်ဘက်မှပြန်ပေးသည့် ပါဆယ်များအားပြန်ယူခဲ့ရန်ဖြစ်သည်။

သူလျှိုများ၌လည်း အများနည်းတူ ငွေကြေးကိစ္စများရှိပေသည်။ ကြေးတင်သောသူလျှိုအား တစ်ဘက်မှ ဖျားယောင်းသွေးဆောင်သွားနိုင်သဖြင့် သာမန်အားဖြင့် ငွေကြေးလုံလောက်အောင်ပေးထားရလေသည်။ မော်စကိုမှအထောက်အပံ့လွှတ်အောင်နေထိုင်တတ်ရန် ဆာဂေးမှညွှန်ကြားထား၏။ တစ်ဦးစီအသွင်ယူထားသော လုပ်ငန်းမှရသည့်ငွေဖြင့် နေထိုင်စားသောက်ရမည်ဖြစ်သည်။ သို့သော်လည်း ကုန်ကြစရိတ်အတွက် ငွေကိုဆက်သားဖြင့်ပို့ပေး၏။ ညေ့ခံစရိတ်၊ ခရီးစရိတ်၊ သတင်းပေးထောက်ပံ့ရငွေနှင့်လိုအပ်သောပစ္စည်းများဝယ်ယူရန်အတွက် ကုန်ကြမည့် ငွေကိုသာပြန်ရမည်ဖြစ်သည်။ စတုတ္ထနှစ်မျှရှိမှ ငွေကြေးလစာတော့ မထောက်ပံ့ခဲ့ပေ။

ဆာဂေး၏ ခန့်မှန်းတွက်ချက်မှုအရ အဖွဲ့အတွက် တစ်ဒေါ်လာ ပေါင် ၆၀၀ ခန့်အသုံးပြုသွားရန်ပင်။ ဝင်ငွေလည်ပတ်နိုင်စေရန်အတွက် လုပ်ငန်း၏ ဒါရိုက်တာအဖြစ်ဖြင့် ညွှန်ကြားလုပ်ကိုင်ခဲ့၏။ ကလောဆင်မှ

www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးအတွက် ကိုင်တွယ်အသုံးပြုမှုအား စာရင်းပြုလုပ်ရကာ သူက စစ်ဆေးခဲ့လေသည်။ နှစ်စဉ်စာရင်းပိတ်ရာ၌ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးကာ မိုက်ခရိုဖလင်ဖြင့် ဓါတ်ပုံရိုက်၍ ဘဲဒင်ထံပို့ခဲ့၏ ဘဲဒင်မှ ထိုစာရင်းအား တပ်မတော်ငွေစာရင်းတွင် ထည့်သွင်းလိုက် လေသည်။ ဤပုံစံကြောင့်ပင် ဆာဂေး၏အဖွဲ့သည် မော်စကိုနှင့် ကရင်မလင် နှစ်ဖွဲ့လုံးအတွက် လုပ်ကိုင်ပေးနေရကြောင်း ပေါ်လွင် လှလေသည်။

သတ္တိရှိ၍ ထူးချွန်လှသူငါးဦးသည် လစာမရရှိပါပဲနှင့် အသေးစား အသုံးစရိတ်ကလေးဖြင့်ပင် သမိုင်းကြောင်းကို ပြောင်းလဲပစ်ရန် ရုရှ၏နိုင်ငံရေးအမြင်ကို မှန်ကန်အောင်ဆောင်ရွက်ရန် လှုပ်ရှားခဲ့ ကြလေသည်။ သူတို့သည် အကောင်းဆုံးသော လူနေမှုဘဝမှလွဲ၍ ဘာအခွင့်ရေးမှ မမျှော်လင့်ခဲ့ကြပေ။ ဆိုဗီယက်တို့၏ ကွန်မြူနစ်ဝါဒ အညွှန့်ခူးခြင်းမျိုးအား ဒုတိယကမ္ဘာစစ်အပြီးမှသာ အနောက်နိုင်ငံများ ပညာရှင်များတွင်တွေ့ရလေသည်။ ငွေကြေးကြောင့် သစ္စာဖောက်သော ကွန်မြူနစ်သူလျှိုဟူ၍ မရှိခဲ့ပေ။ ဤသည်တို့ကား ဆိုဗီယက်၏ အရှေ့ဖျားထောက်လှမ်းရေးအသွင်ပင်ဖြစ်လေသည်။

သူလျှိုအဖွဲ့ဝင်များသည် အစည်းအဝေးပြီးဆုံးပြီမို့ ကော် သောက်ကြကာ သူတို့၏စွန့်စားခန်းအားစတင်ရန် ထလိုက်သော အချိန်တွင် တိုကျို၏ အာရုံဦးရောင်နီပင် ပေါ်ထွက်စပြုနေလေပြီ။ သူလျှိုများ အရက်မူးသည့်ပုံစံဖြင့် ဒယိမ်းဒယိုင် ထွက်သွားကြသည်ကို ဆာဂေး ဝရန်တာကိုမှီ၍ကြည့်နေရင်းမှ လက်ပြရင်းနှုတ်ဆက် နေလိုက်၏ မြင်ရသူများအတွက်ကတော့ စိတ်ပျက်ဖွယ်ကောင်းလှသည့် ပါတီတစ်ခု



အဆုံးသတ်ပင်။ မည်သူ တစ်ဦးတစ်ယောက်ကမှ စိတ်ဝင်စားဖွယ် စွန့်စားခန်းတစ်ခုစပြီဆိုသည်ကို သိနိုင်ကြမည်မဟုတ်ပေ။

ဆာဂေးတို့အဖွဲ့၏ မြေအောက်တိုက်စစ်၌ များစွာသော ဘုမသိဘမသိ ယောကျ်ား မိန်းမများသည် အရေးပေါ်ပစ်မှတ်များ ဖြစ်လာခဲ့လေသည်။

ဆာဂေးတစ်ယောက် မကြာမီကပင် သံအမတ်အဖြစ် တိုးမြှင့် ခံရသည့် ဂျာမန်စစ်သံမှူးအား ပစ်မှတ်အဖြစ်ချိန်ရွယ်လိုက်၏။ ဖောက်ကဲလစ်ချ်ကိုမူ သံအရာရှိများ၊ နိုင်ငံခြားသတင်းစာဆရာများ၊ အယ်ဒီတာများနှင့် နေ့လည်စာ စားစားနေသည်ကို တွေ့ရမည်ဖြစ်သည်။ မိယာဂိုကတော့ ဂျပန်စစ်ဦးစီးအရာရှိကြီး၏ ဖနီးအတွက် အရွယ်ကိုက် ပုံတူဆွဲနေလေသည်။ အိုဇာကီကမူ ဂျပန်ဝန်ကြီးချုပ် မင်းသားကြီး တိုနိုရိုထက် မနိမ့်သောသူများအား သူ၏ မိဘအသိုက်အဝန်းအရှိန်ဖြင့် ဝင်ရောက်ရန် ကြိုးစားနေလေသည်။ ကလော့ဆင်ကလည်း အဇာဘူကူ ရပ်ကွက်ရှိ အိမ်တစ်အိမ်၌ အသံလွှင့်စက်အား တပ်ဆင်ထားလိုက် လေသည်။ ဤနည်းဖြင့် တိုကျိုစီမံကိန်း၏ သူလျှိုကွန်ယက်ကြီး စတင် ဖြန့်ကျက်လိုက်လေတော့သည်။

•••••✻•••••✻•••••✻•••••

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်နိုင်ငံသူ ကွန်မြူနစ်စာရေးဆရာမကြီး အန်းစထရောင်
(သူမသည် တရုတ်ပြည်ဆိုင်ရာ ရုရှားသူလျှိုအဖွဲ့ ထူထောင်ရာတွင်
ဆောင်ရွက်ရာ၌ အားအသာဆုံးသော ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။)

www.burmeseclassic.com

www.burmeseclassic.com

ဘာဂေးတို့အနေဖြင့် ဤသို့ဂျပန်စစ်ဘက်အကြီးအကဲများနှင့် လေးစားကြည်ညိုမှုရအောင် မည်မျှဖန်တီးစေကာမူ သူတို့၏ သူလျှိုလုပ်ငန်းမှာ မကြာမီပင် အက်ကြောင်းပေါ်လာတော့မည်ကို မရိပ်စားမိခဲ့ကြ။

ဂျပန်တန်ပြန်ထောက်လှမ်းရေးအဖွဲ့အား ကွပ်ကဲသူ ဗိုလ်မှူးကြီးအိုစကီသည် နိုင်ငံခြားရှိ ဂျပန်သူလျှိုများအား အိမ်ရှင်အစိုးရများအနေဖြင့် ဂျပန်တို့၏ အကြံအစည်များအား မည်မျှသိနေသည်ကို စုံစမ်းဖော်ထုတ်ရန် အမိန့်ထုတ်ပြန်လိုက်လေဘောသည်။

## အခန်း(၄)

### ငံတော် လျှို့ဝှက်ချက်

၁၉၃၄ ခုနှစ် အောက်တိုဘာလ။

ရှန်ဟဲမြို့ရှိ ပဲလေ့စ်ဟော်တယ်ခန်းမဆောင်အတွင်း၀ယ် သပ်ရပ်စွာ ဝတ်ဆင်ထားသည့် ရစ်ချတ်ဆာဂေးသည် ညှေသည်တစ်ဦးအား စောင့်ဆိုင်းလျက်ရှိနေလေသည်။ သူ၏ မျက်လုံးတို့က နံဘေးနားမှ ဆံပင်တိုတိုနှင့် မိန်းကလေးထံ၌သာ။ အစပိုင်း၌ ထိုမိန်းမပျိုလေးက သူ့အား ဂရုမစိုက်ဟန်ရှိသော်လည်း စိုက်ကြည့်ခံနေရ၍လည်း ရှက်ရွံ့ဟန်မျိုး ပြလာလေတော့သည်။ ဆာဂေးစိတ်ထဲ၌ အခြေအနေ ကောင်းပြီဟု သုံးသပ်လိုက်၏။ ထိုအခိုက်မှာပင်–

"ဟော့ ဂတ်စတပ်၊ မင်းကိုငါ ဒီမှာတွေ့မယ်လို့ကို လုံးဝ မျှော်လင့်ထားဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် နှုတ်ဆက်လာသူက သူ့ရှေ့၌ပြုံးဖြီးလာရပ်လိုက်၏။

"ဒီဟိုတယ်က တော်တော်လေးကိုညံ့တာ၊ မင်းတော့မသိဘူး ငါကတော့ ဘယ်လိုမှ သဘောမတွေ့ဘူးဟေ့"

တဆက်တည်းပြောချလာသူကို ဆာဂေးစိုက်ကြည့်လိုက်ရင်း

"ခင်ဗျား ကတ်ချာရဲ့ အမျိုးသားမဟုတ်လား"

"ဟုတ်ပါတယ်ဗျာ-ဘယ်လိုလဲ ခင်ဗျားမှတ်မိသွားပြီပေါ့ ဟုတ်လား"

ဆာဂေး ဘာမှပြန်မဖြေဖြစ်ဘဲ အားတုံ့အားနာနှင့် ပြုံးပြလိုက်မိလေသည်။

"ကဲ လာဗျာ၊ တွေ့တုန်းဆုံတုန်း ကျွန်တော့်အခန်းမှာ နေ့လည်စာ လိုက်စားပါလား၊ ရှေးဟောင်းနှောင်းဖြစ်လေးတွေလည်း ပြန်ပြောရင်း ဆိုပါတော့"

ဆာဂေး၏စိတ်က ယခုလက်ရှိအချိန်၌ မိန်းမပျိုလေးထံတွင်သာ ရောက်နေလေသည်။ မိန်းမပျိုလေးရဲ့စိတ်ကို လှုံ့ဆော်နေခိုက်မို့ အောင့်သက်သက် ခံစားလိုက်ရ၏။ သို့ပေမယ့်လည်း အလုပ်ကိစ္စ ဖြစ်နေ၍သာ မလွှဲမရှောင်သာ၍ ထလိုက်လာခဲ့ရလေသည်။

မော်စကိုမှ လွှတ်လိုက်သည့် ပထမဦးဆုံးဆက်သားနှင့် ဆာဂေး တွေ့ဆုံခြင်းပင်။ ဆာဂေးသည် ရုပ်အကျီကို ဘောင်းဘီတွင်းမှ ထုတ်လိုက်၏။ သူ့ခါးရှိ အဝတ် ခါးပတ်ပါးတွင်းမှ ရေလုံပစ္စည်းဖြင့် ပတ်ထားသည့် သေးငယ်သည့် မိုက်ခရိုဖလင်များကို ထုတ်ယူလိုက်ကာ ဆက်သားအား ပေးလိုက်လေသည်။ ဤဖလင်မှတ်တမ်းများမှာ သူတို့



…လ(၆)လအတွင်းရရှိသော မှတ်တမ်းမှတ်ရာသတင်းများပင်။ တချို့သော …ချက်များအား ရေဒီယိုဖြင့် ပို့ထားပြီးလည်းဖြစ်သည်။

ဆက်သားကလည်း သူ့ကို အထုတ်တစ်ထုတ်ပြန်ပေးလေသည်။ …ကိုယ်တိုင် ချိုက်ကိုဖွင့်၍ကြည့်ခဲ့ရာ စာအိတ် ၂ အိတ်ပါဝင်သည် …ကိုတွေ့ရလေသည်။ ပထမစာအိတ်အတွင်း၌ အမေရိကန်ဒေါ်လာ (…၁၀၀) ပါဝင်ကာ အခြားစာအိတ်တွင်း၌ ဝှက်ထားသည့် စာတစ်စောင် …ပါလေသည်။

"ဘာအကြောင်းတွေလဲ"

ဝှက်စာကို မဖော်တော့ဘဲ ဆက်သားကိုသာ မေးလိုက်၏။

"ဗိုလ်ချုပ်ဘဲဒင်ကို အထက်က မေးလွန်းလို့ နားပူနေပြီတဲ့။ …နောက် ဂျပန်တွေ မန်ချူးရီးယားဘက်က ထိုးစစ်စဆင်တော့မယ်လို့ …ရင်မလင်က ယူဆနေတယ်၊ ကျွန်တော်တို့ (ဆိုဗီယက်) အရှေ့အနီးနဲ့ …ဆက်ထားတဲ့ တရုတ်အရှေ့မြောက်က မီးရထားလမ်းရှိတယ်လေ၊ အဲ..အဲဒါ …ပိုင်မှုကိုအကြောင်းပြုပြီး စစ်စတိုက်မယ်လို့ပဲ ထင်နေကြတယ်လေ။ …ကိစ္စအတွက် သူသိက္ခာမကျအောင် တိုကျိုအဖွဲ့က ဆောင်ရွက် …နိုင်လိမ့်မယ်လို့ ယုံကြည်တဲ့အကြောင်း ရေးထားတာပါ"

အားလုံးသိပြီးပြီမို့ ဆာဂေးလည်း ထိုဝှက်စာကို မီးရှို့ဖျက်ဆီး …လိုက်ကာ ပြာများအား ပြတင်းပေါက်မှ လွှင့်ကြဲလိုက်လေသည်။ …ဆက်သားများနှင့် တွေ့ဆုံပါက အလုပ်ကိစ္စဘာမှမဆွေးနွေးရန် ဆာဂေးမှ …ညွှန်ကြားချထားသလို ဆက်သားကိုလည်းဘာမှမမေးရန် မော်စကိုမှ …ညွှန်ကြားထားလေသည်။ ထို့ကြောင့်လည်း သူတို့နှစ်ဦးသည် ဆိုဗီယက် …ပြည်တွင်းသတင်းနှင့် သာမန်ကိစ္စများကိုသာ ပြောဆိုဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိစ္စပြီး၍ ဆာဂေး အောက်ထပ်သို့ ပြန်ဆင်းလာသေ အချိန်တွင်တော့ စာစောကမိန်းမပျိုကို မတွေ့ရတော့။ ထို့ကြေ ဆာဂေးလဲ ညော်ကြိုကောင်တာရှိ စာရေးအား သွား၍မေးမြန်းစုံ ကြည့်ရလေသည်။

"အော်...သူက အမေရိကန်သူလေ၊ ဒီအပတ်အကုန်လော တော့ ဆန်ဖရန်စစ္စကို ပြန်တော့မှာ၊ သင်္ဘောလက်မှတ်တောင် ဝယ်ထ ပြီးပြီ"

ဆာဂေး သူလိုချင်တဲ့ မိန်းမပျိုနှင့်ပတ်သက်သည့်အချ အလက်များအား စာရေးထံမှ တောင်းယူခဲ့လိုက်၏။ ထိုညမှာပဲ မိန်းမ လေးကို ညစာအတူစားရန် ဆာဂေး ဖုန်းဆက်၍ ဖိတ်လိုက်လေသည ထို့နောက်မှာတော့ မိန်းမပျိုလေးတစ်ယောက် ဆန်ဖရန်စစ္စကိုသို့ မသွား တော့ဘဲ မီဂရိုဟော်တယ်၌သာ တွေ့ရလေတော့သည်။ ဆာဂေ တိုကျိုတွင် ပထမဆုံးမိန်းမ ဖြစ်သွားလေတော့သည်။ သို့သော်လည ဆာဂေးက သူမအား သံရုံးနှင့်အခြားသောတရားဝင် ညော်ခံပွဲမျာ တစ်ခါမှခေါ်မသွားခဲ့ချေ။

ဤကိစ္စနှင့်ပတ်သက်၍ ပတ်ဝန်းကျင်မှ ဆာဂေးအားဝိုင ဝေဖန်ကြ၏။ ဆာဂေးကလည်း ဘယ်သူဘာပြောပြော ဂရုမစိုက်သူ ဆာဂေးတစ်ယောက် ဘယ်လိုပင် စည်းမဲ့ကမ်းမဲ့ နေတတ်သော်လည ဝိယအရာမှာတော့ စံတင်လောက်၏။ သံရုံးရှိ အရာရှိတော်တ ဆိုလျှင် ဆာဂေးအား သူအရမ်းသဘောကျကြောင်းနှင့် ဆာဂေးနှင့ ဆိုပါက သူမရဲ့ အပျိုစင်ဘဝကိုပင် စွန့်လွှတ်ရဲသည် ဟူ၍ပင်ပြောကြ ခဲ့ရလေသည်။



ဆာဂေး၏ မိန်းမငယ်သည် (၃) လခန့်ကြာမှပင် ယိုကိုဟားမား သို့သင်္ဘောဖြင့် ပြန်သွားလေတော့သည်။ သူမသည် တစ်နေ့သောအချိန်၌ ဆာဂေး၏ဘဝအတွက် အရေးကြီးဆုံးအချိန်အရောက်တွင် ပြန်ပေါ် လာဦးမည် ဆိုသည်ကိုတော့ဖြင့် မည်သူကမှ သိနိုင်ကြမည်မဟုတ်ပေ။

ဆာဂေး ရှန်ဟဲမှ ပြန်ရောက်သည်နှင့် အိုဇာကီနှင့် မီယာကို တို့အား ဦးစားပေးပစ်မှတ်များကို ပြောပြလိုက်၏။ ပထမဦးစားပေးမှာ အရုတ်အရှေ့ဖျားရှိ ရထားလမ်းတစ်လျှောက် ဂျပန်တပ်များ လှုပ်ရှား နေခြင်းရည်ရွယ်ချက်နှင့် ဂျပန်လက်နက်ကိုင်တပ်များအား မန်ချူးရီးယား သို့ပို့–မပို့ ဖြစ်၏။ ဆာဂေးတစ်ယောက် ဤသတင်းရအောင် လပေါင်း များစွာပင် စိုးရိမ်စိတ်နှင့် စောင့်ခဲ့ရလေသည်။ ဤအတောအတွင်း အမေရိကန်မလေးကို တောင့်တနေမှုကြောင့်လည်း စိတ်မသက်သာခဲ့ရပေ။

၁၉၃၅ ခုနှစ်မှာတော့ အိုဇာကီတစ်ယောက် သူ့အဖွဲ့အတွက် ပထမဆုံးသော အောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့လေသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးမှ ဂျပန်သံတမန်ရေးရာနှင့် စီးပွားရေး ရာ၏ ရည်မှန်းချက်များကို ဝန်ကြီးအဖွဲ့သို့တင်ပြ၏။ လုပ်ငန်းစဉ်၏ အကြမ်းကို ဌာနဆိုင်ရာ အကြီးအကဲများသို့ ဝေ၍ သဘောထားတောင်းခဲ့ လေသည်။ ဝန်ကြီးအဖွဲ့၏ အတွင်းဝန်ချုပ်မှ ၎င်းမူကြမ်းအား လက်ခံ၍ အစည်းအဝေး အစီအစဉ်တွင်ထည့်ခဲ့၏။ ထိုအချိန်တွင် အိုဇာကီမှာ တရုတ်ရေးရာ လေ့လာရေးအဖွဲ့၌ ထင်ပေါ်နေချိန်လည်းဖြစ်၏။ ထိုအစည်းအဝေးတွင် အိုဇာကီအား အတွင်းဝန်ချုပ်မှ ဤကိစ္စအား ပြောပြပြီး မူကြမ်းကိုလည်း အလွယ်တကူထုတ်ပြခဲ့လေသည်။

မင်းသားကိုနိုရီကလည်း အိုဇာကီကို တရုတ်ရေးရာတွင်မြင်

www.burmeseclassic.com

www.burmeseclassic.com



ချက်ပေးနိုင်ရန်အတွက် အချိန်ယူ လေ့လာခိုင်းထားလေသည်။ သူ့အား တရုတ်ရေးရာပါရဂူဟု လက်ခံထား၍ နိုင်ငံတော်၏ ထိပ်တန်း လျှို့ဝှက်ချက်များအား ဝန်ကြီးအဖွဲ့ရုံးမှာပင် အပြင်သို့ယူမသွားစေဘဲ တစ်ရက်လေ့လာခွင့် ပေးခဲ့သေး၏။ ထို့ကြောင့်လည်း အိုဇာကီမှာ အခန်းတွင်း၌ ဘာအနှောင့်အယှက်မှမရှိဘဲ လွတ်လပ်စွာပင် တစ်ရွက်ချင်း ဓါတ်ပုံရိုက်ယူနိုင်ခဲ့လေသည်။

ဤဖလင်များအား ကဲလစ်ချ်က ဆေးကူးပေး၏။ ဤသို့ဖြင့် ဆာဂေးတို့အနေဖြင့် နိုင်ငံတော်၏လျှို့ဝှက်ချက် ကိုပထမဦးဆုံး ရရှိလိုက်ခြင်းဖြစ်လေသည်။

ဆာဂေးက အိုဇာကီကို သူ့အမိန့်မရမချင်း အဖွဲ့သားများနှင့် ခပ်ဝေးဝေးရှောင်နေရန် အမိန့်ပေးလိုက်လေသည်။ ဆာဂေး ကိုယ်တိုင်ပင် အရေးကြီးအချက်များအား ဝှက်စာဖြင့်ရေးသားကာ မော်စကိုသို့ ပေးပို့ခဲ့လေသည်။

ဆာဂေး၏ ဝှက်စာတွင်-

ဂျပန်၏ နိုင်ငံခြားရေးဝါဒသည် လောလောဆယ်တွင် ဆိုဗီယက်နှင့် တစ်စုံတစ်ရာပဋိပက္ခ ဖြစ်ရန်မရှိကြောင်း အတိအကျသတင်းပို့၏။ တရုတ်ပြည်ကိုသာ မပြောနိုင်သေးသောအချိန်တွင် စစ်တိုက်ရန် ရှိကြောင်း ထိုသို့တိုက်ရာတွင် အထောက်အကူရ-စရန် မန်ချူးရီးယား၌ အကြီးစား စက်ရုံများ တည်ဆောက်သွားရန်၊ မီးရထားလမ်းအား ဂျပန်တို့စိတ်ဝင်စား ရသည့် အဓိကကြောင်းမှာ တရုတ်ပြည်အလယ်ပိုင်းနှင့် တောင်ပိုင်းအား ဆက်သွယ်ထားခြင်းဖြစ်၍ စစ်ကူပို့နိုင်ရန်နှင့် ရိက္ခာ ဖြည့်တင်းရေးအတွက် စုံစမ်းလေ့လာနေသည့် သဘောဖြစ်ကြောင်းတို့ ပါဝင်ခဲ့လေသည်။



ဤကိစ္စကြောင့် မော်စကိုရှိ တာဝန်ရှိသူများမှာ ဓါတ်လိုက်ခံရသလိုပင် တွန့်သွားလေတော့သည်။ ခန့်လည်ပိုင်း အရောက်မှာတော့ တလောဆင်ထံ ဤသတင်းနှင့်ပတ်သက်၍ ကြိုးစား၍ အတည်ပြုပေးရန် နှင့် အထူးဆက်သားကိုစောင့်ဆိုင်းရန်၊ ဆက်သားစောင့်နေစဉ် အတွင်းမှာပင် ထိုအလုပ်အား ဦးစားပေး၍ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ထားရန် ညွှန်ကြားချက်အား ဒါရိုက်တာ ဟူသောအမည်ဖြင့် လက်မှတ်ရေးထိုးထား၏။ ထို့ကြောင့်ပင် ထိုသူမှာ ဘဲဒင်ထက်ပင် မြင့်သူဖြစ်ပေမည်။ ထိုသူမှာ စတာလင်မှန်း ဆာဂေးတို့အားလုံး အတတ် သိလိုက်လေသည်။

ဆာဂေးတစ်ယောက် ဤကိစ္စအား အတည်ပြုနိုင်ရေးအတွက် အထောက်အထားများ ရှာဖွေရတော့သည်။ ဂျာမန်သံအမတ်ဗွန်ဒါဆင် အားဂျပန်-ဂျာမန်ဆက်ဆံရေးအတွက် ဆွေးနွေးလိုကြောင်း ခွင့်တောင်း ခဲ့ရာ တွေ့ခွင့်ရခဲ့လေသည်။ စကားပြောရင်း ဆွေးနွေးရင်းမှ ဂျပန်သည် တရုတ်ပြည်အား တိုက်ခိုက်ရန် အကြံရှိပါက တရုတ်ထပ်မတော် အတွင်းမှ ဂျာမန်အကြံပေးအရာရှိများ၏ ကံကြမ္မာမှာ စိုးရိမ်ရကြောင်း ဆာဂေးမှ ... လျှို့သွင်းလိုက်၏။ ဤတွင် သံအမတ်ကြီးကလည်း ဂျပန်စစ်ဦးစီး အဖွဲ့မှ စစ်သံမှူးအား တရုတ်ရှိ ဂျာမန်အကြံပေးအဖွဲ့အား ရုပ်သိမ်းရန် စကားရိပ်သန်းထားကြောင်း ပြန်ပြောပြလေသည်။ ဤသည်တို့ကို ထောက်ဆ၍ ဂျပန်သည် တရုတ်အား စစ်ပွဲဆင်နွှဲရန် သေချာနေပေပြီ။

မီယာဂီကလည်း ဦးစီးရုံးရှိ ဂျပန်ဗိုလ်မှူးကြီးတစ်ဦးထံမှ ထူးခြားသည့် သတင်းတစ်ခုရလိုက်၏။ ဂျပန်တပ်မတော်သားများ တရုတ်ပြည်တောင်ပိုင်းရှိ ... နေအထားနှင့် ပတ်သက်၍ သဲခြေများ

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ပြုလုပ်၍ သင်ခန်းစာပြုလုပ်နေကြောင်း သတင်းပင်။

ဤသတင်းများကြောင့်ပင် ဆာဂေးမှ ဂျပန်သည် တရုတ်ကိုသာ စစ်တိုက်မည်ဖြစ်ကြောင်း အတိအကျအတည်ပြု သတင်းပို့လိုက်လေတော့သည်။

နှစ်ရက်ကြာလျှင် ဂျာမန်သံရုံး၌ မော်စကိုမှလွှတ်လိုက်သော ဆက်သားနှင့်ဆာဂေးအား မိတ်ဆက်ပေးခံရ၏။ ဆက်သားလုပ်သူမှာ ဂျာမန်နိုင်ငံခြားရေးဌာနမှ သံအရာရှိတစ်ဦးပင်။ ဆိုဗီယက်အစိုးရ၊ ဂျာမန်သံအရာရှိအား ဆက်သားအဖြစ် လျှို့ဝှက်စွာစေခိုင်းခဲ့ခြင်း ကြောင့် ဆာဂေးမှာ အတော်ပင်အံ့အားသင့်သွားခဲ့ရလေသည်။

ဆက်သားသည် ဆာဂေးအား သံရုံးအတွင်းရှိ သီးခြားအခန်းသို့ ခေါ်ဆောင်သွား၏။ ထိုအခန်းတွင်း၌ပင် နှစ်ဦးသား စကားဝှက် အမည်ဝှက်များ မှန်ကန်စွာ ဖလှယ်နိုင်ခဲ့ကြလေသည်။ ထို့နောက်မှာတော့ ဆက်သားအား ဆာဂေးက စာအိတ်အထူကြီးတစ်ခုကို ပေးလိုက်လေသည်။ ထိုစာအိတ်အတွင်း၌ ဂျပန်နိုင်ငံခြားရေးဝန်ကြီး၏ အစီအစဉ်မူကြမ်းဓါတ်ပုံများ၊ ဆာဂေးနှင့် မွန်ဒါဆင် တွေ့ဆုံ၍ရရှိသောသတင်းများနှင့် မီယာကျီရခဲ့သောသတင်းများလည်း ပါသွားလေသည်။

နောက်တစ်လအကြာတွင်တော့ ဝေ့ဒ်ဘာဒင်မှ ဘဲဒင်၏ အမည်ဝှက်ဖြင့် ရေးသားပေးပို့လိုက်သည့် ကြေးနန်းဝင်လာလေသည်။ အဆိုပါကြေးနန်း၌ သတင်းမှန်ကန်၍ လက်ခံကြောင်းအား ဖော်ပြထား၏။ ထိုအခါမှပင် ဆာဂေးတို့လည်း မော်စကိုရှိတာဝန်ရှိသူများ၏ စိုးရိမ်စိတ်ကိုပယ်ဖျောက်ပေးနိုင်ခဲ့၍ ကျေနပ်ဝမ်းသာခဲ့ရလေတော့သည်။

တော်လှန်ရေးပြီးကတည်းက တသမတ်တည်းရှိခဲ့သော



ဆိုဗီယက်၏ နိုင်ငံခြားရေးဝါဒသည် ဆာဂေးတို့ထံမှ ရရှိသော သတင်းကြောင့်ပင် အကြီးအကျယ်ပြောင်းလဲသွားခဲ့လေသည်။ စစ်ရေး စီမံကိန်းကိုလည်း ပြောင်းလဲပြုပြင်ခဲ့လေသည်။

ဆိုဗီယက်၏ ထုတ်သမျှသော စစ်လက်နက်ပစ္စည်းများအား ၁၉၃၆ အကုန်တွင် စစ်သည် (၃) သန်းအထိရှိလာသည့် ဆိုက်ဘေးရီးယား တပ်မတော်အတွက်သာ တပ်ဆင်ပေးနေရမှုကို ရပ်တန့်နိုင်ခဲ့ကာ တပ်နီတော်ကိုလည်း အနောက်ဘက်စစ်မျက်နှာသို့ ပြောင်းရွှေ့ခဲ့၍ အင်အားလည်း သပ်မပြည့်တင်းနိုင်ခဲ့လေသည်။

ဆာဂေး စိတ်တွင်း၌ ယခုကဲ့သို့ မြင့်မားသောဌာနကြီးမှ သတင်းနှင့် အထောက်အထားများ ရလိမ့်မည်ဟု မမျှော်လင့်ခဲ့မိပေ။ ဤသို့ရခဲ့သဖြင့်လည်း နိုင်ငံတွင်းရှိ လုပ်ငန်းကျွမ်းကျင်သူဖြစ်ပါက ယုံကြည်စိတ်ချ သံသယကင်းလျှင် သတင်းရရန်လွယ်ကူကြောင်း သင်ခန်းစာရခဲ့လေတော့သည်။

ဆာဂေးသည် အိုဇာကီအား ပို၍ပို၍ အားထားခဲ့လေသည်။ အိုဇာကီကလည်း သူ၏ညွှန်ကြားချက်ကို အတိအကျ လိုက်နာသူဖြစ်၏။ ဂျပန်နိုင်ငံအတွက်လည်း အိုဇာကီရေးသားသည့် တရုတ်ပြည်အကြောင်း စာအုပ်သည် မှုဝါဒချမှတ်နိုင်ရန် သတင်းရရာပင်မတစ်ခု ဖြစ်နေလေသည်။

ဂျပန်တို့က အိုဇာကီအား တရုတ်ပြည်အရေး၌ ကျွမ်းကျင်သူ တစ်ဦးအဖြစ် သတ်မှတ်ခဲ့ကြ၏။ ကိုယ်တိုင်နေခဲ့ဖူးသူ ဖြစ်၍လည်း ကိုယ်တွေ့ဗဟုသုတရှိသူဟု ယုံကြည်လေးစားခဲ့ကြလေသည်။ တရုတ် အရေးနှင့်ပတ်သက်လာပါက သူ့ကို တိုင်ပင်ပြီးမှသာ အစိုးရကအကြံပေး

www.burmeseclassic.com

www.burmeseclassic.com



ရသည်အထိ အောင်မြင်ခဲ့လေသည်။ နိုင်ငံ၏ လျှို့ဝှက်စာချုပ်စာတမ်းများ အားပေးဖတ်သည်အထိပင် ယုံကြည်စိတ်ချ ထားခဲ့လေသည်။

ထို့ကြောင့်ပင် ဆာဂေးတို့အနေဖြင့် အောင်မြင်မှု တသီကြီး ရခဲ့ပြီဖြစ်လေသည်။ ဝန်ကြီးအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက် ရယူသည့် ဖါဒရေးရာ လျှို့ဝှက်စာချုပ်စာတမ်းများသည် တရုတ်ပြည် တစ်ပြည်တည်း သာမဟုတ်ဘဲ အနောက်နိုင်ငံများနှင့် ဂျာမဏီနိုင်ငံတို့နှင့် ဆက်ဆံမှု အပြောင်းအလဲများပင် ပါဝင်ခဲ့လေသည်။

ဤသတင်းများကြောင့် ဆာဂေးနှင့် ကဲလစ်ချ်တို့အား ဆိုင်ရာ သံရုံးများနှင့် ရင်းနှီးယုံကြည်မှုများ ပိုမိုတိုးပွားလာစေခဲ့လေသည်။

ကဲလစ်ချ်သည် ဗြိတိန်၊ အမေရိကန်နှင့် ပြင်သစ်သံရုံးတို့မှ သူ့မိတ်ဆွေများအား ၎င်းတို့အပေါ်တွင် ဂျပန်မှ သဘောထားတင်းမာ လာနိုင်ကြောင်းပြောပြခဲ့၏။ ၁၉၃၆ ခုနှစ် ကုန်ဆုံးချိန်မှာတော့ သံအရာရှိများက ကဲလစ်ချ်အား အဖိုးတန်သောသတင်း ပေးနိုင်သူအဖြစ် နှင့် လုံးဝယုံကြည်စိတ်ချရသူအဖြစ် အသိအမှတ် ပြုလာကြလေသည်။ ဆာဂေးလည်း ဤနည်းအတိုင်းပင် ကျင့်သုံးခဲ့၏။ မကြာခဏပြောတိုင်း မှန်သော ဆာဂေးအား ဂျာမန်သံရုံးမှ စစ်သံမှူး ''အော့'' က လေးစား ရင်းနှီးလာလေသည်။ အရည်အချင်းရှိသူ သတင်းစာဆရာဟုပင် ပြောဆိုခဲ့လေသည်။ ညဥ့်နက်သန်းခေါင်အထိပင် ဆွေးနွေးပြောဆိုခဲ့ကြ၏။ ထို့ကြောင့်ပင် ဂျာမန်နှင့် ဂျပန်တို့၏ သံတမန်ရေးရာစေ့စပ်မှု သတင်း များအား ဆာဂေးအနေဖြင့် ကြိုတင်သိရှိခဲ့လေသည်။

ဆာဂေးတို့၏ သူလျှိုကွန်ယက်သည် ကျေနပ်စရာရှိနေပြီ ဖြစ်သည်။ သံသယအနည်းငယ်မျှမရှိဘဲ၊ အဖြစ်မခံရဘဲနှင့် အုံ့ဩဖွယ်



ဆောင်းလောက်အောင်ပင် အောင်မြင်မှုရနေလေသည်။ သူတို့အသွင် ယူထားသော အလုပ်များကလည်း အခြေခိုင်နေပြီဖြစ်၍ အဓိကအလုပ် ဖြစ်သည့် သူလျှိုအလုပ်ကို ဖိဖိစီးစီးလုပ်လာနိုင်လေသည်။ တိုကျိုတွင် အနေကြာလာသည်နှင့်အမျှ ရဲအဖွဲ့၏ အထူးဂရုစိုက်မှုအပေါ်တွင် ဖိုးခိုမ်စရာမလိုတော့ပေ။

၁၉၃၆ ခုနှစ် အရောက်တွင် ထူးခြားသောဖြစ်ရပ် ၃ ခု ကြုံခဲ့ရလေသည်။ ဤဖြစ်ရပ်ကြောင့် ဆာဂေးမှာ အောင်မြင်မှုတစ်ခု ရလိုက်သလို ကလောဆင်အတွက်မှာမူ အဖမ်းခံရလုနီးနီး ဖြစ်ခဲ့ရလေ သည်။

•••••✱•••••✱•••••✱•••••

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)

## ဂျပန်ရဲဘောပေါက်ရိုက်ခံရခြင်း

၁၉၃၉ခုနှစ်၊ဖေဖော်ဝါရီလ(၂၆)ရက်နေ့အာရုံတက် အလင်းရောင်ပေါ်စအချိန်မှစတင်ပြီး တိုကျိုမြို့တွင်း၌ စက်သေနတ်သံများကြားနေရ၏။ ဂျပန်တပ်မတော်မှ ခေါင်းဆောင်များကို ပြန်တော်လှန်နေကြခြင်းဖြစ်သည်။ တစ်မြို့လုံး ဒုက္ခရောက်ရသူတို့၏ ငြီးငြူသံ၊ ကလေးသူငယ်များ၏ အော်ဟစ်ငိုကြွေးသံ၊ ပေါက်ကွဲပျက်စီးသံတို့ဖြင့် ပွက်လောညံနေလေသည်။ ဆာဂေးနှင့် သူ့အဖွဲ့ဝင်များကတော့ အခြေအနေကို စောင့်စားကြည့်ရှုရင်း ငြိမ်သက်စွာနားထောင် လေ့လာနေခိုက်လည်းဖြစ်၏။

ဤဖြစ်ရပ်မှစတင်ကာ ဂျပန်တပ်မတော်အနေနှင့် ခေါင်းဆောင်ပိုင်းများအား လိုအပ်ပါက အမြစ်ဖြုတ်ချရန်အထိ စဉ်းစားထားကြ၏။ အခြေအနေတို့ကာတင်းမာမှုဘက်သို့ ဦးတည်လာနေလေသည်။ ဤသတင်းနှင့်ပတ်သက်၍ ဆာဂေးတို့အနေဖြင့် မော်စကိုသို့ သတင်းအတိအကျကြိုတင် ပို့ထားနိုင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်လည်း ယခုကဲ့သို့ အေးဆေး

www.burmeseclassic.com

www.burmeseclassic.com



စွာပင်အခြေအနေကို စောင့်ကြည့် နေနိုင်ခြင်းလည်းဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ကိုနိုရီသည် ခြောက်ပတ်ကြာမျှ နိုင်ငံရေး ကျွမ်းကျင်သူများနှင့် ဆွေးနွေးတိုင်ပင်ခဲ့လေသည်။ လတ်တလော အခြေအနေမှာ ယင်းမှုရရှိသော အကြံဉာဏ်သည် ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့အတွင်း အရေးပါဆုံးသောလွှမ်းမိုးမှုတစ်ခုပင်။ ထိုအကြံပေး အဖွဲ့အတွင်း၌ တရုတ်ရေးရာပါရဂူ အိုဇာကီလည်းပါဝင် နေလေသည်။ အိုဇာကီက ဂျပန်အနေဖြင့် မန်ချူးရီးယားကို ကျော်လွန်၍ စစ်ရေး မလုပ်ရန် အဆက်မပြတ်အကြံပေး၏။

ကိုနိုရီအနေဖြင့် အလယ်အလတ်လမ်းစဉ်ကို ကျင့်သုံးချင်သည် သို့သော်လည်း သူ့အနေဖြင့် ဝန်ကြီးအများစုအပေါ် သူ့အတွေးအခေါ် များလက်ခံလာအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ခေါင်းဆောင်များကိုသာ ဆက်လက်စစ်မပြုရန် ဆွဲဆောင်ထားနိုင်ရုံသာ တတ်စွမ်းခဲ့၏။ တိုးတက်သော လေ့လာရေးအဖွဲ့ကမူ မြေယာဥပဒေများ လျှော့ပေါ့ရေး စစ်အသုံးစရိတ်များ လျှော့ချရေးကို တင်ပြအကြံပြုလာခဲ့လေသည်။ အိုဇာကီကလည်း ဆိုဗီယက်နှင့် တရုတ်ကိုတိုက်ခိုက်ပါက ထောက်ပံ့မှု ချို့တဲ့မှုကြောင့် တိုက်ရင်းနှင့် အဟုန်လျော့ကြနိုင်သည်ဟု အလေးအနက် တင်ပြနေခဲ့သည်။

အစိုးရအဖွဲ့မှ ချမှတ်လိုက်သော ဤမူဝါဒကြောင့် စစ်တပ်မှ လူငယ်စစ်ဦးစီးအဖွဲ့များက ဂျပန်၏ အရှေ့ဖျားသို့ လွှမ်းမိုးမည့်အစီအစဉ် အား ကဖျက်ယဖျက်ပြုသည်ဟု မြင်လာခဲ့လေသည်။ ကာကွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများသို့ တင်ပြကန့်ကွက်ခဲ့ သော်လည်း ဘာမှဖြစ်မလာခဲ့ပေ။ ထို့ကြောင့်ပင် ဂျပန်တပ်မတော်



အနေဖြင့် ဝန်ကြီးအဖွဲ့၊ အစိုးရအဖွဲ့တို့နှင့် စိတ်ဝမ်းကွဲပြားလာတော့သည်။ ၁၉၃၆ ဖေဖော်ဝါရီလ၌ တော်လှန်လိုသော ဂျပန်တပ်မတော်အင်အားစု များအား ဂျာမန်အစိုးရက ထောက်ခံကြောင်းနှင့် ယခုအစိုးရပြုတ်ကျ၍ နောက်ထပ်အသစ်တက်လာမည့် အစိုးရသစ်အား ဂျာမန်အနေဖြင့် စစ်ရေးစာချုပ်များ ချုပ်ဆိုရန် စေ့စပ်ဆွေးနွေးမည့်အကြောင်းများအား ဆာဂေးအနေဖြင့် အိုဇာကီထံမှ သတင်းရခဲ့လေသည်။

ဤကိစ္စအား အိုဇာကီကိုယ်တိုင်လည်း ဆောင်းပါးရေးသားခဲ့၏။ ဤသို့ဖြစ်လာခဲ့ရသည့် အဓိကလက်သည်မှာ အိုဇာကီဖြစ်ကြောင်း ဆာဂေးသိလိုက်ရချိန်တွင် သူအတော်ပင် အံ့အားသင့်သွားခဲ့ရလေသည်။

ဆာဂေးနှင့် အိုဇာကီတို့နှစ်ယောက် ဤတော်လှန်ရေးနှင့် ပတ်သက်၍ အောင်မြင်နိုင်မှုရှိမရှိအား ဝေဖန်သုံးသပ်မိကြသည်။ စစ်ဝန်ကြီးဘက်၌ သစ္စာရှိသောတပ်များ အများအပြားရှိသဖြင့် အောင်မြင်နိုင်ဟု ယူဆနိုင်လေသည်။ ယခု မအောင်မြင်သော်လည်း တစ်ချိန်တွင် ဂျပန်အနေဖြင့် တရုတ်နှင့်ရုရှားအားတိုက်ခိုက်ရန် အရှေ့ဖျားဒေသကို ဩဇာလွှမ်းအောင်လုပ်ရန် ထပ်မံလုပ်လိမ့်ဦးမည် ဟုလည်း ယုံကြည်လိုက်မိလေတော့သည်။

ဆာဂေး၏ ကြိုတင်သတင်းပေးပို့ထားနိုင်မှုကြောင့်လည်း ဂျပန်တွင် အလန့်တကြားဖြစ်နေချိန်၌ ကမ္ဘာပေါ်တွင် မော်စကိုအစိုးရ တစ်ခုသာ မအံ့သြဘဲ နေနိုင်ခဲ့လေသည်။ ဂျာမန်၊ ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန်တို့သည် အကြီးအကျယ် အံ့အားသင့်နေခဲ့ရလေသည်။

ပုန်ကန်မှုမှာ သတင်း ၂ ပတ်မျှကြာမြင့်ခဲ့လေသည်။ အနောက် နိုင်ငံသံရုံးများနှင့် မီဒီယာများအနေဖြင့် ဤကိစ္စနှင့်ပတ်သက်၍

www.burmeseclassic.com

ဘာသတင်းမှ မသိကြသဖြင့် အခက်အခဲတွေ့နေကြလေသည်။ ထိုအခွ
ရေးကို ဆာဂေးက ကောင်းစွာအမြတ်ထုတ်ခဲ့လေသည်။ ဤတော်လှန်ရေ
၏အကြောင်းရင်းနှင့် အကျိုးအမြတ်အား ရုရှားတစ်နိုင်ငံတည်းသာ
မသိသင့်ဟုလည်းယူဆခဲ့၏။ ထို့ကြောင့်လည်း ကရင်မလင်သို့ ပေးပို့ခဲ့သည
လျှို့ဝှက်ချက်များအား သံရုံးများသို့လည်း ထင်မြင်ယူဆချက်ပုံစံမျိုးဖြ
ပေးလိုက်သဖြင့်ဆာဂေးနှင့် ကဲလစ်ချ်တို့ပို၍ပင် နာမည်ကြီးလာခဲ့လေတော
သည်။ စစ်သံမှူးများနှင့် သံအမတ်ကြီးများ၏ ယုံကြည်စိတ်ချရသော
သတင်းပေးတစ်ယောက်ဟု ယုံကြည်ခြင်း ခံခဲ့လာရသည်နှင့်အမျှ
ခင်မင်ရင်းနှီးမှုများလည်း ပိုမိုလာခဲ့ရလေတော့သည်။

ဆာဂေးတစ်ယောက် ဤအခွင့်ရေးနှင့်ပတ်သက်၍ မော်စကို
သတင်းပေးပို့နေချိန်၌ ကလောဆင်သည် ရေဒီယိုစက်အဟောင်းကို ဖျက်
စက်အသစ်တစ်လုံး တပ်ဆင်လိုက်၏။ စက်အဟောင်းအား ,စွန့်ပစ်ရေ
ဆာဂေးအားမတိုင်ပင်ဘဲ ကဲလစ်ချ်အကူအညီဖြင့် ရေနက်တွင် သွားပစ်
စီစဉ်ခဲ့လေသည်။ ယာမာနကာ ရေကန်၌ ကင်ပေတိုင်များ
မသက်ာမှုကြောင့် ခေါ်ယူစစ်ဆေးခံခဲ့ရလေသည်။ အဖြေကောင်း၍သာ
သူလွတ်မြောက်ခဲ့ရခြင်းပင်။ စက်ကို စွန့်ပစ်နိုင်ခဲ့သော်လည်း ဤကိစ္စအ
ဆာဂေးသိရှိသွားချိန်၌ သူ့ကိုအသိမပေးဘဲ လုပ်ခဲ့ခြင်းကြော
အကြီးအကျယ် ဒေါပွသွားလေတော့သည်။ ရေဒီယိုတာဝန်
တစ်ဦးအနေဖြင့် လုပ်ပိုင်ခွင့်ရှိသည်ဟု ထင်မြင်မိသော်လည်း ဆာဂေး
တော့သူတို့ဘာမှပြန်မပြောရဲကြပေ။

ကလောဆင်အဖို့ ဤကိစ္စနှင့်ပတ်သက်၍ ဆာဂေးနှင့် ပြဿနာ
ဖြစ်ခဲ့သည်ကို မေ့ရန် အကြောင်းကိစ္စပေါ်လာလေသည်။ ရုန်ဟဲသို့ အင်



ပုလဲဆိပ်ကမ်းရှိအမေရိကန်ရေတပ်ဌာနချုပ်အား ဂျပန်လေယာဉ်တင်သင်္ဘောမှတိုက်ခိုက်လိမ့်မည်ဖြစ်ကြောင်း ဆာဂေးသူလျှိုအဖွဲ့ကမော်စကိုသို့ကြိုတင်သတင်းပေးပို့နိုင်ခဲ့သည်။

www.burmeseclassic.com

-ပြင်သစ်နှင့်ဂျာမဏီ တစ်နှစ်အတွင်း စစ်ဖြစ်နိုင် သည်။

-ဗြိတိန်သည် ပြင်သစ်ဘက်က ဝင်ရောက်ကူ ညီနိုင်သည်။

-ဂျာမန်ကလည်း ဂျပန်အား ဝင်ရိုးတန်းနိုင်ငံများ ဘက်မှ ဝင်ရောက်ကူညီရန် သွေးဆောင်လိမ့်မည်။

-ဆိုဗီယက်၏ အန္တရာယ်အတွက် ဂျာမဏီမှ ကာကွယ်ပေးမည့်အကြောင်း ဂျပန်-ဂျာမန်စေ့စပ်ဆွေး နွေးထားသည်။

-တရုတ်အရေးအခင်းကြောင့် ဂျပန်နှင့် အမေရိကန်တို့ ရန်သူသဖွယ်ဖြစ်လာနိုင်သည်။

-ဗြိတိန်-ဂျပန်ဆက်ဆံရေးအားနည်းနေပြီး နောက်ဆုံးဂျပန်အနေဖြင့် ဝင်ရိုးတန်းနိုင်ငံများနှင့် ပူးပေါင်းသွားဖွယ်ရာရှိသည်။

ဆာဂေးက မော်စကိုသို့ ဤသတင်းများပို့လိုက် သောအခါ ဂျပန်တန်ပြန် ထောက်လှမ်းရေးအဖွဲ့ခေါင်း ဆောင်ဗိုလ်မှူးကြီးအိုစကီ အလုပ်ရှုပ်သွားတော့သည်။



ောက်ရှိလာကြောင်း ကလောဆင်သတင်းရခဲ့လေသည်။ ထို့ကြောင့်လည်း င်နာအားသွားခေါ်ရန် ဆာဂေးထံခွင့်တောင်းခဲ့၏။ ဆာဂေးကလည်း ော်စကိုသို့ ထပ်မံခွင့်တောင်းပေးခဲ့လေသည်။ ခွင့်ပြုချက်ရသည်နှင့် လောဆင်အားရှန်ဟဲသို့ ဆက်သားအဖြစ် စေလွှတ်ပေးလိုက်လေသည်။

ကလောဆင်တစ်ယောက် ဘောင်းဘီအိတ်တွင်းတွင် ဖလင်လိပ် းထည့်၍ ရှန်ဟဲသို့ထွက်ခဲ့လေသည်။ မော်တော်ပေါ်၌ လက်ရမ်းအနား င်သာကပ်နေခဲ့ပြီး လက်တစ်ဘက်ကိုလည်း ဘောင်းဘီအိတ်အတွင်း ်ထားကာ အသင့်နေလိုက်လေသည်။ အကယ်၍ တစ်ယောက်ယောက် သတင်းရသွား၍ လာဖမ်းပါက ဖလင်လိပ်များအား လွှင့်ပစ်နိုင်ရန်ပင်။ းတစ်လျှောက်လုံး ကလောဆင်မှာ စိတ်ပူပြီး ဖောချွေးများပင်ပြန်ကာ းစွာမှပင် စိတ်ပင်ပန်းနေခဲ့ရလေသည်။ ထို့ကြောင့်လည်း ရှန်ဟဲသို့ ောက်ရှိချိန်၌ ၆ နာရီကြာမျှ စိတ်ပင်ပန်းမှုဒဏ်ဖြင့် အိပ်ပျော် းလေတော့သည်။ အင်နာတစ်ယောက်သာ ကလောဆင်ကို ဘေးမှ င်ကြည့်ပြီး များစွာအံ့အားသင့်နေခဲ့ရလေတော့သည်။

၃ ရက်ခန့်ကြာမှပင် ကလောဆင်တို့စုံတွဲ တိုကျိုသို့ ရောက်လာလေသည်။ အင်နာအဖို့ ယခုအချိန်မှတော့ ကလောဆင်ကို ခဲ့၍ ကွန်မြူနစ်ပါတီကိုပါ လိုက်ချစ်ခဲ့ရသည့်အတွက် သူ့ကိုယ်သူ နေလေတော့သည်။ ကလောဆင်ပြန်ရောက်လာသည်နှင့် ဆာဂေးက ်အလုပ်ကို ခေတ္တရပ်နားထားခိုင်းပြီး ဟန်ပြအလုပ်ကိုသာ ဗိလုပ်ရန် ခိုင်းပေးလိုက်၏။ ဤသို့စေခိုင်းရခြင်းမှာလည်း ကိစ္စရှိ၍ပင်။ လောဆင်မရှိခိုက် အိမ်စေ ၂ ဦး၏ အမူအယာပျက်နေမှုကြောင့် သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆာဂေးရိပ်ကားမိသွား၍လည်း အိမ်စေ ၂ ဦးအား ခေါ်စစ်ခဲ့ ဘယ်လိုမှ ဖွင့်မပြောကြပေ။ နောက်ဆုံး ဆာဂေးလည်း ငွေပေးပြီးအလု ထုတ်မည်ကြံရွယ်လိုက်၏။ ဤတော့မှပင် ငွေလည်းရကာလက်ရှိ သက်သ လှသောအလုပ်မှ မပြုတ်လိုသောကြောင့် ပြန်ပြောပြကြလေတော့သည်

"ကင်ပေတိုင် အရပ်ဝတ်စုံထောက်တစ်ယောက် ရောက်လာ ကျွန်မတို့ကို ရဲစခန်းခေါ်သွားပါတယ်။ ဟိုရောက်တော့ အိမ်ရှင်အကြော သူသွားလာတတ်တဲ့နေရာတွေ၊ နေပုံထိုင်ပုံနဲ့ ပိုင်ဆိုင်တဲ့ပစ္စည်းတွေ အကြောင်း၊ အိမ်ကိုမကြာမကြာလာတတ်တဲ့ ဧည့်သည်တွေအကြော စစ်ဆေးပါတယ်။ သခင်တွေနဲ့ပတ်သက်ပြီး ပြန်သူလျှိုလုပ်ပေ လွှတ်မယ်ဆိုလို့ သူလျှိုလုပ်ပေးဖို့ ကတိပေးထားခဲ့ရပါတယ်"

"ကျွန်တော်က ဘာမှမကြောက်ဘူး လျှောက်လိမ်မလို့ပါ သူပဲအတင်းကြောက်ပြီး အကုန်လျှောက်ဖြေတာ"

ပြောရင်းမှပင် ထမင်းချက်ကောင်မလေးနှင့် အိမ်စေကောင်လေ တို့ စကားများကြပြန်လေသည်။ သူတို့ကိုကြည့်ရင်း ဆာဂေး ပြုံးမိ

"ရဲတွေကြိုက်သလိုလုပ်ပါစေ၊ နောက်ဆို တို့ကလည် ဘယ်သွားမယ် ဘယ်လာမယ်ဆိုတာ မင်းတို့ကိုပြောခဲ့မယ် ဟုတ်ပြီလာ

ထိုအချိန်မှစတင်၍ ဆာဂေးတို့မှာ သူ့စကားအတိုင်း အ သွားခါနီးတိုင်းပြောပြခဲ့ကြ၏။ အစေခံများက ရဲစခန်းသို့ဖုန်းဖြင့် သတ ပို့ကြသည်။ အမြဲလိုပင် ပို့သောသတင်းများ မှန်နေသဖြင့်လည်း ရဲမှ သူတို့ကို ထပ်မံခေါ်ယူကာစစ်ဆေးခဲ့ကြပြန်လေသည်။ ဤကိစ္စ ပတ်သက်၍ အိမ်ရှင်များသိသွားကြောင်း ရဲများသိသွားချိန်၌ များစွာ သွားကြ၏။ အစေခံများကိုလည်း နောက်ပိုင်းဘာမှမနှောက်ယှ



ကြတော့ပေ။

ဆာဂေးအနေဖြင့် ဂျပန်တို့အား အထင်မသေးခဲ့ပေ။ ဂျပန်သည် ငံခြားသားများ၏ လှုပ်ရှားမှုကို အထူးဂရုစိုက်ကြောင်းသိ၏။ သံသယ သူများအား စုံစမ်းနေကြောင်းပါ ထပ်သိခဲ့ရလေသည်။ ထို့ကြောင့်ပင် ဘောကီ၊ မီယာဂီနှင့် ကဲလစ်ချ်တို့ထံမှ သတင်းများရနေခဲ့သော်လည်း သူတို့ကို မည်သည့်နည်းနှင့်မျှ သတင်းဆက်မပို့တော့ဘဲ လုပ်ငန်းအား တာ ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။ ဤသို့ ရပ်ဆိုင်းထားစဉ်အချိန် တွင်း၌ ဆာဂေးမှာ အချစ်ကိစ္စတစ်ခုနှင့်ပတ်သက်၍ သူ့ရဲဘော် ရဲဘက် တစ်ဦးအပေါ်တွင် သစ္စာဖောက်ခဲ့မိလေတော့သည်။

ကဲလစ်ချ်သည် ထုံအအနှင့် အမြဲနားပူနားဆာ လုပ်တတ်သည့် သူ့ဇနီးကို ငြီးငွေ့လာခဲ့လေသည်။ အသွင်ဆောင်၍ ဟန်ပြယူထား ဖြစ်လည်း မကြိုက်ခဲ့ခြင်းပင်။ တစ်နေ့ ကဲလစ်ချ်တစ်ယောက် င်းဇ ဘားဆိုင်တွင် အရက်သောက်ရင်းမှ မိန်းမချောလေးတစ်ဦးနှင့် မိသွားလေသည်။ ရုပ်ချော၍ အနောက်တိုင်းဆန်သူ ဂျပန်မလေးပင်။ မ၏အမည်မှာ မတ်ဆိကိုစမူစကီ ဖြစ်ပြီး အမေရိကန်တွင်နေထိုင်သော ဂျပန်သူဌေးတစ်ဦး၏ သမီးလည်းဖြစ်သည်။ အသက် ၂၄ နှစ်ရှိကာ အင်္ဂလိပ် ပြင်သစ်စကားအား ကျွမ်းကျင်စွာပြောနိုင်လေသည်။ ဇာတိမြေကို ဆွတ်ကာ အလည်လာသူတစ်ဦးပင်။

ကဲလစ်ချ်တစ်ယောက် ထိုအမျိုးသမီးလေးကို လွန်စွာမှပင် းမိသွား၏။ သူ့တိုက်ခန်းမှာပင် ခေါ်ထားခဲ့လေသည်။ အမြဲပင် တူတွဲသွား တွဲလာပြုလုပ်ခဲ့သည်မှာ အများမနာလိုဖွယ် ဖြစ်လာသည် ထိပင်။ ဆာဂေးလည်း ဤသတင်းကိုကြားမိလိုက်၏။ တစ်ရုံသော

www.burmeseclassic.com

www.burmeseclassic.com



ညစာစားပွဲတွင် စမူစကီကို မြင်တွေ့ခဲ့ရမှစကာ ဆာဂေးလည်း သူ့ကို ကြိတ်၍ သဘောကျသွားမိလေသည်။ ဆာဂေးစိတ်ထဲ၌ ကဲလစ်ချို တစ်ဦးတည်း ကြိတ်၍ မောင်ပိုင်မစီးထားသင့်ဟု ယူဆမိ၏။ ထို့နောက် တွင်တော့ ဆာဂေးတစ်ယောက် ကဲလစ်ချိုမရှိသော အချိန်များကို လေ့လာ၍ ထိုအချိန်များ၌ စမူစကီထံ အလည်အပတ်သွားသွား နေခဲ့လေသည်။ မြို့တွင်းသို့လည်း ဖိတ်ခေါ်သွားခဲ့၏။ သူ့အိမ်သို့ ခေါ်၍လည်း နေ့လည်စာ စားကြလေသည်။ ဤနည်းဖြင့်ပင် ဆာဂေးနှင့် စမူစကီတို့မှာ (၃) လခန့် ချိန်းချိန်းတွေ့ခဲ့ကြလေသည်။ ဆာဂေး တစ်ယောက် ရဲဘော်ရဲဘက်ချင်း သစ္စာဖောက်ခဲ့ခြင်းပင်။ ပိုင်ရှင် မိသွားပါက ဤကိစ္စမှာ လူသတ်မှုပင် ဖြစ်လာနိုင်လေသည်။ သို့သော်လည်း ဘာပြဿနာမှ မပေါ်ပေါက်ခဲ့ပေ။

ဤကဲ့သို့ အလုပ်ရပ်နားထားချိန်တွင် ကိုယ်ရေးကိုယ်တာ စွန့်စားမှုများသာ ပြုလုပ်နေကြခိုက် သူတို့အဖွဲ့အတွက် လျှို့ဝှက်အလုပ် တစ်ခုလုပ်ကိုင်ရန်ကိစ္စ ပေါ်ပေါက်လာခဲ့လေသည်။ ဂျာမန်-ဂျပန် ဆက်ဆံရေးကို လေ့လာရန်ပင်ဖြစ်လေသည်။ မိယာဂျီသည် လေတပ်ဗိုလ်မှူးတစ်ယောက်ထံမှ ဂျာမန်လုဖ်ဝါဖေးမစ်ရှင် (German Luft Waffe Mission) အဖွဲ့ မကြာမီရောက်ရန်ရှိကြောင်း သတင်း ရလာခဲ့၏။ ဘာအတွက်ကြောင့်လာသည်ကို မသိခဲ့ရ။ ဆာဂေးလည်း ဗိုလ်မှူးကြီးအောဲမှ သတင်းနှိုက်ယူရန် ဆုံးဖြတ်ခဲ့လိုက်လေသည်။

ဆာဂေးသည် အောနှင့်နေ့လည်စာအတူစားရင်း ဂျပန်-ဂျာမန် အပေးအယူလုပ်နေသည်ဟု သံသယရှိသဖြင့် ဤကိစ္စအား စုံစမ်းရန် သတင်းစာတိုက်က တိုကျိုသို့ လွှမ်း၍ တာဝန်ပေးကြောင်း ပြောပြ၏



ထားပြောရင်းမှ ဂျာမန်သည် ဂျပန်နှင့် စစ်ရေး၊ နိုင်ငံရေးစာချုပ် တစ်ခုချုပ်မည်။ ထိုစာချုပ်တွင် ရန်သူ၏ကျူးကျော်မှုကို တစ်ဦးနှင့် တစ်ဦးကူညီကြရေးနှင့် စစ်လျှို့ဝှက်ချက်များကို လွတ်လပ်စွာဖြင့် ဖလှယ်ရေးတို့ ပါဝင်ကြောင်း သိခဲ့ရလေသည်။ မြို့တော်ကြီးများတွင် ကြည်းတပ်၊ ရေတပ်များလည်း အပြန်အလှန် ဖွဲ့စည်းထားမည်ဖြစ်၏။ ဆာဂေးအတွက် အပြည်ပြည်ဆိုင်ရာပြဿနာထဲမှ ပျောက်နေသော အချက်တစ်ချက်ကို ရခဲ့လိုက်ခြင်းပင်။ အခြားသော အမှုထမ်းများ ထံမှလည်း သတင်းရသလောက် စုလိုက်သေး၏။ ဤသတင်းမှာ ဆာဂေးအတွက် အရေးကြီးဆုံး သတင်းတစ်ခုဖြစ်လေသည်။

မော်စကိုကလည်း ဂျပန်(သို့)ဂျာမန်(သို့) နှစ်နိုင်ငံလုံးမှ များအား တိုက်လာနိုင်သည်ဟု ယုံကြည်နေလေသည်။ ယခုစာချုပ်မှာ လည်းမော်စကိုကို ချိန်ရွယ်ထားကြောင်း ယူဆသုံးသပ်ခဲ့ကြလေသည်။ ၍သေချာစွာသိရှိနိုင်ရန် အိုဇာကီအား ဂျပန်ဝန်ကြီးချုပ်နှင့် ဂျာမန်သံရုံး တို့၏ အတွင်းရေးစေ့စပ်မှုကိုစုံစမ်းရန် ဆာဂေးမှတာဝန် ပေးလိုက် လေသည်။

ထို့နောက် ဆာဂေးသည် မော်စကိုသို့ အင်နာ၏ အခန်းမှနေ၍ ကောင်ပါအတိုင်း ရေဒီယိုဖြင့် သတင်းပို့လိုက်လေသည်။

"ဂျာမန်သည် ဂျပန်နှင့် စစ်စာချုပ်ချုပ်ရန် ဘာလင်၌ စီစဉ်နေသည်။ နောက်ထပ်သတင်းအား မကြာမီမျှော်။ အရေးပေါ် ဆက်သွယ်ရန် ၂၄ နာရီ စက်ဖွင့်ထားပါ။ အသေးစိတ် အစီရင်ခံစာအား ဆက်သားဖြင့်ပို့မည်။"

(ရမ်ဆေး)

www.burmeseclassic.com

www.burmeseclassic.com



အိုဇာကီတစ်ယောက် ဝန်ကြီးချုပ်၏ ကိုယ်ရေးအတွင်းဝန်နှင့် တွေ့ရာ ဂျပန်ကိုယ်စားလှယ်အဖွဲ့နှင့် ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ရစ်ဘင်ထရော့၊ ၎င်း၏လက်ထောက် ရေတပ်ဗိုလ်ချုပ်ကာနာရစ် တို့၏ စေ့စပ်ရေးအခြေအနေမှာ တိုးတက်နေကြောင်းသိခဲ့ရလေသည်။ အိုဇာကီ သည် မင်းသားကိုနိုရီနှင့် တွေ့လိုကြောင်း ခွင့်တောင်းလိုက်လေသည်။

တွေ့ဆုံစဉ်တွင် အိုဇာကီက ဂျပန်အစိုးရအာဘော်သတင်းစာ ဖြစ်ကြောင်းနှင့် ဂျာမန်–ဂျပန် ဆက်ဆံရေးကိစ္စကြောင့် ဖြစ်ပေါ်နေသော ကောလဟာလများနှင့် ပတ်သက်၍ သိလိုပါကြောင်း စကားစလိုက်၏။ ၎င်းကိစ္စအား သတင်းစာတွင်ဖော်ပြရန်မဟုတ်ဘဲ အယ်ဒီတာချုပ် အဖြစ်မှန်ကိုသိပြီး ဆောင်းပါးရေးရာတွင် လမ်းညွှန်အဖြစ်သုံးရန်အတွက် ဖြစ်ကြောင်း စကားနှိုက်လိုက်၏။ ကိုနိုရီကလည်း လိမ္မာပါးနပ်လှလေသည်။ သတင်းပြန်ကြားပေးရန် အချိန်မရောက်မီ သတင်းလာတောင်းကြောင်း ပြန်ပြော၏။

အိုဇာကီကလည်း ခေသူမဟုတ်ပေ။ နိမိတ်ပြမေးခွန်းများဖြင့် ထပ်မံ၍ စကားနှိုက်ပြန်သည်။ ကိုနိုရီတစ်ယောက် ကြာရှည်မခံတော့ပေ။ ဂျပန်–ဂျာမန် စာချုပ်ချုပ်ဆိုခြင်းမှာ ဆိုဗီယက်ကို ဦးတည်၍ ချုပ်ဆိုခြင်း မဟုတ်ကြောင်း၊ ဟစ်တလာက ကွန်မြူနစ်ကိုဆန့်ကျင်သော်လည်း ဂျပန်က ကွန်မြူနစ်နှင့် အတိုက်အခံမလုပ်လိုကြောင်းပြောပြ၏။ ကမ္ဘာပေါ်တွင် ကွန်မြူနစ်ဝါဒ မပြန့်ပွားစေရေးအတွက်သာ ဂျာမန်နှင့် ပူးပေါင်းတားဆီးရန် ဖြစ်နိုင်သည်ဟုပင် ပြောပြခဲ့လေသည်။ ဘာလင် ဆွေးနွေးပွဲမှ အချက်များကို ပြောပြရန်အတွက်မူ ငြင်းဆန်ခဲ့လေသည်။

၂၄ နာရီအတွင်းမှာပင် ဤအချက်များကို ဆာဂေးသိခဲ့ … သည်။ မိယာဂျိနှင့် ဗောက်ကဲလစ်ချ်တို့ထံမှ ရလိုက်သော သတင်းများနှင့် ပေါင်းစပ်လိုက်သောအခါတွင်တော့ ရုပ်လုံးပေါ်လာလေ သည်။ ထို့ကြောင့်ပင် ရေဒီယိုအား အိုဇာကီအိမ်သို့ ရွှေ့ပြောင်းကာ သတင်းအား လေးပိုင်းပိုင်း၍ ၁၂ နာရီအတွင်း နှဲ့ပို့စေခဲ့လေသည်။

စတုတ္ထမျိုးရိုးအနေဖြင့် ဤဆွေးနွေးပွဲသည် စစ်မဟာမိတ်ပြုလုပ် ခြင်းဟုသာသိရ၏။ ဘာလင်ရှိ အိုရှိမား၊ ရစ်ဘင်ထရော့၊ ကာနာရစ်တို့၏ အိမ်များကို တပ်နီတော်မှသူလျှိုများဖြင့် ပိုက်ကွန်စိပ်စိပ် ဖြန့်ကျက် ထားလိုက်လေတော့သည်။ ဂက်စတာပို လုံခြုံရေးအဖွဲ့များမှ ဆိုဗီယက် သူလျှိုအချို့ကို ဖမ်းမိသွားခဲ့လေသည်။ ထို့ကြောင့်လည်း ဆွေးနွေးသူ ၃ ဦးအား အချိန်ပြည့် စောင့်ကြည့်နေကြောင်းနှင့် ဆွေးနွေးရာ အိမ်များ၊ ရုံးများကို မိုက်ခရိုဖုန်းဖြင့် ထောက်လှမ်းကြောင်း သိရှိသွားခဲ့လေတော့သည်။ ဂျပန်တို့ အတော်လန့်သွားခဲ့လေသည်။

ထို့ကြောင့်လည်း ဤကိစ္စများ ဆိုဗီယက်တို့လက်တွင်းမကျ ရောက်သွားစေရန် အမေးအဖြေများကို စာဖြင့်သာရေး၍ ဆွေးနွေးကြပြီး ဤစာများအား အထူးဆက်သားလက်အပ်ကာ ဂက်စတာပိုအစောင့် အရှောက်ဖြင့် ပို့ကြလေသည်။ ဆိုဗီယက်အား အရူးလုပ်လိုက်ခြင်းပင်။

ဆိုဗီယက် သူလျှိုများကလည်း ဆွေးနွေးမည့်သူ (၃) ဦး နောက်သို့ ထပ်ကြပ်မကွာလိုက်ခဲ့ကြ၏။ ၎င်းတို့ (၃) ဦးမတွေ့ဆုံ ကြကြောင်း သိရ၍ ဆွေးနွေးပွဲပျက်ပြီ (သို့) စောစောကပင် ပြီးသွားပြီဟု ယူဆကြောင်း စတုတ္ထမျိုးရိုးသို့ သတင်းပြန်ပို့ကြလေသည်။ ထိုကိစ္စအတွက် စစ်ဦးစီးချုပ်အဖွဲ့လစ်စကီမှ ဘယ်လိုမှသဘောမကျခဲ့ပေ။ ထို့ကြောင့်လည်း ဆာဂေးအား တဖန်လှည့်မေးမြန်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ဂျာမန်သံရုံးသို့ အထူးဆက်သားရောက်လ… လေသည်။ ဆာဂေးလည်း သတင်းစုဆောင်းရန် ဂျာမန်သံရုံး… ရောက်နေခိုက်ဖြစ်၏။ အော့ ကထိုသူနှင့်ဆာဂေးအား မိတ်ဆ… ပေးလေသည်။ ထိုသူ၏အမည်မှာ ဟက် (HAAK) ဖြစ်၏။ ဟက်… ဆာဂေး၏နာမည်ကို ကြားဖူးကြောင်း၊ ဂျာမဏီတွင် ဆာဂေး… ဆောင်းပါးများကို ကောင်း၍ လူကြိုက်များကြောင်း များပြောပြ၏။

ဟက်ကို အော့က လေးစားသောအမူအရာများတွေ့ရ… ဟက်မှာ ရာထူးကြီးကြီးထဲမှပင်ဖြစ်ရမည်။ ဆွေးနွေးပွဲနှင့် အဆက်အသွ… ရှိနိုင်သည်ဟု ဆာဂေးစိတ်အတွင်းမှ ခန့်မှန်းသုံးသပ်မိလိုက်လေသည်… ထိုနေ့ညနေ့လည်စာကို လိုမေယာပျော်ပွဲစားရုံတွင် လုပ်မည်ဖြစ်… ဆာဂေးကိုလည်း ဖိတ်လိုက်သဖြင့် ရင်တွင်းမှကြိတ်၍ ဝမ်းသာသွား… လေတော့သည်။

ပျော်ပွဲစားရုံတွင် ဆာဂေးအား နာဇီတို့ခန့်ထားသည့် လူယုံ… ယုံကြည်ပြီး ဟက်က ဆာဂေးကိုပင်ဂရုမစိုက်တဲ့ အော့ကို အားလုံးပြော… လေသည်။ ဘာလင်၌ ဆက်သားနည်းဖြင့် ဆွေးနွေးကြသဖြင့် ခရီးမတွ… ကြောင်း၊ သူ့အားဆက်သားအနေဖြင့် တာဝန်ပေးသဖြင့်လည်… သူကိုယ်တိုင် လာရခြင်းဖြစ်ကြောင်း၊ဘာလင်တွင် ဆွေးနွေးပွဲကို ခေတ္တ… ထားကြောင်းနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးထံမှစကားရသည်နှင့် ဆက်လု… မည်ဖြစ်ကြောင်းတို့အား အံ့အားသင့်စဖွယ်ကြားခဲ့ရလေတော့သည်။

ဆာဂေးလည်း အိမ်ပြန်ရောက်သည်နှင့် မော်စကိုသို့ ဆက်သာ… ၏ပုံပန်းသဏ္ဌာန်နှင့်တကွ ပြန်သတင်းပို့နိုင်ခဲ့လေသည်။ ဆက်သားကိုလည်… ယခုအချိန်မှစတင်၍ နောက်ယောင်ခံရန် ဆုံးဖြတ်လိုက်လေသည်။



ဆွေးနွေးပွဲကိစ္စက ဤမျှနှင့် မပြတ်သေးပေ။ ဆာဂေးလည်း ဆက်သတင်းရစေရန် သူ့အဖွဲ့အား တွန်းအားပေး မီးစာမြှင့်ခဲ့လေသည်။ သိုအပ်နေသော သတင်းဆက်အား မီယာကိုတစ်ယောက် ရလိုက်ပြန်လေသည်။ မီယာဂိုက သူ့မိတ်ဆွေ လေတပ်ဗိုလ်မှူးအား နောက်ပြောင်သည့်သဘောဖြင့် ညှိသည်အရာရှိတွေမလာဘူးလားဟုမေးမြန်းရာ ဗိုလ်မှူးမှ ဂျာမန်လေတပ်နဲ့တွေ့ရမယ်မထင်ကြောင်း ပြန်ပြော၏။

ဆာဂေးက ဤသတင်းအား အိုဇာကီသို့ပေးအပ်ကာ ဆက်လိုက်ခိုင်းပြန်လေသည်။ အိုဇာကီလည်း ချက်ချင်းပင် ဝန်ကြီးချုပ်၏ အတွင်းဝန်နှင့် ဆက်သွယ်ခဲ့လေသည်။ ဘာလင်ဆွေးနွေးပွဲပျက်ပြီဟု သတင်းထွက်နေ၍ အစိုးရက တရားဝင်မကြေငြာပါက သတင်းစာထဲ ထည့်လိုက်တော့မည်ဟု သွေးတိုးစမ်း စကားစစ်ထိုးလိုက်၏။ အတွင်းဝန်အဖို့ တော်တော်လေးပင် ခေါင်းစားသွားလေတော့သည်။ ထို့ကြောင့်ပင် စာချုပ်ပါအချက်များအား ဝန်ကြီးအဖွဲ့အစည်းအဝေးသို့ မတင်ရသေးမီမှာပင် အိုဇာကီအား ပြောပြဖြစ်လေတော့သည်။ အိုဇာကီလည်း (Anti Comintern Pact) အင်တီကွန်မင်တန်စာချုပ် အကြောင်းသိခဲ့ရလေတော့သည်။

ကလောဆင်သည် ညနေပိုင်းမှာပင် မော်စကိုသို့အရေးပေါ် ဆက်သွယ်၍ အရေးကြီးအချက်များထဲမှ တစ်ဝက်ပို့လိုက်၏။ ကျန်တစ်ဝက်ကိုနောက်တစ်နေ့နံနက်(၃)နာရီတွင် ဆက်ပို့ခဲ့လေသည်။ ဆာဂေးတို့အဖွဲ့အတွက် ပြိုင်စံရှားသည့် အောင်မြင်မှုတစ်ရပ်ပင် ဖြစ်လေသည်။

အန်တီကွန်မင်တန်စာချုပ်အား လက်မှတ်ရေးထိုးပြီး ၄၈ နာရီ အကြာတွင် ဂျပန်အစိုးရနှင့် ဂျာမန်အာဏာပိုင်များ သိသွားသည့်ထက်

www.burmeseclassic.com

www.burmeseclassic.com



နာရီ (၃၀) စောရှိပင် မော်စကိုကသိပြီးဖြစ်လေသည်။ ကမ္ဘာသို့ နောက်တစ်လကြာမှသာ ထုတ်ပြန်ခဲ့ခြင်းဖြစ်၏။

ဆာဂေး အိပ်ပျော်နေစဉ်မှာပဲ တယ်လီဖုန်းမြည်လာလေသည်။ ကောက်ကိုင်လိုက်သည်နှင့်

"အက်နိစ်ရှိလား"

"ဒီအိမ်မှာ အက်နိစ်မရှိဘူး"

"ဖုန်းမှားသွားတယ်ဗျာ၊ ဝမ်းနည်းပါတယ်"

တစ်ဖက်မှ ဖုန်းပြန်ချသွား၏။ ဆာဂေး ရင်ထဲမှအလုံးကြီး တစ်လုံး အခုမှကျသွားလေသည်။ ကြိုတင်စီစဉ်ထားသည့် စကားဝှက်များပင်။ ကလောဆင် မော်စကိုသို့ သတင်းပို့ပြီးကြောင်း လှမ်းသတင်းပို့သည့်အဓိပ္ပါယ်ပင်။

နှစ်ပတ်ခန့်အကြာ၌ ပီကင်းမြို့ရှိ ကောင်းကင်ဘုံဘုရား ကျောင်းတော်တစ်နေရာ၌ အရပ်ရှည်ရှည် ခပ်ပိန်ပိန်လူတစ်ယောက် အရိပ်ခိုရင်း စီးကရက်သောက်နေလေသည်။ ထိုအချိန်မှာပင် နေပူထဲမှ လူတစ်ယောက် ဝင်လာလေသည်။ ဝင်လာသူက ချွေးသုတ်လိုက်ရင်း–

"နေပူလိုက်တာဗျာ၊ ခဏလောက် အရိပ်ခိုပါရစေ"

ပြောပြောဆိုဆို မြေကြီးပေါ်၌ ထိုင်ချလိုက်၏။ ပြီး အိတ်ထောင်ထဲမှ တစ်စုံတစ်ရာလိုက်စမ်းနေလေသည်။ ဤသည်ကို ကြည့်၍ အရပ်ရှည်ရှည်နှင့်လူက–

"ခင်ဗျား ဘာရှာနေတာလဲ"

"စီးကရက်ရှာနေတာပါ"

"ရော့..ဒါဆိုလဲ ဒီကယူလိုက်ပါ"



"နေပါစေဗျာ၊ ကျွန်တော်က ပြင်သစ်စီးကရက်ပဲသောက်တာ"

သူတို့နှစ်ဦး တရုတ်ပြည်အကြောင်း ယဉ်ကျေးမှု ဓလေ့ထုံးစံများ အကြောင်း ထိုင်ဆွေးနွေးဖြစ်ကြ၏။ နာရီဝက်ခန့်အကြာမှာတော့ အချင်းချင်း လက်ဆွဲနှုတ်ဆက်၍ ထွက်သွားကြလေတော့သည်။ လူစိမ်း၏ အိတ်အတွင်း၌ မိုက်ခရိုဖလင်တစ်လိပ် ပါသွားပြီဆိုသည်ကို မည်သူမျှ ရိပ်မိလိုက်ကြပေ။ ထိုလူစိမ်းမှာ စတုတ္ထဗျူရိုမှဆက်သားများ အဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးကြီးအဲလက်ဖ် ပင်ဖြစ်လေသည်။ အရပ်ရှည်ရှည်နှင့် ပုဂ္ဂိုလ်ကတော့ ပီကင်းသို့ ဖရန့်ဖူးထဲဖိုက်တွန်း သတင်းစာအတွက် ဆောင်းပါးရေးရန်ဟူသောခေါင်းစဉ်ဖြင့် ထွက်လာခဲ့သည့် ဇာတ်လိုက် ကျော်ကြီးဆာဂေးပင်။

ဤအစီအစဉ်မှာ ဘဲဒင်ကိုယ်တိုင်က အလွန်အရေးကြီးလှသဖြင့် သူတို့ခေါင်းဆောင်များကိုယ်တိုင် ဆက်သားလုပ်ရန် စေခိုင်းညွှန်ကြားထား၍ဖြစ်လေသည်။

ဂျပန်အနေဖြင့် အစဉ်အလာရန်သူဖြစ်ခဲ့သော ရုရှအား ညီရွယ်၍ ဂျာမန်နှင့် စစ်မဟာမိတ်ဖွဲ့လိုသည်။ သို့သော်လည်း အဆင်သင့်မဖြစ်မီ ဆိုဗီယက်၏ ဒေါသကိုဆွပေးသလိုဖြစ်မှာလည်း ကြောက်၏။ မန်ချူးရီးယား၌ စစ်ဖြစ်မှာကို မလိုလားပေ။ ဂျာမန်နှင့် စစ်မဟာမိတ် စာချုပ်ချုပ်ဆိုခြင်းကြောင့် ဂျာမန်မှ အနောက်ဘက်သို့ စစ်တိုက်သည့်အခါ နောက်ကျောရှိရုရှားအား ထိုးနှက်စေချင်ကာ ဂျပန်အနေဖြင့် ဆိုက်ဘေးရီးယားကိုတိုက်ပါက ရုရှအတွက် ဂျာမန်က ပူစရာ မလိုတော့ပေ။ ဤအချက်ကို သဘောမတူခဲ့ကြပေ။ ရရှိခဲ့သော သဘောတူညီမှုတစ်ရပ်ကတော့ ကွန်မြူနစ်ဝါဒကမ္ဘာမှာ မပြန့်ပွားရေး

www.burmeseclassic.com

www.burmeseclassic.com



အတွက် နှစ်နိုင်ငံလုံးမှ တားဆီးရေးဖြစ်လေသည်။ ကွန်မင်တန် ကွန်မြူနစ်ဝါဒ၏ အရေးကြီးအစိတ်အပိုင်း ဖြစ်သော်လည်း ဆိုဗီယက်၏ အစိတ်အပိုင်း မဟုတ်သဖြင့် ဆိုဗီယက်နိုင်ငံအနေဖြင့် ထိခိုက်စရာမရှိ စစ်ဖြစ်လျှင် ဂျပန်အနေဖြင့် မည်သည့်အုပ်စုမှာ ပါဝင်မည်ကို ပြသ လည်းရောက်နေလေသည်။

ပီကင်းရှိလမ်းကြားများအတွင်း တိုးကာလျှောက်လှမ်းနေရင်း ဆာဂေးတစ်ယောက် အကျေနပ်ကြီး ကျေနပ်နေလေသည်။ စတာလင် ပြောလိုက်သည့် စကားတစ်ခွန်းဖြစ်သည့် "တိုကျိုသည် ဆိုဗီယက်နှင့် ကမ္ဘာ့ဆက်ဆံရေး အချက်အခြာ" ဟူသောစကားမှာ မှန်နေ ဖြစ်လေသည်။ ဆောင်းပါးရေးရန်ကိစ္စမှာ သူ့အတွက် ဘာမှမခက်ပေ ထို့ကြောင့်လည်း ပီကင်းသို့ အသွင်ယူလာခဲ့သည့် ခရီးစဉ်ကို အားလပ်ရက် အလည်လာသည့်သဘော သတ်မှတ်ထားလိုက်လေသည်။ တိုကျိုတွင် နောက်ပိုင်းက ဘာအခက်အခဲတွေပဲ တွေ့နေစေကာမူ သူ ဂရုမစိုက်မိတော့ပေ။

······*······*······*······

# အခန်း(၆)

## ဆိုယအသွင်

ဆာဂေး တိုကျိုသို့ပြန်ရောက်လာချိန် သူ့အဖွဲ့အားလုံး ရှလျှိုလုပ်ငန်းအား ရပ်ဆိုင်းထား၍ အသွင်ယူလုပ်ငန်းတွေကိုသာ သုပ်ကိုင်နေကြကြောင်း တွေ့ရလေသည်။ ဆာဂေးတစ်ယောက် အကြီးအကျယ် ဒေါသဖြစ်သွားရလေတော့သည်။

တိုကျိုမြို့၌လည်း သတင်းအဆန်းအပြားများ ကြားနေရ လေသည်။ ၁၉၃၇ ခုနှစ် အစပိုင်းကတည်း ထိုဒေါလဟာလထင်ကြေး သတင်းများ ထွက်ပေါ်နေခြင်းဖြစ်၏။ ဘယ်သူနှင့်ဘယ်မှာ စစ်ဖြစ် တော့မည် ဟူသော ထင်ကြေးသတင်းများပင်။ ဂျပန်လူမျိုးတို့၏ ပရိုက်ကို သဘာဝကိုက တရုတ်တို့ကဲ့သို့ပင် ရုံးကိစ္စမှအပ ကျန်ကိုယ်ရေးကိုယ်တာ အားလုံး၏ လျှို့ဝှက်ချက်ကို စပ်စုချင်ကြသည့် ဓလေ့ရှိကြ၏။

ရိန်းဂိုးဘား၌ ဆာဂေးတစ်ယောက် ကဲလစ်ချ်နှင့် တွေ့ဆုံခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဒေါသထွက်နေတဲ့ ဆာဂေးက ကဲလစ်ချ်အား သတင်း ဆက်မပို့သည့်ကိစ္စအတွက် မေးမြန်းကြည့်လိုက်၏။ ကဲလစ်ချ်လည်း မျက်စိမျက်နှာပျက်ပျက်နှင့် အားလုံးပြန်ပြောပြလိုက်သည်။

ဆာဂေးမရှိခိုက်၌ စစ်ရေးကောလာဟလသတင်းများ ထွက်ပေ နေခဲ့သည်။ သူတို့အားလုံး ထိုကိစ္စအတွက် ကြိုးစားဖော်ထုတ်ခဲ့ကြ ကဲလစ်ချ်မှာ ဗြိတိန်နှင့် အမေရိကန်သံရုံးများမှ ဂျပန်သည် မန်ချူးရီးယား မှတဆင့် ဆိုက်ဘေးရီးယားသို့ အလုံးအရင်းနှင့် ဝင်မည့်သတင်းရ သည်။ ပြင်သစ်သံရုံးမှလည်း အင်ဒိုချိုင်းနားသည် ဦးစားပေးပစ်မှတ် ဖြစ်ကြောင်း သတင်းထပ်ရလိုက်၏။ အိုဇာကီနှင့် မီယာဂီတို့က ဂျပန်အစိုးရ ပေါ်လစီမှာ မန်ချူးရီးယား (သို့) တရုတ်မြောက်ပိုင်းသာ ဖြစ်ကြောင်း သိခွင့်ရခဲ့လေသည်။ ၎င်းဒေသများအား စုပေါင်း၍ မော်စကိုသို့ပေးပို့ရန် ပြင်ဆင်ခဲ့၏။ မီယာဂီမှ အစီရင်ခံစာကို အင်္ဂလိပ် ပြန်ပေး၍ ကလောဆင် လက်အပ်လိုက်လေသည်။

ကလောဆင်လည်း ဂျာမန်ကလပ်မှ နေ့လည်ပိုင်း၌ အိမ်သို့ ပြန်လာကာ စက်ဖြင့်သတင်းပို့ရန် ပြင်ဆင်လိုက်လေသည်။ စက်အသင့် ဖြစ်ချိန်တွင် အိတ်ထဲမှ ဝှက်ထားသော အစီရင်ခံစာအားထုတ်လိုက်ရာ အိတ်ထဲ၌ မရှိတော့ပေ။ ကလောဆင် ပြာသွားတော့သည်။ သေသေ ချာချာ ပြန်စဉ်းစားလိုက်မိ၏။ ကလပ်ဖွင့်ရှိစဉ်က ထိုဝှက်ထားသော စာရှိသေး၍ တက္ကစီပေါ်၌ ကျန်ရစ်ခဲ့ခြင်းပင်။ ကလောဆင်၏ မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားခဲ့လေတော့သည်။ ပျောက်ဆုံးသွားသော အိတ်ထဲ ယန်းငွေ ၂၀၀၊ သူ့ပုံနှင့် ကားလိုင်စင်၊ သူ့အလုပ်ကဒ်နှင့် ဝှက်စာ တို့ပါသွားလေသည်။ ထိုအထောက်အထားများကြောင့်ပင် ရဲများသူ့ခြေ



လိုက်လာတော့မည်ကိုတွေးရင်း လန့်နေလေတော့သည်။

ထိုအချိန်မှာပင် ကဲလစ်ချ် သူ့ဆီရောက်ချလာလေသည်။ ကလောဆင်အား အသံလွှင့် ပြီးမပြီးမေးမြန်း၏။ ပထမပိုင်း၌ ကလောဆင် ညာခဲ့သေးသော်လည်း နောက်ပိုင်းမှ အားလုံးဖွင့်ပြောပြလိုက်မိသည်။ ကဲလစ်ချ်လည်း ကြရာမရတော့။ စက်ကို သူ့အိမ်၌ ဝှက်ထားလိုက်ကာ ကလောဆင်အား နေမကောင်းဟန်ဆောင်၍ အပြင်မထွက်ရန် မှာကြားခဲ့ လိုက်လေသည်။ ထို့နောက် မီယာဂီ၊ အိုဇာကီတို့နှင့် အရေးပေါ် ချိန်းတွေ့ရတော့သည်။ ဖြစ်ကြောင်းကုန်စင် သိသွားကြချိန်၌ အားလုံး ဒေါသဖြစ်မဆုံးတော့။ အသွင်ဆောင်လုပ်ငန်းကိုသာ ဆက်လုပ်ရန်နှင့် သူလျှိုလုပ်ငန်းအား ခေတ္တရပ်နားထားရန် ကလောဆင်က အကြံပေးခဲ့ လေသည်။ ကလောဆင်နှင့်လည်း အဆက်အသွယ်ဖြတ်ထားလိုက် လေသည်။

ဆာဂေးပြန်ရောက်လာပြီးမှ ဤကိစ္စက သူ့အပေါ်သို့ဝန်ထုပ်ကြီး တစ်ခုနှယ် တာဝန်ကျလာလေတော့သည်။ ဆာဂေး ကိုယ်တိုင်လည်း ဤကိစ္စအတွက် အဖြေကိုစဉ်းစားမရခဲ့ပေ။ ကလောဆင်က ပျောက်သည့် နေ့ ညပိုင်းမှာပဲ ရဲစခန်းသို့ပစ္စည်းပျောက်ဆုံးမှုအတွက် အမှုဖွင့်ထား လိုက်၏။ သူ့ငွေနှင့်လိုင်စင်၊ အလုပ်ကဒ်အပါအဝင် အရောင်းအဝယ် ကိစ္စအတွက် အင်္ဂလိပ်လိုရေးထားသော စာပါပျောက်ကြောင်း သတင်းပို့ ထားခဲ့လေသည်။ ကလောဆင်မှာ အလွန်အမင်း ကြောက်လန့်နေပြီ ဖြစ်ကာ ထွက်ပြေးရန်အတွက်ပင် အင်နာအား အသင့်ပြင်ခိုင်းထားပြီး ဖြစ်၏။ ဤအခြေအနေတို့ကို ကဲလစ်ချ်တို့ ဘာမှမသိကြသေးပေ။

သူတို့အားလုံးအဖို့ တစ်ပတ်ကြာအောင် စိုးရိမ်သောကရောက်

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ရလေသည်။ ရဲလက်သို့ ပစ္စည်းများမရောက်ကြောင်း သတင်းအား မီယာကို ရရှိလိုက်မှ စိတ်သက်သာရာ ရခဲ့လေတော့သည်။ ကားသမားမှ ငွေကိုယူ၍ ကျန်ပစ္စည်းများအား ဖျောက်ဖျက်ပစ်လိုက်ဟန်တူသည်။ အခြေအနေက စိတ်သက်သာဖွယ် ဖြစ်သွားစေပေမယ့်လည်း ရဲများအခြေ အနေကိုတော့ စောင့်ကြည့်ရဦးမည်ဖြစ်၏။ ရဲများနှင့် ကင်ပေတိုင်များ၏ လှုပ်ရှားမှုက ဘာမှမထူးခြားခဲ့ပေ။

အဖွဲ့အားလုံး ကလောဆင်အား ဝိုင်းအပြစ်တင်ကြလေသည်။ ထို့နောက် သူလျှိုလုပ်ငန်းအား ပြန်လည်စတင်လုပ်ကိုင်ခဲ့ကြပြန်သည်။ ဆာဂေးကိုယ်တိုင် ဂျပန်တပ်မတော်၏ လှုပ်ရှားမှုသတင်းအားရယူနိုင်ခဲ့၏။ ဤသတင်းကို ဂျာမန်သံရုံး၏ညစာစားပွဲတစ်ခုမှ ဆာဂေးရရှိခြင်းပင်။

ထိုညစာစားပွဲ၌ ဂျပန်ဗိုလ်ချုပ်တစ်ဦးမှ သံအမတ်ကြီး ဒါဘင်အား–

“ခင်ဗျားတို့ အကြံပေးအဖွဲ့ကို တရုတ်ပြည်ကနေ အချိန်မီ ရုပ်သိမ်းပေးတာ တော်တော်ကောင်းတယ်၊ နို့မဟုတ်ရင် သူတို့တော်တော် ကံဆိုးသွားကြမှာ”

ထိုစကားကြောင့် သံအမတ်ကြီးပင် တော်တော်အံ့အားသင့် သွားခဲ့ရလေသည်။ ဤရုပ်သိမ်းမှုကို ဂျပန်နှင့် မိတ်မပျက်စေရန် သာမန် ရုပ်သိမ်းခြင်းဟုသာ သံအမတ်ကြီးသိရှိထားခဲ့၏။ ထို့ထက်လည်း ပို၍မသိပေ။ အကြောင်းရင်းအား ဗိုလ်ချုပ်ကိုမေးမြန်းကြည့်လိုက်တော့–

“မကြာခင် အကြောင်းရင်းမှန်ကိုသိမှာပါ၊ ခင်ဗျားကို ပထမဆုံး စပြောပါ့မယ်”

ဆာဂေးအဖို့ သည်အချက်လောက်ပဲ ရလိုက်လေသည်။



ဂျပန်ဝန်ကြီးချုပ်ဖြစ်သူ အိမ်ရှေ့မင်းသားကြီးကိုနိုရီ။ (ဒုတိယကမ္ဘာစစ်ကာလ ဒီဗီယက်သူလျှိုခ်ဆင်ရေးတွင်သူသည် အဓိကာပ ဗိဘာစ်ဦးဖြစ်ခဲ့သည်။)

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးကြီးအိုစကီနှင့် အခြားနှစ်ယောက် အခန်းတွင်းသို့ ဝင်လာလေသည်။ အိုစကီက စကား မပြောဘဲ ဆာဂေးလက်ထဲသို့ စာရွက်ကလေးတစ်ရွက် လှမ်းပေး လိုက်၏။

ညကလမ်းတွင် ဆာဂေးဆုတ်ဖြဲခဲ့သည့် စာရွက်ပင်။

"ဂျပန်လေယာဉ်တင် သင်္ဘောတပ်အမေရိကန် ပုလဲဆိပ်ကမ်းကို တိုက်တော့မည်။နိုဝင်ဘာ ဒီရက် အာရုံတက်ချိန်ဖြစ်သည်။သတင်းစိစစ်ရရှိသူ—ဂျိုး"

သူ့အချစ်ရဆုံး ကချေသည်မလေး ကီယိုမီ တစ်ယောက် ဆာဂေးအပေါ် သစ္စာဖေါက်သွားလေပြီ။



ထို့ကြောင့်လည်း နောက်တစ်နေ့ နံနက်မှစတင်ကာ ဆာဂေးတစ်ယောက် ဂျပန်ဒိုမီ သတင်းစာရုံးခန်း အပြင်ဘက်များတွင် ကော်ဖီသောက်ရင်းမှ သ်ချုပ် စကားအားပြောပြကာ သတင်းကွင်းဆက်ကို ဆက်ရှာ ခဲ့လေတော့သည်။

ဂျပန်တပ်မတော်၏ ကန့်လန့်ကာနောက်ကွယ်မှ လုပ်ရပ် များအား သိရှိနိုင်ရေးအတွက် ဂျာမန်သံရုံးတဝိုက်တွင် ဆာဂေးအဖို့ ၂ လနီးပါးကြာအောင် သတင်းစုဆောင်း နေခဲ့ရလေသည်။ သံအမတ်ကြီး နှင့်လေးကြိမ်ခန့် ဝင်တွေ့ပေမယ့်လည်း ဘာသတင်းမှဆက်မရခဲ့။ ထို့ကြောင့်ပင် သူ့လူများအား လုံခြုံရေးကိုဘေးချိတ်ကာ အတင်းပင် သတင်းရအောင် ရှာခိုင်းလေတော့သည်။ သူတို့ထံမှလည်း ဘာသတင်းမှ ထပ်မရခဲ့ပေ။

ထိုအချိန်မှာပင် အိုဇာကီအား တရုတ်ပြည်ရေးရာတွင် ကျွမ်းကျင်မှုကြောင့် တရုတ် ဂျပန်ဆက်ဆံရေးတွင် အစိုးရ၏ အထူး အရာရှိအဖြစ် ခန့်အပ်လိုက်လေသည်။ သူ့တို့အတွက် အခွင့်ကောင်းတစ်ခု ရလိုက်ခြင်းပင်။ အစိုးရက တောင်းဆိုခြင်းဖြစ်၍ သတင်းစာတိုက် ကလည်း ခွင့်ပြုခဲ့ရလေသည်။

ပျောက်ဆုံးနေသည့် ကွင်းဆက်ကို ရနိုင်တော့မည်ဖြစ်၍ ဆာဂေးတို့အဖို့ အထူးတလည် ဝမ်းသာခဲ့ရလေတော့သည်။

အိုဇာကီ အလုပ်စဝင်ပြီး ၂ လခန့်အကြာမှာပင် သတင်း ကွင်းဆက်ကို ရရှိလာတော့သည်။ ဖေဖော်ဝါရီ အရေးအခင်းပြီးကတည်း က အစိုးရနှင့် စစ်ဦးစီးအဖွဲ့မှ စစ်ရေးတိုးချဲ့မှုဝါဒကို ခွင့်ပြုခဲ့ သည်။ စစ်ဦးစီးအဖွဲ့မှ မြောက်ဘက်ပိုင်းရှိ ရုရှားပြည် ဆိုက်ဗေးရီးယား

www.burmeseclassic.com

www.burmeseclassic.com



ကုန်းပြင်နှင့် ကြွယ်ဝသော တရုတ်ပြည်မြောက်ပိုင်းအား နိုင်ငံယှဉ်ကြ ကြ၏။ အရှေ့ဖျားနိုင်ငံများကိုပါ ထည့်သွင်းကြည့်ခဲ့လေသည်။ နောက် တရုတ်ပြည်နှင့်အရှေ့ဖျားနိုင်ငံများက အလေးသာသွားခဲ့၏။ ထို့ကြော လည်းစစ်ရေးကျူးကျော်မှုအား တရုတ်ပြည်ဘက်သို့ လှည့်ခဲ့လိုက်ခြ ပင်ဖြစ်သည်။

အိုဇာကီအဖို့ ဤနယ်ချဲ့ဝါဒကြောင့် အတော်ပင်လန့်သွား မိလေသည်။ ကမ္ဘာစစ်ပင် ဖြစ်လာစေနိုင်သည့် ဤအကျိုးမရှိလေသော လုပ်ရပ်ကို အတတ်နိုင်ဆုံးပြောင်းလဲပစ်ရန်အတွက် မျိုးချစ်စိတ်ဖြ ဆုံးဖြတ်ချက်ချခဲ့လေတော့သည်။

ဤကိစ္စအား ဖြစ်သလိုလုပ်ကာ အစွဲဟောင်းမပြင်လိုသ အရူးများစီစဉ်သော စစ်ဆင်ရေးဟု အိုဇာကီက စွပ်စွဲခဲ့လေသည် ကော်မတီသို့ အကြံပေးတင်ပြခဲ့သော်လည်း စီမံကိန်းပင်ပြုလုပ်ပြီး ဖြစ်နေ မဖြစ်နိုင်တော့ကြောင်းသာ အကြောင်းပြန်လာလေသည်။

အိုဇာကီလည်း ဆာဂေးအား အစည်းအဝေးပြုလုပ် တင်ပြလိုက်၏။ မကြာမီကပင် အဖွဲ့များအား စုဝေးခဲ့ပြီးဖြစ်သ မကြာခဏစုစည်းပါက အန္တရာယ်ရှိသောကြောင့် ဆာဂေးက လက်မခံ ပေ။ သို့သော်လည်း ဂျပန်၏ရှေ့ရေးအတွက် များစွာမှပင် စိတ်မကော ဖြစ်နေခဲ့သည့် အိုဇာကီက အတင်းပူဆာ၍သာ လိုက်လျောခဲ့ရလေသည်

အစည်းအဝေး၌ အိုဇာကီက ဂျပန်၏ အရေးကိစ္စအား ပြ ပြောပြခဲ့လေသည်။ အားလုံးပင် နှုတ်ဆိတ်နေကြလေသည်။ ဆာ တစ်ယောက်သာ တစ်စုံတစ်ရာကို စိတ်ဝင်စားပြီး ကြည်လင်နေပုံရ သူသည် အစွဲအလန်းကြီးသော ကွန်မြူနစ်ဝါဒီအဖြစ် ဒုတိယမျက်နှာ တပ်ဆင်ထားလေသည်။ အိုဇာကီအား စိုက်ကြည့်လိုက်ပြီး ဆာဂေး ယောက် ဝါဒဖြန့်မိန့်ခွန်းကြီး ပြောလေတော့သည်။ ကွန်မြူနစ်ဝါဒ၏ ဂတ်အား ပြောပြ၏။ တရုတ်တွင် ဂျပန် နစ်မွန်းနေပါက ဂျပန်နိုင်ငံ ကွန်မင်တန်တို့ ဝင်လာနိုင်ဖို့ အခြေအနေပေးသလို ဖြစ်လာကြောင်းနှင့် တ်တွင် ဂျပန်တို့ ဒုက္ခရောက်ခဲ့ပါက ဆိုဗီယက်တို့အား တိုက်ရန် နိုင်တော့ကြောင်းပါ ရှင်းပြလိုက်၏။

အိုဇာကီလည်း ဆာဂေးစကားကြားမှပင် ရွှင်ပြလာလေတော့ သည်။ သူသဘောပေါက်လာ၍ ဖြစ်၏။ သတင်းဆက်ကို ခက်ခဲစွာ ပ်းရှာဖွေခဲ့ရပြီး ယခုမှ အဆင်ပြေတော့မည်ဖြစ်ကြောင်း ရယ်မော ပြောလာလေတော့သည်။

ညဉ့်နက်လေ အားလုံး ပျော်ရွှင်လာလေလေပင်။ ဂျပန်၏ ဝက်တံတိုင်းကို ဒုတိယအကြိမ် အောင်မြင်စွာ ထိုးဖောက်နိုင်ခဲ့၍ ၏။ သူတို့ အဖွဲ့ဝင်တစ်ယောက်ပင် ဂျပန်အစိုးရအဖွဲ့၏ အတွင်းပိုင်းသို့ က်ခဲ့သည်အထိ အောင်မြင်ခဲ့ကြလေသည်။ ဆာဂေးတစ်ယောက် သတင်းအား မော်စကိုသို့ ပို့ချင်သော်လည်း စက်ပျက်နေ၍ ချက်ချင်း ခဲ့ပေ။ သို့သော်လည်း ဂျပန်တို့ နယ်ချဲ့အမိန့်မထုတ်မီ ၆ ပတ် တော၍ ကြိုတင်ပို့နိုင်ခဲ့လေသည်။

နောက်တစ်ပတ်ခန့်အကြာ၌ အိုဇာကီတစ်ယောက် ဝန်ကြီးချုပ် နှင့် တွေ့ခွင့်တောင်း၍ အစိုးရအဖွဲ့သို့ သူ့အကြံဉာဏ်အား ၏။ ကိုနိုရီ လက်ခံလိုက်၍ အိုဇာကီမှာ များစွာပင် အံ့အားသင့်သွား သည်။ ကိုနိုရီက အစိုးရအဖွဲ့နှင့် အာဏာပိုင်များသို့ ဆက် ပေးကာ လက်မခံလျှင်ပင် စစ်ကြေငြာမည့်အချိန်ကို ဆွဲထား၍

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက် ပြင်နိုင်အောင် လုပ်ပေးမည့်အကြောင်း ပြန်ပြောခဲ့ လေသည်
ထို့ကြောင့်လည်း အိုဇာကီအနေနှင့် များစွာမှပင် ဝမ်းမြောက်ဝမ်းသ
ဖြစ်ခဲ့ရလေတော့သည်။

သို့သော် အချိန်သာကြာမြင့်ခဲ့ပြီး အစိုးရအဖွဲ့၏ အစီအ
မှာတော့ ပြောင်းလဲမသွားခဲ့ပေ။ ထိုအချိန်မှာပင် ထူးခြားသေ
ဇာတ်လမ်းတစ်ခု ဖြစ်လာခဲ့လေသည်။ မော်စကိုမှ ရရှိလိုက်သေ
သတင်းအတွက် ခိုးကျူးလိုက်ပြီး အစီရင်ခံချက် အပြည့်အစုံအား ရှန်ဟဲ
ဆက်သားဖြင့်လာပေးရန် ညွှန်ကြားလိုက်၏။ ဆာဂေးအနေဖြင့် မကြ
တရုတ်အား စစ်ကြေငြာတော့မည်ဖြစ်၍ သူ့အဖွဲ့သားများအား ဂျပန်
ရှိနေစေချင်သည်။ သို့သော်လည်း ရှန်ဟဲသို့ပို့ရန် ဆက်သ
ရှာရတော့သည်။ အိတ်ပျောက်ထားသည့် ကလောဆင်ကို အပြစ်ပေးသ
အနေဖြင့် အင်နာအားပို့ခိုင်းရန် စိတ်ကူးမိ၏။ စိတ်ချရအော
ကလောဆင်ကိုပါ ထည့်ပေးလိုက်လေသည်။

ကလောဆင်မှာ ဆာဂေးအမိန့်ကို နာခံခဲ့ရသော်လည်
အရက်ဘားများ၌ စိတ်ပျက်စွာ သွားသွားထိုင်နေလေတော့သည်။

အင်နာနှင့်ကဲလစ်ချ်တို့လည်း များမကြာမီမှာဘဲ တိုကျိုသို့
ရောက်လာခဲ့ကြလေသည်။ အချိန်တို့ကြာမြင့်လာသည်အထိ ဂျပန်တပ်
တရုတ်ကိုမတိုက်သေး၍ မော်စကိုမှသတင်းအားပြန်စီစစ်ရန် ညွှန်ကြ
ပြန်သည်။ ဆာဂေးအနေဖြင့် သူ့အားမယုံကြည်ခြင်းအတွက် အလွန်အ
ဒေါသထွက်ခဲ့မိလေသည်။ သို့သော် တပည့်များအား ဤသတင်း
ပတ်သက်၍ ဘာမှထပ်မမေးခဲ့ပေ။ တပည့်များအား သူယုံကြည်သ
သူ့အပေါ်မှာလည်း သစ္စာရှိရန် သူတောင်းဆိုထားခဲ့၍ပင်ဖြစ်လေသ



ဇူလိုင်လ (၇) ရက်နေ့ နံနက်ပိုင်း အာရုံတက်ချိန်မှာပင်
နှန်တပ်များ မာကိုပိုလို တံတားမှဖြတ်ကာ တရုတ်ပြည်အတွင်းသို့
ဆင်တောင်ပမာ ဖြန့်ချီတက်လေတော့သည်။ ၎င်းစစ်ဆင်ရေးအား
ရုတ်အရေးအခင်းဟု ခေါ်ဆိုကာ အသားဝါချင်း သတ်ပုတ်ပွဲလည်း
စ်လေသည်။ ထိုအချိန်မှာပင် တိုကျိုမြို့ရှိ သူလျှိုငါးဦးတို့မှာ
တြီးအကျယ် ပျော်ရွှင်အောင်ပွဲခံနေကြလေတော့သည်။

ဂျပန်အား ဗြိတိန်၊ အမေရိကန်နှင့် ပြင်သစ်တို့က မည်သို့
ပြန်မည်ကို မသိကြသေးပေ။ ထို့ကြောင့် ဤကိစ္စအတွက် ကဲလစ်ချ်
နားစုံစမ်းစေခဲ့၏။ အိုဇာကီလည်း အစိုးရအဖွဲ့အား အနောက်နိုင်ငံများ၏
သဘောထားကို သိရှိနိုင်ရန် ဝေဖန်မှုများ ပြုလုပ်ခဲ့လေသည်။

ဂျာမဏီက ဤကိစ္စနှင့် ပတ်သက်၍ သူတို့အား ကြိုတင်
သိပေးသင့်သည်ဟု ယူဆ၏။ အမေရိကန်ကမူ တရုတ်၌ စီးပွားရေး
ာင်းနေစဉ် ဂျပန်က ဖျက်သည်ဟုဆိုကာ ကန့်ကွက်ခဲ့ပြီး အင်္ဂလိပ်နှင့်
င်သစ်တို့လည်း သူ့အားထောက်ခံရန် တောင်းဆိုလိုက်၏။ ဆာဂေးနှင့်
လစ်ချ်တို့မှာ သံရုံးများ၌ ပွဲလန့်တိုင်း ဖျာခင်းနေလိုက်လေတော့သည်။

အင်္ဂလိပ်နှင့် ပြင်သစ်တို့က စောင့်ကြည့်ပါဒကို စွဲကိုင်၍
မေရိကန်၏ တောင်းဆိုချက်အား ငြင်းပယ်ခဲ့လေသည်။ နောက်ပိုင်း
င်္ဂလိပ်တို့ပါ နစ်နာလာခဲ့သဖြင့် အမေရိကန်ဘက်မှ ဝင်ထောက်ခံခဲ့
ာသည်။ ထိုကိစ္စအား ဂျပန်က ရာဇသံဟုယူဆကာ ပယ်ချခဲ့
တော့သည်။ ဂျာမဏီထံမှ ဘာသံမှမကြားရပေ။

ဂျပန်တို့က ၎င်းတို့အားကန့်ကွက်သည့် နိုင်ငံများဆီသို့
ဦးတည်လိုက်လေသည်။ ဆိုက်ဘေးရီးယားအား ကျော်ခြင်းကာ

www.burmeseclassic.com

www.burmeseclassic.com



ပစိဖိတ်ဘက်သို့ စစ်ဦးလှည့်လိုက်၏။ ဆာဂေးတို့က ဂျပန်သည် အမေရိကန်အား သင်ခန်းစာပေးရန် ပစိဖိတ်ဒေသသို့ စစ်ဦးလှည့်ကြောင်း နှင့် မြောက်ပိုင်းရှိ ဆိုဗီယက်သို့ လှည့်မည်မဟုတ်ကြောင်း မော်စကိုသို့ သတင်းပို့လိုက်လေသည်။

ဆာဂေး၏အဖွဲ့သည် ယခုအခါ၌ ဂျပန်၏တန်ပြန် ထောက်လှမ်း ခြင်းမခံရဘဲနှင့် လုပ်ကိုင်ခဲ့ကြသည်မှာ (၄) နှစ်ပင်ရှိလာခဲ့လေပြီ အတိတ်က ရရှိခဲ့သောအောင်မြင်မှုများနှင့်အတူ ယခုလက်ရှိတွင်လည်း လုံခြုံမှုရှိကာ အနာဂတ်တွင်လည်း စိတ်ချစရာ များနှင့် ၁၉၃၈ ခုနှစ်သို့ ရောက်ခဲ့လေတော့သည်။ ဆာဂေးတို့မှာ နှစ်တိုင်းပင် မော်စကိုနှင့် နှစ်သစ် ခွန်းဆက်လေ့ရှိသလို တစ်နှစ်လုံး၏ အစီရင်ခံစာပေါင်းချုပ်နှင့် ရှေ့နှစ်အတွက် တစ်နှစ်တာခန့်မှန်းခြေ ငွေစာရင်းကိုပါ ပို့လေ့ရှိသည်။

ကလောဆင်တစ်ယောက် ကဲလစ်ချ်အိမ်မှ ရေဒီယိုကိုယူ၍ သူ့အိမ်သို့ပြန်လာခဲ့ရာ လမ်းတွင် ဒုက္ခရောက်လိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ လမ်း၌ ရဲက ရေဒီယိုထုပ်အား အောက်ချခိုင်း၍ ဘေး၌ဝင်ထိုင်ကာ မေးခွန်းများ မေးလေတော့သည်။ ကလောဆင်လည်း ကြောက်ကြောက် နှင့်ကြိုးစားဖြေနေရ၏။ ကားလိုင်စင်နှင့် လုပ်ငန်းကဒ်ပြား ထုတ်ပြတော့ ပင်လွှတ်လိုက်လေသည်။ ဆာဂေးလည်း အိမ်ပြန်ရောက်လာသည် ကလောဆင်အား အတန်ကြာအောင် စိတ်ငြိမ်သက်သွားသည်အထိ အနားယူခိုင်းလေသည်။ ရဲနှင့်တွေ့ဆုံခြင်းမှာ ကံဆိုး၍ပင်ဖြစ်ပြီး ဆာဂေး ဘာမှအပြစ်မတင်ခဲ့ပေ။ ကျန်အဖွဲ့ဝင်များကမူ နိမိတ်မကောင်း သော ပိုင်းဝေဖန်ကြလေသည်။

ဒိုဇာကီမှာ မုန်တိုင်းကို ဗယ်ပြုနေသော တရုတ်ပြည် (CHINA FACING THE STORM) ဟူသော စာအုပ်ကို ရေးသားထုတ်ဝေ ခဲ့ကာ အလွန်နာမည်ကြီးသွား၏။ ထိုစာအုပ်ထဲ၌ တရုတ်အရေးအခင်း အားဆန့်ကျင်သည့် သူ့အာဘော်နှင့် စစ်ဝါဒီအား ရှုတ်ချချက်များလည်း ပါဝင်လေသည်။ ယင်းစာအုပ်ကြောင့်ပင် ဒိုဇာကီမှာ တရုတ်ရေးရာ ကျွမ်းကျင်သူဖြစ်လာခဲ့လေသည်။



မည်သည့်အချိန်ကမျှ ဆိုဗီယက်အနေဖြင့် သူလျှိုများအား ယခုလောက်ကြာအောင် တိုင်းတပါး၌ မဖွဲ့စည်းထားခဲ့ပေ။ ဆာဂေးတို့ အဖွဲ့သာ တိုကျိုတွင် အကြာမြင့်ဆုံးနေထိုင်ခဲ့ရလေသည်။ လေးနှစ် အတွင်းမှာပင် အံ့ဩဖွယ်ကောင်းလောက်အောင် ထိုးဖောက်အောင်မြင် ခဲ့ပြီးခဲ့လေသည်။ မော်စကိုနှင့် ဗလာဒီဗော့စတော့သို့လည်း မှန်မှန် ဆက်သွယ်နိုင်ခဲ့လေသည်။ သူလျှိုအလုပ်မှာ တစ်ယောက်အမှား လုပ်သည်နှင့် အားလုံးသေနိုင်သည့် အလုပ်ပင်။ ကလောဆင်တစ်ယောက် သည်လိုက်ကဲ့သို့ပင် ဒုက္ခကို ရှာဖွေနေသူဖြစ်လေသည်။

တရုတ်အရေးအခင်းမှာ ကမ္ဘာ့နိုင်ငံခြားရေးဝါဒအား များစွာပင် ထိခိုက် ပေါက်ကွဲစေလေသည်။ ဆာဂေးအတွက် သတင်းကြီးရရှိရေး အတွက် ဒိုဇာကီကို အားကိုးရသလို ဂျပန်ကလည်း သူ့တပ်မတော်အား တရုတ်ကြားမှ ဆွဲထုတ်နိုင်ရန် ဒိုဇာကီကိုပင် အားကိုးခဲ့လေသည်။ ဂျပန် တပ်မတော်သည် တရုတ်မြောက်ပိုင်းအား မြန်မြန်သိမ်းပိုက်ကာ တောင်ပိုင်းသို့ မြန်မြန်ပင် ဆင်းလာချင်နေသည်။ ပထမပိုင်းနေဖြင့် မြောက်ပိုင်းကို လျှင်လျှင်မြန်မြန် အောင်မြင်ခဲ့ပြီး ဒုတိယပိုင်း တောင်ဘက်သို့ ချီရာတွင်တော့ မအောင်မြင်တော့ပေ။ တရုတ်ပြည်သည် ကျယ်ဝန်းသော နယ်နိမိတ်နှင့် အလွယ်တကူ မဖြတ်ကျော်နိုင်သော

www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းများက ကန့်လန့်ဖြတ် ခံနေလေသည်။ တရုတ်ကွန်မြူနစ်တပ်၊ အမျိုးသားတပ်နှင့် အစိုးရတပ်များက ဂျပန်ကိုသုံးပွင့်ဆိုင်ပြိုင်တိုက်ကြလေသည်။

တောင်တန်းများဖြတ်ကျော်စဉ်တွင် တရုတ်တပ်များအား ရင်ဆိုင်မတွေ့ရဘဲ နောက်ကဝင်တိုက်ခံနေရသည် ချည်းပင်။ ချီတက်ရခရီးရှည်၍လည်း ထောက်ပံ့မှုပြဿနာက ပေါ်ပေါက်လာလေသည်။ ခရီးရှည်ကြီးအတွင်း တပ်ဖြန့်ထားရ၍လည်း အင်အားပြန့်ကျဲရောက်နေလေသည်။

အရှေ့ဂျပန်အာဏာပိုင်အဖွဲ့မှ ဝန်ကြီးချုပ်အား မြောက်ပိုင်းတရုတ်ပြည်အရေးနှင့် ပတ်သက်၍ အထူးအဖွဲ့အား ပီကင်း၌ ဖွဲ့စည်းပေးရန် တင်ပြလာလေသည်။ ယင်းအဖွဲ့တွင် အစိုးရအဖွဲ့၏ အတွင်းဝန်ချုပ်က ဥက္ကဋ္ဌ ပြုလုပ်ရမည်ဖြစ်ပြီး လစ်လပ်သွားသော အတွင်းဝန်ချုပ်နေရာ၌ အိုဇာကီအားခန့်အပ်ရန် ထောက်ခံတင်ပြကြ၏။ ဝန်ကြီးချုပ်ကလည်း အိုဇာကီအား သိပြီးဖြစ်၍ လက်ခံလိုက်လေသည်။ ဤသို့ဖြင့် အိုဇာကီတစ်ယောက် အစိုးရအဖွဲ့၏ အတွင်းဝန်ချုပ် ဖြစ်လာခဲ့လေတော့သည်။

ဤအကြောင်းအား ဆာဂေးမှမော်စကိုသို့ ဝမ်းသာစွာဖြင့် ဖုန်း၍ သတင်းပို့ခဲ့၏။ အိုဇာကီ၏ ကိုယ်လုံးတပိုင်းပုံတူကို ဆွဲစေကာ ညစာစားပွဲ၌ ဂုဏ်ပြုလက်ဆောင်အဖြစ် ပေးခဲ့လေသည်။ အိုဇာကီလည်း ဝမ်းသာကျေးဇူးတင်နေလေသည်။

ထိုအချိန်တွင် ပြင်သစ်၌လည်း ဗောက်ကဲလစ်၏ နာမည်ကြီးနေချိန်ဖြစ်သည်။ ပြင်သစ်အစိုးရ၏ သတင်းဌာနဖြစ်သော ဟားဗတ်စ်က တိုကျိုသတင်းဌာနအတွက် **အထူးသတင်းထောက်အဖြစ် ကမ်းလှမ်း**



လာသဖြင့် လက်ခံခဲ့လေသည်။ ဤသို့ဖြင့် ပြင်သစ်သံရုံးအမှုထမ်း တစ်ပိုင်းဖြစ်လာခဲ့သလို နာမည်လည်းကြီးလာခဲ့လေသည်။

အထက်လွှာပိုင်းတွင် ပိုမိုဝင်ဆန့်လာသည်နှင့်အမျှ သတင်းများလည်း ပိုမိုရရှိလာကာ သတင်းစိစစ်ရန်လည်း အချိန်ပိုယူခဲ့ရ လေသည်။ မိယာဂီကစစ်သတင်းမှန်သမျှ စုဆောင်းပေးလေသည်။ တပ်မများ၏ လှုပ်ရှားမှု၊ ရေတပ်များရွေ့လျားမှုနှင့် လေယာဉ်သစ်များ အုပ်အသစ်ဖွဲ့စည်းမှု လေ့ကျင့်ရေးအစီအစဉ်နှင့် အရံတပ်များ စုဆောင်းမှုသတင်းများအား ရယူပေးခဲ့၏။ တိုက်လေယာဉ်အုပ် ၂ ခုအတွက် တံဆိပ်များ ရေးဆွဲပေးရသည်အထိ အရေးပါအရာရောက်ခဲ့လေသည်။ စစ်ဗိုလ် ကတော်များ၊ မိန်းကလေးများနှင့် ဆွေမျိုးများအတွက်ပါ ပုံတူရေးဆွဲ ပေးခဲ့ရလေသည်။ နောက်ပိုင်းတွင် စစ်အရာရှိပွဲလမ်းသဘင်များ၊ ဗိုလ်လောင်းကျောင်းဆင်းပွဲ၊ သဘောရေချပွဲ၊ လေတပ်သစ္စာအဓိဋ္ဌာန် ပြုပွဲများသို့ပါ တက်ရောက်ခွင့်ရခဲ့လေသည်။

အင်နာနှင့် အတိအစ်ကိုအား မကြာခဏလွှတ်၍ ဆက်သားလုပ်နိုင်းကြည့်ရာ ကြာသော် ဂျပန်တို့ သံသယမဖြစ်တော့ပေ။ မိန်းမနှစ်ယောက်လည်း အတွင်းခံဘောင်းဘီတွင်း၌ မိုက်ခရိုဖလင်ထုတ်များထည့်သွားကြ၏။ အောင်မြင်မှုရခဲ့ကြလေသည်။ တစ်ခေါက်တွင် အင်နာက ပြန်ရောက်ရောက်လာခြင်း ဆာဂေးနှင့် တွေ့ချင်ကြောင်း ခွင့်တောင်းခဲ့၏။

တွေ့ဆုံသောအခါ အင်နာက ရှန်ဟဲ၌ သူမကြုံတွေ့ခဲ့ရမှုအတွက် ပြန်လည်တိုင်တန်းလေတော့သည်။

ရှန်ဟဲရှိ နန်းတော်ဟော်တယ်၌ ကြိုတင်စီစဉ်ထားသည်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း တွေ့ခဲ့ကြလေသည်။ အခန်းထဲအရောက်၌ သူမက အတွင်းခံဘောင်းဘီတွင်းမှ ဖြုတ်ရမည်ဖြစ်၍ တစ်ဘက်လှည့်နေရန်ပြောရာ လူစိမ်းဆက်သားက ကိစ္စမရှိပါဘူးဟုပြော၍ တစ်ဘက်လှည့်နေကြောင်း၊ အင်နာဘောင်းဘီချွတ်သောအခါတွင် ပြန်လှည့်ကြည့်ပြီး ရယ်နေလေသည်။ အင်နာလည်း ပစ္စည်းကိုပစ်ပေး၍ ပြန်ထွက်ရာထိုလူကအတင်း ဝင်လုံးလေတော့သည်။ အင်နာတစ်ယောက် ဗလကောင်း၍သာ ထိုသူအလျော့ပေးလိုက်ပြီး အထုပ်တစ်ခုပြန်ပေးလိုက်လေသည်။ အထုပ်ထဲ၌ ဒေါ်လာ (၅၀၀၀) ပါလေသည်။ ထို့ကြောင့်ပင်အင်နာက နောက်တစ်ခါ မလုပ်ပေးလိုတော့ကြောင်း ပြောပြလာလေသည်။ ကလောဆင်ပါ မိန်းမဘက်လိုက်၍ သူ့ကိုကန့်ကွက်လာလေသည်။ ဆာဂေးမှ နောက်တစ်ခါ အခန်းတွင်း၌ ၂ ယောက်တည်းမတွေ့ရအောင် လုပ်ပေးမည်ဟုသာ ပြန်ပြောခဲ့လေသည်။ ကလောဆင်တစ်ယောက် ဗျူရိုကို အံ့တုသည်မှာ နှစ်ကြိမ်ရှိသွားပြီဖြစ်သည်။ ယခုလည်း အင်နာကြောင့်ပင်။ ထို့ကြောင့်လည်းပြန်အာခံသည့် ကလောဆင်သည် သူ့အဖွဲ့တွင် အပျော့ညံ့ဆုံးပဲဖြစ်လိမ့်မည်ဟု ဆာဂေး မှတ်ထားလိုက်လေတော့သည်။

သတင်းစာဆရာနှင့် သူလျှိုအလုပ်နှစ်ခု လုပ်ကိုင်ရာ၌ ဆာဂေး၏ အရည်အချင်းကောင်းတစ်ရပ်မှာ ဂျပန်လူမျိုးတို့၏ ယဉ်ကျေးမှုနှင့် သမိုင်းကို နှံ့နှံ့စပ်စပ် သိထားခြင်းဖြစ်သည်။ သူ၏ အစီရင်ခံစာ၌ ဂျပန်ယဉ်ကျေးမှုကို စေ့စေ့စပ်စပ်မလေ့လာခဲ့ပါက၊ သုတေသနမပြုခဲ့ပါက တာဝန်ကိုပြီးမြောက်အောင်လုပ်နိုင်ဖို့ခက်ပါကြောင်း၊ အနှောင့်အယှက်မရှိဘဲ လုပ်ဖို့လည်းခက်ပါကြောင်းရေးခဲ့လေသည်။ ဆာဂေးမှာ သူ့ကွန်ယက်ကို ကျယ်ပြန့်သင့်သလောက် ကျယ်ကျယ်ပြန့်ပြန့် မတိုးချဲ့နိုင်၍ မကျေနပ်နိုင်ခဲ့သေးပေ။



မန်ချူးရီးယားနယ်စပ်၌ ဂျပန်တပ်များက စပ်ကြားမြေကိုဖြတ်၍ သွေးတိုးစမ်းနေ၏။ တရုတ်ပြည်မြောက်ပိုင်း၌လည်း အခြားဂျပန်တပ်တစ်ခုက လှုပ်ရှားနေလေသည်။ ပီကင်းတွင် ဂျပန်၏ ရုပ်သေးအစိုးရကိုလည်းတင်ထားပြီးဖြစ်လေသည်။ ဤဒေသ၌ ဆာဂေးက ကိုယ်စားလှယ်တစ်ယောက်ထား၍ စစ်တပ်လှုပ်ရှားမှု၊ ထောက်ပံ့မှု၊ နောက်ဆုံးပေါ်စစ်လက်နက်ပစ္စည်းနှင့် ဂျပန်ဩဇာသက်ရောက်မှု သတင်းများအားစုဆောင်းနေလေသည်။ ယင်းအတွက် ဖုနာကိုရှိဟိစာအို ဟူသော ကူမင်တန်ကိုစွဲ၍ ကူညီနေသော သတင်းစာဆရာကို အသုံးပြုရန်သတိရ၏။

သူသည် ဟောင်ကောင်၌ ဂျပန်သတင်းစာတိုက်တစ်ခု၏ ကိုယ်စားလှယ်လုပ်နေကြောင်း သိထားလေသည်။ ဖွန်လတွင် ဆာဂေးသည် ထိုသူနှင့်သွားတွေ့ရန် ထွက်ခွာမည်ဖြစ်ပြီး ခရီးစဉ်မှာ တစ်ပတ်မျှကြာမည်ဖြစ်၏။ အိုဇာကီနှင့် မိယာဂိုတို့နှစ်ဦးသာ ဆာဂေး ဟောင်ကောင်သွားသော ကိစ္စအမှန်ကို သိကြလေသည်။

*****

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

**ဗီနပ်ထဲကဆူး**

ဆာဂေးတစ်ယောက် ဟောင်ကောင်ဟိုတယ်သို့ ရောက်သည်နှင့် ဘောင်းဘီချွတ်လိုက်ကာ ခါး၌ပတ်ယူလာသည့် မိုခရိုဖလင် (၁၅) လိပ်အား ရှုံးလက်ဆွဲအိတ်တွင်း ထည့်ထားလိုက်ပြီး အနားယူလိုက်၏။ တစ်နာရီခန့်ကြာမှပင် ယင်းလက်ဆွဲအိတ်ကိုဆွဲကာ ဟိုတယ်ခန်းမ ဆောင်၌ သွားရပ်နေလိုက်လေသည်။ ပါးစပ်၌လည်း မီးမညှိရသေးသော ဆေးတံကိုခဲ၍ တမင်မြင်သာအောင်ရပ်နေခြင်းဖြစ်သည်။ ခဏအကြာ မှာတော့ မီးမညှိရသေးသည့် ဆေးပြင်းလိပ်ကို ကိုင်ထားသူတစ်ဦး ဆာဂေးအနားသို့ မယောင်မလည်နှင့် ရောက်လာလေသည်။ **ထိုအချိန်** မှာပင် ဆာဂေးလည်း ဆေးတံကို မီးညှိလိုက်လေသည်။ ဆေးပြင်းလိပ် ကိုင်ထားသူကလည်း လိုက်မီးညှိ၏။ ပြီးအပြင်ထွက်သွားတော့သည်။ ဆာဂေးလည်း ထိုလူနောက်သို့ ခပ်သုတ်သုတ်ပင် လိုက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှလျှောက်နေသူက ခုံအလွတ်တစ်ခုမှာ ဝင်ထိုင်လိုက်၏။ ဆာဂေးလည်း ထိုသူနံဘေးမှာဝင်ထိုင်ရင်း လက်ဆွဲအိတ်ကို ၂ ခုယောက်ကြား၌ ချထားလိုက်လေသည်။ ၁၀ မိနစ်ခန့်ဘာစကားမှ မပြောကြဘဲ ခေါးလိပ် ထိုင်သောက်နေလိုက်ကြ၏။ ထို့နောက် ဆာဂေးနံဘေးမှ လူသည် လက်ဆွဲအိတ်ကိုဆွဲကာ ထွက်သွားလေတော့သည်။ ဆာဂေးလည်း ဆန့်ကျင်ဘက်အရပ်သို့ တန်းထွက်ခဲ့လိုက်လေသည်။ ဤနည်းဖြင့်ပင် ဆိုဗီယက်မှ ဆက်သားနှင့်ဆာဂေးတို့၏ ဆက်သွယ်မှု အောင်မြင်သွားလေတော့သည်။ ဆက်သား ယူဆောင်သွားသည့် ဖလင်လိပ်အတွင်းတွင် ဆာဂေး၏ ဂျပန်တို့သိမ်းပိုက်ထားသော တရုတ်ပြည်အတွင်း သူလျှိုကွန်ယက်တိုးချဲ့ရန် အသေးစိတ်စီမံချက်ပါ ပါဝင်သွားလေသည်။

နောက်တစ်နေ့တွင် ဆာဂေးတစ်ယောက် ဖူနာကိုရှိနှင့် တွေ့ဆုံခဲ့၏။ ဟော်တယ်၌ပင် နေ့လည်စာအတူစားကြလေသည်။ နေ့လည်စာစားအပြီး ပြန်ထွက်လာကြချိန်၌ ဖူနာကိုရှိမှာ ဆိုဗီယက် အထောက်တော် ဖြစ်သွားခဲ့လေတော့သည်။

ရက်သတ္တပတ် ၆ ပတ်ကြာသော် ဖူနာကိုရှိသည် ဂျပန် တပ်မတော်၏ တရုတ်ပြည်ဌာနချုပ်ရှိရာ ဟန်ကိုးမြို့တွင် တရုတ်ပြဿနာ စုံစမ်းရေးဌာန ဖွင့်ခဲ့လေသည်။ တရုတ်ရေးရာအတွက် ဂျပန်သတင်းစာက ဖွင့်ခြင်းပင်။ သုံးလအကြာတွင် ဖူနာကိုရှိအား ဂျပန်၏ဆက်သွယ်ရေး အရာရှိအဖြစ် တိုကျိုကထောက်ခံကာ ခန့်အပ်ခဲ့လေသည်။ တပ်နီတော်၏ သူလျှိုတစ်ဦးကို ဂျပန်၏ တရုတ်စစ်ဌာနချုပ်ရှိ စီမံရေးဌာနတွင် တရားဝင် ခန့်အပ်ခံခဲ့ရခြင်းပင်။ ဤခန့်အပ်မှုမှာ ဆာဂေးအတွက် ကြီးမားသော



အောင်မြင်မှုတစ်ရပ်လည်း ဖြစ်ခဲ့လေသည်။

ဖူနာကိုရှိက သူ့ဌာနကို ဖွင့်လိုက်ချိန်တွင် မိယာဂျိမှ တိုကျိုရှိ ဦးစီးအရာရှိများက ဂျပန်တပ်မတော်အတွက် တရားဝင်သတင်းထုတ်ပြန်နိုင်ရန် သတင်းဌာနခွဲလိုအပ်သည်ဟု တို့ထောင်ပေး၏။ ယင်းများယောင်းမှုက အကွက်ဝင်သွားခဲ့လေသည်။ အိုဇာကီကလည်း အစိုးရအဖွဲ့ဝင် ဖြစ်နေပြီဖြစ်၍ ဤအချက်များအား လက်ခံခဲ့လေသည်။ ဤနည်းဖြင့် ဖူနာကိုရှိ အလုပ်ရခဲ့ခြင်းပင်။ ဖူနာကိုရှိက တရုတ်ပြည်နှင့် မန်ချူးရီးယားရှိ ဂျပန်တပ်များ၏သတင်းအား အဆက်မပြတ် ပေးပို့သလို ဆာဂေးကလည်း တိုကျိုမှတဆင့်ရုရှားသို့ ထပ်ပို့နိုင်ခဲ့လေသည်။

ဖူနာကိုရှိ၏ လက်ထောက်မှာ တောင်ပိုင်းမန်ချူးရီးယား မီးရထားလမ်းများအား စစ်ဆေးသူအရာရှိ နကာနီရှိကို (Nakanishi Ko) ဆိုသူပင်ဖြစ်သည်။ သူသည် မန်ချူးရီးယားအုပ်ချုပ်ရေး၌ အရေးပါသူတစ်ဦးလည်းဖြစ်၏။ လမ်းပန်းဆက်သွယ်ရေးအားလုံးကို ကွပ်ကဲရကာ ကွမ်တုန်တပ်မတော် (KWANTUNG ARMY) ထောက်လှမ်းရေးအဖွဲ့နှင့်လည်း ပူးပေါင်းဆောင်ရွက်ရသူဖြစ်သည်။

ရထားလမ်းတစ်လျှောက်၌ ထောက်လှမ်းရေးအလုပ်သမား ၂၀၀၀ နီးပါး ခန့်အပ်ထားလေသည်။ ထိုသူတို့မှာ ဆက်သွယ်ရေး လမ်းကြောင်းတစ်လျှောက် ရိက္ခာ၊ လက်နက်နှင့်တပ်အင်အား မည်မျှ တင်ပို့နိုင်သည်ကိုစုံစမ်းရ၏။ ဆိုဗီယက်၏ အခြေခံစစ်စခန်းများ အခြေအနေကိုပါ တိုးချဲ့ထောက်လှမ်းခဲ့လေသည်။ နကာနီရှိကိုမှာ ယင်းအဖွဲ့၏ ဩဇာရှိပုဂ္ဂိုလ်တစ်ဦးပင်။ ၎င်းမှ ရရှိသောသတင်းများအား ကွမ်တုန်တပ်မတော်ကိုပေးသလို ဖူနာရှိကိုသို့လည်း ပေးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖူနာရှိကိုကတဆင့် ဆာဂေးထံရောက်လေသည်။

တပ်နီတော်အတွက် လုပ်ကိုင်သည်ဟုမသိဘဲနှင့်လုပ်ပေးနေကြသောအခြားလက်ထောက် သူလျှိုများလည်း ရှိနေသေး၏။ ၎င်းတို့မှာ မီယာကီနှင့် အိုဇာကီတို့ သိမ်းသွင်းထားသော ဂျပန်များပင်ဖြစ်လေသည်။

ဆိုဗီယက်အတွက် စစ်အတွင်းကာလက သူလျှိုလုပ်ပေးခဲ့သည့် ဂျပန်၊ ကနေဒါ၊ အင်္ဂလိပ်သစ္စာဖောက်များမှာ ဆိုဗီယက်ယူနီယံ၏ ကြံရွယ်ချက်နှင့် ကွန်မြူနစ်ဝါဒ လောကနိဗ္ဗာန်ကို ယုံကြည်ကြကြောင်း ကနေဒီယန်စစ်ခုံရုံးက တွေ့ရှိခဲ့လေသည်။

သို့သော်လည်း အိုဇာကီနှင့် မီယာကီတို့မှာ ၎င်းတို့ပင်ခန့်ထားခဲ့မိသည့် လက်ထောက်တစ်ဦးကြောင့် အတော်ပင် ဦးနှောက်စားကာ ဒုက္ခတွေ့ခဲ့ရလေသည်။ သူတို့အား သစ္စာဖောက်ကာ တိုင်တန်းမည်ဟု အတင်းအကြပ်လုပ်လာသူမှာ ကာဝိုင်တိတ်ကီချိဆိုသူပင်။ ရှန်ဟဲ ဂျပန်အမျိုးသားလုပ်ရှားမှု၌ နှစ်ပေါင်းများစွာ အဖွဲ့ဝင်တစ်ယောက် ဖြစ်ခဲ့သူလည်းဖြစ်၏။ ထို့ကြောင့်ပင် ယုံကြည်စိတ်ချရသူဟု အထင်ခံရသူ ဖြစ်လာခဲ့ခြင်းပင်။ ၁၉၃၆ ၌ဂျပန်သို့ ကာဝိုင်ပြန်ရောက်လာပြီး အိုဇာကီထံ အလုပ်တောင်း၏။ အိုဇာကီမှာ ကာဝိုင်အား အလုပ်လုပ်ချင်သူမဟုတ်ဘဲ အချောင်သာ ငွေရချင်သူဖြစ်ကြောင်း သိ၏။ ထို့ကြောင့်ပင် ကာဝိုင်အား ဆောင်းပါးရေးရန်အတွက် သတင်းအားကြည်းတပ်၊ ရေတပ်နှင့် အပေါ်စားအရက်ဆိုင်များတွင် အခပေး၍ရှာခိုင်း၏။ သတင်းမယ်မယ်ရရ တော့မရခဲ့ချေ။ ငွေသာခဏခဏတောင်းနေ၍ မီယာကီ စိတ်မရှည်တော့ ဆာဂေးအားပြောပြရန် ဆုံးဖြတ်ခဲ့လေသည်။

ကာဝိုင်မှာ အိုဇာကီထံသို့လည်း တပတ်လျှင် ၃-၄ ကြိမ်



သွားသွားတွေ့၏။ ထို့ကြောင့် မိတ်ဆွေများမှ အိုဇာကီအား သံသယ ဖြစ်လာနိုင်သည်ဟု ဆာဂေးအား ရှင်းပြခဲ့လေသည်။ ဆာဂေးက အိုဇာကီအား ကာဝိုင်၏ အသုံးဝင်မှုအား ပြန်မေးခဲ့လေသည်။ အသုံးမကျ သော်လည်း လေ့ကျင့်ပေးပါက သုံး၍ရနိုင်ကြောင်း အဖြေပေးမိ၏။ အနည်းဆုံး စိတ်ချရပါသည်ဟု ဝန်ခံလိုက်သည်။ ကမ္ဘာ့အရေးကို ဆောက်နိုးမှန်ကန်စွာ ထုတ်နိုင်ခဲ့သူ အိုဇာကီတစ်ယောက်မှာ ကာဝိုင်နှင့် ဆွေ့မှ လှုကဲခတ်မှားသွားခြင်းပင်။

သို့နှင့် ကာဝိုင်အား မီယာကီလက်အောက်သို့ ပြောင်း၍ ခိုင်းစေသည်။ လစာကို အိုဇာကီကပင်ပေးခဲ့၏။ သို့သော် ကာဝိုင်က အိုဇာကီထံသွား၍ ငွေတောင်းနေသည်ကိုသာ တွေ့ရလေသည်။ အိုဇာကီမှာ သနားတတ်သူဖြစ်၍ ငွေပေးနေခဲ့လေသည်။ မီယာကီက သည်းမခံနိုင်တော့ဘဲ ကာဝိုင်ကို ငွေပေး၍ အဆက်ဖြတ်ခဲ့လေသည်။

သို့သော် ကာဝိုင်က အာဏာပိုင်များအား သတင်းပေးလိုက်မည်ဟုခြိမ်းခြောက်ကာ ငွေထပ်တောင်း၏။ ဆာဂေးလည်း ဤအဖြစ်ကြောင့်ပင် သူ့အဖွဲ့နှင့် တိတ်တဆိတ် တွေ့ဆုံဆွေးနွေးခဲ့ရလေသည်။ မီယာကီနှင့်ကလောဆင်က လူငှား၍ အပျောက်ရှင်းဖို့ အကြံပေးခဲ့၏။ ဘဲလစ်ချ်ကြောင့် ဤအကြံပျက်ပြားသွားရလေသည်။ လူသတ်လျှင် ပြဿနာပေါ်လာနိုင်၍ဖြစ်၏။ ဤသို့ဖြင့် ကာဝိုင်၏လှုပ်ရှားမှုအား စောင့်ကြည့်အထားစုဆောင်း၍ မှတ်တမ်းတင်ရန် ဆုံးဖြတ်ခဲ့ကြလေသည်။ ဤစာဖြင့် ကာဝိုင်အား ပြန်ခြိမ်းခြောက်ရန်ဖြစ်လေသည်။

ကာဝိုင်တစ်ယောက် ရှန်ဟဲ၌ အမှုမပေါ်သေးသည့် ဂျပန်တစ်ယောက်အား သတ်သည့်အမှုတွင် ပါဝင်နေလေသည်။ ၎င်းအမှု

www.burmeseclassic.com

www.burmeseclassic.com

ကွင်းဆက်အား ဆာဂေးတို့ ရရှိလိုက်၏။ ဤအချက်ဖြင့်ပင် ကာဝိုင်အား ပြန်လည် ချုပ်ကိုင်လိုက်နိုင်လေသည်။ ကာဝိုင်အား မီယာကိုကငွေပေး၍ ရှန်ဟဲသို့ပို့လိုက်၏။ ဤနည်းဖြင့် ကာဝိုင်၏ခြိမ်းခြောက်ခံရမှုမှ ကင်းလွတ်ခဲ့ရတော့သည်။

ဆာဂေးလည်း လုံခြုံရေးကို ပြန်တင်းကြပ်ခဲ့လေသည်။ ထိုအချိန်တွင် ကွမ်တုန်တပ်မတော်တွင် တပ်များရုတ်တရက် လှုပ်ရှားမှု ဖြစ်လာချိန်လည်းဖြစ်၏။ ဆာဂေးလည်း စိုးရိမ်ပြီး မော်စကိုသို့ ဤသတင်းအား ပို့လိုက်၏။ ဤသတင်းကြောင့် ဆိုက်ဘေးရီးယား တပ်မတော်ပင် အလန့်တကြား ဖြစ်ခဲ့ရလေတော့သည်။ သာမန် စစ်လှုပ်ရှားမှုအသေးအဖွဲ့အား အနက်ကောက်လွဲသွားခြင်းပင်ဖြစ်သည်။ ဆာဂေးဘဝအတွက် အကြီးမားဆုံးအမှားတစ်ခုပင် ဖြစ်ခဲ့လေသည်။ ဂျပန်သမိုင်းတွင်လည်း တန်ပြန်ထောက်လှမ်းရေးလုပ်ငန်းအား ပြန်၍ ဖိဖိစီးစီး စေ့စေ့စပ်စပ် တိုးတက်လုပ်ဆောင်လာသည်ကို တွေ့ရပြန်လေသည်။

•••••✱•••••✱•••••✱•••••

## အခန်း(၈)

### မှု ဘက်ကြောင်းပေါ်လာခြင်း

မီယာကိုသည် သူရရှိလာသည့်သတင်းများအား ကာဝင်ဘားတွင် ...အား စောင့်ဆိုင်းနေသည့် ဆာဂေး၊ ကလောဆင်နှင့် ကဲလစ်ချ်တို့အား ...တွေ့ကာ ပြန်ပြောပြ၏။

သတင်းမှာ တရုတ်ပြည်မှ ခြေလျင်တပ်မနှစ်ခုနှင့် ဂျပန်မှ ...တော်ယာဉ် တပ်မတစ်ခုအား မန်ချူးရီးယားသို့ပို့ရန် အမိန့်ထုတ်ပြန် ...သည့်သတင်းပင်ဖြစ်သည်။ ယင်းသတင်းအား စစ်ဦးစီးအဖွဲ့ဝင်အရာရှိ ...စ်ဦးထံမှ ဖတ်ခဲ့ရကြောင်းနှင့် ၎င်းအရာရှိမှာ သူ၏သတင်းပေး ...ကြောင်းများအားပြောပြ၏။

သတင်းကြားပြီးချိန်မှစ၍ ဆာဂေးတို့အားလုံး ငြိမ်သက် ...ကြ၏။ ကြားရသည့်သတင်းအရဆိုလျှင် ဆိုက်ဘေးရီးယားသို့ ...လစ်ဝင်တိုက်နိုင်သည်ဟု ထင်မြင်ယူဆနိုင်လေသည်။ အကယ်၍ ...တို့ထင်မြင်ယူဆထားသလို ဖြစ်လာခဲ့ပါက ဆိုက်ဘေးရီးယား

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်အနေဖြင့် စစ်ရှုံးနိုင်သလို နယ်စပ်တွင် အေးချမ်းပါသည်ဟု သူတို့ပို့ထားခဲ့သည့် သတင်းမှာလည်း အချည်းနှီးပင်ဖြစ်ပေတော့မည်။ ထို့ကြောင့် သူတို့အားလုံး ၄ နှစ်လုံးလုံး လုပ်ခဲ့ရသည့်အလုပ်မှာလည်း ပျက်စီးခြင်းသို့ ရောက်သွားနိုင်လေသည်။

ထို့ကြောင့် ဆာဂေးလည်း ဤသတင်းနှင့်ပတ်သက်၍ မှန်မမှန်ကိုအတည်ပြုပေးရန်အတွက် အိုဇာကီအား စေခိုင်းလိုက်လေသည်။ ရက်များသာကုန်ဆုံးသွားခဲ့၏။ အိုဇာကီထံမှ ဘာသတင်းမှမရခဲ့။ ထို့ကြောင့်ပင် ဆာဂေးမှာစိတ်တိုနေရတော့သည်။ ထိုအချိန်မှာပင် မီယာကို ထံမှသတင်းတစ်ပုဒ် ဆာဂေးရခဲ့ပြန်လေသည်။ သတင်းအရ အိုဇာကီ တစ်ယောက် ကြည်းတပ်မှတပ်ကြပ်ကြီးတစ်ဦး နှင့်တွေ့ဆုံခဲ့ကြောင်း။ ၎င်းမှပြောကြားသည်မှာ သူနှင့်သူ့အပေါင်းအသင်းများသည် အသင့်အနေအထားပြုလုပ်နေရကြောင်းနှင့် မန်ချူးရီးယားသို့သွားရမည်ဟုထင်ကြောင်း သတင်းပင်။ ရရှိသည့်သတင်းအား ဆာဂေးအနေဖြင့်ဆုံးဖြတ်ချက်ပေးရန်သာရှိတော့၏။ မူလရရှိထားသောသတင်းအား ထပ်မံအတည်ပြုလာသည့်သဘောအသွင်ပင်။

ဆာဂေးလည်း ဤသတင်းအား ဝက်စာသွင်းကာ ကလောဆင်အားရေဒီယိုအသင့်ပြင်ခိုင်း၏။ ထို့နောက် ကလောဆင်အား ဗိုင်ဘာဒင်သို့ အောက်ပါအတိုင်း ကြေးနန်းပေးပို့စေခဲ့လေသည်။

*ဂျပန်များ ကွမ်တုန်တပ်မတော် (KWANTUNG ARMY) သို့တပ်မအသစ်များနှင့် အင်အားဖြည့်နေသည်။ သတင်းစာ အတည် မပြုနိုင်သေး။*

ရမ်ဆေး



ယင်းသတင်းနှင့် ပတ်သက်သောသတင်းများကို စာလုံး ၅၀၀ ဖြင့် ကလောဆင်က ၆ ရက်အတွင်း အချိန်ခွဲ၍ပို့ပေးခဲ့၏။ ထိုသတင်းမှာ ဆာဂေးအတွက် အများဟုဆိုနိုင်လေသည်။

ဂျပန်လျှို့ဝှက်ဌာန၏ တန်ပြန်သူလျှိုအဖွဲ့မှာ ကလောဆင် ပေးပို့နေသည့် လျှို့ဝှက်အသံလွှင့်ချက်များအား ရေဒီယိုအသံလှိုင်းရှာကိရိယာဖြင့် ဖမ်းမိသွားပြီဖြစ်၏။ တိုကျိုမြို့အနီးမှ ဟုသာသိသေးသော်လည်း အသံရှာကရိယာမှာ ၂ မိုင်ပတ်လည်သာ ဖော်နိုင်သဖြင့် နေရာအတိအကျ မဖော်ထုတ်နိုင်သေးပေ။

ဆာဂေး ဂျပန်သို့ ပြန်မရောက်မီက ဤကဲ့သို့ လျှို့ဝှက်အသံလွှင့်ခြင်းမရှိခဲ့။ ထို့ကြောင့် အဖွဲ့ခေါင်းဆောင်မှ သူဖမ်းမိသောအသံလွှင့်ချက်များအား သူ့အထက် အရာရှိထံသတင်းပို့ခဲ့လေသည်။ မန်ချူးရီးယားတွင် တပ်မတော်၏ လှုပ်ရှားသတင်းပို့ချက်များ ဖြစ်လေသည်။ ဤသတင်းကြောင့် တန်ပြန်သူလျှိုအဖွဲ့ အကြီးအကဲ ဗိုလ်မှူးကြီးအိုစကီ (OSÁKI) လည်း အံ့ဩသွားရလေတော့သည်။

ပထမတော့ ယင်းသတင်းလွှင့်ချက်ကို မယုံကြည်ခဲ့သေးပေ။ နောက်တစ်နေ့ရသော သတင်းများကြောင့် အိုစကီ ယုံကြည်လာခဲ့လေတော့သည်။ ထို့ကြောင့်ပင် အိုစကီက တည်မြဲအမိန့်တစ်ခု ထုတ်ပြန်လိုက်လေသည်။

မည်သည့်အချိန်မဆို လျှို့ဝှက်အသံဖမ်းချက် သတင်းများအား သူ့ထံသို့ ပို့ရန်ပင်ဖြစ်သည်။ အသံဖမ်းသမားများက ပထမပိုင်းတွင် ဤလျှို့ဝှက် အသံလွှင့်ချက်များကို အားလုံးဖမ်းယူ၍မရပေ။ အနည်းငယ်သာ ရခဲ့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အိုစကီလည်း ဤသတင်းများအား ယုံကြည်လာပြီး အသံလွှင့်ချက်များအား နေ့ရောညပါဖမ်းရန် ထပ်ဆင့်အမိန့်ပေး ပြန်လေသည်။ သို့သော် ကလောဆင်အား ဆာဂေးက စာလုံး(ဖြ ပို့ပြီးတိုင်း လိုင်းလုံးအသစ်ပြောင်းပို့၍ ကြိုတင်ကာကွယ်မှု ယူခိုင်းထ ခဲ့၍လည်း တန်ပြန်သူလျှိုအဖွဲ့မှ ကလောဆင်၏ အသံလွှင့်ချက်များအ တစ်ပိုင်းတစ်စလောက်ပဲရရှိခဲ့၏။ သို့သော်လည်း အိုစကီမှာ ကျေန နေမိလေသည်။ အဘယ်ကြောင့်ဆိုသော် ဤလျှို့ဝှက်သတင်းလွှင့်နေ နှင့်အဆက်အသွယ် ရရှိနေခြင်းကြောင့်ပင်ဖြစ်လေသည်။

ဖမ်းမိသည့် ကြေးနန်းများအား တတ်ကျွမ်းသူများထံ လုံခြုံ အပြည့်ဖြင့် ထိပ်တန်းဦးစားပေးအဆင့်ဖြင့် ပေးပို့ခဲ့၏။ ကြေးန မည်မျှပင်တိုစေကာမူ ဆာဂေး၏ လုံခြုံမှုကြိုတင်ကာကွယ်ထားသည် နည်းစနစ်ကြောင့် ဝှက်စာများအား ဂျပန်တို့မဖော်ထုတ်နိုင် အခက်အခဲတွေ့နေကြရ၏။ လျှို့ဝှက်အသံလွှင့်စက် ရှိကြောင်းသာ ဂျပန် သိရှိနေကြလေသည်။

အိုစကီတစ်ယောက် တန်ပြန်သူလျှိုလုပ်ငန်းအား ပြန်လည် ဖွဲ့စည်း၍ စနစ်တကျ လုပ်ကိုင်ခဲ့လေသည်။ ဆာဂေးအဖို့ သူ့လုံခြုံမှုတ အက်ကြောင်းပေါ်နေသည်ကို မသိသေးချေ။

နှစ်ပတ်အကြာ၌ ကဲလစ်၍ ရှန်ဟဲသို့ ထွက်သွား၏။ ဟန် မြို့ရှိ ဖူနာကိုရှီက စေလွှတ်လိုက်သော ဆက်သားနှင့်တွေ့ရန်ဖြစ်သည်

သူပြန်လာချိန်၌ မန်ချူးရီးယားရှိ အချို့တပ်များအား ဂျပန် ပြန်ခေါ်မည့်အကြောင်းနှင့် ထိုနေရာသို့ တရုတ်ပြည်မှ တပ်မနစ်ခု ဂျပန်ပြည်မှတပ်မတစ်ခု နေရာချထားမည့် သတင်းများရလာခဲ့လေသည်



ထိုအချိန်၌ ဘာလင်နှင့်တိုကျိုတို့၌ ပြဇာတ်ဆန်ဆန် အဖြစ်အပျက်ကလေးများ ဖြစ်ပေါ်နေ၏။ နာဇီအဖွဲ့အစည်း၌ ဗိုလ်မှူးကြီးယူဂျင်အော့ တစ်ယောက် မျက်နှာပန်းမလှခဲ့။ ဟစ်တလာ၊ ဂိုအားရင်းနှင့် ဗိုဘဲလ်တို့ တန်ခိုးအာဏာပြိုင်နေစဉ်တွင် ဗိုလ်မှူးကြီး အော့မှာ ဆန့်ကျင်ဘက်တပ်မတော်မှ ရပ်ပေးနေရသူဖြစ်ခဲ့၏။ ထို့ကြောင့် အထက်အာဏာပိုင်အဖွဲ့မှ သူ့အားဂျပန်သို့ ပို့လိုက်လေသည်။ ထိုအချိန်၌ ဂျပန်ရှိ သံအမတ်ကြီးဗွန်ဒတ်ဆင်သည် ပန်းနာရောဂါကြောင့် အငြိမ်းစား ယူရန် ဆုံးဖြတ်နေချိန်လည်းဖြစ်၏။

ဗွန်ဒတ်ဆင်က အငြိမ်းစားယူတော့မည့်အကြောင်း ကြေငြာ လိုက်၏။ ဂျာမဏီသို့ပြန်ခဲ့ရာ လမ်းခရီး၌ ရောဂါများ သက်သာလာသဖြင့် မနီလာမှ သူ့အငြိမ်းစားကိစ္စအားပယ်ဖျက်၍ တာဝန်ပြန်ပေးရန် တင်ပြလာလေသည်။ ထို့ကြောင့်ပင်သူ့အား လန်ဒန်သံအမတ်ကြီးအဖြစ် လွှတ်လိုက်လေသည်။

ဘာလင်မှ တိုကျိုသို့ရောက်ရှိလာသော ကြေးနန်း၌ ဗိုလ်မှူးကြီးအော့အား ဗိုလ်ချုပ်အဖြစ် ရာထူးတိုးပေးကြောင်းနှင့် အခြားကြေးနန်းထဲ၌ သူ့အား သံအမတ်ရာထူး ခန့်အပ်ကြောင်းတို့ ပါဝင်ခဲ့လေသည်။

ဗိုလ်မှူးကြီးအော့ ဂျပန်တွင် သံအမတ်အလုပ် လက်ခံလိုက်ချိန်၌ ဆာဂေးတို့အဖွဲ့သားများ အားတက်လာခဲ့ကြလေတော့သည်။ ဂျပန်သံရုံး တွင်အော့နာမည်ကြီးလာသည်ကို နာဇီသတင်းစာဆရာ ဆာဂေး သိလာ ခဲ့၏။ ဆာဂေးလည်း အော့နှင့် သူ့ဇနီးဖရောင်အော့ (FRAUOTT) တို့နှင့် နံနက်စာအတူတူ သွားစားခဲ့လေသည်။ ဆာဂေး တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖရောင်အော့နှင့် ခင်မင်မှုရှိအောင် ကြိုးစားခဲ့၏။ ဇနီး၏ ဩဇာကို မလွန်ဆန်နိုင်သော အော့သည် ဆာဂေးအား အတွင်းရေးအကြပ် အရာရှိအဖြစ်ပင် ခန့်လိုက်လေတော့သည်။

ဆာဂေးအဖို့ နံနက်ပိုင်း၌ သတင်းစာများကို ကြည့်၏။ ညပိုင်း သတင်းများကိုလည်း မှတ်သားခဲ့ကာ သံရုံးသို့ ထွက်လာခဲ့လေသည်။ သံရုံးတွင် ကမ္ဘာ့သတင်းများကိုပါ ဖတ်ကြည့်လိုက်သေး၏။ (၇) နာရီ ထိုးသည်နှင့် အော့နှင့် တွေ့ဆုံကာ သတင်းများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြမှုများ ပြုလုပ်ခဲ့လေသည်။ ထို့ကြောင့်ပင် ဆာဂေးမှာ သတင်းစာ လုပ်ငန်း၌ စိတ်ဝင်စားမှုရှိသူ၊ သံရုံး၏ ယုံကြည်အားထားလာခဲ့ရသူ တစ်ဦး ဖြစ်လာခဲ့လေသည်။ ထို့ကြောင့်ပင် နောက်ပိုင်း၌ ဆာဂေးအား ပြသခွင့်မရှိသော အတွင်းရေးစာများကိုပါ ပြသလာသည်အထိ ဖြစ်လာခဲ့ လေသည်။

ဆာဂေးထံသို့ နာဇီတံဆိပ် ရိုက်နှိပ်ထားသည့် စာများလည်း မကြာခဏလာရောက်ရှိ၏။ တချို့စာများ၌ ဆာဂေးအား နာဇီပါတီ၏ နိုင်ငံခြားရေးဌာနမှ သူ့အား ဂျပန်ရှိ နာဇီဂျာမန်များ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် တာဝန်ပေးလာခဲ့လေသည်။ သို့သော်လည်း ဆာဂေးက လက်မခံခဲ့ပေ။ အကြောင်းမှာ ဆာဂေးသည် သတင်းထောက်တစ်ဦး ဖြစ်သဖြင့် ဤတာဝန်ကို လက်ခံလိုက်ပါက အခြားလူများက သူ့အား သံသယရှိလာနိုင်ကြောင်း၊ သူသည် နေ့ရောညပါ အလုပ်များကြောင်း မကြာခဏ ခရီးထွက်ရသဖြင့်လည်း ပါတီအား ခေါင်းဆောင်မှု ပေးနိုင်မည် မထင်၍ ပါတီထိခိုက်နိုင်ကြောင်းတို့အား ပြန်လည်တင်ပြခဲ့၏။ ဆာဂေး၏ တင်ပြချက်အား ဘာလင်ဌာနချုပ်ကပါ သဘောတူ ခွင့်ပြုခဲ့လေသည်။



ထိုသို့ ပါတီဥက္ကဋ္ဌရာထူးနေရာအား ငြင်းဆန်ခဲ့သဖြင့်လည်း ပါတီအပေါ် တွင်ပို၍ယုံကြည်မှုရှိသည်ဟု နာမည်ရလာကာပို၍ပင် ယုံကြည်စိတ်ချ လာခဲ့ကြလေသည်။

ဆာဂေးအနေဖြင့် ဤကဲ့သို့ ဥက္ကဋ္ဌရာထူးအား ငြင်းပယ် လိုက်သည်မှာ အကြောင်းရှိ၏။ ပါတီနိုင်ငံရေးတွင် ပါတီတွင်း၌ အချင်းချင်း မလိုမုန်းထားစိတ်နှင့် မနာလိုမှုများ ရှိသောကြောင့်ပင်။ ဤသို့ဆိုက ပြဿနာ ဖြစ်ပေါ်လာနိုင်သည်။ ထိုပြင် ပါတီတွင်းမှထက်မြက်သူ တစ်ဦးဦးက သူ၏လုပ်နည်းလုပ်ဟန်များကြောင့် မကျေနပ်မှု ဖြစ်ပေါ်လာလျှင် သူ့အား ဂက်စတာပို လျှို့ဝှက်ထောက်လှမ်းရေးဌာနသို့ ပို့ပေးလိမ့်မည်။ ဂက်စတာပိုမှ နောက်ကြောင်းအား စေ့စပ်သေချာစွာ ဖွင့်လိုက်ပါက သူ၏ သူလျှိုလုပ်ငန်းမှာ ပေါ်လာနိုင်၍ ငြင်းပယ် လိုက်ခြင်းပင်။ ဤသို့ စုံစမ်းခြင်းဖြင့် ဟန်းဘတ်ရှိ ဂျာမဏီကွန်မြူနစ် ပါတီတွင် သူဝင်ရောက်ခဲ့ပုံများပင် ပြန်ပေါ်လာပေလိမ့်မည်။ ဤအချက်ကို သူအထူးစိုးရိမ်မိ၍ ပင်ဖြစ်သည်။

သို့သော်လည်း ဆာဂေးအတွက် အနည်းငယ်စိုးရိမ်စိတ်များ ပေါ်ပေါက်လာစေခဲ့လေသည်။ သူ၏ လျှို့ဝှက်လုပ်ငန်းမှာလည်း ပြိုကွဲရန် လမ်းစပေါ်လာလေတော့သည်။ ဤကိစ္စအား တိုကျိုသံရုံး၌ အတွင်းဝန် သည်းလုပ်၍ ညှိခံရေးအခမ်းအနားမှူးအဖြစ်လည်း ဆောင်ရွက်နေသူက သိနေခဲ့သောကြောင့်ပင်။

ဂျာမဏီမှ မင်းသမီးတစ်ပါး ဂျပန်ရှိဂျာမန်သံရုံးသို့ အလည် အပတ်ရောက်လာခိုက် ကာလကဖြစ်သည်။ သူမမှာ စိန့်ပီတာဗော့တ် နန်းတော်တွင်မွေးဖွားခဲ့သော မင်းမျိုးမင်းနွယ် မင်းသမီးပင်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးဘုရင် နီကိုလပ်စ် (NIKOLAS) ၏ မျိုးရိုးမှ ဆင်းသက်လာ သူလည်းဖြစ်၏။ တော်လှန်ရေးမှ လွတ်မြောက်ခဲ့ကာ ဂျာမဏီတွင် ခိုလှုံနေရင်း ဂျာမန်သူအဖြစ်ပင် ခံယူခဲ့သူလေးပင်။ သူမအား ဒေသခံကွန်မြူနစ်များက နှောင့်ယှက်သတ်ဖြတ်မည်ကို အထူးပင်စိုးရိမ် နေခဲ့မိသူပင်။ စစ်ထောက်လှမ်းရေးမှ ဗိုလ်မှူးကြီးဘာဂျာ (COL.BERGER) ကသူမနောက်မှ အမြဲလုံခြုံရေး လိုက်ပေးနေ၍သာ သူမ သက်သာနေရခြင်းပင်။

မင်းသမီး တိုကျိုသို့ရောက်လာချိန်တွင် သံရုံးမှပြုလုပ် ကျင်းပသော ညစာစားပွဲတစ်ခုသို့ မင်းသမီး တက်ရောက်ခဲ့လေသည် ထိုညစာစားပွဲသို့ ဆာဂေးလည်း တတ်ရောက်ခဲ့၏။ ဆာဂေးအတွက် ဘာဂျာ၏ နံဘေးတွင် နေရာရခဲ့လေသည်။ ဆာဂေးလည်း သံရုံး ထောင့်တစ်နေရာ၌ မင်းသမီးနှင့် သွားစကားပြောနေလိုက်လေသည် မကြာမီမှာပင် မင်းသမီးလည်း သူမနေသည့်အခန်းသို့ လှေကား ပြန်တက်သွားလေသည်။ သူမ၏ မျက်လုံးအိမ်မှ မျက်ရည်များ စီးကျနေကာ သူမစိတ်တွင်း၌ ဆာဂေးအား မည်သို့မျှမကြေနပ်ခဲ့ ကျန်ရစ်ခဲ့သည့် ဆာဂေးအဖို့မှာလည်း ထိုနည်းတူစွာပင်။ မကျေနပ် စိတ်ဖြင့် အခန်းတွင်း၌သာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင် ကျန်နေရစ်ခဲ့လေသည်။

ဆာဂေးအနေဖြင့် မင်းသမီးအား တော်လှန်ရေးအချိန်အတွင်းက မင်းမျိုးမင်းနွယ် ဒုက္ခရောက်ခဲ့ပုံအား ကွန်မြူနစ်များဘက်မှနေ၍ ပြောမိလိုက်၏။ မင်းသမီးမှာ ကွန်မြူနစ်များအားအလွန်တရာ မုန်းတီးေ သူပင်။ ဤကိစ္စအား အခမ်းအနားအတွင်းဝန်က ဗိုလ်မှူးကြီးဘာဂျာသို့



သူ့ထင်မြင်ယူဆချက်နှင့်အတူ သတင်းပို့လိုက်မည်ဟု ကြံစည်ခဲ့မိ၏။ ဤသို့ပြောလိုက်ပြီးပါက ဘာလင်ဌာနချုပ်သို့ပင် သတင်းဆက်လက် ရောက်ရှိသွားပေလိမ့်မည်။ ထိုအခါ ဂက်စတာပိုမှ ဆာဂေးအား စုံစမ်းခြင်းတို့ ပြုလုပ်လာပေတော့မည်။ သို့သော်လည်း အတွင်းဝန် အနေဖြင့် မင်းသမီးအား ပေးထားခဲ့မိသည့် ကတိကြောင့်ပင် သတင်းမပို့ ဖြစ်တော့။ ဆာဂေးအတွက် လွန်စွာပင်ကံကောင်းသွားသည်ဟု ဆိုရမည်သာ။

သံရုံး ဒုတိယအတွင်းဝန်၏ မင်္ဂလာပွဲသို့ ဆာဂေး ထပ်ရောက် လာခဲ့ပြန်သည်။ ဤအချိန်တွင် သူ့အသက်မှာ ၄၂ နှစ်ရှိပြီဖြစ်ပြီး ကိုယ်ခန္ဓာပိန်ပိန်နှင့် အရပ်မြင့်မြင့် အနေအထားမျိုးပင် ရှိနေသေး လေသည်။ ဆာဂေးမှာ သူ့အသက်သူ့ခန္ဓာနှင့် မလိုက်အောင်ပင် ၁၈ နှစ်ခန့်ရှိ တောင်အမေရိက လုပျိုဖြူတစ်ဦးနှင့် တွေ့ဆုံရင်း စကားလက်ဆုံကျနေလေသည်။ ဆာဂေးက ဂျပန်တို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများအကြောင်း ပြောပြ၏။ အတွင်းဝန်စုံတွဲ လိုက်လံညွှန်ခံ နှုတ်ဆက်ပြီးသွားချိန်၌ သူတို့နှစ်ဦးလည်း ထိုင်ခုံမှထထွက်ခဲ့ကြ လေတော့သည်။ ညဉ့်နက်ချိန်ထိ အိမ်ပြန်မရောက်သေးဘဲ အပျော်ကြူး နေကြ၏။ သမီးရှင်များက နေရာအနှံ့ ဖုန်းဆက်မေးမြန်းခဲ့သော်လည်း ဘာအဆက်အသွယ် ဘာသတင်းမှ မရနိုင်ဘဲဖြစ်ကြရလေသည်။ နံက် မိုးလင်းမှပင် မိန်းကလေး အိမ်ပြန်ရောက်လာတော့သည်။ တစ်ပတ်ခန့် အကြာမှာတော့ ထိုမိန်းကလေးမိသားစုသည် တိုကျိုမှ ထွက်ခွာသွားကြ လေတော့သည်။

၁၉၃၈ ခုနှစ် နှစ်ကုန်ခါနီးအချိန်ထိ ဆာဂေးတို့အဖွဲ့မှာ ဂျပန်၏

www.burmeseclassic.com

www.burmeseclassic.com



စစ်အင်အားနှင့် စစ်သတင်းများအား ပေးပို့လျက်ပင် ရှိနေသေး၏။ တိုကျိုသတင်းများအပြင် တရုတ်ပြည်မြောက်ပိုင်းနှင့် မန်ချူးရီးယားရှိ သတင်းများ တပ်မများအသစ်ဖွဲ့စည်းပုံ၊ တင့်ကားတပ်များ၏ ဖွဲ့စည်းပုံ နှင့် လေယာဉ်သစ်များသတင်းကိုပါ ပေးပို့ခဲ့လေသည်။

ဤကဲ့သို့သတင်းများအား လွယ်လွယ်ကူကူနှင့် ရရှိပေးပို့နိုင်ခဲ့ခြင်းမှာ မီယာဂျီကြောင့်ပင်ဖြစ်၏။ မီယာဂျီ၏ မိတ်ဆွေမှာ ဗိုလ်ချုပ်ကြီးယူဂါကီ (General UGACI) ၏ ကိုယ်ရေးအတွင်းဝန် ဖြစ်နေခြင်းကြောင့်ပင်။ ယူဂါကီမှာ အထက်ဌာနချုပ်ရှိ အရာရှိကြီးများထဲ၌ တစ်ဦးအပါအဝင်ဖြစ်ကာ တရုတ်ပြည်ကို တိုက်ရန်အားသန်နေသူလည်းဖြစ်၏။

ဇူလိုင်လ အရောက်မှာတော့ ဦးစီးအဖွဲ့ဝင်များ တစ်ဘက်နှင့် တစ်ဘက် မပြေလည်မှုများ ဖြစ်ပေါ်လာခဲ့၏။ ဤကိစ္စအတွက် မင်းသားကိုနိုရီတစ်ယောက် ကြားဝင် ဖြန်ဖြေပေးခဲ့ရသည်အထိ ဖြစ်ပွားခဲ့ခြင်းပင်။ ထို့နောက်မှာတော့ အစိုးရအဖွဲ့ အပြောင်းအလဲ ဖြစ်ပေါ်လာခဲ့လေသည်။ ဗိုလ်ချုပ်ကြီးယူဂါကီမှာ အစိုးရအဖွဲ့သစ်၌ ပါဝင်လာခဲ့သူတစ်ဦးဖြစ်၏။ ထို့ကြောင့်လည်း မီယာဂျီ၏မိတ်ဆွေမှာ အာဏာပိုရှိလာခဲ့ရလေသည်။

ထို့ကြောင့်လည်း မီယာဂျီအတွက် သတင်းများပိုမိုရရှိခဲ့လေသည်။ ဆာဂေးပင် အံ့သြခဲ့ရသည်အထိ သတင်းများရခဲ့၏။ ဆာဂေးပင် "ဤရရှိသော စစ်သတင်းများမှာ မှန်ကန်ကြောင်း" ဟုလာဒီဗော့စတော့သို့အာမခံ၍ ပေးပို့နိုင်ခဲ့လေသည်။ အချို့သောသတင်းများအား စက်ဖြင့်ပို့၍ အချို့အား ဆက်သားဖြင့် ပို့ပေးခဲ့လေသည်။

ဤအတွက် အင်နာက ဆက်သားအဖြစ် တာဝန်ယူခဲ့ရ၏။



အင်နာတစ်ယောက် ပန်းတစ်စီးကို ပခုံးတွင်ချိတ်ကာ အထုပ်ကို ချိုင်းတွင်ညှပ်၍ ဆန်ဆန်စတိုးဆိုင်၏ ကောင်တာအနီး၌ ရပ်နေခဲ့၏။

ထိုအချိန်မှာပင် ကုတ်အင်္ကျီကြယ်သီးပေါက်နေရာတွင် ပန်းနီနီထိုးထားသောလူတစ်ယောက် အင်နာ့ရှေ့ ရောက်လာကာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေလေသည်။ ထိုလူ ပစ္စည်းဝယ်မည့်အလုပ်၌ အင်နာက လှည့်ပြန်ဟန်လုပ်၏။ ထိုသူနှင့် မျက်နှာချင်းဆိုင်တိုက်မိသွားကာ အင်နာ့ထံမှအထုပ်တစ်ခု ကြမ်းပြင်ပေါ်ကျသွားလေသည်။ ထိုလူလက်ထဲမှလည်း အထုပ်တစ်ခု ကြမ်းပေါ်လိုက်ကျသွား၏။ နှစ်ဦးသား အထုပ်ချင်းများကောက်ကာ ဆိုင်တွင်းမှ ထွက်သွားကြလေတော့သည်။

အင်နာမှာ မိန်းမများ အလှပြင်သည့်အခန်းသို့ ဝင်လိုက်ကာ အထုပ်အားဖြေကြည့်၏။ အထုပ်ထဲမှ ဒေါ်လာ (၅၀၀၀) အား သူမ၏ လက်ပွေ့အိတ်တွင်း ထည့်လိုက်ကာ ရှန်ဟဲဘဏ်တိုက်သို့ ထွက်လာခဲ့လေသည်။ ဘဏ်တိုက်ရှိ ကလောဆင်၏ငွေစာရင်း၌ ယင်းငွေများ ထည့်သွင်းပေးလိုက်၏။ အလုပ်ကိစ္စအားလုံး ပြီးပြတ်ပြီဖြစ်၍ တိုကျိုသို့ ပြန်ရန် စီစဉ်နေလေတော့သည်။

ဆာဂေးတစ်ယောက်မှာ သံရုံး၌ ဩဇာညောင်းသူတစ်ဦးပင် ဖြစ်နေလေပြီ။ ဒုတိယအတွင်းဝန်ကိုပင် မွန်ဂိုလီးယားသို့ စေလွှတ်နိုင်သည်အထိ ဩဇာညောင်းခဲ့၏။ ဆာဂေးက ဒီဇင်ဘာလအတွင်း တစ်ခုသော ညနေတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပနေကျဖြစ်သည့် ပါတီပွဲတစ်ပွဲ ကျင်းပခဲ့လေသည်။ ပါတီမှာ ကြီးကျယ်ခမ်းနားလွန်းလှ၏။ ထို့ကြောင့် ကြည်းတပ် ရေတပ်မှ ဗိုလ်ချုပ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်များနှင့် သူကြွယ်များပါ ပါဝင်ခဲ့လေသည်။ အလှာပေါင်းစုံပင်။ ဤပါတီ၌

www.burmeseclassic.com

www.burmeseclassic.com



ဆာရေးတို့အဖွဲ့ဝင် (၈) ဦးစလုံးပါ တက်ရောက်ခဲ့ကြ၏။ ဆာဂေးတို့အနေဖြင့် ဂျပန်အသိုက်အဝန်းတွင် ဩဇာညောင်းမှု ပိုရှိလာစေရန် ရည်ရွယ် ဖန်တီးခဲ့ခြင်းပင်။ ဖန်တီးခဲ့သလိုပင် ဆာဂေးတို့ကလည်း အောင်မြင်အောင် ကြိုးစားအကောင်အထည် ဖော်နိုင်ခဲ့ကြ၏။ ညနက်ချိန်တွင် ဆာဂေးတို့အဖွဲ့နှင့် ဂျပန်ထိပ်တန်းအရာရှိ တစ်ဒါဇင်ခန့်တို့ တိုကျိုမြို့ထဲသို့ ထွက်ခဲ့ကာ အထက်တန်းကျသည့် မိန်းမပျက်များနှင့် ပျော်ပါးခဲ့ကြလေသည်။ ဤအချိန်မျိုး၌ အရက်ပြိုင်သောက်လေ့ရှိသည့် အလေ့အထမှာ ဂျပန်တို့၏ အစဉ်အလာတစ်ရပ်ပင်။ နှစ်စဉ်နှစ်တိုင်းပင် ဆာဂေးပဲ အနိုင်ရစမြဲပင်။ ဂျပန်အသိုက်အဝန်းထဲ၌ ဆာဂေး၏ ဩဇာအာဏာ အနည်းငယ် ညောင်းစပြုနေပြီလည်းဖြစ်၏။

ဆာဂေးတို့အနေဖြင့် ဤသို့ ဂျပန်စစ်ဘက် အကြီးအကဲများနှင့် လေးစားကြည်ညိုမှုရအောင် မည်မျှဖန်တီးစေကာမူ သူတို့၏ သူလျှိုလုပ်ငန်းမှာ မကြာမီမှာပင် အက်ကြောင်းပေါ်လာတော့မည်ကို သူတို့ မရိပ်စားမိခဲ့ကြ။

ဂျပန် တန်ပြန်ထောက်လှမ်းရေးအဖွဲ့၏ ကွပ်ကဲသူ ဗိုလ်မှူးကြီး အိုစကီက နိုင်ငံခြားရှိ ဂျပန်သူလျှိုများအား အိမ်ရှင်အစိုးရများ အနေဖြင့် ဂျပန်တို့၏ အကြံအစည်များအား မည်မျှသိနေသည်ကို စုံစမ်းဖော်ထုတ်ရန် အမိန့် ထုတ်ပြန်လိုက်လေတော့သည်။

•••••*•••••*•••••*•••••

အခန်း (၉)

## [ဂျ]ပန်တန်ပြန် ထောက်လှမ်းရေးခြေလှမ်း

မြူးနစ်တွေ့ဆုံပွဲအပြီးတွင် ဂျာမန်၊ အင်္ဂလိပ်၊ ပြင်သစ် စသော [ဥ]ရောပနိုင်ငံကြီးများကြား၌ အချင်းချင်း ဆက်ဆံရေး တင်းမာလာခဲ့[က]ြလေသည်။ ရန်စောင်လာမှုများကြောင့်လည်း စိုးရိမ်စိတ်များပါ [ဝ]င်နေခဲ့ကြ၏။ သံရုံးအချင်းချင်းလည်း ခပ်မှန်မှန်သာ ဆက်ဆံလာကြ[တေ]ာ့သည်။ အမေရိကန်က အင်္ဂလိပ်၊ ပြင်သစ်နှင့် ဂျာမန်တို့အပေါ် [စေ]ာင့်ကြည့်အနေ စောင့်ကြည့်နေခဲ့လေသည်။

ဆာဂေးမှာမူ စစ်ရိပ်စစ်ငွေ့များအား မသိကျိုးကျွံပြု၍ [ဂရုမ]ထိုင်လျက်ရှိ၏။ သံရုံးချင်း ဆက်ဆံရေးတင်းမာလာမှုကိုလည်း [လ]ျစ်လျူရှုကာ [တ]ာဝန်ထမ်းဆောင်နေခဲ့လေသည်။ အင်္ဂလိပ်တို့က တရုတ်ပြည်အပေါ် ဂျပန်တို့ [ကျူး]ကျော်မှုအတွက် ဂျပန်တို့အား မကျေနပ်နိုင်ကြ။ အမေရိကန်တို့ ကလည်း [ထ]ိုနည်းတူစွာပင်။ ဆိုဗီယက်တို့အတွက်မှာမူ ဆာဂေး၏ သတင်းပို့ချက် [ကေ]ာင်းမှုကြောင့် တပ်နီတော်အား အသင့်ပြင်ထားကာ ဂျပန်အား

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ရန် ဆိုက်ဘီးရီးယားသို့ စစ်ကူများပို့ခြင်းဖြင့်သာ အလုပ်ရှုပ်နေလေသည်။

ဆာဂေး၏အသိ၌ စစ်ဖြစ်နိုင်သည့် အခြေအနေရှိလာကြောင်း သိနေပြီဖြစ်၏။ သို့သော်လည်း ဆာဂေးသည် ဤအခြေအနေမျိုးမှာပင် သူ၏ အိမ်ကလေး၌ ပါတီတစ်ခုပေးနေလိုက်သေး၏။ ဂျပန်အရာရှိများနှင့် အရက်ပြိုင်သောက်ကြ၏။ သို့သော်လည်း ဆာဂေးမှာ ဂျပန်အရာရှိများကဲ့သို့ အလွန်အကျွံမမူးခဲ့ပေ။ ဂျပန်တို့ပြန်သွားသည်နှင့် ဆာဂေးက မိန်းမပျက်များအိမ်သွားမည်ဟု ကြေညာကာ ကျွန်(၄)ယောက်နှင့်အပြင်ထွက်သွားကြလေသည်။ မကြာခင်မှာပင် အားလုံးအိမ်သို့ ပြန်ရောက်လာကြကာ သူလျှိုလုပ်ငန်းအတွက် တိုင်ပင်ဆွေးနွေးကြလေသည်။

ဆာဂေးက သူ့အဖွဲ့သားများအား လုံခြုံရေးသတိ အမြဲရှိရန် ထပ်မံသတိပေး ပြောကြားလိုက်၏။ ထို့နောက် ဆိုဗီယက်သို့ ပေးပို့လိုက်သည့် သူ့အစီရင်ခံစာနှင့်ပတ်သက်၍ သူ့အမြင်အား ရှင်းလင်းချပြလေတော့သည်။

(၁) ပြင်သစ်နှင့် ဂျာမဏီ တစ်နှစ်အတွင်းတွင် စစ်ဖြစ်နိုင်သည်။

(၂) ၁၉၃၉ ခုနှစ် ဆောင်းရာသီ၌ စစ်ပွဲစတင်လျှင် အကောင်းဆုံးဟုထင်မြင်သည်။

(၃) ဗြိတိန်သည် ပြင်သစ်ဘက်က ဝင်ရောက်ကူညီနိုင်သည်။

(၄) ဂျာမန်ကလည်း ဂျပန်အား ဝင်ရိုးတန်းနိုင်ငံများဘက်မှ ဝင်ရောက်ကူညီရန် သွေးဆောင်လိမ့်မည်။

(၅) တရုတ်ပြည်တောင်ဘက်ကို ဂျပန်တို့ ဝင်တိုက်လိုက်သလို ဆိုဗီယက် အန္တရာယ်ကိုလည်း ဂျပန်မှဂရုစိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုမှပင် ဂျာမန်လူမျိုး ဆာဂေးမှာအမှန်တကယ်ပင် ရုရှားသူလျှိုတစ်ဦးဖြစ်နေမှန်း ဂျာမန်သံအမတ်ကြီးသိလိုက်ရလေတော့သည်။

အဆိုးဆုံးအချက်မှာ သူ့ထံမှလျှို့ဝှက်သတင်းများအားဆာဂေးရသွားခဲ့ခြင်းပင်။

ထိုသတင်းအရ ဂျာမန်တို့စစ်ရှုံးကာ ရုရှားတို့အနိုင်ရသွားသည်ကို သိလိုက်ရပြီး သံအမတ်ကြီး အံ့ဩသွားခဲ့ရလေသည်။

(၆) ဆိုဗီယက်၏ အန္တရယ်အတွက် ဂျာမဏီမှ ကာကွယ်ပေးမည့်အကြောင်း ဂျပန်-ဂျာမန် စေ့စပ်ဆွေးနွေးထားသည်။

(၇) ဆိုဗီယက်အနေဖြင့် ဂျပန်အပေါ်တွင် မန်ချူးရီးယားကိစ္စနှင့်ပတ်သက်၍ စိုးရိမ်နေမည်။

(၈) ဂျပန်သည် ဗြိတိန်နှင့် အမေရိကန်တို့၏ အရှေ့ဖျား ကိုလိုနီနယ်များကို အာရုံစိုက်နေကြောင်း ဆိုဗီယက်အား ရှင်းပြရန်လိုသည်။

(၉) တရုတ်အရေးအခင်းကြောင့် ဂျပန်နှင့် အမေရိကန်တို့ရန်သူသဖွယ် ဖြစ်လာနိုင်သည်။

(၁၀) ဗြိတိန်-ဂျပန်ဆက်ဆံရေး အားနည်းနေပြီး နောက်ဆုံး ဂျပန်အနေဖြင့် ဝင်ရိုးတန်းနိုင်ငံများနှင့် ပူးပေါင်းသွားလိမ့်မည်ဟုယူဆသည်။

ဆာဂေး ဤသတင်းများပို့လိုက်သောအခါ တန်ပြန်ထောက်လှမ်းရေးအဖွဲ့မှ ဗိုလ်မှူးကြီးအိုစကီ အလုပ်ရှုပ်သွားတော့သည်။ ...မ်းမိထားသော စာရွက်များမှာ ဝှက်စာကျွမ်းကျင်သူများပင် မည်သို့မျှ ...လည်ဖော်ထုတ် နိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့်ပင် အိုစကီလည်း ...ဖြတ်ချက်တစ်ခုချကာ စာ(၃)စောင် ရေးသားခိုင်းခဲ့တော့သည်။

ပထမစာ၌ ဂျပန်ပြည်တွင် သူလျှိုတစ်ဦး (သို့) သူလျှိုများအခြေပြုနေသည်ကို မိမိတို့ တန်ပြန်ထောက်လှမ်းရေးအဖွဲ့မှ သိရှိခဲ့ရ...သော်လည်း အသေအချာ ဖော်ထုတ်နိုင်ခြင်း မပြုနိုင်သေးကြောင်း ပါရှိကာ...င်းစာအား စစ်ဝန်ကြီးထံပေးပို့လိုက်၏။

ဒုတိယစာတွင် နိုင်ငံခြားရောက် ဂျပန်သူလျှိုများအား ရှင်းတို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသောနိုင်ငံမှ အစိုးရအနေဖြင့် ဂျပန်နိုင်ငံ၏ အကြံအစည်နှင့် စစ်ဆင်ရေး စီမံကိန်းများကို သိရှိခြင်းရှိမရှိ စုံစမ်းရန်၊ တာဝန်ခံများသို့ ညွှန်ကြားသောစာဖြစ်သည်။

တတိယစာမှာ တန်ပြန်သူလျှိုလုပ်ငန်းအတွက် လိုအပ်သော နောက်ဆုံးပေါ် ရေဒီယိုအချက်ပြ အသံရှာကိရိယာအား တပ်ဆင်ပေးရန် ဂျာမဏီလုပ် လျှို့ဝှက်အသံရှာစက်အား မှာယူပေးရန် စစ်ဝန်ကြီးထံ တင်ပြထားသောစာဖြစ်သည်။

ထို့ပြင် ဗိုလ်မှူးကြီးအိုစကီသည် ရဲတပ်ဖွဲ့ရှိ အရပ်ဝတ် ဝတ်ထားသော ထောက်လှမ်းရေးသမားများကိုလည်း ညွှန်ကြားချက် တစ်ခု ထုတ်ပြန်လိုက်လေသည်။ အသံလွှင့်ကရိယာရှိသည့် နေရာအား ဖော်ထုတ်ပေးနိုင်သူအား ဆုများစွာပေးမည်ဖြစ်ပြီး အကယ်၍ သတင်း ပေးမည့်ပုဂ္ဂိုလ်မှာ ရာဇဝတ်မှုတစ်ခု ကျူးလွန်ထားသူဖြစ်ပါက ယင်းအမှု အားလွတ်ငြိမ်းချမ်းသာခွင့်ပေးမည် ဖြစ်ကြောင်း။ ဤသတင်းအား လူဆိုးလူမိုက်များနှင့် မြေအောက် အဖွဲ့အစည်းများသို့ပင် အသိပေးနိုင်း လိုက်လေသည်။

သို့သော်လည်း အိုစကီ တစ်ယောက်မှာ ဤကွင်းဆက်အား ဆက်လက်ဖော်ထုတ်နိုင်ခြင်း မရှိသေးသဖြင့် အထက်လူကြီးများ၏ ပြစ်တင်ဝေဖန်ခြင်းကိုသာ ခံနေခဲ့ရလေတော့သည်။

ထိုအချိန်၌လည်း ဆာဂေးတို့အဖွဲ့အတွင်းတွင် အခက်အခဲ ကိစ္စရပ်တစ်ခုဖြစ်ပေါ်ခဲ့လေသည်။ ကလောဆင်သည် အရောင်း ကိုယ်စားလှယ်တစ်ဦး ဖြစ်သဖြင့် နမူနာ မော်တော်ဆိုင်ကယ်တစ်စီး ရလာလေသည်။ ထိုဆိုင်ကယ်အား ဆာဂေးနှစ်သက်သဖြင့် ကလောဆင်



...ယ်ယူလိုက်၏။ တိုကျိုမြို့အနှံ့ ဆာဂေး ဆိုင်ကယ်တစ်စီးဖြင့် ...လွှင့်နေခဲ့လေသည်။ တစ်ရက် ဆာဂေး ဆိုင်ကယ်စီးလာနိုက် ...စ်ယောက်ကိုရှောင်ရင်း ဆိုင်ကယ် တိမ်းမှောက်သွားခဲ့လေသည်။ ...တ်ရာဖြင့်ပင် စိန့်လုဆေးရုံ၌ တက်ရောက်ကုသခံခဲ့ရ၏။ ဆာဂေး ...င်းကြားကြားခြင်းပင် ကလောဆင် အမြန်လိုက်ချလာလေသည်။ ...းတစ်ယောက် သူ့အဖွဲ့ဝင်များ ရောက်မလာသေးမီ သတိလစ် ...းစေရန် အတင်းပင်စိတ်တင်းထားရ၏။ ကလောဆင် ရောက်လာ ... ဆရာမများအလစ်တွင် ပတ်တီးများစီးထားသော သူ့လက်ဖြင့် ...ဒေါင့်တစ်နေရာမှ သွေးများပေနေသော သူ့ဘောင်းဘီကို ညွှန်ပြ ...၏။ ပြီးမှ သတိလစ်သွားလေသည်။

ကလောဆင်လည်း ထိုဘောင်းဘီအိတ်အတွင်းမှ လျှို့ဝှက် ...င်ခံစာအား အချိန်မီကလေးပင် ထုတ်ယူနိုင်လိုက်၏။ သူယူပြီး၍ ...စ်ခန့်အကြာမှာပင် ဂျပန်ရဲများ ရောက်လာကာ အဝတ်အစားများ ...စ္စည်းများအား စာရင်းပြုစု၍မှတ်သားကာ သက်သေခံအဖြစ် ...ည်းသွားလေသည်။

အစီရင်ခံစာတွင် တရုတ်ပြည်ရှိ ဂျပန်တပ်များ၏ လှုပ်ရှားမှု ...င်နှင့် နောင်လာမည့် (၂) နှစ်အတွင်း ပြီးစီးတော့မည့် လေယာဉ်တင် ...ကြီးများအကြောင်းအား အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားချက် ...င်ဖြစ်သည်။

ကလောဆင်သည် ဆာဂေးအိတ်အတွင်းမှ အမေရိကန်ဒေါ်လာ ...ကို တွေ့လိုက်ရသဖြင့် အလွန်အံ့သြသွားလေသည်။ ဤငွေမှာ ...န်သတင်းထောက်ထံတွင် မရှိသင့်သောအရာ ဖြစ်၍ပင်၊ ရဲများက

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်အား အမှုမထားဘဲ ငွေများကိုရေတွက်ကာ အခြားပ
များနှင့်အတူရောနှော၍ ချိတ်ပိတ်သိမ်းသွားလေတော့သည်။

ဤအဖြစ်အပျက်များကို နောက်တစ်နေ့ညတွင် ကျန်
သားများအား ကလော့ဆင်မှ ပြန်ပြောလိုက်လေသည်။ အစည်းအ
တစ်ခုအား မိယာဂျီအိမ်၌ ပြုလုပ်ခဲ့ကာ ဆာဂေး မရှိသေးသည့်အ
အတန့်အတွင်း ခေါင်းဆောင်လုပ်မည့်သူအား ရွေးချယ်ပေး
မော်စကိုသို့ အကြောင်းကြားဖို့ ဆုံးဖြတ်ခဲ့ကြလေသည်။ စတုတ္ထ
အသင့်စောင့်နေရန်သာ ညွှန်ကြားခဲ့၏။ ဆာဂေး၏ ဒါဏ်ရာကိစ္စကို
မမေးခဲ့ချေ။

တရုတ်အရေးနှင့်ပတ်သက်၍ ဂျပန်နှင့်အမေရိကန်၊ ဗြိတိ
ဆက်ဆံရေး အခြေအနေအား တစ်ပတ်အတွင်း သတင်းပြန်ပို့ရန်
ညွှန်ကြားခဲ့လေသည်။ ထို့ကြောင့်လည်း အားလုံးအခက်တွေ့
လေတော့သည်။ သတင်းပို့ မှားယွင်းသွားမည်ကို စိုးရိမ်နေကြ
နောက်ဆုံး ဆာဂေးအားပြောပြရန်သာ ဝိုင်းဝန်း ဆုံးဖြတ်ခဲ့ကြလေသ
အဖွဲ့သားများ ဆာဂေးကိုအားကိုးနေရကြောင်း ပြသရာရောက်
ပေသည်။

ဆာဂေး ဆေးရုံတက်နေစဉ် တစ်ပါတ်အတွင်း ကလော့ဆ
သံသယဝင်နေရလေသည်။ သူ့နောက်မှ အမြဲနောက်ယောင်ခံလိုက်
သည်ကိုလည်း သတိထားမိ၏။ တစ်ပတ်ခန့်ကြာမှပင် ကဲလစ်၍ ဆေး
သွားကာ ဆာဂေးအခြေအနေကို သတင်းသွားမေး၏။ ဆာဂေ
အားနည်းလျက် ရှိနေဆဲပင်။ ဗိုလ်ချုပ်ဘဲဒင်ထံမှ လာသောအမိန့်ကို
သတင်းပို့လိုက်၏။ သူနာပြုများ ဝင်လာသောကြောင့်ပင် စကားလ



ပြောင်းလွှဲလိုက်ရတော့သည်။

ဆေးရုံတက်နေစဉ် ကာလအတွင်း ဆာဂေးမှာ သူနာပြု
ရာမများနှင့် ပူးပူးကပ်ကပ် ဖြစ်နေခဲ့လေသည်။ အလုပ်လုပ်ရန်
ကြောင်းပြချက်ဖြင့် ဆရာဝန်ထံခွင့်ပန်ပြီး ဆာဂေး ဆေးရုံမှ
င်းခဲ့လေသည်။ ဆေးရုံမှဆင်းပြီး ၂ ရက်ကြာမှပင် သတင်းပို့ဖြစ်ခဲ့
သည်။ သူပို့သည့်သတင်းမှာ ဂျပန်သည် အနောက်နိုင်ငံများ၏
ရှေ့များ ကိုလိုနီဒေသအား သိမ်းယူမည့်အစီအစဉ်နှင့် စစ်ဆင်ရေး
ခာတ် အခြေအနေတို့ပင် ဖြစ်၏။ ဂျပန်ပြည်၏ ပြည်တွင်းသတင်းများ
သည့်သွင်း ပေးပို့လိုက်လေသည်။ ဆာဂေးထံ၌ မော်စကိုသို့ပို့ရန်
ခရိုဖလင်ထုပ်များလည်း အသင့်ရှိနေလေသည်။

သံအမတ် အော့မှ ဆာဂေးအား မနီလာနှင့်ဟောင်ကောင်
သို့ တရားဝင်သံတမန်စေခိုင်းသည့် အလုပ်တစ်ခုပြုလုပ်ရန်
ခန့်ပေးအပ်လိုက်၏။ ဆာဂေးလည်း ဂျာမန်သိန်းငုက်တံဆိပ် ရိုက်နှိပ်
သည့် ချိတ်ပိတ်ထားသော အထူးအိတ်တစ်လုံးနှင့် ခရီးထွက်ရန်
သင့်ဖြစ်နေလေသည်။ သံရုံးမှ သံတမန်အိတ်ဖြစ်၍ အကောက်ခွန်ဌာနမှ
ဖွင့်ခွင့်မရှိသည့်အချက်ကို အခွင့်ကောင်းယူကာ ဆာဂေးလည်း
င်းအိတ်ထဲတွင် မိုက်ခရိုဖလင်လိပ် (၁၀၀) ပါသည့် အထုပ်ကိုပါ
ည်ယူသွားခဲ့လေသည်။

ဆာဂေး ထွက်ခါနီးတွင် ကလော့ဆင်က မော်စကိုသို့ မနီလာနှင့်
ဟောင်ကောင်မြို့များထံ အထူးဆက်သားလွှတ်၍ ပစ္စည်းလာယူရန်
တင်းပို့လိုက်၏။ ဆက်သားများလည်း တရားဝင် သံရုံးကိစ္စနှင့်
သူဖြစ်သဖြင့် တရားဝင်အိတ်နှင့်ပင် ထိုပစ္စည်းများအား မော်စကိုသို့

www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူ သယ်သွားနိုင်ခဲ့လေသည်။

ဆာဂေး တိုကျိုသို့ပြန်ရောက်လာလေသည်။ ဂျာမန်သံရုံး အရက်သောက်ပွဲတစ်ခုသို့ တက်ရောက်ခဲ့၏။ ထိုပွဲ၌ သံမှူးတစ်ဦးက အသံဖမ်းစက်ရှာ ကရိယာအကြောင်း ပြောဆိုနေသည်များအား ဆာဂေး ကြားသိလိုက်ရ၏။ ဆာဂေး အလွန်ထိတ်လန့်သွားခဲ့ရလေသည်။ ဂျပန်တို့လက်ထဲတွင် ဤစက်ရှိနေပြီဟု သိခဲ့ရလေပြီ။ ထို့ကြောင့်လည်း ဂျပန်တို့မသိနိုင်သည့် နည်းလမ်းဖြင့် အသံလွှင့်နိုင်ရေးအတွက် စဉ်းစား စိတ်ရှုပ်သွားရလေတော့သည်။

ကလောဆင်၏ သွင်းကုန်ထုတ်ကုန်လုပ်ငန်းကလည်း အဆင်မပြေ ဖြစ်နေလေသည်။ ငွေအသွင်းအထုတ် စာရင်းတွင် ပြဿနာ ပေါ်လာနိုင်သည့် အခြေအနေသို့ပင် ဆိုက်ရောက်လာခဲ့၏။ ကလောဆင် ရေဒီယိုလိုင်းတွင်သာ ကျွမ်းကျင်၍ အရောင်းအဝယ်၌ သုံးမရသူ ငွေကြေးများကြောင့်ပင် သူတို့လုပ်ငန်းကြီးပေါ်ပေါက် သွားနိုင်လေသည်။ သူလျှိုလုပ်ငန်းကြီး အောင်မြင်ရေးတွင် ကုန်ထုတ် လုပ်ငန်းကျယ်ပြန့်မှု ဖြစ်တော့မည်ဟု ဆာဂေးနားလည်လိုက်၏။ ထို့ကြောင့်လည်း လုပ်ငန်းတစ်ခုပြောင်းလဲလိုက်ရန် စီစဉ်စိတ်ကူးခဲ့ရ ပြန်တော့သည်။

ကလောဆင်၏ မူလကုမ္ပဏီအမည်ကို ပြောင်းကာ ကလောဆင် ကုမ္ပဏီဟု အမည်သစ်ပေးလိုက်၏။ ဂျာမန် စက်အပိုပစ္စည်းများ ရောင်း သောအလုပ်ကို လုပ်ကိုင်စေခဲ့လေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ အိုအာကီ မီယာဂီတို့နှင့်တိုင်ပင်ပြီး ၎င်းတို့အား ဂျပန်အရာရှိ အသိုက်အဝန်းတွင် ကုမ္ပဏီအကြောင်း သတင်းလွှင့် ကြော်ငြာနိုင်းလိုက်လေသည်။

ကလောဆင်အား အဆောက်အဦ ပုံစံထုတ်စက္ကူများ၊ ရေစာ



စနစ်ပုံစံများ၊ အဆောက်အဦ ပုံစံများနှင့် အခြားစက်အပို ပစ္စည်းများကိုပါ ထုတ်လုပ် ရောင်းချနိုင်းလိုက်၏။ ဂျာမန်ကျွမ်းကျင်သူ စက်ဆရာများနှင့် ဂျာမန်လုပ်နည်း လုပ်ဟန်များအတိုင်း လုပ်ကိုင်စေခဲ့၏။ ဤနည်းဖြင့် ကလောဆင်လည်း ဆာဂေး၏ အကြံဉာဏ်အတိုင်း အလုပ်ရုံကြီး တည်ဆောက်လုပ်ကိုင်ခဲ့လေသည်။

ကလောဆင်ကုမ္ပဏီမှာ အိုအာကီ၊ မီယာဂီတို့၏ မိတ်ဆွေများ၊ ၎င်းတို့နှင့် ဆက်နွယ်နေသူများကြောင့်ပင် တိုးတက်အောင်မြင်လာခဲ့ လေသည်။ ပစ္စည်းမှာယူသည့် အော်ဒါများလည်း များများရှိလာခဲ့ လေသည်။

အထူးသဖြင့် ဂျပန်ကြည်းတပ်နှင့် လေတပ်တို့မှ ၎င်းတို့ လိုအပ်သော ပစ္စည်းများကိုပါ မှာယူလာခဲ့ကြလေသည်။ ဂျာမန်လုပ် စက်ပစ္စည်းအပိုများကို ဂျပန်၌ပင်ရနိုင်သဖြင့်လည်း စစ်ဘက်မှ ဝမ်းသာနေခဲ့ကြ၏။ ကလောဆင်၏ ကုမ္ပဏီမှာ အပေါက်ပင်ကြီးမား အောင်မြင်လာခဲ့လေသည်။ ဤအောင်မြင်မှုအတွက် ဂျာမန်စက်မှုဝန်ကြီး အဲလ်ဘတ်စပီးယားမှ ယခုကဲ့သို့ စွန့်စားလုပ်ကိုင်မှုအတွက် ဂျာမန် အစိုးရက ဂုဏ်ယူပါကြောင်း စာပေးပို့ခဲ့ရလေသတည်း။

ကလောဆင်ကုမ္ပဏီ အောင်မြင်သွားပြီဖြစ်၍ သူလျှိုလုပ်ငန်း၏ ငွေစာရင်းမှာလည်း လွယ်ကူစွာပင် ဖုံးကွယ်မှု ရရှိသွားလေတော့သည်။ ထို့ပြင် ဒီဇိုင်းပုံစံရေး စက္ကူများမှတဆင့် ဂျပန်စက်ရုံထုတ် ပစ္စည်းများအကြောင်း ပုံစံထုတ်စက္ကူများကို အကြောင်းပြု၍ လက်နက်နှင့် မုံကြွလေယာဉ်၊ တိုက်လေယာဉ်များတွင် တပ်ဆင်မည့် ပစ္စည်းများ အကြောင်းပါ အလွယ်တကူ လေ့လာသိရှိခွင့် ရခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့စက်မှ မထုတ်ခင်မှာပင် ဤလာအပ်သော ဒီဇိုင်းများအား မော်စကိုသို့လှမ်းပို့နိုင်ခဲ့လေသည်။ ထိုအချက်များကြောင့်ပင် ဂျပန်တို့ စစ်တိုက်ရန် အဘက်ဘက်မှ ပြင်ဆင်နေကြောင်းများအား သိရှိခွင့်ရခဲ့လေတော့သည်။ စီးပွားရေးအသွင်ဆောင် စက်ရုံများမှလည်း စစ်ပစ္စည်းထုတ်လုပ်လျက် ရှိသည်ကို တွေ့ခဲ့ရလေသည်။

ဥရောပတွင် နိုင်ငံရေးတင်းမာလာသည်နှင့်အမျှ စက်ရုံများကလည်း စီးပွားရေးထက် စစ်ရေး ဦးစားပေးထုတ်ကုန်များသာ တိုး၍ ထုတ်လုပ်နေလေတော့သည်။ ကလောဆင်ကုမ္ပဏီမှာ အရေးပါဆုံးသော နေရာ၌ပင် ရောက်ရှိသွားခဲ့လေတော့သည်။ လုပ်ငန်းအောင်မြင်လာသည်နှင့်အမျှ တိုက်တစ်လုံး၊ ကားသစ်တစ်စီးပင် ဝယ်ယူပြီး လူပုံအလယ်တွင် ခန့်ခန့်ညားညား နေထိုင်နိုင်ခဲ့လေသည်။ ကလောဆင် ကားသစ်စီးနေချိန်၌ဆာဂေးကတော့ ကားအစုတ်ကလေးစီးရင်း ဆေးတံခဲလျက်ပင် ရှိနေသေးလေသည်။

ဆာဂေး၏ အဖွဲ့ဝင်များ အသီးသီးအောင်မြင်မှု ရနေချိန်တွင် ဂျပန်ဝန်ကြီးအဖွဲ့အတွင်း၌လည်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာနေလေသည်။ အုပ်စု (၂) စုပင် ကွဲထွက်သွား၏။ မင်းသားကိုနိုရဲနှင့် အချို့သော နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်တစ်ချို့က စစ်တိုက်ရန် မလိုလားပေ။ ထို့ကြောင့်ပင် စစ်မက်လိုလားသောအုပ်စုနှင့် မလိုလားသောအုပ်စုဟူ၍ အဖွဲ့ (၂) ဖွဲ့ကွဲသွားကြလေသည်။

မင်းသားကြီးကိုနိုရဲ အုပ်စုမှ စစ်ပွဲဆက်မဖြစ်တော့ဘဲ လက်ရှိရရှိထားသော နယ်မြေများကိုသာ ထိန်းသိမ်းထားရင်း အခြေအနေစောင့်ကြည့်လိုကြ၏။



ဂျာမဏီကလည်း ဥရောပတွင် ဖြစ်ပွားနေသော စစ်ပွဲများအတွက် အနောက်ဘက်သို့ စစ်တိုက်နေစဉ် ဂျပန်က ဆိုဗီယက်အား ထိန်းထားရင်း ဆိုက်ဘေးရီးယားအား ဝင်တိုက်ရန် ကမ်းလှမ်းခဲ့၏။ ဂျာမဏီ၏ ကမ်းလှမ်းချက်ကို မင်းသားကြီးမှ အိုဇာကီ အကြံပေးချက်အတိုင်း ပယ်ချလိုက်လေသည်။ ထို့ကြောင့်လည်း သဘောထားကွဲလွဲကာ အုပ်စု (၂) စုကွဲသွားခဲ့ခြင်းပင်။ ဤသို့ သဘောထား ကွဲလွဲမှုများကြောင့် မင်းသားကြီးလည်း ရာထူးမှနုတ်ထွက်ခဲ့၏။ ထို့ကြောင့် ဝန်ကြီးချုပ်၏ အကြံပေးအရာရှိ အိုဇာကီမှာ အာဏာကျဆင်းသွားရလေတော့သည်။

ထိုအချိန်၌ ဆာဂေး လုပ်ဆောင်ရမည့် အဓိကလုပ်ငန်းများမှာ–

(၁) ဂျပန်က ဆိုဗီယက်အပေါ် ထားရှိသည့် သဘောထားအား သတင်းပို့ရန်

(၂) မန်ချူးရီးယားမှတဆင့် ဆိုဗီယက်သို့ ဝင်ရောက်နိုင်သည့် စစ်သား ၂ သန်းခန့်ရှိသော ကွမ်တုန်တပ်မတော်၏ အခြေအနေလှုပ်ရှားမှုကိုလည်း အမြဲမပြတ် သိရှိနေရန်ပင် ဖြစ်လေသည်။

ထိုအခြေအနေတို့အား သိရှိနိုင်ရေးအတွက် အိုဇာကီအား အစိုးရအဖွဲ့သို့ ဝင်ရောက်စုံစမ်းနိုင်ရန် လိုအပ်လာလေသည်။ ထိုအချိန်မှာပင် အိုဇာကီအား မန်ချူးရီးယားတောင်ပိုင်းရှိ ရထားလမ်းထောက်လှမ်းရေး ဌာနခွဲတွင် အကြီးအကဲလုပ်ရန် စကားကမ်းလှမ်းလာခဲ့၏။ လုပ်ငန်းမှာ ထောက်လှမ်းရေးအစီရင်ခံစာများအား တာဝန်ခံရမည့်ဖြစ်၍ အစိုးရထံ ဝါဒသဘောတရားများ တင်ပြရမည့် အလုပ်ဖြစ်လေသည်။ ထို့ပြင် တရုတ်ပြည်ရေးရာ ဝန်ကြီးအဖွဲ့၏

www.burmeseclassic.com

www.burmeseclassic.com



အထူးအကြံပေး အရာရှိအဖြစ်လည်း ပူးတွဲဆက်လက်တာဝန်ထမ်းဆောင်ရမည်ဖြစ်၏။ ဆာဂေးအတွက် အဆင်ပြေသွားရပေတော့သည်။ အကယ်၍ ဂျပန် ကက်ဘိနက်ဝန်ကြီးအဖွဲ့မှ ဆိုဗီယက်ဝင်တိုက်ခိုင်းပါက မန်ချူးရီးယားသည် ယင်းကိစ္စအား အရင်ဆုံးသိနိုင်သည့်နေရာလည်း ဖြစ်နေလေသည်။

အိုဇာကီအဖွဲ့သည် တရားမဝင် အလွတ်သဘောမျိုးဖြင့် အစည်းအဝေး မိတ်ဆုံစားပွဲများအား အပတ်စဉ် ကျင်းပခဲ့လေသည်။ ထိုစားပွဲ၌ သတင်းစာဆရာများ၊ ပါမောက္ခများ၊ လုပ်ငန်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် လူမျိုးစုံပါဝင်ခဲ့လေသည်။ ဗုဒ္ဓဟူးနေ့တိုင်း ဆွေးနွေးကျင်းပလေ့ရှိ၍ ဗုဒ္ဓဟူးအသင်းဟုပင် ခေါ်ဆိုခဲ့ကြလေသည်။ ဗုဒ္ဓဟူးအသင်း၏ ဆွေးနွေးပွဲဥက္ကဋ္ဌအဖြစ် မင်းသားကြီးကိုနိုရီက တာဝန်ယူခဲ့၏။ ဆွေးနွေးချက်များအား တရားဝင်မှတ်တမ်း တင်ထားခြင်းလည်းမရှိပေ။ အထက်အဖွဲ့မှသိသွားပါက အဖမ်းခံရနိုင်စရာ အကြောင်းများကို ဆွေးနွေးကြခြင်းဖြစ်၏။ ဆာဂေးအတွက် မန်ချူးရီးယား ကိစ္စတွင် ယခင်ကထက် သတင်းပိုမိုရရှိခဲ့လေတော့သည်။

ကိုနိုရီ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပြီး သုံးလခန့်အကြာတွင် ဂျပန်ကက်ဘိနက် ဝန်ကြီးအဖွဲ့တွင် အလယ်အလတ်ဝါဒီများ အသာရလာခဲ့လေသည်။ ထို့ကြောင့်လည်း ကိုနိုရီအား ဝန်ကြီးချုပ်အဖြစ် ပြန်လည်ခန့်အပ်ခဲ့၏။ ထိုအတွက်ပင် ကိုနိုရီမှာ တရားမဝင်သော ဗုဒ္ဓဟူးအသင်း ဥက္ကဋ္ဌရာထူးမှ နုတ်ထွက် သွားခဲ့လေတော့သည်။ ဂျပန်ကင်ပေတိုင်အဖွဲ့ကလည်း အသင်းဝင်အချို့အား ဖမ်းဆီးမှုများ ပြုလုပ်လာလေတော့သည်။ အိုဇာကီတစ်ယောက် အဖမ်းမခံခဲ့ရပေ။ အချို့



လူများကိုလည်း ဝန်ကြီးချုပ်မှ ကာကွယ်ပေးနိုင်ခဲ့လေသည်။

ကလောဆင်သည်လည်း အောင်မြင်နေသလို အိုဇာကီကလည်း ဂျပန် အစိုးရထိပ်ပိုင်းရှိ အရာရှိစာရင်းတွင် ပြန်ရောက်သွားပြီ ဖြစ်၍ ဆာဂေးအဖို့ အောင်မြင်မှုများ ပိုမိုအရှိန်မြင့်မားသွားပြီ ဖြစ်လေသည်။

ဆာဂေးအဖို့ လုပ်ငန်းပိုင်းတွင် အောင်မြင်ကောင်းမွန်ခဲ့သော်လည်း ကိုယ်ရေးကိုယ်တာပိုင်းမှာတော့ ပြဿနာတစ်ခု တက်ခဲ့ရလေသည်။ တစ်ချိန်တုန်းက ဆက်သွယ်ပတ်သက်ခဲ့ဖူးသည့် တောင်အမေရိက လူပျိုဖြူလေးတစ်ယောက် တိုကျိုရှိ ဆာဂေးထံ ဆန့်ဖန်စွာကိုမှ ပြန်ရောက်ချလာလေသည်။ ဆာဂေးနှင့် (၆) ပတ်ခန့် အတူတူ နေထိုင်လိုက်၏။ မကြာခင်မှာပင် ထိုမိန်းကလေးအား ဆာဂေးမှ အဆက်အသွယ်ဖြတ်ကာ ရှောင်ရှားခဲ့သဖြင့် မိန်းကလေးလည်း ဟောင်ကောင်သို့ ထွက်သွားလေတော့သည်။ မကြာမီ သတင်းစာများ၌ ထိုမိန်းကလေး၏ ကိုယ့်ကိုကိုယ် ကြိုးဆွဲချ၍ သေကြောင်းကြံစည်မှု သတင်းများ ပါလာလေသည်။ ဆာဂေးသည် မိန်းမကိစ္စတွင် လုံးဝ သစ္စာရှိသူမဟုတ်ပေ။

ဂျပန်ရှိ တန်ပြန်ထောက်လှမ်းရေးအဖွဲ့မှ သူတို့၏ လျှို့ဝှက် အသံလွှင့်ချက်များအား ဖမ်းမိနေသည့်ကိစ္စအတွက် ဆာဂေးမှာ အခက်တွေ့နေရလေသည်။ ကလောဆင်ကလည်း ဤကိစ္စအား ဂျပန်ထောက်လှမ်းရေးအဖွဲ့မှ သိနေကြောင်း သူ့အားပြောပြ၏။

တစ်နေ့ ကလောဆင် အပြင်သို့သွားနေစဉ် အဝတ်အစား စုတ်စုတ်ပြတ်ပြတ် ဝတ်ဆင်ထားသော အလုပ်သမားတစ်ယောက် ခြံထဲ ဝင်ရောက်လာလေသည်။ ကလောဆင်၏ ရေဒီယိုစက်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



တံခါးအား အတင်းတွန်းဖွင့်နေခဲ့၏။ အင်နာက တံခါးမဖွင့်ရန် အတင်းတော်င်းပန်နေခဲ့ရလေသည်။ ကလောဆင် ပြန်ရောက်လာသဖြင့်သာ တော်သွား၏။ ကလောဆင်လည်း ထိုလူအား ဂျပန်စကားနှင့် အော်ငေါက် လွှတ်လိုက်ရ၏။ သည်တော့မှပင် အလုပ်သမားက သူသည် ပိုက်ပျက်ကို ပြင်ဆင်ရန် လာကြောင်းနှင့် အင်နာ့စကားကို နားမလည်၍ သာဤသို့ဖွင့်ရခြင်းဖြစ်ကြောင်း ပြောပြကာ ပြန်သွားလေတော့သည်။

ကလောဆင်မှာ ထိုကိစ္စကြောင့် အဲတော်ကလေးလန့်သွားရလေသည်။ တစ်ခါတွင်လည်း ကလောဆင်တစ်ယောက် ကဲလစ်ချ်အိမ်မှ အသံလွှင့်နေဦးက်ဖြစ်၏။ တစ်စုံတစ်ယောက်က အိမ်တံခါးအား အတင်းလာထုရင်း အနီးအနားတွင် မီးပြတ်နေသောကြောင့် မီးပိတ်ပေးရန် ပြောနေလေသည်။ လျှပ်စစ်သမားများဟု ပြောပေမယ့်လည်း ကလောဆင်မှာ ထိတ်လန့်နေရလေတော့သည်။

ထို့ပြင် ကလောဆင်တစ်ယောက် ကဲလစ်ချ်အခန်းမှ အသံလွှင့်နေစဉ်မှာပင် ပြတင်းပေါက်ဝမှ လူတစ်ဦး လာရပ်ကြည့်နေသဖြင့် စက်ကို ကမန်းကတန်းပင် ကိုယ်နှင့်ကွယ်ထားလိုက်ရလေသည်။ သူ့အိမ်မှ သတင်းပို့နေချိန်ကလည်း ဧည့်ခန်းမှ သူ့ဇနီးနှင့် လူတစ်ယောက်၏ စကားပြောသံကြားသဖြင့် အခန်းအား သော့ခတ်ကာ အောက်ထပ်သို့ ဆင်းခဲ့လိုက်၏။ ကင်ပေတိုင်အဖွဲ့မှ ထောက်လှမ်းရေးမှူးက အပျင်းပြေ စကားပြောလို၍ ဝင်လာသည့်အကြောင်း ပြောလာသော်လည်း ကလောဆင်မှာ အတော်ကလေး ထိတ်လန့်လျက် ရှိနေဆဲပင်။

ဤကဲ့သို့ ကလောဆင်တစ်ယောက် အခက်အခဲများ တွေ့နေစဉ် အချိန်၌ တန်ပြန်ထောက်လှမ်းရေးမှူးကြီး ဗိုလ်မှူးကြီးအိုစကီမှာ သူ၏



နိုင်ငံခြားရှိ အဖွဲ့သားများထံမှ သတင်းပေးပို့ချက်များအား ဖတ်ရင်း ကျေနပ်စွာပြုံးလျက် ရှိနေလေသည်။ သူ၏ ခက်ခဲလှသည့် ပြဿနာများမှာလည်း ရှင်းလင်းသွားပြီဟု သူ့ဘာသာသူ ယူဆလိုက်လေတော့သည်။

•••••*•••••*•••••*•••••

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

## ...ကြီး၏ အလှည့်အပြောင်း

၁၉၃၉ ခုနှစ် ဆာဂေးတစ်ယောက် တိုကျိုမှ ရှန်ဟဲသို့ သင်္ဘောဖြင့် ထွက်လာခဲ့လေသည်။ သူနှင့်အတူ စက္ကူအနီဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်လည်းပါလာခဲ့၏။ ရှန်ဟဲသို့ရောက်ပြီးသည်နှင့် နာမည်ကြီးကုန်စုံဆိုင်ကြီးတစ်ခုသို့ အငှားကားဖြင့် ဆက်ထွက်ခဲ့သည်။

ဆာဂေး ဆိုင်ထဲမှပစ္စည်းများအား ငေးမောနေစဉ် လူတစ်ယောက်က သူ့အားဝင်တိုက်မိသွား၏။ ထိုလူမှ ဆာဂေးအားတောင်းပန်စကားပြောပြီး လှမ်းထွက်သွားလေသည်။ ဆာဂေးလည်း ထိုလူနောက်မှ လိုက်သွားခဲ့တော့၏။ ထိုလူလက်ထဲတွင်လည်း အဖြူရောင်စက္ကူဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကိုင်ထားသည်ကို ဆာဂေးသတိထားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှလူမှာ ဟော်တယ်တစ်ခုတွင်းသို့ ဝင်ရောက်သွားလေသည်။ ဆာဂေးလည်း ဘာမှစဉ်းစားမနေတော့ဘဲ လိုက်ဝင်ခဲ့လေတော့သည်။ စားသောက်ခန်းရှိ စားပွဲလွတ်တစ်ခုတွင် ထိုလူဝင်ထိုင်လိုက်သည်နှင့် ဆာဂေးပါထိုခုံ၌ပင်လိုက်ဝင်ထိုင်လိုက်လေသည်။ အသီးသီးအထုပ်များကို စားပွဲပေါ်တင်ကာ အရက်မှာသောက်လိုက်ကြ၏။ ဆာဂေးမှာ အရက်ကို ခပ်မြန်မြန်ပင်သောက်လိုက်ပြီး စားပွဲပေါ်မှ အထုပ်ဖြူကိုယူပြီး ပြန်ထွက်ခဲ့လေတော့သည်။

အထုပ် ၂ ထုပ်မှာ တစ္ဆယ်တည်း တဆိုက်တည်းပင်။ ကျန်ခဲ့သောလူကလည်း စားပွဲပေါ်မှာကျန်ခဲ့သည့် အထုပ်ကိုယူ၍ ထွက်ခွါသွားလေတော့သည်။ ဤနည်းဖြင့် မော်စကိုမှ စေလွှတ်လိုက်သော ဆက်သားထံ မိုက်ခရိုဖလင်လိပ်များ ပါရှိသွားတော့သည်။ ပြီးခဲ့သည့် တစ်လအတွင်း ဆာဂေးတို့စုဆောင်းရရှိခဲ့သည့် ဒီဖိုင်းပုံစံများ၊ အစီရင်ခံစာများနှင့် ဂဏန်းဇယားတို့ကိုရိုက်ကူးထားသည့် ဖလင်များပင်။

ဆာဂေး ယူလာခဲ့သောအထုပ်ထဲတွင်တော့ အမေရိကန်ဒေါ်လာ (၂၀၀၀) နှင့် ဖလင်လိပ်အသစ်များ ပါဝင်လေသည်။ တိုကျိုတွင် ဖလင်လိပ်များ ဝယ်ယူမရတော့၍ မော်စကိုသို့ လှမ်းမှာခဲ့ရခြင်းလည်းဖြစ်၏။ တိုကျို၌ မိုက်ခရိုဖလင်လိပ်များအား ယခင်ကလိုမျိုး အလွယ်တကူ မဝယ်ရဲတော့ပေ။ ကင်ပေတိုင်အဖွဲ့၏ စစ်ဆေးထောက်လှမ်းချက်ဖြင့် သူတို့လုပ်ငန်းကြီး ပူးပေါ်သလို ပေါ်သွားနိုင်လေသည်။

ဆာဂေးတစ်ယောက် အိပ်ယာထက်၌ လဲလျောင်းရင်း စဉ်းစားအကြံထုတ်လျက်ရှိ၏။ ခုနကလို အချင်းချင်း ပစ္စည်းလဲသည့်စနစ်မှာ ရိုးဟောင်းသွားပြီဟု သူထင်နေမိ၏။ တရုတ်ရဲများကလည်း သူ့ကို



သိနေခြင်းကြောင့် ယခုလိုလဲလှယ်ခြင်းမျိုး သူမနှစ်သက်တော့။ ထို့ကြောင့်လည်း နည်းလမ်းသစ်တစ်မျိုးကို စဉ်းစားနေမိလေသည်။ ဤသို့ စဉ်းစားရင်းမှပင် ဆာဂေးအဖို့ ပစ္စည်းလဲရန် နည်းလမ်းသစ်အပြင် ကလောဆင်၏ ရေဒီယိုအား ဝှက်နိုင်မည့်အစီအစဉ်ကိုပါ တွေးမိလိုက်လေသည်။

တစ်ပတ်ခန့်အကြာမှာပင် ဆာဂေးတစ်ယောက် ပင်လယ်ကမ်းစပ်တစ်နေရာတွင် အိမ်တစ်လုံးငှားလိုက်၏။ အဆိုပါအိမ်မှာ တိုကျိုမှ သွားလျှင် ကားဖြင့် တစ်နာရီသာသာခန့်သာမောင်းလျှင် ရောက်နိုင်သည့် ခရီးအကွာအဝေးတွင် ရှိလေသည်။ လူအရောက်အပေါက် နည်းသည့် နေရာလည်းဖြစ်၏။ ဘေးဝန်းကျင်တဝိုက်ရှိ ပင်လယ်ကွေ့တွင် ကိုယ်ပိုင် ထံငါးသဘော်များသာ ဆိုက်ကပ်နိုင်လှုံလေ့ရှိလေသည်။

သဘော်ပိုင်ရှင်တစ်ဦးအား မာလိန်မှူးအဖြစ် အလုပ်ပေးကာ ဘာမှမမေးမစမ်းရန် ကတိတောင်း၍ ဒေါ်လာ (၁၀၀၀) လစာပေးလိုက်၏ ထိုသူကို မိယာကျိုမှ ငှားရမ်းပေးခဲ့ရလေသည်။ ကလောဆင်သည်နောက်တစ်နေ့မှာပင် ကားဖြင့်ထိုအိမ်သို့ ရေဒီယိုပါယူပြီး ရောက်ချလာလေသည်။ နှစ်ယောက်သား သဘော်ပေါ်တွင် ၂ ရက်တိတိ ထိုင်ပင်အလုပ်လုပ်ခဲ့ကြလေသည်။

ရေဒီယိုစက်အား သဘော်၏ အခန်းတစ်ခုအတွင်း အဖုံးအဝှက်များနှင့် လုံခြုံစွာသိမ်းဆည်းနိုင်ရန် ပြုလုပ်ထားလိုက်လေသည်။ ယင်းအဝှက်ကလေးတွင် ကလောဆင်က ခလုတ်ကလေးများဖြင့် လက်ရာမြောက်စွာဖန်တီးတပ်ဆင်ထား၏။ ပထမခလုတ်နှိပ်လိုက်ပါက အဝှက်တံခါးပွင့်လာကာစက်ပေါ်လာမည်ဖြစ်သည်။ အကယ်၍

www.burmeseclassic.com

www.burmeseclassic.com



ထိုခလုတ်နှင့်ယှဉ်ထား သောဒုတိယခလုတ်ကို နှိပ်လိုက်ပါက ထိုခလုတ်မှာ ဒိုင်းနမိုက်နှင့် စနက်တံအားဆက်ပေးသည့် ခလုတ်ဖြစ်၍ ပေါက်ကွဲ ပျက်စီးသွားနိုင်လေသည်။ အကယ်၍ ရေဒီစက်အားဖမ်းဆီးရမိသွားပါက ထိုခလုတ်ကို နှိပ်လိုက်ခြင်းဖြင့် လူများပါသေဆုံးသွားနိုင်အောင် တပ်ဆင်ထားခဲ့ ခြင်းပင်။ ဤကိစ္စအား သဘော်ပိုင်ရှင်မသိခဲ့ချေ။

အားလုံးပြင်ဆင်ပြီးပြီမို့လည်း ဆာဂေးတို့ ပင်လယ်ပြင်သို့ ထွက်ကာ ငါးဖမ်းထွက်ခဲ့လေသည်။ ဆာဂေးအနေဖြင့် ပင်လယ်ပြင်သို့ ငါးဖမ်းထွက်သည့်အခါတိုင်း မိတ်ဆွေအနည်းငယ်ကိုပါဖိတ်ပြီး အပျော်သဘော ငါးဖမ်းခရီးထွက်ခဲ့ကြ၏။ ဆာဂေးမှ ညှို့သည်များအား ညှို့ခံနေချိန်တွင် ကလောဆင်မှာ အသံလွှင့်ခြင်းအားစိတ်ချယုံကြည် စွာဖြင့် ပေးပို့နိုင်လေတော့သည်။ ကလောဆင်အတွက် ၃ နှစ်နီးပါး ကြာအောင် အိမ်ပြောင်း၍ ကြောက်ကြောက်ရွံ့ရွံ့ လုပ်ကိုင်ခဲ့ရခြင်းဘေးမှ ကင်းလွတ်သွားလေတော့သည်။

ထိုအချိန်တွင် ဗိုလ်မှူးကြီးအိုစကီတစ်ယောက် နိုင်ငံခြားရောက် အထောက်တော်များထံမှ သတင်းပို့ချက်များကို သေချာစွာလေ့လာ နေချိန်ဖြစ်၏။ အထောက်တော်များထံမှ သတင်းပို့ချက်များလည်း အဆက်မပြတ်ရနေခဲ့လေသည်။ ထိုအချက်ကို ဆာဂေးတို့မသိသေးချေ။ အိုစကီတစ်ယောက် ယခင်ရခဲ့သော အစီရင်ခံစာများနှင့် ယခုရရှိသော အစီရင်ခံစာများအား နှိုင်းယှဉ်စစ်ဆေးကြည့်၏။ ထွက်လာသောအဖြေမှာ ဂျပန်၏ရည်ရွယ်ချက်ကို အခြားတိုင်းပြည်များက ကြိုတင်သိရှိနေခြင်းပင် ထို့ကြောင့်လည်း အိုစကီတစ်ယောက် ကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်လိုက်လေတော့သည်။



ဆာဂေးမှာတော့ အေးအေးဆေးဆေး စိတ်ချလျက်ရှိနေဆဲပင်။ ဗိုလ်မှူးကြီးအော့နှင့်လည်း ညစာအမြဲစားလျက်ရှိခဲ့၏။ ဆာဂေးနှင့် အော့တို့မှာ အလွန်ပင်ရင်းနှီးလာခဲ့ကြလေသည်။ ဆာဂေး ရေးပေးသည့် အစီရင်ခံစာကို အော့မှလက်မှတ်ရေးထိုးပေးသော အဆင့်သို့ပင် ရောက်ခဲ့၏။ ဂျပန်၏စစ်ရေး၊ နိုင်ငံရေး အခြေအနေများအား အစီရင်ခံစာ ရေးသားရာတွင် ဆာဂေးကိုပင်အားကိုးခဲ့ရလေသည်။

ထိုအချိန်တွင် ဤစာအုပ်အားရေးသားသူ ဟန်းစ်အော့တိုမိစနာ (HANS OTTO MEISSNER) သည် လန်ဒန်ရှိ ဂျာမန်သံရုံးသို့ ဒုတိယ အတွင်းဝန်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ရောက်လာ လေသည်။

ဟန်းစ်အော့ ထွက်ခွါချိန်၌ လိုက်ပို့သူများထဲတွင် ဆာဂေးလည်း ပါခဲ့၏။ သို့သော် ဆာဂေးမှာ လက်ဆွဲနှုတ်ဆက်သည်မှအပ ဘာစကားမှ မပြောခဲ့ချေ။ သင်္ဘောထွက်ခါနီးမှ ဟန်းစ်အား "ခင်ဗျား ကံကောင်းပါစေ" ဟုဟစ်အော်၍ နှုတ်ဆက်ခဲ့လေသည်။ အရပ်မြင့်မြင့်နှင့် ဝတ်ရုံအဖြူကို ဝတ်ဆင်ထားသည့် ဆာဂေးအား ဟန်းစ် နောက်ဆုံးမြင်တွေ့ခဲ့ခြင်းပင် ဖြစ်လေသည်။

ဇွန်လ အရောက်မှာတော့ မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာလေသည်။ ဆိုက်ဘေးရီးယားနှင့် မန်ချူးရီးယား နယ်စပ်ရှိ နိုမိုဟန်ရွာတွင် တိုက်ပွဲဖြစ်ပွါးခဲ့လေသည်။ ဆိုက်ဗေးရီးယားတပ်မတော် နှင့် ဂျပန်ကွမ်တုန်တပ်မတော်တို့ မကြာခဏ တွေ့ဆုံတိုက်ပွဲဖြစ်ပွားရော့ မည်ဖြစ်ရာ ဤအကြိမ်သည် အပြင်းထန်ဆုံးပင်ဖြစ်လေသည်။

တိုက်ပွဲမှာ ပြင်းထန်သည့်အတွက် ဆာဂေးတို့ပင် အံ့သြသွားရ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ကရင်မလင်ကပင် ဂျပန်သည် ဆိုက်ဘေးရီးယားအာ တကယ်ဝင်တိုက်ပြီဟု ယူဆလိုက်၏။ ဤကိစ္စအား အရေးထားလ ခဲ့လေသည်။ သံ့ပန်းများဖမ်းဆီးကာ စစ်ဆေးခဲ့၏။ သို့သော် စစ်ဆေ ရရှိချက်များမှာ ဆာဂေးပေးပို့သော အစီရင်ခံစာအတိုင်းပင် အင်အား အစ မှန်ကန်နေ၍သာ ဆာဂေးအပေါ် ယုံကြည်သွားခဲ့လေတော့သည် ဖူလိုင်လ၌ နိုမိုဟန်ရွာတိုက်ပွဲ ပြီးဆုံးသွားလေတော့သည်။

ဆာဂေးအနေဖြင့် အော့နှင့်စကားပြောကြည့်ခြင်းဖြင့် ဗြိတိ နှင့်ဆိုဗီယက်အားဝင်တိုက်ရန် ဂျာမဏီသည် ဂျပန်ကိုသွေးဆော နေကြောင်း သိလာခဲ့လေသည်။ ဟစ်တလာရေးဆွဲသော စာချုပ် ဘာလင်ရှိ ဂျပန်သံအမတ်ဗိုလ်ချုပ်အိုရှိမာက လက်မှတ်ရေးထိုး တိုကျိုသို့ပို့လိုက်လေသည်။ အော့မှထိုစာချုပ်တွင် ဂျပန်တို့ လက်မှ ရေးထိုးရန် ကြိုးစားခဲ့ကြောင်း၊ သို့သော် ဂျပန်ကက်ဘိနက်အဖွဲ့ ငြင်းဆန်ခဲ့ကြောင်း ပြန်လည်ပြောပြခဲ့သည်။

ဆာဂေးလည်း အော့ထံမှ ဂျာမဏီ၏ အဆိုပြုချက်များအ သိရှိအောင် ကြိုးစားခဲ့၏။ ရရှိချက်များအား စက်ဖြင့်မော်စကို သတင်းပေးပို့ခဲ့၏။ ဂျပန်မှ ဂျာမဏီ၏အဆိုပြုချက်ကို ပယ်ချသည် အကြောင်းများအား မိုက်ခရိုဖလင်ဖြင့် ဓါတ်ပုံရိုက်ထားလိုက်လေသည ထို့ပြင် ဂျာမန်အနေဖြင့် နောက်ထပ်ကြိုးစားမှုများ ပြုလုပ်သွားမည် သူ့ယူဆချက်ကိုပါ ရေးသားပေးပို့လိုက်လေသည်။ သူ၏အစီရင်ခံ ကြောင့်ပင် ၁၉၃၉ ခု၊ ဩဂုတ်တွင် ဆိုဗီယက်နှင့်ဂျာမန်တို့ စစ်မတိုက်ရေ စာချုပ်ချုပ်ဖြစ်ခဲ့ကြလေသည်။

ဆိုဗီယက်အနေဖြင့် စစ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုမျ



၁)နှစ်လုံးလုံး ပြုလုပ်ခဲ့သော်လည်း ဂျာမဏီတစ်ခုတည်းကိုပင် စ်တိုက်နိုင်ရန် အခြေအနေမရှိခဲ့ပေ။ ထို့ကြောင့် စတာလင်နှင့်သူ၏ စ်ဘက်အကြံပေးပုဂ္ဂိုလ်များသည် ဆာဂေး၏ အစီရင်ခံစာများအား ဆလာကြလေတော့သည်။ ထိုအချိန်တွင် အင်္ဂလိပ်နှင့်ပြင်သစ်တို့ ည်လည်း စစ်အင်အားမတောင့်တင်းသေးပေ။ ဆိုဗီယက်တို့အနေဖြင့် စ်ပြင်ဆင်မှုများ ပြုလုပ်နေရသဖြင့် အချိန်ဆွဲထားနိုင်ရန်၊ ဂျပန်နှင့် ဂျာမဏီကိုလည်း ကြိုတင်ကာကွယ်နိုင်ရန်အတွက် စာချုပ်ချုပ်ဆိုရန် ခိုးစားလာလေတော့သည်။ ထို့ကြောင့်ပင် ဤကဲ့သို့ စာချုပ်ချုပ်ဆို ခဲ့ခြင်းဖြစ်လေသည်။ ထို့အတွက် အနောက်နိုင်ငံများမှ ဆိုဗီယက်အပေါ် အကောင်းမြင်သွားကြ၏။ ဆာဂေး အမှုပေါ်ပေါက်လာမှသာ အချိန်ဆွဲ ထားခြင်းဖြစ်ကြောင်း သိလာကြလေသည်။

ဤကဲ့သို့ စာချုပ်ချုပ်ဆိုသဖြင့် ဟစ်တလာ၏တပ်များ ပိုလန်သို့ င်ရောက်လာလေသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့လေတော့သည်။ က်တင်ဘာလ၌ ဂျာမန်တပ်များ ပိုလန်အား ဝင်တိုက်နေစဉ်တွင် ာဟွာဇူးရှိမှ ဆာဂေးထံသို့ ချီးကျူးဂုဏ်ပြုလွှာပေးပို့ခဲ့လေသည်။ ီးကျူးလွှာတွင် ကွမ်တုန်တပ်မတော်ရှိ တပ်မများစာရင်းကို င်ပြနိုင်သည့်အတွက် ချီးကျူးကြောင်းပါရှိ၏။ ဂျာမန်နှင့်ဂျပန်တို့ က်သွယ်သည့် အစီရင်ခံစာအား ဆိုဗီယက်တို့သိခဲ့ရသဖြင့်သာ ာမဏီနှင့် စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး ဆာဂေးကြောင့်ပင် ဥရောပမှစတင်၍ ကမ္ဘာစစ်ဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်ဟု ဆိုရမည်သာ။

တိုကျိုရှိ အထက်ပိုင်းဦးစီးအရာရှိများအဖွဲ့က နိုမိုဟန်တွင် ဖြစ်ပွားခဲ့သောစစ်ပွဲကြောင့် ဂျပန်တပ်မတော်အား ပြန်လည်ဖွဲ့စည်းရန်

www.burmeseclassic.com

www.burmeseclassic.com



အကြံများရလာလေသည်။ သံချပ်ကာတပ်မများအား ဂျာမ
ပန်ဇာတင်တပ်များအတိုင်း ပြန်လည်ဖွဲ့စည်းလိုက်၏။ လေယာဉ်နှင့် မြေပြ
ပူးပေါင်းတိုက်ခိုက်နိုင်ရန်လည်း အထူးလေယာဉ်များ အစားထိ
ဖွဲ့စည်းခဲ့လေသည်။

ဤသို့ တပ်များပြန်လည်ဖွဲ့စည်းရန် အမိန့်စာထွက်လာ
သောအခါ အိုဇာကီက ယင်းအမိန့်စာအားဓါတ်ပုံရိုက်ကာ ကဲလစ်ချ်အာ
ပေးလိုက်၏။ ကဲလစ်ချ်ထံမှ ဤသတင်းများအား ကလောဆင်
စက်ဖြင့်ကြေးနန်းပို့လိုက်လေသည်။

ထိုအချိန်တွင် မာလိန်မှူးမှ သူ့သဘော်အား ငှားရမ်း
များသည် ငါးမဖမ်းဘဲအခန်းအောင်းနေသဖြင့် အံ့ဩနေချိန်လည်းဖြစ်
သို့သော်လည်း မာလိန်မှူးအနေဖြင့် သူပေးထားသည့် ကတိအတိုင်
ဘာမှမမေးဖြစ်ခဲ့ပေ။

ကဲလစ်ချ်သည် ဟာဗတ်စ်သတင်းစာ၏ အထူးသတင်းထော
အနေဖြင့် နိမိုဟန်သို့သွားရောက်ခဲ့လေသည်။ ဂျပန်တို့ကလည်
ည်သည်အဖြစ် အသိအမှတ်ပြုလက်ခံကာ ဧည့်ခံပြုစုခဲ့၏။ နိမိုဟန်
ကဲလစ်ချ်ပြန်လာချိန်တွင် ဂျပန်စစ်အရာရှိများ၏ သဘောထားနှ
စစ်သားများအခြေအနေကို သူသိလာခဲ့လေသည်။ ဤအချက်များအာ
မော်စကိုသို့ပင် ဖလင်နှင့်တကွ သတင်းပို့လိုက်လေသည်။

ဂျာမန်သံရုံးမှ ဆာဂေး ရလာသောသတင်းကြောင့် ဆိုဗီယ
နှင့်ဂျာမန် မဟာမိတ်စာချုပ်ချုပ်ဆိုခြင်းကြောင့် ''ဟစ်တလာသ
အရှေ့ဘက် စစ်မျက်နှာအားစိတ်ချသွားမည်။ ဂျာမန်တို့ ပိုလန်
ဝင်တိုက်မည်။ ထိုအခါ ပိုလန်နှင့်စာချုပ်ချုပ်ဆိုထားသော အင်္ဂလိပ်



ပြင်သစ်တို့မှ ဂျာမန်တို့အား စစ်ကြေညာမည်။ ဤအချက်များအား
စက်တင်ဘာလတွင် စောင့်ကြည့်ရန်'' ဟူသော သူ့ထင်မြင်ချက်ကိုပါ
မော်စကိုသို့ပေးပို့ခဲ့၏။ ဆာဂေး သုံးသပ်ချက်ကို စစ်ကြီးဖြစ်မှပင်
မှန်ကန်ကြောင်းတွေ့ရလေသည်။

စက်တင်ဘာ(၃)ရက်နေ့တွင် မြောက်ပင်လယ်နှင့်အင်္ဂလန်
ရေလက်ကြား ဆုံရာနေရာတွင် ဂျာမန်ရေယာဉ်တစ်စီးအား အင်္ဂလိပ်
ဖျက်သင်္ဘောမှ အမြောက်နှင့်ပစ်ခတ်လိုက်၏။

ထိုအချိန်တွင် ဆာဂေးသည် ဂျပန်ပြည်ရှိ ညကလပ်တစ်ခု၌
ဂျပန်ကချေသည်မလေး ကီယိုမီ၏ ကာဘရက်အကကိုကြည့်ရင်း
နှစ်မြို့က် သဘောကျနေလေသည်။ သို့သော်လည်း ဆာဂေးအနေဖြင့်
သူမမျက်နှာဖုံးစွပ်ပြီး ကနေသည့်အတွက် သူမမျက်နှာကိုမမြင်ရချေ။
သူမ၏အမူအယာနှင့် ကိုယ်လုံးကိုယ်ထည်ကိုသာငေးရင်း သဘောကျနေ
မိလေသည်။ ကကွက်ပြီးဆုံးချိန်တွင် ဆာဂေးမှာ သဘောကျလွန်းသဖြင့်
လက်ခုပ်တီးကာ ဩဘာပေးလိုက်မိ၏။ မကြာမီမှာပင် သူ့ဘေးနားတွင်
ရောက်နေသော ထိုမိန်းကလေးကို အံ့ဩစဖွယ်တွေ့လိုက်ရလေ
တော့သည်။

......*......*......*.....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

**ဂေါ်မအာချင်**

မက်ကီနောခံစစ်လိုင်းအား ဂျာမန်တို့မှ ထိုးဖောက်တိုက်ခိုက်လိုက်သဖြင့် ရုရှတို့အတော်အံ့သြသွားရလေသည်။ ထိုအချိန်တွင် ဂျပန်နိုင်ငံရှိ ကက်ဘိနက်အဖွဲ့တွင်လည်း တစ်ဘက်နှင့်တစ်ဘက် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်နေလေသည်။ ဝန်ကြီးချုပ်ကိုနိုရဲဦးဆောင်သောအဖွဲ့က စစ်ဖြစ်မည်ကိုမလိုလားပေ။ ဗိုလ်ချုပ်ဟီဒေကီတိုကျိုခေါင်းဆောင်သည့် စစ်ခေါင်းဆောင်များက စစ်ကိုလိုလားနေ၏။ ထိုကဲ့သို့ အုပ်စုကွဲကာ သဘောထားကွဲလွဲနေချိန်တွင် စစ်တိုက်လိုသည့်အဖွဲ့မှ အင်အားများသဖြင့် စစ်ပွဲဆင်နွှဲရန် စစ်ပြင်ဆင်မှုများ ပြုလုပ်လာကြသည်။

ဂျပန်ကက်ဘိနက် အစည်းအဝေးတိုင်းတွင် ဂျပန်ဘုရင်မင်းမြတ် စစ်ကိုမလိုလားကြောင်းနှင့် အနောက်ကမ္ဘာခြမ်းတွင် ဖြစ်ပွားနေသည့်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ၌ ဂျပန်ပါဝင်ရန်မသင့်ဟု ပြောဆိုခဲ့၏။ ကိုနိုရီအဖွဲ့ကလည်း ဤအချက်ကိုပင် ထောက်ခံခဲ့ကြလေသည်။

ဂျပန်ထောက်လှမ်းရေးအဖွဲ့မှ ဗိုလ်မှူးကြီးအိုစကီသည် စစ်ဝန်ကြီးနှင့် သွားရောက်တွေ့ဆုံခဲ့လေသည်။ ထို့အပြင် ကက်ဘိနက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် စစ်စီမံကိန်းများအား တွေ့မြင်ကြားသိ သူများစာရင်းအား လွန်ခဲ့သော ၄ နှစ်မှစ၍ စာရင်းပြန်လုပ်ခဲ့၏။ ကက်ဘိနက်မှတ်တမ်းတွင် မပါဝင်သော်လည်း အဖွဲ့ဝင်များနှင့် ပတ်သက်သည့် မိတ်ဆွေများစာရင်းကိုပါ အမည်စာရင်းပြုစုခဲ့၏။ ထို့ကြောင့်ပင် ဆာဂေးတို့အဖွဲ့၏ အမည်များကိုသိရှိသွားခဲ့ရ လေတော့သည်။

ဆာဂေးတို့မှာ သူတို့၏သူလျှိုလုပ်ငန်းကိုပင် မှန်မှန်လုပ်ကိုင် လျက်ရှိနေဆဲပင်။ ဆာဂေးပြုလုပ်ကျင်းပခဲ့သော ပါတီတစ်ခုအပြီးတွင် ဆာဂေး၏ တတိယမျက်နှာဖုံး ပေါ်လာသည်ဟုပင်ဆိုရပေတော့မည်။

အမှန်တွင် ဆာဂေးသည် တန်ပြန်ထောက်လှမ်းရေးအဖွဲ့က အထင်သေးခြင်းကြောင့် သူလျှိုလုပ်ငန်း၏ အခြေခံစည်းမျဉ်းကြီးအား သွေဖယ်လိုက်ဟန်တူလေသည်။ ဤကဲ့သို့ စည်းမျဉ်းအား သွေဖယ်လိုက် ပါကလုပ်ငန်းတစ်ခုလုံး ဗူးပေါ်သလိုပေါ်ပေါက်လာမည်မှာ ဓမ္မတာပင် ဖြစ်လေသည်။

၁၉၄၀ ခုနှစ် ဖေဖော်ဝါရီလ၏ တစ်ခုသောညနေတွင် ဆာဂေးသည် တံငါသဘောဖြင့် ပင်လယ်ပြင်သို့ထွက်ကာ ပါတီပွဲတစ်ခု ကျင်းပခဲ့လေသည်။ ဖိတ်ကြားထားသော ဧည့်သည်များထဲ၌ သံအရာရှိများ ဂျပန်ပြည်၏ စစ်ဘက်အရာရှိများ၊ မြို့စားများနှင့် အိုဇာကီ၊ ကလောဆင်



တို့လည်းပါဝင်လေသည်။ ဧည့်သည်များအလစ်တွင် ကလောဆင်သည် သဘောအောက်ထပ်ရှိ လျှို့ဝှက်စက်ခန်းရှိရာသို့ ဆင်း၍ စက်ဆက်သွယ်မှု ပြုလုပ်ခဲ့၏။ ဂျပန်ပြည်တွင် ထုတ်လုပ်နေသော လက်နက်ခဲယမ်းများ၊ လေယာဉ်များ၊ တင့်ကားများထုတ်လုပ်ပုံနှင့် မည်သည့်စက်ရုံမှ မည်မျှထုတ်လုပ်သည် တို့အားသတင်းပေးပို့ခဲ့၏။ မိနစ်(၃၀)ခန့်သတင်းပို့ပြီးမှ ကလောဆင် ကုန်းပတ်ပေါ်ပြန်တက်လာလေသည်။ သဘောအား ဆိပ်ကမ်းသို့ ပြန်လှည့်နိုင်လိုက်လေတော့သည်။

ကလောဆင်ကုမ္ပဏီမှာ ကြီးပွားတိုးတက်နေသည့်အတွက် ကလောဆင်သည် သူလျှိုလုပ်ငန်းတွင် စိတ်ပါဝင်စားမှု နည်းလာခဲ့လေသည်။ ဆာဂေးတစ်ယောက် သူတို့၏ သူလျှိုရန်ပုံငွေနှင့် ကုမ္ပဏီ၏ ငွေစာရင်းများအား တောင်းယူကြည့်ရှုလိုက်၏။ သူလျှိုရန်ပုံငွေစာရင်းမှာ များပြားလှသဖြင့် အလွန်အံ့ဩသွားရလေသည်။ ထို့ကြောင့်လည်း တိုကျိုတွင် သူလျှိုရံပုံငွေမှာ လုံလောက်နေသဖြင့် ပို့ပေးရန်မလိုဟု မော်စကိုသို့ သတင်းပို့နိုင်ခဲ့၏။ ကလောဆင်တစ်ယောက် မကျေနပ်သော်လည်း ဆရာသမားအမိန့်ကို မဖီဆန်ရဲပေ။ မော်စကိုမှအရင်းအနှီး ရယူကာ ဂျာမန်စက်ဆရာများငှားရမ်း၍ တည်ထောင်ထားသော စက်ရုံ၏ အမြတ်များသည် ဂျပန်အတွက်အကျိုးရှိသလို မော်စကိုအတွက်လည်း အမြတ်ခွဲဝေပေးသင့်သည်ဟု ဆာဂေးကရှင်းပြခဲ့လေသည်။

ထိုအချိန်၌ တိုကျိုရှိ ဂျာမန်သံရုံးသို့ ဂက်စတာပိုစုံထောက်ဌာနမှ ရဲအရာရှိတစ်ဦးဖြစ်သူ ဗိုလ်မှူးကြီးမေဆင်းဂါး (MEI SINGER) တစ်ယောက် လုံခြုံရေးအရာရှိအဖြစ် ရောက်လာလေသည်။ မေဆင်းဂါးသည် ဥပမိရုပ်ကောင်းပြီး ရက်စက်စရာရှိလျှင်လည်း ရက်ရက်စက်စက်

www.burmeseclassic.com

www.burmeseclassic.com



လုပ်တတ်သူဖြစ်ကြောင်း နာမည်ကြီးနေသူတစ်ဦးပင်။ လူသတ်ရာတွင် ရက်စက်သူဟု ကမ္ဘာကပင် အသိအမှတ်ပြုခံရသူလည်းဖြစ်၏။ ထောင်ပေါင်းများစွာသော ဂျူးဆင်းရဲသားများကို ရက်စက်စွာသတ်ဖြတ်ရန်အမိန့်ပေးခဲ့သူလည်းဖြစ်ပေသည်။ မေဆင်းဂါးရောက်လာခြင်းမှာ သူ့အကြောင်း စုံစမ်းရန်ရောက်လာခြင်းပေလားဟု ဆာဂေးတွေးမိ၏။ သို့သော်လည်း သူသည်အလွန်ရက်စက်တတ်သူဖြစ်၍ ဂျာမဏီတွင် မထားလိုသောကြောင့် ပို့လိုက်ခြင်းဖြစ်ကြောင်း သိရချိန်မှပင် စိတ်အေးသွားရလေတော့သည်။

သံအမတ်ကြီးအော့သည် ဆာဂေးအား သံရုံး၏ပြန်ကြားရေးမှူးရာထူးခန့်အပ်လိုက်လေသည်။ သံမှူးအခွင့်အရေးကိုအသုံးပြု၍ အလုပ်လုပ်ရန်လည်း သံရုံးတွင်ခွင့်ပြုပေးထားခဲ့လေသည်။ မေဆင်းဂါးကလည်း ဘာလင်ပြည်ထဲရေးဌာနသို့ ဆာဂေးအား ဖရန့်ဖူးထဲဇိုက်တွန်း သတင်းစာအတွက် ယခင်ကအတိုင်း ဆက်လက်တာဝန်ပေးလုပ်ကိုင်ခွင့်ပြုပေးရန် တောင်းခံတင်ပြပေးခဲ့၏။

ထိုအချိန်များတွင် ဗိုလ်မှူးကြီးအိုစကီမှာ သူ၏မသင်္ကာသူစာရင်းများအား အပြီးသတ်လိုက်လေတော့သည်။ ထိုစာရင်းတွင် ဂျာမန်သံရုံးမှ မေဆင်းဂါးနှင့် ဆာဂေးတို့အမည်စာရင်းလည်း ပါသွားခဲ့လေသည်။ ဂျပန်များ၏ ဆုံးဖြတ်ချက်အစီအစဉ်ကို သံတမန်ဥပဒေအရ ဂျပန်အစိုးရမှ ဖွင့်ပြောပြလိုက်သဖြင့် သံအမတ်ကြီးအော့လည်း သိရှိခဲ့ရလေတော့သည်။

ကျန်ဂျပန်များ အမည်စာရင်းတွင် အိုဇာကီလည်းပါဝင်လေသည်။ ဗိုလ်မှူးကြီးအိုစကီသည် ဂျာမန်သံအမတ်အော့နှင့် သွားတွေ့စဉ်၏ မသင်္ကာသူစာရင်းပြောပြလိုက်၏။ အော့အနေဖြင့်



သူအားထားသော ဆာဂေးပါဝင်နေ၍ သူ့ကိုလည်းကောင်း၊ တိုင်းပြည်အပေါ်တွင်လည်းကောင်း သစ္စာဖောက်မည်မဟုတ်ဟု ယူဆနေဆဲပင်ဖြစ်လေသည်။ ထို့ကြောင့်လည်း ဘယ်တိုင်းပြည်အတွက် လုပ်နေသလဲဟုမေးရာ ရုရှဟုဆိုလိုက်သဖြင့် မယုံကြည်ဘဲပယ်ချလိုက်လေတော့သည်။ အော့အနေဖြင့် မေဆင်းဂါးနှင့် ဗိုလ်သင်တန်းတက်စဉ်ကနှင့် ဂက်စတာပိုကျောင်းတွင် အတူနေခဲ့သူဖြစ်၏။ ဆာဂေးမှာ မေဆင်းဂါးထက်ပင် စိတ်ချရသူဟုထင်ထားခဲ့မိလေသည်။ ဂျပန်အရေးနှင့် ကမ္ဘာ့အရေးတွင် ကျွမ်းကျင်သူတစ်ဦးသာဖြစ်ကြောင်း ပြန်ပြောပြခဲ့၏။

ဆာဂေးရေးသားသော အစီရင်ခံစာများမှာ ကောင်းမွန်သဖြင့် ဘာလင်ကပင် ချီးကျူးခဲ့ကြလေသည်။ သတင်းစာများဆိုလျှင် လူအများသဘောကျ နှစ်သက်ကြသည်ချည်းပင်။ နာဇီအထက်တန်းလွှာ၌လည်း ဆာဂေး၏မိတ်ဆွေများရှိနေကြောင်း ဘာလင်မှ ပြောပြထား၏။ သစ္စာဖောက်မည့်သူအား နာဇီအထက်လွှာမှ ထောက်ခံမည်မဟုတ်ပေ။ သို့အတွက် အော့လည်း အိုစကီပြောပြချက်များအား ဆာဂေးနှင့် မေဆင်းဂါးတို့အား ပြန်ပြောပြခဲ့လေသည်။

ဆာဂေးတစ်ယောက် သူလျှိုလုပ်ငန်းအား ဆက်လုပ်မြဲလုပ်နေခဲ့လေသည်။ သာမန် သူလျှိုများအနေဖြင့် သူလျှိုနည်းနာများအရ ထိုကဲ့သို့ သံသယဝင်လာလျှင် ကွန်ယက်အား ဖျက်သိမ်းကြမည်ဖြစ်၏။ သို့သော်လည်း ဆာဂေးမှာဆက်လုပ်နေဆဲပင် ဖြစ်လေသည်။ အကြောင်းမှာ ကမ္ဘာစစ်ဖြစ်ချိန်နီးသဖြင့် ဂျပန်တွင်နေပြီး သူ၏လုပ်ငန်းဖြင့်နိုင်ငံရေးနယ်တွင် သဘောရှိစိတ်တိုင်းကျ ဆောင်ရွက်ချင်သည့်ဆန္ဒကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မေဆင်းဂါးတစ်ယောက် သံရုံးအမှုထမ်းများအား ပြန်လည်စစ်ဆေးရန် ဆုံးဖြတ်ချက်ချလိုက်၏။ သူစစ်ဆေးမည့်စာရင်း၌ အော့နှင့်ဆာဂေးတို့ မပါဝင်ခဲ့ချေ။

ဂျပန်တန်ပြန်ထောက်လှမ်းရေးအဖွဲ့ အနေဖြင့်လည်း သူလျှိုများအား ယခုထိပင် ဖမ်းဆီးနိုင်ခြင်းမရှိသေးပေ။ သို့သော်လည်း ခြေရာခံနိုင်ရန် သဲလွန်စများရလာပြီဖြစ်၏။ ထိုအချိန်မှာပင် သူလျှိုများမှ လွှင့်လိုက်သည့် အသံလွှင့်ချက်အား အသံရှာစက်မှဖမ်းမိသွားလေတော့သည်။ အိုဖုကျွန်းဆွယ်ဘက် သွားရာလမ်းရှိ တစ်နာရီခရီးအကွာအဝေးခန့်မှ အသံလွှင့်နေခြင်းဖြစ်၏။ အသံရှာကရိယာ၏ ညွှန်ပြချက်အရ ထိုစက်အား ကား(သို့)ယာဉ်တခုခုပေါ်မှ လွှင့်ဖနေသည်ဟု ယူဆမိကြလေသည်။ ထို့ကြောင့် ထိုလမ်းပေါ်ရှိ ကားတိုင်းအား ရှာဖွေခိုင်းခဲ့၏။ မတွေ့ပါဟူသော သတင်းသာပြန်ရခဲ့လေသည်။ ထိုလမ်းပေါ်တွင် ဖြတ်သန်းသွားသော ကားများ၌ ကလောဆင်နှင့်ဆာဂေးတို့စီးလာသော ကားလည်းပါသည်ဟု သတင်းပို့လာခဲ့၏။ ထို့ကြောင့်ပင် အိုစကီလည်း အကြံသစ်တစ်ခုရလာကာ မေဆင်းဂါးနှင့်တွေ့ဆုံရန် ဆုံးဖြတ်လိုက်လေသည်။

မေဆင်းဂါးမှ သံအမတ်ကြီးအော့ ပြောပြချက်များအား အိုစကီသို့ ပြန်ပြောပြရင်း သူလည်းသူလျှိုကိစ္စအတွက် စုံစမ်းနေကြောင်း ပြောပြလာ၏။ ထို့ကြောင့်လည်း သူတို့နှစ်ဦးပူးပေါင်းပြီး တန်ပြန်ထောက်လှမ်းရေးလုပ်ရန် ဆုံးဖြတ်ခဲ့လေတော့သည်။ အိုစကီက လမ်းပေါ်ရှိ မသင်္ကာ၍ ရှာဖွေသောယာဉ်များထဲတွင် ဆာဂေးတို့ ကားပါဝင်ကြောင်း ပြောပြလိုက်ပြန်သည်။ မေဆင်းဂါးမှလည်း ဆာဂေးတစ်ယောက် ကမ်းခြေရှိ



သူ့အိမ်တွင် ပါတီတစ်ခုပြုလုပ်ကြောင်း၊ သူမအားလပ်၍ မလိုက်နိုင်ကြောင်းနှင့် ပါသွားသူများ၏ အမည်များအားပြောပြလိုက်၏။ ထိုအခါမှာတော့ အိုစကီက သူ့အားဆာဂေးနှင့်မိတ်ဆက်ပေးပါရန် တောင်းပန်ခဲ့လေသည်။ မေဆင်းဂါးကလည်း သဘောတူခဲ့၏။ သို့သော်လည်း ဂျပန်တန်ပြန်ထောက်လှမ်းရေးအဖွဲ့မှ လျှို့ဝှက်စွာစုံစမ်းနေခြင်းများအား ဆာဂေးသိနေပြီဆိုသောအချက်ကို အိုစကီအား မပြောပြလိုက်ချေ။

ဆာဂေးအနေဖြင့် သူ့အဖွဲ့အား တန်ပြန်အဖွဲ့၏ လိုက်လံစုံစမ်းနေမှုကိုသတိပေးရန် ယခုကဲ့သို့ ပါတီပွဲပေးခဲ့ခြင်းပင်ဖြစ်၏။ သူတို့၏ လျှို့ဝှက်အသံလွှင့်ချက်အား ထိုအဖွဲ့မှသိသွားကြောင်း တစ်ဘက်ရန်သူကို အထင်သေးစွာပြောပြခဲ့၏။ သို့သော်လုံခြုံရေးကို ယခင်ကထက်ပင် ပိုပြီးလုပ်ကိုင်ရန် မှာကြားခဲ့လေသည်။ ပစ္စည်းများအား လူဖြင့်ဆက်သွယ်ပေးပို့ရန်ကိစ္စမှာမူ ယခုနောက်ပိုင်း၌ အစစ်အဆေးများနေ၍ မလွယ်ကူတော့ပေ။ ထို့အတွက် ရေဒီယိုကိုသာ အဓိကအသုံးပြုလာရတော့သည်။ နောက်ဆုံး၌ သူတို့ပေးပို့စရာရှိသည့် ဖလင်များနှင့်ဒီဖိုင်းပုံစံ များအား သံရုံးမှတဆင့်ပေးပို့ရန် ဆုံးဖြတ်ခဲ့လေတော့သည်။ ဤဆုံးဖြတ်ချက်အားစက်ဖြင့် မော်စကိုသို့လှမ်းပို့စဉ် အသံလွှင့်စက်ရှာကရိယာမှ ယခုကဲ့သို့ ဖမ်းမိသွားခြင်းပင်ဖြစ်လေသည်။

ကလောဆင်ထံသို့ သူ့လိပ်စာနှင့် စာတစ်စောင်ရောက်လာလေသည်။ စာအိတ်ထဲ၌သူ့အား ညွှန်ကြားထားချက်များ ပါဝင်လေသည်။ ထိုညွှန်ကြားချက်အရ မော်စကိုသို့ပို့ရန်ရှိသောအထုပ်ကိုယူရန် ကဲ့သို့ သွားရမည်ဖြစ်၏။ တွေ့ဆုံရမည့်လူအား အမည်ဝှက်များလည်း

www.burmeseclassic.com

www.burmeseclassic.com



ပေးထားခဲ့လေသည်။ ကပွဲရုံ၌ အင်နာသည်ခုံအမှတ် (၂၉)၊ သူက (၃၀)နှင့် တိုကျိုရှိ ဆိုဗီယက်သံရုံးမှ စစ်သံမှူးလီယွန်ဗူတိုကိုဗစ်ချ်က (၃၁)များတွင် ထိုင်ကြမည်ဖြစ်၏။ ကပွဲရုံတွင် မီးမှိတ်လိုက်သည်နှင့် ကလောဆင်က သူ့ဘေးမှလူအား အထုပ်ကိုပေးရမည်ဖြစ်၏။ ထိုသူမှ သူ့အား ဒေါ်လာ (၇၀၀၀) ပါသောအထုပ်ကို ပြန်ပေးမည်ဖြစ်လေသည်။ ထို့အပြင် ဆာဂေး တို့အား သံရုံးသို့လူလွှတ်ဆက်သွယ်ခြင်းမပြုရန် ညွှန်ကြားထားခဲ့လေသည်။

ဗောက်ကဲလစ်ချ်၏ အိမ်၌လည်း အိမ်တွင်းရေးပြဿနာ ပေါ်ပေါက်နေလေသည်။ မယားကြီးအီးဒစ်သ်နှင့် ကွာရှင်းခဲ့ပြီး မယားငယ် စမူစကီအား လက်ထပ်လိုက်၏။ အီးဒစ်သ်သည် သူ့လျှို့လုပ်ငန်းတွင် အကူအညီပေးခဲ့ဖူး၍ တိုကျိုတွင်မနေစေတော့ဘဲ ဂျပန်မှထွက်ခွာခိုင်းခဲ့၏။ ထို့အတွက် ကဲလစ်ချ်မှ ဒေါ်လာ(၅၀၀)ပေးခဲ့ရာ မကျေနပ်ခဲ့ချေ။ ထို့ကြောင့်ပင် ဆာဂေးအနေဖြင့် ဆိုဗီယက်သံရုံးမှ ဒေါ်လာ(၅၀၀၀)ယူကာ သူ့ငွေ(၁၀၀၀)ထပ်ပေါင်းလိုက်ပြီး စုစုပေါင်း(၆၅၀၀)ပေးလိုက်မှ ကျေနပ်သွားကာ ဩစတြေးယားသို့ထွက်ခွာသွားလေတော့သည်။ ထိုငွေမှာ တိုကျိုနှင့်ရှန်ဟဲအကြား အခေါက်ခေါက်အခါခါ သွားပေးခဲ့သည့်အတွက် ရရှိခဲ့သော ဆုငွေပင်ဖြစ်လေသည်။

မေလ(၁)ရက်နေ့၌ ဟစ်တလာသည် ဂျပန်သံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံကာ ဇွန်လ(၂၂)ရက်နေ့တွင် ဆိုဗီယက်အား တိုက်တော့မည့် အကြောင်းကို ပြောပြခဲ့၏။ ဂျပန်အနေဖြင့် ဂျာမန်တို့ဘက်မှ ဝင်ရောက် တိုက်ခိုက်ရန် ဆွေးနွေးခဲ့လေသည်။ သံအမတ်ကြီးမှ ဤကိစ္စနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးအား သတင်းပို့မေးမြန်းပြီးမှ အကြောင်း ပြန်လိုကြောင်း ပြန်တင်ပြပြောကြားခဲ့လေသည်။ ဟစ်တလာက



ယင်းအဖြေကို သဘောမကျပေ။ ဝန်ရိုးတန်းနိုင်ငံအချင်းချင်း ချုပ်ဆိုထား သောစာချုပ်ကို ထောက်ပြ၏။ ထို့နောက် ဂျပန်အား ဆိုက်ဘေးရီးယားသို့ ဝင်တိုက်ပေးရန် ပြောလိုက်လေသည်။

သံအမတ်ကြီးလည်း ဤကိစ္စအား ဂျပန်နိုင်ငံသို့ပြန်လည်တင်ပြ ခဲ့လေသည်။ ကိုနိုရီလည်း တိုကျို၌ အစည်းအဝေးခေါ်ယူလိုက်၏။ ဘုရင်မင်းမြတ်မှာ ငြိမ်းချမ်းရေးလိုလားသူဖြစ်၍ စစ်ပွဲတွင်မပါဝင်လိုပေ။ ကိုနိုရီကလည်း ဘုရင့်ဆန္ဒအတိုင်းပင် ပြောပြခဲ့လေသည်။ စစ်တိုက် လိုသည့် မိုလ်ချုပ်တိုဂျိုကမူ ဥရောပကို ဂျာမန်လွှမ်းမိုးနိုင်သဖြင့် ဂျာမန် ဘက်မှဝင်တိုက်သင့်ကြောင်း တင်ပြခဲ့၏။ သို့သော်လည်း ကိုနိုရီဘက်မှ အနိုင်ရခဲ့လေသည်။ ဆိုဗီယက်အားမတိုက်ဘဲ ပစိဖိတ်ကျွန်းများ ဘက်သို့ စစ်ချီကာ အိန္ဒိယမှ ဟာဝိုင်အီအထိ ဂျပန်တပ်များအား ဖြန့်ကျက်ကာ ဒေသပါယာအဖြစ် သိမ်းသွင်းရန် စီစဉ်သဘောတူခဲ့ကြလေသည်။

ထိုအစည်းအဝေးမှတ်တမ်းမှာ အိုဇာကီထံသို့ရောက်လာ လေသည်။ အိုဇာကီလည်း ကိုနိုရီနှင့်တွေ့ဆုံကာ ဂျပန်သည် ဆိုက်ဘေးရီးယားကိုလည်းကောင်း တောင်းပိုင်းဒေသများအား လည်းကောင်း တိုက်ခိုက်မှုပြုလုပ်ပါက ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများအား ရှင်းလင်းတင်ပြခဲ့၏။ ထို့နောက် မီယာဂီမှတဆင့် ဆာဂေးထံသို့ အစီရင်ခံစာရေးသားပေးပို့ခဲ့လေသည်။ ဆာဂေးအနေဖြင့် အတိကျသွားစေရန် သံအမတ်အော့နှင့် တွေ့ဆုံဆွေးနွေးခဲ့လေသည်။ အော့၏ သတင်းအရ ဂျာမန်သည် ဆိုဗီယက်အားတိုက်မည်မှာ အသေအချာပင်ဖြစ်လေတော့သည်။

ထို့ကြောင့်ပင် မေလ(၂)ရက်နေ့၌ ငါးဖမ်းသင်္ဘောပေါ်၌ ပါတီပွဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဖြုလုပ်ကျင်းပလိုက်၏။ ကလောဆင်သည် မော်စကိုသို့ သံတော်ဦးတက်မှ သတင်းပေးပို့ခဲ့လေသည်။

ဗြိတိသျှပ်မတစ်ရာခုနှစ်ဆယ် ချထားသည်။ ဖွန်(၂၂)နယ်စပ် တလျှောက် ဖြန့်တိုက်မည်။ မော်စကိုသို့ ဦးတည်မည်။ အသေးစိတ်ထပ်ပို့မည်။

ရမ်ဆေး–

ဗိုလ်မှူးကြီးအိုစကီတို့ ဤကြေးနန်းသတင်းပို့ချက်အား ဖမ်းမိခဲ့လေသည်။ အသံလွှင့်သောနေရာမှာ ပင်လယ်ပြင်ဘက် မိုင်(၂၀)ခန့်မှဟုသိရ၏။ ထို့ကြောင့် ဂျပန်ရေတပ်ဌာနချုပ်သို့ သတင်းပေး ပို့ခဲ့လေသည်။ ထိုနေရာတဝိုက်ရှိ သင်္ဘောများစာရင်းအား တောင်း လိုက်၏။ မည်သည့်သင်္ဘောမှ မရှိဟူသောသတင်းပြန်ရောက်လာ လေသည်။ အိုစကီတစ်ယောက် အတော်ပင် စိတ်ထိခိုက်သွားရလေသည်။

ထိုအချိန်တွင် အသံလွှင့်မှုပြီးစီးသွားပြီဖြစ်၍ ဆာဂေးလည်း သင်္ဘောအား ဆိပ်ကမ်းဘက်ပြန်လှည့်နိုင်းခဲ့လေသည်။ ကလောဆင် ထံသို့ "ကောင်းသည် လက်ခံနိုင်အောင်သတင်းအခြေအမြစ်ပို့ ဒါရိုက်တာ–" ဟူသော ကြေးနန်းပြန်ရောက်လာလေသည်။

ဖွန်လ(၂၂)ရက်နေ့တွင် ဂျာမန်တပ်များ ဆိုဗီယက်နယ်နိမိတ် များအား စတင်ဝင်ရောက်တိုက်ခိုက်ခဲ့လေသည်။ သို့သော် ရုရှား များသည် ဆိုက်ဘေးရီးယားတွင် ဂျပန်တပ်များလာမည်အထင်ဖြင့် စောင့်နေဆဲပင် ရှိနေလေသေး၏။

•••••*•••••*•••••*•••••

# အခန်း(၁၂)

## ကြီးမားသော အောင်မြင်မှု

အင်နာနှင့်ကလောဆင်တို့ တကာရာဖူကာ ဖော်ရုံသို့ ထွက်လာ ကြ၏။ ဆာဂေးသည် ကလောဆင်၏ ညာဘက်တွင်ထိုင်နေခဲ့လေသည်။ ဗုံအာတ်စသည်နှင့် ဖလင်လိပ်(၃၀)အား လက်ပြောင်းလက်လွှဲလုပ်နိုင် ခဲ့လေသည်။

ဗိုလ်မှူးကြီးအိုစကီမှာလည်း မသင်္ကာသူစာရင်းဖြင့် အလုပ်ရှုပ် နေလေတော့သည်။ စာရင်းအား သေချာစွာစစ်ဆေးပြီး မလိုဟုယူဆ သူများအား စာရင်းမှပယ်ချလိုက်၏။ မီယာဂီမှာ ပယ်သည့်စာရင်းထဲ ဝင်သွားလေတော့သည်။ ထိပ်ပိုင်းတင်ထားသောစာရင်းတွင် ဆာဂေး၊ အောကီ၊ ကလောဆင်နှင့် ကဲလစ်ချ်တို့ပါဝင်လေသည်။ အိုစကီလည်း ဆာဂေးနှင့် တွေ့ဆုံသင့်ပြီဟု စဉ်းစားဆုံးဖြတ်လိုက်၏။ ထို့ကြောင့်ပင်

www.burmeseclassic.com

www.burmeseclassic.com



မေဆင်းဂါးထံသို့ ဖုန်းဆက်လိုက်လေတော့သည်။

ဖွန်လ၏ ညနေခင်းတစ်ခုတွင် ဖူဂျီကလပ်တွင်းသို့ ဆာဂေး ဝင်လာခဲ့လေသည်။ သူသည် အပြာရောင်ဝတ်စုံအား ဆင်မြန်းထားခဲ့၏။ ဝတ်စုံမှာ မှောင်းနွမ်းနေသည့်အပြင် အကျီမှာလည်းတွန့်ကြေ၍ နေလေသည်။ ကလပ်အတွင်း၌ မေဆင်းဂါးသည် ဂျပန်အရာရှိတစ်ဦး နှင့်အတူ သူ့အားစောင့်ဆိုင်းနေလေသည်။ ဆာဂေးလည်း ထိုလူနှစ်ဦးအား သေသေချာချာအကဲခတ်ကြည့်ရှုလိုက်၏။ ဘာသောက်နေကြသည်ကအစ ကြည့်လိုက်ခြင်းပင်။ ထို့နောက် အိုစကီ ဘေးတွင်ဝင်ထိုင်ခဲ့လေသည်။

အိုစကီနှင့် ဆာဂေးအား မိတ်ဆက်ပေးလိုက်လေသည်။ အိုစကီ တစ်ယောက် ဆာဂေးအား မိန်းမတွေကြိုက်အောင်ဘယ်လိုလုပ်ရသလဲဟု မေးမြန်းလိုက်မိ၏။ ထို့နောက် ဤကလပ်ရှိ အလွန်ချစ်စရာကောင်းသော မိန်းကလေးတစ်ယောက်အကြောင်း ပြောပြခဲ့လေသည်။ ဆာဂေးလည်း စိတ်ဝင်စားသွားလေတော့သည်။ ကပွဲစသည်နှင့် ထိုမိန်းကလေးအား ဆာဂေး စတင်တွေ့ရှိလိုက်ရပြီဖြစ်၏။ ဤမိန်းကလေးသည် ယခင် ဆာဂေး တွေ့ခဲ့သမျှသော မိန်းကလေးများနှင့်မတူပေ။ ထို့ကြောင့်လည်း သူ့ရင်ထဲ၌ စမ်းသပ်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာလေတော့သည်။ ဤကဲ့သို့စိတ်ကူးပေါ်လာခြင်းမှာ ဆာဂေးအတွက် အမှားတစ်ရပ်ပင် ဖြစ်လေတော့သည်။

ကပွဲပြီးသွားချိန်၌ အိုစကီတစ်ယောက် ဆာဂေး၏ ဟာကွက်ပျော့ကွက်အား သိရှိသွားပြီဖြစ်၏။ သက်သေအထောက်အထား ဖြင့်ရနိုင်သည့် နည်းလမ်းတစ်ခုကိုလည်း ရသွားခဲ့ပြီဖြစ်လေသည်။ ထို့ကြောင့်ပင် ကချေသည်မလေး ကီယိုမီအား အိုစကီက သူ့ဌာနချုပ်သို့



ဆင့်ခေါ်၍တွေ့ဆုံခဲ့လေသည်။ ကိုယ့်ဘုရင်မင်းမြတ်နှင့် တိုင်းပြည်အတွက် ကူညီရမည့်တာဝန်များရှိပါက ကူညီသင့်ကူညီ ထိုက်ကြောင်း တရားချဆွဲဆောင်ပြောကြားခဲ့၏။ ကီယိုမီသည် အနောက်တိုင်း အနည်းငယ်ဆန်သော်လည်း ဂျပန်သွေး၊ ဂျပန်စိတ် အပြည့်အဝ ရှိသူတစ်ဦးပင်။ အိုစကီ၏ ဆွဲဆောင်မှုကြောင့်ပင် ကီယိုမီထံမှ ကူညီမည် ဖြစ်ကြောင်း ကတိရခဲ့လေသည်။ ထို့ကြောင့် အိုစကီလည်း ကီယိုမီအား သူ့စီမံချက်ကိုပြောပြခဲ့လေသည်။

ဆာဂေးမှာ အပျော်အပါးလိုက်စားသူဖြစ်ကြောင်း၊ မိန်းမကိစ္စနှင့် ပတ်သက်လာပါက စိတ်ကိုထိန်းချုပ်နိုင်စွမ်းမရှိကြောင်း၊ ကီယိုမီအား စွဲလန်းနေ၍ မိန်းမတို့မာယာဖြင့် ပြုလုပ်သွားရန်၊ တဖြည်းဖြည်းလိုက်လျော သွားရန်တို့အား သင်ကြားပြောပြခဲ့လေသည်။ သူ၏ဖုန်းနံပါတ်ကိုလည်း ပေးလိုက်လေသည်။ မသင်္ကာဖွယ်တွေ့ပါက ဖုန်းဆက်၍ အကြောင်း ကြားရန် မှာကြားလိုက်၏။ ထို့ပြင် တန်ပြန်ထောက်လှမ်းရေးအဖွဲ့နှင့် ဆက်သွယ်ရမည့် အခြေအနေကိုပါ ပြောကြားခဲ့လေသည်။

ဆာဂေးတစ်ယောက် ဖူဂျီကလပ်သို့ သီတင်းသုံးပတ်ကြာမျှ ညစဉ်သွားရောက်ခဲ့လေသည်။ ကီယိုမီအား နေ့လည်စာ၊ ညစာထွက်စား နိုင်လည်း မကြာခဏဖိတ်ကြားကြည့်ခဲ့၏။ စားပွဲကိုပင် ထိုင်နေကြစားပွဲ၌ ဝင်ထိုင်၍ကြည့်ခဲ့လေသည်။ ကီယိုမီသည် ဆာဂေးပေးပို့သည့် ပန်းများ အားပြန်ပေးကာ ဖိတ်ကြားသည့်စာများအား ဆုတ်ဖြဲခဲ့၏။ ဆာဂေး အတွက်မှာမူ ဤသို့သောအပြုအမူမျိုး တစ်ခါမျှမခံစားခဲ့ရဖူးချေ။

တစ်ညတွင် ကီယိုမီတစ်ယောက်ကနေရင်းမှ ဆာဂေးအား ထိုင်နေကျစားပွဲတွင် မတွေ့ခဲ့ရသဖြင့် အိုစကီထံ ဖုန်းဆက်သတင်းပို့ရန်

www.burmeseclassic.com

www.burmeseclassic.com



တွေးမိသွားခဲ့၏။ သူမ၏ အဝတ်လဲခန်းသို့ပြန်လာကာ အခန်းထဲသို့ဝင်၍ တံခါးပိတ်လိုက်လေသည်။ ဆာဂေးအား သူမ၏အဝတ်လဲခန်းတွင်းရှိ စားပွဲတွင်ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။ ဆာဂေးတစ်ယောက် သူမအား ဘာစကားမှမပြောခဲ့ပေ။ ကီယိုမိ ခေါင်းစွပ်ချွတ်လိုက်သည်နှင့် ဆာဂေးလည်း မတ်တပ်ရပ်လိုက်ကာ သူမအားညင်သာစွာဖြင့် နှုတ်ခမ်းခြင်း စုပ်နမ်းလိုက်လေတော့သည်။ ကီယိုမိတစ်ယောက် ဆာဂေးနှင့် ညစာ အတူစားရန် သဘောတူလိုက်လေတော့သည်။

ဗိုလ်မှူးကြီးအိုစကီအနေဖြင့် သူ့ထောင်ချောက်အတွင်းသို့ ဆာဂေးဝင်နေကြောင်း သိလိုက်သဖြင့် အတော်ကလေးပင် ကျေနပ်အားရ နေလေတော့သည်။ တစ်နေ့တွင် ဂျပန်အဖိုးကြီးတစ်ဦး သူ့ထံ ရောက်လာကာ သူ့သမီး၏မိတ်ဆွေ အီတိုရစ်ဆူနှင့် သူမ၏မိတ်ဆွေ မီယာဂျိတို့မှာ မြေအောက်ကွန်မြူနစ်များဖြစ်ကြောင်း သတင်းလာပေးခဲ့၏။ မီယာဂျီအား သံသယစာရင်းတွင် ပြန်ထည့်လိုက်ရပြန်တော့သည်။

ယခုကဲ့သို့ မီယာဂျီ ပြန်စာရင်းဝင်သွားခြင်းမှာ ဆာဂေးတို့ အတွက် အဆိုးရွားဆုံးသော ကံကြမ္မာဝင်ရောက်လာခဲ့ခြင်းဖြစ်၏။ ဆာဂေးအနေဖြင့် သူ့ငယ်သားများအား သတင်းပေးအဖြစ် ငှားရမ်း အသုံးပြုပါက ကွန်မြူနစ်ဝါဒအား ယုံကြည်သူများအား ဘယ်သောအခါမှ အသုံးမပြုရန် ညွှန်ကြားထားခဲ့ပြီးဖြစ်လေသည်။ သို့သော်လည်း မီယာဂျီ အနေဖြင့် အသုံးပြုမိလေသည်။ ထို့ကြောင့်ပင် ရစ်ဆူမှတဆင့် တန်ပြန်အဖွဲ့များဆာဂေးအဖွဲ့တွင်းသို့ တဖြည်းဖြည်း ထိုးဖောက်လာခဲ့ တော့သည်။ မီယာဂျီကိုပင် နောက်ယောင်ခံများဖြင့် နောက်ယောင်ခံ ခိုင်းခဲ့လေတော့သည်။



ထိုကဲ့သို့ ဆာဂေးတို့၏ သဲလွန်စများစတင် ပေါ်ပေါက်နေချိန် တွင်ဂျာမန်တို့ကလည်း ရုရှနိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခိုက်နေပြီဖြစ်၏။ ဂျပန်တို့အနေဖြင့်လည်း မန်ချူးရီးယားမှတဆင့် ဆိုက်ဘေးရီးယားသို့ တိုက်နိုင်မှုရှိမရှိအား စုံစမ်းရန်အရေးကြီးနေလေသည်။ ကာကွယ်ရေးအဖွဲ့ လည်း ဤကိစ္စအတွက် ဆုံးဖြတ်မှုမပေးသေးချေ။ ဂျာမန်အစိုးရ လည်း ဂျပန်အား အရှေ့ဘက်စစ်မျက်နှာမှ ဝင်တိုက်ရန်တွန်းအားပေး ...က်ရှိနေလေသည်။

ထိုသို့အရေးကြီးသောကာလတွင် အိုဇာကီနှင့် မီယာဂျိတို့သည် ...ပန်စစ်တပ်၏ လှုပ်ရှားမှု၊ အင်အားနှင့် လက်နက်ထုတ်လုပ်မှုများအား ...တင်းများ စုဆောင်းနေကြရ၏။ ဆာဂေးနှင့် ကလော့ဆင်တို့ကမူ ...ါအလုပ်အား ဘန်းပြ၍ ညနေတိုင်းပင် မော်စကိုသို့ ရေဒီယိုသတင်း ...အားပေးပို့နေကြလေတော့သည်။

စက်တင်ဘာလတွင် အာချင်သွဘော်နှင့် ဂျပန်ရေနံတင် ...ဘော်တစ်စီး နစ်မြုပ်မှုအတွက် ဂျပန်အထက်ဌာနချုပ်မှ ဗိုလ်မှူးကြီး ...စကီအား ယင်းကိစ္စအတွက် စုံစမ်းဖော်ထုတ်ပေးရန် တာဝန် ...အပ်ခဲ့၏။ အိုစကီအနေဖြင့် ပြည်တွင်းမှ သူလျှိုတစ်ဦး၊ နှစ်ဦးကိုသာ ...မ်းလိုချေ။ အားလုံးသိမ်းကြုံး၍ ဖမ်းလိုသောဆန္ဒရှိနေလေသည်။ ...သော်လည်း အသံလွှင့်စက်အားမဖော်ထုတ်နိုင်သေးသဖြင့် ကီယိုမိနှင့် ...ွက်ဆင်ထားရသော အခြေအနေကိုသာ စောင့်ကြည့်နေခဲ့ရ ...သည်။ ဆာဂေးအဖို့ ကံကောင်းထောက်မစွာဖြင့် အသက်ရှုပေါက် ...ာခြင်းပင်ဖြစ်၏။

ဆာဂေးမှာ သူနှင့်လွန်စွာရင်းနှီးလှသော စာရေးဆရာမတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ ဘာဂျစ်လွန်ကွတ်စ်အား နေအိမ်သို့ ဖိတ်ခေါ်ခဲ့၏။ ဘာဂျစ်အား ဗိုလ်မှူးကြီးအိုစကီနှင့် ရင်းနှီးအောင်လုပ်၍ သူ့အကြောင်းမည်မျှသိနေသည် ကိုစုံစမ်းပေးရန် ပြောလိုက်၏။ ဘာဂျစ်လည်း အလွန်အံ့သြသွားလေသည် လူတစ်ဦးတစ်ယောက် ကောင်းစားရေးအတွက် ကြိုးစားဆောင်ရွက် ရခြင်းမှာ တစ်ဘက်မှ အခြားသူတစ်ဦး၏ အကျိုးယုတ်လျော့မှုဖြစ်ဓေ သူမ မလုပ်နိုင်ကြောင်းပြန်ပြောခဲ့၏။ သူမအား ရင်းနှီးမှုက အကြောင်းပြု၍ အသုံးချရန်ကြံစည်ကြောင်း စွပ်စွဲပြောဆိုခဲ့လေသည် ပြောရင်းဆိုရင်းဖြင့် ဆာဂေးတစ်ယောက် သူ့ကိုယ်သူ သူလျှိုဖြစ်ကြောင် သူမအား အားလုံးပြောပြလိုက်လေသည်။ ရစ်ချတ်ဆာဂေးတစ်ယောက် သူ၏ တတိယမျက်နှာဖုံးအား ခွာလိုက်ခြင်းလည်းဖြစ်၏။ သူ့လုပ်ငန်းနှ ပတ်သက်၍လည်း သူ၏ အောင်မြင်မှုများအား ခပ်ကြွားကြွားပင်ပြော ပြနေလေတော့သည်။ ဘားဂျစ်လည်း မကြားလိုတော့၍ ဆာဂေးအနား ချက်ချင်းထွက်ခွာခဲ့လေတော့သည်။ မကြာမီမှာပင် ဘားဂျစ်တစ်ယောက် တိုကျိုမြို့မှ ပျောက်ကွယ်သွားလေတော့သည်။ သူမကိုယ်သူမ သတ်သေ သွားသည်ဟု ဆာဂေးကပြောပြခဲ့သော်လည်း အထောက်အထားများ မတွေ့ရှိခဲ့ရချေ။

ဂျာမန်တို့အနေဖြင့် အောင်ပွဲအဆင့်ဆင့်ရနေချိန်လည်းဖြစ် ဟစ်တလာ၏ ဂျာမန်ဟေပ်သား(၁)သန်းပင်လျှင် မော်စကိုအနီး ရောက်နေပြီဖြစ်လေသည်။ ဌာနချုပ်ကိုပင် မော်စကိုအနီး၌ ဖွင့်လှ ထားနိုင်ခဲ့၏။ ဆိုဗီယက်ဌာနချုပ်အနေဖြင့် စိုးရိမ်ကြီးစွာဖြင့် စောင့်စ နေရချိန်လည်း ဖြစ်လေသည်။ တပ်များကိုလည်း လီနင်ဂရက် ကရိုင်းမီးယားအထိ ဖြန့်ခွဲထားခဲ့ရလေသည်။ ဂျာမန်တပ်များအ



အလုံးအရင်းဖြင့် ပြန်ခုခံနေရလေသည်။ သို့သော်လည်း ဂျာမန်သံချပ်ကာ တပ်များအား ထိရောက်စွာ ခုခံနိုင်စွမ်းမရှိခဲ့ချေ။

ဂျာမန်တို့အနေဖြင့် မကြာမီမှာပင် မော်စကိုသို့ရောက်လာ နိုင်သည့် အခြေအနေမျိုးတွင်ရှိနေလေသည်။ ဆိုဗီယက်အတွက် စစ်ကူများစွာ လိုအပ်နေလေသည်။ ဆိုက်ဘေးရီးယားမှ တပ်များအား ပြန်ထုတ်နုတ်ရန် လိုအပ်နေပြီဖြစ်၏။ သို့သော်လည်း ယင်းကိစ္စအတွက် အဆုံးအဖြတ်မပေးနိုင်ခဲ့ချေ။ဆာဂေးထံမှ သတင်းကိုသာစောင့်နေရ လေသည်။

ထိုအချိန်တွင် ဆာဂေးမှာမူ တိုကျို၌ ဂျပန်အစိုးရအရာရှိ များအား ညစာခံပွဲပြုလုပ်ကျင်းပပေးနေချိန်ဖြစ်လေသည်။ သူ၏ သဘောပေါ်၌ တတိယအကြိမ်မြောက် ညစာခံပွဲပြုလုပ်ပေးခဲ့ခြင်းလည်း ဖြစ်၏။ ဂျပန်စစ်ဦးစီးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အား လှမ်း၍ပေးပို့နိုင်ရန် ဟန်ပြပါတီပွဲပြုလုပ်ခဲ့ခြင်းသာဖြစ်လေသည်။

ဂျပန်တို့အနေဖြင့် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသသို့သာ စစ်ချီမည်ဖြစ်၍ ဂျာမန်တို့၏ ကမ်းလှမ်းချက်အား ငြင်းပယ်ခဲ့လေသည်။ အရှေ့တောင်အာရှသို့ စစ်ချီပါက အသက် ၂၅ မှ ၃၅ နှစ်တွင်းရှိ ယောကျ်ားတိုင်း ချက်ချင်းစစ်ထဲဝင်ရန် ဆင့်ကြားထားခဲ့လေသည်။ ထိုသတင်းကြောင့် ဆိုဗီယက်အနေဖြင့် ဂျပန်အား စိုးရိမ်စရာမရှိတော့ပေ။

ကလောဆင်တစ်ယောက် သဘောအောက်ခန်းထဲ၌ ထိုသတင်း များပေးပို့ရင်း အလုပ်ရှုပ်နေလေသည်။ ဆာဂေးမှာမူ ပါတီပွဲ၌ညစာခံ နေဆဲဖြစ်၏။ ကလောဆင်ပို့လိုက်သော ကြေးနန်းအား မော်စကိုမှ လက်ခံရရှိသွားခဲ့ရလေတော့သည်။ ထိုသတင်းသည် ဆာဂေး၏

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးပေးပို့ခဲ့သော သတင်းဖြစ်သည့်အပြင် အဖိုးအတန်ဆုံး သတင်းလည်းဖြစ်ပေသည်။ ထိုသတင်းကြောင့်ပင် ဆိုဗီယက်တပ်သား ၂သန်းအား မော်စကိုသို့ စစ်ကူချီတက်ရွှေ့ပြောင်းနိုင်ခဲ့လေတော့သည်။ ဂျာမန်တို့အနေဖြင့် အောင်ပွဲအလီလီရနေချိန်ဖြစ်၍ ဆိုဗီယက်အား အနိုင်ရတော့မည်ဟု အသေအချာတွက်ထားခဲ့ကြသည့် အချိန်လည်း ဖြစ်နေလေတော့သည်။

ဂျာမန်တပ်များအနေဖြင့် အောက်တိုဘာ(၃)ရက်နေ့၌ မော်စကိုသို့ပင် ဝင်ရောက်တော့မည်ဖြစ်၏။ စစ်ပွဲကို အဆုံးအဖြတ်ပေးမည့်နေ့လည်းဖြစ်နေလေသည်။ သို့သော်လည်း ထိုအောက်တိုဘာ(၃)ရက်နေ့သည် ဂျာမန်တို့အတွက် ကံကြမ္မာဆိုးကိုသာ ဖြစ်သွားစေလေတော့၏။ ဆာဂေးမှ အောက်တိုဘာလ(၃)ရက်နေ့သည် ဂျာမန်တို့အတွက် ကံကြမ္မာဆိုးကိုသာဖြစ်သွားစေလေတော့၏။ ဆာဂေးထံမှ အောက်တိုဘာလ(၃)ရက် မတိုင်မီ တစ်ပတ်ခန့်အလိုကပင် ဤသတင်းအား ကြိုတင်ရရှိထားခဲ့ပြီး ဖြစ်လေသည်။

ဆိုဗီယက်မြို့တော်၏ တောင်ဘက်ဆင်ခြေဖုံးကို ဝင်ရောက်တိုက်ခိုက်မည့်နေ့တွင် ဂျာမန်ဗိုလ်မှူးတစ်ယောက်က ပရာဗဒါ အဆောက်အဦပေါ်၌ ဆဗပ်စတီကာ (SWASTIKA) ဂျာမန်အလံကို လွှင့်ထူထားခဲ့လေသည်။ မော်စကိုသို့ ဝင်ရောက်တိုက်မည့်အချိန်မှာ နံနက်(၈)နာရီဖြစ်၏။ ဂျာမန်ပန်ဇာ (PANZER) လေတပ်အုပ်ကိုပင် သဲလမ်းပေါ်၌ တန်းစီချထားပြီးဖြစ်လေသည်။ ဆိုဗီယက်မြို့တော်ထဲတွင် တပ်သားအနည်းငယ်သာ ရှိတော့သည့်အကြောင်းကို ဂျာမန်တို့ သိထားခဲ့ကြ၏။ ထို့ကြောင့်ပင် ရုရှတို့ ကြာရှည်မခုခံနိုင်ဟု အလွယ်တကူ



တွက်ဆထားကြလေသည်။ ဆောင်းရာသီတွင် မော်စကို၌ အနားယူကြမည်ဟုပင် စီမံကိန်းများဆွဲထားခဲ့ကြလေသည်။

စစ်ထွက်ရန် အချိန် ၂ နာရီသာလိုတော့၏။ ထို့ကြောင့်ပင် လက်နက်များ၊ တင့်ကားများအား ဖြည့်တင်းခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်နေခဲ့လေတော့သည်။ သို့သော်လည်း နံနက်(၆)နာရီအရောက်မှာတော့ မမျှော်လင့်ထားခဲ့သော ဖြစ်ရပ်ကြီးတစ်ခု ပေါ်ပေါက်လာတော့သည်။ လက်နက်ကြီးသံများမှာ ဂျာမန်တို့အပေါ် ကြောက်မက်ဖွယ်ရာကောင်းလောက်အောင်ပင် ဗွက်ပေါ်ကျရောက်လာလေတော့သည်။

ဆိုဗီယက်တပ်သားများ ဂျာမန်တပ်များရှိရာသို့ အလုံးအရင်းဖြင့်ဝင်ရောက်လာကြလေတော့သည်။ ဤသို့ မမျှော်လင့်ဘဲ တိုက်ခိုက်လိုက်ရသဖြင့် ဂျာမန်တို့ဘက်မှ အကျအဆုံးများစွာ ဖြစ်ပေါ်သွားရလေတော့သည်။ ဂျာမန်တို့အနေဖြင့် ဆိုဗီယက်တို့အား ပြန်လည် ခုခံနိုင်ခြင်းမရှိတော့ပေ။

ထိုအချိန်မှစတင်၍ပင် ဟစ်တလာအတွက် အကြီးမားဆုံး ဆုံးရှုံးမှုများဖြစ်လာခဲ့လေတော့သည်။ မော်စကိုမှ စတင်ကာ စတာလင်ဂရက်အထိ ဂျာမန်တို့တောက်လျှောက် ဆုံးရှုံးခဲ့လေတော့သည်။ နောက်ပိုင်း တစ်လျှောက်လုံး၌လည်း ဂျာမန်တို့ဦးကျိုးကာ အရှုံးနှင့်သာ ရင်ဆိုင်နေခဲ့ရလေသည်။ မော်စကိုရှိ စတာလင်တစ်ယောက် ဆာဂေးအား ချီးကျူးဂုဏ်ပြုနေချိန်တွင် ဆာဂေးမှာမူ ကီယိုမီ ကလေးကိုပင်စောင့်နေမိလေတော့သည်။

•••••*•••••*•••••*•••••

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၃)

## လျှို့ဝှက်မှု ပေါက်ကြားခြင်း

ဆာဂေးတစ်ယောက် ထိုင်နေကျစားပွဲ၌ပင် ထိုင်နေလေသည်။ ကီယိုမီမှာမူ ဇတ်ခုံပေါ်၌ သွက်လက်စွာကနေ၏။ ဆာဂေးလည်း ကြည့်နေရင်းမှ စဉ်းစားခန်းဝင်နေလေသည်။ သူ့အနေဖြင့် မီယာဂျီနှင့် မတွေ့ရသည်မှာ တစ်ပတ်ခန့်ရှိနေပြီဖြစ်၏။ ကလောဆင်မှာ စက်အနားတွင် အမြဲစောင့်နေရလေသည်။ အိုဇာကီမှာ သတင်းများ စုဆောင်းပေးနေဆဲပင်။

ဆာဂေး အရက်ဖိုးစာရင်းများ တောင်းယူကြည့်လိုက်၏။ စားပွဲထိုးမှ စာရွက်ခေါက်များအားထုတ်ပေးလိုက်လေသည်။ ထိုစားပွဲထိုးအား အိုဇာကီနှင့် မီယာဂျီတို့မှ စာရွက်များအား ခပ်ဆန်းဆန်းခေါက်ကာ ပေးထားခဲ့ခြင်းဖြစ်၏။ ဆာဂေးလည်း စာရင်းကိုကြည့်၍ ငွေချို့ကို

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တင်ပေးလိုက်၏။ စာရွက်များကိုမူ အိတ်အတွင်းသို့ထည့်ခဲ့လေသည်။

ဆာဂေး၏ အပြုအမူများအား ကီယိုမီတစ်ယောက် အကဲခတ်နေလေသည်။ သူမ ကကွက်ပြီးတိုင်းပင် အိုစကီထံ သူမမြင်သမျှကို ဖုန်းဖြင့်သတင်းပေးပို့လေ့ရှိ၏။ ထို့ကြောင့်ပင် အိုစကီတို့အဖွဲ့သည် စားပွဲထိုးအား ရဲမှတ်တမ်းများနှင့် သေချာစွာ ရှာဖွေစစ်ဆေးနိုင်ခဲ့ကြ၏။ စားပွဲထိုးသည် ယခင်က အိုဇာကီနှင့် မကြာမကြာ လာရောက်တွေ့ဆုံတတ်သူဖြစ်လေသည်။ မသင်္ကာဖွယ်စာရင်းထဲ ပြန်ကြည့်ခဲ့ရာ ဆာဂေးနှင့် အိုဇာကီမှာ ၁၉၃၃ ခုနှစ်ကပင်စတင်၍ မိတ်ဆွေဖြစ်နေကြကြောင်း တွေ့လိုက်ရလေသည်။ ထို့ကြောင့်ပင် စားပွဲထိုးသည် သူတို့နှစ်ဦးအကြား၌ ဆက်သားအဖြစ် ဆောင်ရွက်နေသူဖြစ်ကြောင်း ရိပ်စားမိခဲ့လေတော့သည်။ သူတို့လိုအပ်နေသော သဲလွန်စအား ရှာဖွေတွေ့ရှိသွားပြီဖြစ်လေသည်။

ဆာဂေးတစ်ယောက် ကပွဲရုံအပြင်သို့ရောက်သည်နှင့် အရက်ဖိုး စာရင်းစာရွက်အား မီးရှို့ဖျက်ဆီးလိုက်လေသည်။ ထိုစာရွက်မှာ အရက်ဖိုး စာရွက်မဟုတ်ပေ။ မီယာဂီမှပေးပို့ခဲ့သော သတင်းပို့မှတ်တမ်းပင်ဖြစ်၏။ မီယာဂီက သူ့နောက်သို့ တန်ပြန်ထောက်လှမ်းရေးအဖွဲ့မှ နောက်ယောင်ခံလိုက်နေကြောင်း သတင်းလှမ်းပို့သည့်စာပင် ဖြစ်လေသည်။ စာဖတ်ပြီးသည်နှင့် ဆာဂေးလည်း ဆုံးဖြတ်ချက်တစ်ခု ချခဲ့လေတော့သည်။ ဂျပန်များ၏ နောက်ဆုံးစစ်ဆင်တိုက်ခိုက်မည့် သတင်းကိုစုံစမ်းပေးပို့ပြီးပါက သူ့အဖွဲ့အားလူစုခွဲကာ ဂျပန်မှ ကြိုက်သလိုထွက်ခွာသွားကြရန် စဉ်းစားဆုံးဖြတ်ခဲ့လေတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်း၌ ဆာဂေးတစ်ယောက် ထုံးစံ



အတိုင်းပင် အော့နှင့်နံနက်စာစားနေခဲ့၏။ ထို့နောက် သံအမတ်ကြီးအတွက် အစီရင်ခံစာအားရိုက်ပေးရန် လက်နှိပ်စက်ရှိရာသို့ ထွက်လာခဲ့လေသည်။ ကိုနိုရဲ၏ ဆုံးဖြတ်ချက်ကိုပါ အကြံပေးသည့်သဘောဖြင့် ထည့်သွင်းရိုက်ပေးခဲ့လေသည်။

ထို့နောက် ဆာဂေးသည်ကလောဆင်နှင့် သွားတွေ့ဆုံရင်း နေ့လည်စာစားကြ၏။ ကလောဆင်အား အရေးပေါ်ကိစ္စကြုံလာပါက အသင့်ဖြစ်နေစေရန် ငါးဖမ်းသင်္ဘောပေါ်၌ အသင့်စောင့်နေရန် မှာကြားခဲ့၏။ အိုဇာကီနှင့်ကဲလစ်ချ်တို့အားရှာဖွေရန် ဆက်ထွက်ခဲ့လေသည်။ သူတို့မှာ ကိုယ့်ဌာနအသီးသီးတွင် ရုံးလုပ်ငန်းများလုပ်နေ၍ရှာမတွေ့ခဲ့ချေ။

အောက်တိုဘာလ(၁၄)ရက်နေ့တွင် ဆာဂေးတစ်ယောက် မှုဂျီကလပ်အတွင်းရှိ ထိုင်နေကျစားပွဲလေးတွင် ထိုင်နေကျအတိုင်း ထိုင်နေလေသည်။ ကီယိုမီနှင့်လည်း ဒီညတွေ့ဆုံရန်ချိန်းထား၏။ ဤကလပ်သို့ နောင်တွင်မလာတော့ဟုလည်း ဆုံးဖြတ်ခဲ့ပြီးဖြစ်လေသည်။

ဆာဂေး ထိုင်စဉ်းစားနေစဉ်မှာပဲ ကလပ်အတွင်းသို့ လူအတော်များများဝင်ရောက်လာကြလေသည်။ သူ့စားပွဲအနီးမှလည်း အတော်များများ ဖြတ်လျှောက်သွားကြ၏။ ထိုအခိုက်မှာပင် သူ့စားပွဲပေါ်သို့ လုံးချေထားသော စာရွက်လုံးလေးတစ်ခု ကျလာလေသည်။ ဆာဂေးလည်း ထိုစာရွက်လုံးလေးကို ဖြတ်ခနဲ လက်ဖြင့်လှမ်းအုပ် ထားလိုက်၏။ မသိမသာမော့ကြည့်လိုက်တော့ မီယာဂီ၏ နောက်ကျောကို မြင်တွေ့လိုက်ရလေသည်။ ဆာဂေးလည်း ထိုစာရွက်လေးကိုကြည့်ပြီး အိတ်ထဲသို့ ထည့်လိုက်လေသည်။

ကီယိုမီသည် ကနေရင်းမှပင် ဆာဂေးကိုအကဲခတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဖြစ်ရပ်အစအဆုံးကို သူမ အသေအချာမြင်တွေ့ခဲ့၏။ ထို့ကြောင့်ပင် ကကြိုးကကွက်ပြောင်း၍ ခပ်မြန်မြန်ကလိုက်လေသည်။ အိုစကီထံသို့ မြန်မြန်ဖုန်းဆက် သတင်းပို့လိုလှပြီဖြစ်၏။ သူမအဝတ်လဲခန်းသို့ ရောက်ချိန်၌ ဆာဂေးအား အခန်းဝ၌အသင့်စောင့်နေသည်ကို တွေ့လိုက်ရလေသည်။ ထို့ကြောင့်သူမအဖို့ ဖုန်းဆက်ရန် မလွယ်တော့ချေ။

ဆာဂေးက သူမအား သူ၏ပင်လယ်ကမ်းစပ်အိမ်သို့ လိုက်ပါရန် ခေါ်ခဲ့၏။ ထိုအိမ်၌ ချက်ပြုတ်စားသောက်ပြီး ဝိုင်အတူသောက်မည်ဟု ပြောပြ၏။ ကီယိုမီသည် ဆာဂေး၏အစီအစဉ်ကို မသိသော်လည်း သဘောတူလက်ခံခဲ့လေသည်။ သူမအနေဖြင့် ဆာဂေးအိတ်တွင်းမှ စာရွက်လုံးကလေးကို ဖတ်ကြည့်ချင်နေပေပြီ။ အိုစကီထံလည်း ဖုန်းဆက်လိုနေ၏။ ဖုန်းဆက်နိုင်ပါက ဤစာရွက်လုံးလေးကို ရနိုင်မည်ဟု တွက်ထား၏။ သို့သော်လည်း သူမဖုန်းဆက်နေစဉ် ဆာဂေး ဤစာရွက်လေးကို ဖျောက်ဖျက်ပစ်မည်ကိုလည်း စိုးရိမ်မိ၏။ ကီယိုမီတစ်ယောက် ဘာမှမတတ်နိုင်တော့ပေ။ အဝတ်အစားလဲလိုက်ပြီး ဆာဂေးနှင့်အတူ ကားဖြင့်ထွက်လာခဲ့လေတော့သည်။

ဆာဂေးက ကားကိုအမြန်ဆုံးမောင်းနှင်လာခဲ့လေသည်။ မြို့ပြင်သို့ရောက်သည်နှင့် မှောင်ရိပ်ကျသော အရိပ်တစ်ခုအောက်၌ ကားထိုးဝင်လိုက်ပြီး စက်ရှိန်လည်းလျှော့ထားလိုက်လေသည်။ မကြာမီမှာပင် ကားမှမီးရောင်မှိတ်သွားလေသည်။ ဆာဂေးတစ်ယောက် ကီယိုမီအား သူ့ဘက်သို့ဆွဲကာ ဖက်ထားလိုက်၏။ ကီယိုမီကလည်း သူ့ရင်ခွင်ထဲသို့ အလိုက်သင့်ပါလာကာ ဆာဂေးအားပြန်ဖက်ထားလိုက်လေသည်။ သိပ်မကြာခင်မှာပင် ကားစက်ရပ်သွားလေတော့သည်။




သူ့ကိုယ်သူယုံကြည်မှုလွန်ကဲလွန်းသောသူလျှိုခေါင်းဆောင် သတင်းစာဆရာဆာဂေး(အမြဲတမ်းဓါတ်ပုံရိုက်ခံလေ့ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com

ဆာဂေးလည်း သူသေရတော့မည်ဟူသော အသိဝင်လာလေသည်။မော်စကိုကိုလည်း စိတ်နာသွားဟန်ရှိ၏။

“လူသားအားလုံးသေမင်းထံပို့”ဟုဆာဂေး တစ်ယောက်နာကျည်းစွာ အော်ပြောလိုက်စဉ်မှာပင် ကြိုးစင်ခလုတ် ဖြုတ်လိုက်လေသည်။

အချိန်မှာ နံနက်၁၀နာရီ ၃၆မိနစ်ဟု ဖော်ပြထား၏။



၆

ဆာဂေးတို့မှာလည်း တိတ်ဆိတ်ငြိမ်သက်သွားကြ၏။

ခဏအကြာမှာတော့ ဆာဂေးတစ်ယောက် မီးခြစ်ဖိုဖွင့်၍ ကရက် ၂၂ လိပ်ကိုထုတ်ပြီး မီးညှိရန်ပြင်လိုက်သည်။ ကီယိုမီက ာရွက်လိပ်ကလေးကို မီးရှိတော့မည်ဟု ထင်လိုက်၏။ သို့သော်လည်း ခြစ်မှာ မီးခြစ်၍မရပေ။ ဆာဂေးလည်း စိတ်တိုလာကာ စီးကရက် ၂ ပ်ကို အပြင်သို့လွှင့်ပစ်လိုက်လေသည်။ မီးခြစ်ကိုအိတ်ထဲ ပြန်ထည့်ကာ ာရွက်လုံးကလေးကို ပြန်ဆွဲထုတ်လိုက်၏။ ကီယိုမီက ဆာဂေး၏ ပြုအမူကို မသိမသာကြည့်နေခဲ့လေသည်။

ဆာဂေးတစ်ယောက် စက္ကူလေးအား အစိတ်စိတ်အမွှာမွှာ ဆွဲလိုက်လေသည်။ ထို့နောက် အပြင်သို့ လွှင့်ပစ်လိုက်၏။ ကီယိုမီလည်း ာလုပ်ရမှန်းမသိအောင် ဖြစ်သွားခဲ့လေတော့သည်။ သူမအနေဖြင့် ာရွက်လေးကို အရမ်းပင်လိုချင်နေလေသည်။ စာရွက်ချပြီးသည်နှင့် ာဂေးလည်း ကားမောင်းထွက်ခဲ့လိုက်လေသည်။

တယ်လီဖုန်းရုံတစ်ခုသို့ ရောက်သောအခါ ကီယိုမီက ကားကို ခိုင်းလိုက်လေသည်။ အိမ်မှ စိတ်ပူနေမည်စိုး၍ နံက်မှပြန်လာမည့် ကြောင်း အိမ်သို့ တယ်လီဖုန်းဆက်ချင်ကြောင်း ပြောပြ၏။ ဆာဂေး၏ ာနောက်ကိုလည်း အမူအယာသုံး၍ကြည့်လိုက်လေသည်။ ဆာဂေးအတွက် လုပ်လာသည်မှာ ကြာမြင့်ခဲ့လေပြီ ဤကချေသည် လေးမှာ အိုစကီ ဆက်ပြောပြထားသည့် မိန်းကလေးဆိုသည်ကိုပင် သတိမထားမိခဲ့ချေ။ အား ချစ်ခင်စွဲလန်းလွန်းနေပြီဖြစ်သည်။

ကီယိုမီက အိုစကီအား စာရွက်စုတ်များရှိသည့်နေရာအား ှင့်ပြောပြလိုက်၏။ ထို့နောက် ဆာဂေး၏အိမ်သို့ ဆက်ထွက်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ အိမ်ရောက်သည်နှင့် ဆားဂေးက ကီယိုမီအား မီးဖိုခန်းနှင့် စားစရာများပြကာ ချက်ပြုတ်ထားရန်မှာကြား၍ အပြင်သို့ထွက်ခဲ့လေတော့သည်။

ဆားဂေးတစ်ယောက် သောင်ပြင်ကိုဖြတ်လျှောက်ကာ ငါးဖမ်းသင်္ဘောရှိရာသို့ လှေဖြင့်ကူးသွားခဲ့လေသည်။ ကလောဆင်သည် သင်္ဘောပေါ်၌ အသင့်စောင့်ဆိုင်းနေလေသည်။ ဆားဂေးက ကလောဆင်အားသူ့ဆုံးဖြတ်ချက်များအား ပြောပြခဲ့၏။ ထို့နောက် ပို့ရမည့်သတင်းအား ဝှက်စာဖြင့် ပြန်ရေးလိုက်လေသည်။ သတင်းရခဲ့ပုံကိုသာ ရေးသားပေးခဲ့လေသည်။ မိယာကိုအား တန်ပြန်အဖွဲ့မှ ၂၄ နာရီပတ်လုံး နောက်ယောင်ခံနေကြောင်းလည်းသိ၏။ ဤကြားထဲက သည်သတင်းကို မိယာကို ဘယ်လိုရခဲ့ပါလိမ့်ဟုလည်း တွေးမိလိုက်သေး၏။ ဆားဂေးအနေဖြင့် သတင်းပို့ကြေးနန်းရေးပြီးနောက် သူ၏လုပ်ငန်းအဖြစ် အပျက်များကိုပါ ထပ်ရေး၍ သတင်းပို့ခဲ့ပြန်သည်။ ထိုအထဲတွင် သူလျှိုအဖွဲ့ဝင်များ အဖမ်းမခံရမီ တိုကျိုမှတစ်ဦးစီ ထွက်ခွာသွားရန် ညွှန်ကြားပြီးကြောင်းနှင့်၊ တိုကျိုကို နှုတ်ဆက်ကာ မော်စကိုတွင် အောင်ပွဲခံမည်ဟုလည်း ရေးသားဖော်ပြခဲ့လေသည်။ ဆားဂေးတစ်ယောက် (၇)နှစ်လုံးလုံး လက်တွဲလုပ်ကိုင်ခဲ့သည့် ကလောဆင်နှင့် လက်ဆွဲနှုတ်ဆက်လိုက်၏။ သတင်း ၂ ပုဒ်လုံးပို့ပြီးပါက သင်္ဘောကိုဖောက်ခွဲ နှစ်မြှုပ်ပစ်ဟုလည်းမှာကြားကာ ပြန်သွားလေတော့သည်။

ဆားဂေးပြန်သွားသည်နှင့် ကလောဆင်သည် မာလိန်မှူးကို အိပ်ရာမှနှိုးလိုက်၏။ ငွေများထုတ်ပေးကာ သင်္ဘောအားတစ်နေရာတွင် ဝှက်ထားခဲ့ပြီး တိုကျိုမှပြေးရန် ပြောပြလိုက်လေသည်။ မပြေးရင်



ဒုက္ခရောက်နိုင်ကြောင်း ပြောပြခဲ့၏။ ကလောဆင်သည် တိုကျိုဘက်သို့ ကားနှင့်ထွက်လာခဲ့လေသည်။ သင်္ဘောလည်း ပင်လယ်ပြင်ဘက်သို့ အရှိန်ပြင်းစွာ မောင်းထွက်သွားကြောင်း သိလိုက်ရလေတော့သည်။

ကီယိုမီ၏ ဖုန်းသတင်းအရ အိုစကီအနေဖြင့် သူလျှိုအဖွဲ့အား ဖမ်းရတော့မည်ဟုသိလိုက်၏။ ထို့ကြောင့် အစီအစဉ်များပြုလုပ်လေတော့သည်။

ကလောဆင်တစ်ယောက် အိမ်ရောက်၍ ကားရပ်လိုက်သည်နှင့် အသင့်စောင့်နေကြသော တန်ပြန်ထောက်လှမ်းရေးအဖွဲ့ဝင်များက သူ့အား လက်ထိတ်ခတ်၍ ဖမ်းဆီးလိုက်လေတော့သည်။ ကဲလစ်ချ်တစ်ယောက်လည်းအိပ်ယာထဲမှ ခေါ်ထုတ်သွားကာ အဖမ်းခံလိုက်ရ၏။ အိုဇာကီကိုလည်း ထိုအဖွဲ့မှပင် ဖမ်းဆီးခဲ့လေသည်။ မိယာကိုအား ဖမ်းရန် သူ့အိမ်သို့ လိုက်သွားခဲ့ကြပြန်လေသည်။ အိမ်တံခါး ထုလိုက်သည်နှင့် မိယာကိုတစ်ယောက် အခြေအနေကို ရိပ်စားမိသဖြင့် ဓါးဖြင့်သူ့ကိုယ်သူ အဆုံးစီရင်လိုက်၏။ အဖွဲ့ဝင်များ အိမ်တွင်းသို့ အမြန်ဆုံးဝင်ရောက်လာနိုင်ခဲ့၍သာ မိယာကိုအား ဆေးရုံသို့ အချိန်မီပို့ပေးနိုင်ခဲ့၍ မသေဘဲ အဖမ်းခံလိုက်ရလေသည်။

အောက်တိုဘာလ (၁၅) ရက်နေ့ နံနက်အာရုံတက်ချိန်ဖြစ်၏။ ဆားဂေးအိပ်ယာမှ နိုးနိုးခြင်း အရက်ငွဲပြီးသောက်နေလိုက်လေသည်။ ထိုအချိန်မှာဘဲ အိမ်ရှေ့တံခါးအား ခတ်ဆတ်ဆတ်ခေါက်လိုက်သည့် အသံသုံးချက် ကြားလိုက်ရ၏။ ဆားဂေးလည်း တံခါးသွားဖွင့်ပေးလိုက်လေသည်။ ဗိုလ်မှူးကြီးအိုစကီနှင့် အခြား ၂ ယောက်အခန်းတွင်းသို့ ဝင်လာလေသည်။ အိုစကီတစ်ယောက်စကားမပြောဘဲ ဆားဂေးလက်ထဲသို့

www.burmeseclassic.com

www.burmeseclassic.com



စာရွက်ကလေးတစ်ရွက် လှမ်းပေးလိုက်၏။ ညက လမ်းတွင်သူဆုတ်ဖြဲခဲ့သည့်စာရွက်ပင်။ စာရွက်တွင်ပါဝင်သော အကြောင်းအရာမှာ–

"ဂျပန်လေယာဉ်တင်သင်္ဘောတပ် အမေရိကန် ပုလဲဆိပ်ကမ်းကို တိုက်တော့မည်။ နိုဝင်ဘာလ(၆)ရက် အာရုံတက်ချိန်ဖြစ်သည်။ သတင်းစိစစ်ရရှိသူ–ဂျိုး"

ဆာ်ဂေးမှာ အရက်ခွက်ကိုမြှောက်ရင်း ရန်သူကိုမခန့်သည့်အသွင်ပြလိုက်၏။ အိုစကီကလည်း ဆာဂေးအပြုအမူကို အသိအမှတ်ပြုသည့်အနေဖြင့် ကုန်းပြီးပြန်အသိအမှတ်ပြုလိုက်၏။ ထို့နောက် ဆာ်ဂေးအား အခြားအရာရှိ ၂ ဦးအလယ်မှခြံရံကာ အိမ်အပြင်သို့ ဖမ်းခေါ်သွားလေတော့သည်။ သူအချစ်ဆုံး ကချေသည်မလေး ကီယိုမီကိုပင် တစ်ချက်ကလေးမျှ လှည့်မကြည့်ခဲ့ပေ။ ဆာဂေးမှာ သူ၏အောင်မြင်ခဲ့သော အရှုံး၏ နိဂုံးကို ဂုဏ်ယူနေဟန်ရှိ၏။ သူပို့ချင်သည့် အရေးကြီးဆုံး သတင်းကိုပင် ပေးပို့ပြီးသွားခဲ့ပြီ မဟုတ်ပါလား။

ပုလဲဆိပ်ကမ်းသတင်းနှင့် ပတ်သက်၍ စတာလင်မှ သတင်းရရှိကြောင်း အထောက်အထား မတွေ့ရှိခဲ့ရပေ။ ရုစဘဲ့ ထံပို့သည့် သက်သေခံလည်း မရှိချေ။

အောက်တိုဘာလ (၁၅) ရက်နေ့ မွန်းတည့်ချိန်တွင် ဂျာမန်သံအမတ်အော့ထံ စာတစ်စောင်ရောက်လာလေသည်။ စာထဲ၌ ဆာဂေးနှင့်ကလောဆင်အား သူလျှိုလုပ်မှုဖြင့် ဖမ်းဆီးထားကြောင်း ရုံးစာဖြင့် ရေးသားအသိပေးထား၏။ ပြင်သစ်သံရုံးသို့လည်း ဗောက်ကဲလစ်ချ် ကိစ္စအသိပေးသည့် စာရောက်လာလေသည်။ မီယာဂီမှာ အမေရိကန်နိုင်ငံသားဖြစ်၏။ သို့သော်လည်း သူ့အားသံရုံးသို့ အကူအညီ တောင်းခွင့်



မပေးခဲ့ချေ။ အင်နာကလောဆင်မှာ ရုရှအဖြူဖြစ်နေ၍ တာဝန်ယူမည့်လူမရှိသဖြင့် ဂျပန်ရဲများကပင် သူ့မအားတာဝန်ယူ စောင့်ရှောက်ထားရလေတော့သည်။

အော့နှင့်မေဆင်းဂါးတို့မှာ ဆာဂေးနှင့်အပွန်းရင်းနှီးကြသဖြင့် ဂျာမန်အထက်ဌာနမှ သိသွားခဲ့လျှင် သူတို့ထံ၌ အန္တရာယ်ဖြစ်လာနိုင်ကြောင်းတွေးရင်း ပူပင်မိကြ၏။ သံအမတ်ကြီးအော့က ဂျပန်နိုင်ငံခြားရေးဌာနနှင့် စစ်ဘက်ဌာနသို့ချဉ်းကပ်၍ ဆာဂေးနှင့် ပုဂ္ဂိုလ်ရေးအရတွေ့ဆုံခွင့်တောင်းခဲ့၏။ ဂျပန်တာဝန်ရှိသူများမှ တွေ့ခွင့်မပြုခဲ့ပေ။ မေဆင်းဂါးမှာမူ အိုစကီနှင့်တွေ့ဆုံရေး ခွင့်တောင်းကြည့်သော်လည်း အချည်းနှီးပင်။ ထို့ကြောင့်ပင် သူတို့လည်း ဘာလင်သို့ အစီရင်ခံစာ၌ ဆာဂေးနှင့် ရင်းနှီးခင်မင်မှုမရှိသည့်အသွင်ဖြင့် အစီရင်ခံခဲ့ကြလေသည်။

ကံဆိုးရှာသည့် မီယာဂီမှာ မူလဝါးဒဏ်ရာနှင့် စိတ်ခံစားရေးရာတို့ကြောင့် ခန္ဓာကိုယ်ယိမ်းယိုင်လာခဲ့လေတော့သည်။ သူ၏ဖွင့်ပြောပြချက်အရ သူလျှိုများနှင့် ဆွေမျိုးများအား ဖမ်းဆီးခဲ့ရာ၌ ၁၉၄၂ ခုနှစ်၌ လူတစ်ရာကျော်မျှ ထောင်တွင်း၌ ရှိခဲ့သည်ဟုသိခဲ့ရလေသည်။ သူ–သူလျှိုဖြစ်လာပုံနှင့် ပတ်သက်၍ ပြန်ပြောပြသည်မှာ–

မီယာဂီသည် တစ်ချိန်က လူရိုးလူဖြောင့်ဖြစ်၏။ ဂျပန်၏ မြေရိုကရေစီကို မုန်းတီးမိလေသည်။ သူတို့ကျေးရွာများအား ဇမ္ဗူရိုကရက်များမှ လာရောက်သွေးစုပ်ခြယ်လှယ်ကြ၏။ ထို့ကြောင့်ပင် မီယာဂီအဖို့ နိုင်ငံရေးကို စိတ်ဝင်စားလာခဲ့လေတော့သည်။ နောက်ပိုင်း ကာလီဖိုးနီးယားသို့ထွက်ခွာသွားခဲ့၏။ ထိုအချိန်က အမေရိက၌ ဂျပန်ဆန့်ကျင်ရေးများ ပြုလုပ်နေကာ ရုရှကလည်း ဝါဒရေးရာတော်လှန်ရေးများ ပြုလုပ်နေ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ အမေရိကန်ရောက် ဂျပန်တို့နှင့်တွေ့ဆုံခဲ့၏။ မှတ်စ်ဝါဒ စာပေများကို လေ့လာကြည့်မိခဲ့လေသည်။ ကွန်မြူနစ်ဝါဒကို သဘော ပေါက်သွားခဲ့လေသည်။ ကွန်မြူနစ်ဝါဒသည်သာ အမှန်တရားဟု လက်ခံကြောင်း ပြန်ပြောပြခဲ့လေသည်။

ကလောဆင်မှာမူ လူကောင်ကြီးပြီး ထွားကြိုင်းသလောက် စိတ်ဆတ် စိတ်ပျော့သူပင်ဖြစ်၏။ သူလျှိုလုပ်ငန်းအားလုံးကို ဖော်ထုတ် ခဲ့လေသည်။ သူလုပ်ကိုင်ခဲ့သမျှနှင့် ကိုယ်ရေးရာဇဝင်ကိုပါ ထုတ်ပြော ခဲ့လေသည်။ အသံလွှင့်ခဲ့ရပုံများကိုလည်း အားလုံးပြောပြခဲ့၏။

၁၉၃၉ ခုနှစ်အတွင်း ကလောဆင်မှာသတင်းပေါင်းခြောက်ဆယ် ပို့ရသဖြင့် စာလုံးတွဲပေါင်း (၂၃၁၃၉) တွဲဖြစ်လေသည်။ ၁၉၄၀ ခုနှစ်တွင် အချက်ပြသတင်းခြောက်ဆယ်ပို့ပြီး စာလုံးတွဲပေါင်း (၂၉၁၇၉) တွဲပို့ခဲ့ရ၏။ ၁၉၄၁ ခုနှစ်၌ လုပ်ငန်းတိုးတက်လာသဖြင့် စာလုံးတွဲပေါင်း (၁၃၀၁၃) တွဲပို့ရလေသည်။ ၁၉၄၁ တွင်ဆာဂေးကိုယ်တိုင် ထုတ်ပြောချက်အရ စာလုံးတွဲပေါင်း (၄၀၁၀၁) တွဲဖြစ်လေသည်။ ထို့ကြောင့် တန်ပြန်အဖွဲ့မှ ဖမ်းမိသောသတင်းမှာ အနည်းငယ်ကလေးမျှပင် ဖြစ်လေသည်။

ကလောဆင်သည် မော်စကိုမှ လွှတ်ပြီးပေးပို့သည့် ငွေစာရင်းကိုလည်း ပြောပြ၏။ ၁၉၃၆ မှ ၄၁ အထိ အမေရိကန်ဒေါ်လာ (၅၀၀၀၀) ငါးသောင်းဖြစ်လေသည်။ ဂျာမဏီသည် တစ်ချိန်က စီးပွားရေးကြပ်တည်းခဲ့၏။ ထို့ကြောင့် နိုင်ငံအား ကယ်တင်နိုင်မည့် ဝါဒမှာ ကွန်မြူနစ်ဝါဒဟု ယုံကြည်ခဲ့လေသည်။

ဆာဂေးနှင့် တရုတ်ပြည်တွင် (၃) နှစ်၊ ဂျပန်တွင် (၇) နှစ် အတူနေခဲ့သူလည်းဖြစ်၏။ ဆာဂေးအပေါ်တွင် သူ၏အမြင်မှာ



ဆာဂေးသည် ခပ်ပါးပါးဆက်ဆံတတ်သည်။ အာဂကျွဲပင်ကျင့်ယောက်ျား သတင်းကို ကိုယ်တိုင်မရှာ၊ သူများရှာဖွေပေးသည့် သတင်းများကိုသာ လက်ခံတတ်သူဖြစ်၏။ ခေါင်းဆောင်ရသောအလုပ်မှာ ဘာမှမခက်ဟု ပြောပြ၏။ ထို့ပြင် ဆာဂေးအား ကိုယ်တိုင်အသုံးကြမ်း၍ သူများအတွက် ကပ်စေးနဲသူဟုဆိုခဲ့လေသည်။ သို့သော်လည်း ဒီးဒတ်သ်အား ငွေခြောက်ထောင့်ငါးရာကို ရက်ရက်ရောရောပေးခဲ့သည်ကို ကြည့်ခြင်းအား ဖြင့် ဆာဂေးသည် တစ်ကိုယ်ကောင်းမဆန်သူ၊ ကပ်စေးနည်းသူမဟုတ်ဟု စာရေးသူက ထင်မြင်ယူဆခဲ့ပါသည်။

မီယာကို့သည် သူ့လက်အောက်ငယ်သားများ၏ အမည်ကိုသာ ထုတ်ပြောခဲ့၏။ သူ့အထက်အရာရှိနှင့် အပေါင်းအပါသူလျှိုများကိုမူ မထုတ်ဖော်ခဲ့ချေ။ ဖောက်ကဲဝေစ်ချ်သည် မီယာကို့ကဲ့သို့ပင် ဘာမှမပြောခဲ့ကြချေ။

ဂျပန်တို့က ဆာဂေးနှင့် အိုဇာကီတို့ကိုမူ နှိပ်စက်ခြင်းမပြုခဲ့ပေ။ ထောင်ထဲ၌ သူတို့သဘောအတိုင်းပင် ကြိုက်သလိုနေထိုင်နိုင်ခဲ့၏။ မီယာကို့နှင့် ကလောဆင်တို့၏ ဖြောင့်ချက်များကိုပင် သူတို့အားပြသခဲ့ ၏။ အဖမ်းခံရပြီး ခြောက်လအကြာမှ သူတို့ ဖြောင့်ချက်ရေးခဲ့ကြ လေသည်။ ကြိုက်သလို ရေးသားစေခဲ့၏။ ကျူစာများမှာ နောင်တွင် သူတို့၏ သေတမ်းစာများအဖြစ် ကျန်ရစ်နေပေတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၄)

## သေအင်

ဂျပန်အစိုးရဝန်ကြီးအဖွဲ့သည် အိုဇာကီအား ဖမ်းလိုက်ကြောင်း သိလိုက်ရသဖြင့် အထိတ်တလန့်ဖြစ်သွားကြ လေတော့သည်။ ဝန်ကြီးအားလုံးသည် ဝန်ကြီးချုပ်ကိုနိုရဲနှင့် ဆာဂေး၊ အိုဇာကီတို့ ရင်းနှီးကြောင်းသိပြီး ဖြစ်ပေသည်။ ထို့ကြောင့် ဝန်ကြီးအဖွဲ့ အပြောင်းအလဲဖြစ်လာခဲ့တော့သည်။

မစ္စတာတိုဂျို (TOJO) သည် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ဝန်ကြီးချုပ်သစ်က သူလျှိုအဖွဲ့အား အမြန်ဆုံးရုံးတင်စစ်ဆေးရန် အမိန့်ပေးလိုက်၏။ သို့သော်လည်း ဗိုလ်မှူးကြီးအိုစကီနှင့် ဂျပန်ရဲအဖွဲ့မှ အမှုကို ဆွဲထားဟန့်ရှိလေသည်။ အကြောင်းမှာ အိုစကီအတွက် ဤတစ်ကြိမ်သာ သူလျှိုဖမ်းမိခဲ့ခြင်း ဖြစ်နေ၍ပင်။ အဖြစ်အပျက် အလုံးစုံအား ဖော်ထုတ်လေ့လာလိုကြ၏။ မသက်သာသူ လေးဆယ်အား

www.burmeseclassic.com

www.burmeseclassic.com



ရုံးတင်စစ်ဆေးခဲ့၏။ မသက်ဆိုင်သူ (၂၃) ဦးအား ပြန်လွှတ်ပေးခဲ့သည်။ ကျန် (၁၇) ဦးအား သူလျှိုလုပ်ကြောင်းထင်ရှားသဖြင့် အပြစ်ပေးခဲ့လေသည်။ မီယာဂီမှာမူ ငါးဒဏ်ရာနှင့် တီဘီရောဂါတို့မှာ အခြေအနေဆိုးရွားလာသဖြင့် တိုကျိုဆေးရုံဗွပ်ပင် အစောင့်အရှောက်နှင့်ထားခဲ့ရလေသည်။

ဗောက်ကဲလစ်ချ်မှာမူ တရားရုံး၌ သူ့အမည်နှင့်အလုပ်အကိုင်မှန်ကန်ကြောင်း အတည်ပြုပြောကြားသည်မှတပါး အခြားမေးခွန်းများကို လုံးဝမဖြေခဲ့ချေ။ တရားသူကြီးမှ သူ့အားအမှုအတွက် ကာကွယ်ပြောဆိုရန် ပြောကြား၏။ သို့သော်လည်း ကဲလစ်ချ်က ဘာမှမပြောခဲ့ချေ။ ရုံးတင်စီရင်ချက်အား တစ်ပတ်ရပ်နားခဲ့၏။ ရုံးတင်စစ်ဆေးသည့်နေ့တွင် ကဲလစ်ချ်တစ်ယောက် စကား ၂ ခွန်းသာ ပြောသွားခဲ့လေသည်။ သူ၏အမည်ကို ဖတ်ပြသည့်အခါ၌ ''မှန်ပါသည်'' ဟု တစ်ခွန်းဆို၏။ နောက်သူ၏ သတင်းထောက်လုပ်ငန်းသည် တရားဝင်သည် မဝင်သည်အားမေးမြန်းရာ၌လည်း ''မှန်ပါတယ်'' ဟုပြောခဲ့လေသည်။ နောက်ထပ်မေးသော စကားများအတွက် လုံးဝမဖြေတော့ချေ။

ကလောဆင်ကတော့ အားလုံးဖွင့်ပြောခဲ့လေသည်။ ဇနီးသည်အင်နာ၏ လုပ်ဆောင်ပေးရပုံများပါ မကျန်အောင်ပြောပြခဲ့၏။ ရှေ့နေကသူ့အတွက် ညာတာထောက်ထားရန် ပြောဆိုပေး၏။ သူကလည်းလေးစားဖွယ်ရာအသွင်ကို ပြခဲ့လေသည်။ သို့သော်လည်း သူထောင်တစ်သက် ကျသွားလေသည်။

အင်နာကမူ ကွန်မြူနစ်နှင့် ကွန်မြူနစ်ဝါဒကို မုန်းတီးကြောင်းပြောပြ၏။ လင်ကိုချစ်သောကြောင့်သာ လုပ်ပေးရသည်ဟု ဆိုခဲ့သည်။



အင်နာလည်း ထောင်သုံးနှစ်ကျသွားခဲ့လေသည်။

အိုဇာကီအနေဖြင့် သူကိုယ်သူ သူလျှိုဖြစ်ကြောင်း ဝန်ခံခဲ့၏။ သူသေဆုံးသွားပါက သူ၏ ထင်ပေါ်ကျော်ကြားသည့် နာမည်ကျန်နေရန်လိုလားကြောင်းပါ ပြောကြားခဲ့၏။ သူ့အနေဖြင့် ဘာမှစိုးရိမ်နေသည့်ပုံမတွေ့ရပေ။ သူ့အတွက် အဆုံးစွန်သောပြစ်ဒဏ်မှာ သေဒဏ်ပင်ဖြစ်မည်ဟုလည်း ပြောသေး၏။ သူ့အမှုအတွက် ဘာမှဂရုမစိုက်သည့်အသွင်မျိုးကိုသာ ပြသနေလေသည်။

ဆာဂေးတစ်ယောက်မှာမူ သူ၏အဖွဲ့သားများအတွက် တာဝန်ယူသွားခဲ့လေသည်။ သူ့အနေဖြင့်လည်း ဘာမှဖုံးကွယ်စရာလည်းမလိုတော့ချေ။ ဆာဂေးသည် တရားရုံးတွင် မတ်တတ်ရပ်ပြခဲ့၏။ ဆာဂေးအစစ်အမှန်ဖြစ်ကြောင်း ပြသရာရောက်လေသည်။ သူ၏ တတိယအသွင်မှာ ခုံရုံးရှေ့ရပ်လျက်သား ပေါ်လွင်နေတော့သည်။ သူသည်လည်းဘာမျှမစိုးရိမ်သည့် အသွင်ဆောင်နေလေသည်။ လူအများ၏ စိတ်အဝင်စားဆုံးသော သူ၏ထွက်ဆိုချက်မှာ အဖွဲ့ဝင်တစ်ဦးစီအား သူ၏ကွပ်ကဲအားနိုင်မှုပင်ဖြစ်၏။ တစ်ဦးချင်း၏ တာဝန်များကိုပါ ပြောပြခဲ့လေသည်။ သူ့အနေဖြင့် အဖွဲ့သားများပေးပို့သော သတင်းများကို တည်းဖြတ်ပြီးလျှင်ခမ်းစကိုသို့ ပို့ခဲ့ကြောင်းထွက်ဆိုခဲ့၏။ ကလောဆင်တစ်ယောက်သာစက်သမားဖြစ်သည့်အပြင် ဝှက်စာကိုပါ ကိုင်တွယ်နေရသဖြင့် သတင်းများအား သူတစ်ဦးတည်းသာသိကြောင်း ထွက်ဆိုခဲ့လေသည်။

ဆာဂေးနှင့် အိုဇာကီတို့၏ ကြားနာစစ်ဆေးရက်အား ရက်ရွှေ့ဆိုင်းလိုက်လေသည်။ အကြောင်းမှာ ဗိုလ်မှူးကြီးအိုစကီသည် ဆာဂေးနှင့်ပတ်သက်နေသော နိုင်ငံရေးကိစ္စများနှင့် အပြည်ပြည်ဆိုင်ရာကိစ္စများ။

www.burmeseclassic.com

www.burmeseclassic.com



သူလျှိုကိစ္စနှင့် ဆက်သွယ်ပုံများအား သိလိုသောကြောင့်ပင်ဖြစ်လေသည်။ ဂျပန်တန်ပြန်ထောက်လှမ်းရေးအဖွဲ့အနေဖြင့် နောင်တွင် ဆာဂေးကဲ့သို့သောသူလျှိုများနှင့် ဆက်ဆံမှုပြုလုပ်ရသည့် အခါများတွင် သေချာစွာကိုင်တွယ်သွားနိုင်ရန်အတွက် သေချာစွာ ဆန်းစစ်လို၍ပင်ဖြစ်လေသည်။

အမှုစစ်ပြီးသည့်နောက်မှ အော့အနေဖြင့် ဆာဂေးနှင့် တွေ့ခွင့်ရခဲ့၏။ ယခုမှပင် ဆာဂေးမှာ အံ့မှန်တကယ်ပင်သူလျှိုတစ်ဦး ဖြစ်နေမှန်းသိလိုက်ရလေတော့သည်။ အဆိုးဆုံးအချက်မှာ သူ့ထံမှ လျှို့ဝှက်သတင်းများအား ဆာဂေးရသွားခဲ့ခြင်းပင်။ ထိုသတင်းအရ ဂျာမန်တို့စစ်ရှုံးကာ ရုရှားတို့ အနိုင်ရသွားသည်ကိုသိလိုက်ရပြီး သံအမတ်ကြီး အံ့ဩသွားခဲ့ရလေတော့သည်။

အော့အနေဖြင့် သူလျှိုကိစ္စနှင့်ပတ်သက်၍ ဂျာမဏီသို့ အစီရင်စာရေးသားခဲ့၏။ သူနှင့်မပတ်သက်ကြောင်းကိုပါ အထူးစာလုံးများရွေးချယ်၍ အစီရင်ခံခဲ့သည်။ သို့သော်လည်း သံရုံးမှ အရာရှိတစ်ဦးသည် ဆာဂေးနှင့် အော့တို့၏ ရင်းနှီးပုံ ဆက်ဆံပုံအသေးစိတ်အချက်များအား မှတ်စာဖြင့် ရေးသားကာ မန်ချူးကိုးပြည်နယ် စင်ကင်းမြို့ရှိ ဂျာမန်သံရုံးသို့ပေးပို့ခဲ့ပြီးဖြစ်လေသည်။ ထိုအရာရှိမှာ အော့နှင့်ဆာဂေးတို့စတင်ဆက်သွယ်သိကျွမ်းစကပင် အခြေအနေအားလုံးကို မှတ်တမ်းတင်ထားသူဖြစ်လေသည်။ (ထိုအရာရှိမှာ ယခုအခါတွင်အရှေ့ပါ အရာရောက်သောအရာရှိကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေလေသည်။) ဂျာမန်အစိုးရလည်း ယခုမှပင်အဖြစ်မှန်ကို သိလာလေတော့သည်။

တိုကျိုရှိ ဂျာမန်သံရုံးကြောင့် ရုရှားအားဂျာမန်က စစ်ရှုံးသည်ကိုသိလာခဲ့လေတော့သည်။ ထို့ကြောင့် ရစ်ဘင်ထရော့သည် အော့ထံသို့



ထုချေလွှာတောင်းခံခဲ့လေသည်။ အော့၏ ထုချေလွှာအား မကျေနပ်သဖြင့် သူ့အားဘာလင်သို့ပြန်ခေါ်ခဲ့၏။ သူ့နေရာ၌ ဒေါက်တာဟိန်းရစ်ချ်စတက်မားအား သံအမတ်ကြီးအဖြစ် ခန့်လိုက်လေသည်။ အော့တစ်ယောက် စစ်ပြီးသည်အထိ ပီကင်းတွင်နေခဲ့ရလေသည်။

မေဆင်းဂါးသည် ဂက်စတာပို႒ာနချုပ်မှ ဆာဂေး၏ ကိုယ်ရေးရာဇဝင်အား တောင်းယူခဲ့လေသည်။ ထို့ကြောင့်ပင် ဆာဂေးသည် ယေ့စဥ်ကပင် ဟန်းဘတ်ကွန်မြူနစ်ပါတီဝင် ဖြစ်ကြောင်း သိခဲ့ရလေသည်။ နာဇီအထက်ပိုင်းတွင် ဝင်ဆံ့မှုရှိအောင်လည်း ဆောင်ရွက်ခဲ့၏။ မေဆင်းဂါးအိုစကီထံ ဆာဂေး၏ကိုယ်ရေးရာဇဝင်ကို ပေးပို့ခဲ့လေသည်။ မေဆင်းဂါးသည် တိုကျိုရှိ ဂျာမန်သံရုံး၌ ၁၉၄၅ ခုနှစ်အထိ ရှိနေသေးသည်။ ဆောမိတ်များဝင်လာတော့မှပင် ပိုလန်သို့ လေယာဉ်ဖြင့် ပို့ခံခဲ့ရလေသည်။ ထို့နောက် ရုံးတင်စစ်ဆေးကာ သူ့အားကြိုးဒဏ်ပေးလိုက်လေသည်။ သက်သေအထောက်အထားများ ထပ်ပြီးမတွေ့ရတော့ပေ။

ဂျပန်အစိုးရက သတင်းထောက်များနှင့် ဆာဂေးအား တွေ့ခွင့်ပေးခဲ့လေသည်။ ဆာဂေးက သူ့နေဖြင့်ဘယ်တော့မှ ကြိုးပေးခြင်းမခံရနိုင်ကြောင်း ပြောပြခဲ့၏။ စတာလင်အနေဖြင့် သူ့အားအလွန်သဘောကျနေသဖြင့် သူလွတ်ရမည်ဟု ပြောပြခဲ့လေသည်။ သူ့အား ရုရှပြည်ရှိဂျပန်နိုင်ငံရေးအကျဉ်းသားများနှင့် လူချင်းလဲလှယ်မည်ဟု ယုံကြည်နေကြောင်းပြောပြခဲ့လေသည်။

ဆာဂေးအား ဖမ်းဆီးခဲ့ပြီးနောက် ၂ နှစ်အကြာ ၁၉၄၄ နိုဝင်ဘာလ၌ ၂ ယောက်စလုံးကို ကြိုးမိန့်ပေးခဲ့လေသည်။ ဆာဂေးနှင့် အိုဇာကီတို့ အယူခံဝင်ခဲ့ကြသေး၏။ ဆာဂေးသည် အိုဇာကီအတွက်

www.burmeseclassic.com

www.burmeseclassic.com



လည်း ကာကွယ်ပြောကြားခဲ့၏။ သူ့အတွက်လည်း နာရီပေါင်းအတော်ကြာအောင် တင်ပြခဲ့လေသည်။ သို့သော်လည်း ရုံးတော်မှသူ၏တင်ပြချက်များအား မနိုင်လုံသဖြင့် ၁၉၄၄ အရောက်၌ ပယ်ချခဲ့လေသည်။ သို့အတွက်ပင် ၂ ဦးစလုံးမှာ ထောင်ထဲ၌ ရက်အကန့်အသတ်မရှိ ရောက်နေလေတော့သည်။ သူတို့ ၂ ဦးစလုံးပင် တိုကျိုရှိ ဆူဂါမို အကျဉ်းထောင်တွင် ရှိနေခဲ့ကြလေသည်။

ထောင်ပိုင်ချုပ် ဗိုလ်မှူးကြီးမက်ဆူတိုသည် တန်ဖိုးအကြီးဆုံး ပေးရသည့် သွားစိုက်ဆရာတစ်ဦးကို ခေါ်ယူ၍ ဆာဂေးအားသွားတုတစ်စုံတပ်ဆင်ပေးခဲ့၏။ ဥရောပနိုင်ငံသားများက ဂျပန်တို့သည် သေရမည့်လူကို ခမ်းခမ်းနားနားပြုစုပေးတတ်ကြသည်ဟု ဆိုနေခဲ့ကြလေသည်။ သိပ်မကြာခင်မှာပင် နိုင်ငံခြားသားများ အသုံးပြုနေသော တိုကျိုရှိ အပ်ချုပ်ဆိုင်တစ်ဆိုင်မှ စက်ဆရာအား ထောင်တွင်းသို့ စစ်ကားဖြင့် ခေါ်သွားခဲ့လေသည်။ ဆာဂေးအတွက် ဝတ်စုံသစ်တစ်စုံ ချုပ်ပေးခဲ့၏။ ထို့နောက်ပိုင်းတွင် ထောင်တွင်းမှ ဘာသတင်းမှမကြားရတော့ပေ။ အယူခံများကိုလည်း ပယ်ချခဲ့လေသည်။ သူတို့အတွက် သေဒဏ်ကိုသာ ဆုံးဖြတ်ထားပြီးသားဖြစ်လေသည်။

အိုဇာကီအနေဖြင့် မျှော်လင့်ချက်မရှိတော့မှန်း သိနေခဲ့လေပြီ။ ထို့ကြောင့်ပင် ထောင်ထဲမှနေ၍ ဇနီးထံသို့သာ စာရေးနေခဲ့၏။ အိုဇာကီမှာ စာအရေးအသား အလွန်ကောင်းသူတစ်ဦးလည်းဖြစ်ပေသည်။ စစ်ပြီးသည့်နောက်၌ သူ၏စာများအား စုပေါင်း၍ စာအုပ်ထုတ်ခဲ့ရာ လူကြိုက်များခဲ့လေသည်။ (LOVE IS LIKE A FALLING STAR) စာအုပ်သည် အရောင်းရအသွက်ဆုံး ဖြစ်ခဲ့လေသည်။



အိုဇာကီသည် အိပ်ယာမှထသည်နှင့် မြေအင်တုံတွင် မျက်နှာသစ်၏။ အိပ်ယာကိုခေါက်၏။ ထောင်ထဲ၌ သူနေခဲ့ရသည်မှာ ရက်ပေါင်း (၁၀၀၀) ပင်ရှိသွားပြီဖြစ်၏။ ဇနီးထံ စာရေးလိုက်လေသည်။ စာပြီးခါနီးမှာပင် ခြေသံများကြားလိုက်ရလေသည်။ သော့ဖွင့်သံကြားကာ တံခါးပွင့်လာတော့သည်။ ထောင်မှူးကြီးမက်ဆူတိုသည် တံခါးပေါက်တွင် ရပ်ရင်း သူ့အားစိုက်ကြည့်နေလေသည်။ သူ့အတွက် ကြိုတင်အသိမပေးထားသော နောက်ဆုံးနေ့ရောက်လာပြီဖြစ်ကြောင်း အိုဇာကီအလိုလို သိပ်စားမိလိုက်လေသည်။ ထောင်မှူးကြီးမှ ဘာစကားမှ မပြောဘဲရပ်ကြည့်နေဆဲပင်ဖြစ်၏။ အိုဇာကီလည်း စာကိုခေါက်၍ ဇနီး၏လိပ်စာကို ရေးလိုက်၏။ ပြီးမှပင် ထောင်ပိုင်ချုပ်ကြီးနှင့် တွေ့လိုက်လေသည်။ အိုဇာကီ၏ မျက်နှာမှာ အေးဆေးတည်ငြိမ်နေလေသည်။ အသေခံရန်လည်းအသင့်ရှိနေပုံရ၏။

အိုဇာကီအား အစောင့်များခြံရံ၍ ခေါ်ထုတ်လာခဲ့လေသည်။ ရှေ့ဆုံးက ထောင်ပိုင်ကြီးမှဦးဆောင်ကာ သူ၏နောက်မှ ဘုန်းတော်ကြီး လိုက်လာခဲ့လေသည်။ သူတို့အားလုံး ထောင်တွင်းရှိ အုတ်နံရံများ ကွယ်ထားသော ကြိုးပေးသည့်နေရာသို့ ရောက်လာကြလေသည်။ ဘုန်းတော်ကြီးသည် တံခါးငယ်ကလေးကိုဖွင့်လိုက်ပြီး အတွင်းသို့ ဝင်ရောက်သွား၏။ အိုဇာကီလည်း လိုက်ဝင်သွားခဲ့လေသည်။ အခန်းတွင်း၌ ရုပ်ပွားတော်တစ်ဆူအား ဖူးတွေ့လိုက်ရလေသည်။

ဂျပန်လူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်းပင် ထောင်ပိုင်ကြီးက သက်ဘက်ရည်နှင့် မုန့်များတိုက်ကျွေးခဲ့၏။ ထို့နောက် အိုဇာကီအား အလောင်းကို မည်သူထံအပ်ရမည်နှင့် ပစ္စည်းများအား မည်သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ပေးရမည့်တို့အား မေးမြန်းလိုက်၏။ ထောင်ပိုင်ကြီးသိလိုသော အချက်အလက်များအား သေတမ်းစာဖြင့် အိုဇာကီရေးပေးပြီး ဖြစ်လေသည်။ အိုဇာကီက ထောင်ပိုင်ကြီးအား ကျေးဇူးတင်ကြောင်း ပြောလိုက်၏။ ထို့နောက် ကြိုးစင်တက်ရန် အသင့်ဖြစ်ကြောင်း ပြုလိုက်လေသည်။ ဘုရားရှေ့၌ ဝတ်ပြုနေချိန်တွင် ဘုန်းတော်ကြီးမှ မေတ္တာပို့ အမျှဝေပေးခဲ့လေသည်။ ထို့နောက် ဘုန်းတော်ကြီးမှ ဘုရားရုပ်တုဘေး ရှိတံခါးကို ညွှန်ပြလိုက်၏။

အိုဇာကီလည်း ထိုတံခါးမှတဆင့် အတွင်းသို့ဝင်ရောက်ခဲ့လေတော့သည်။ ထိုအခန်းထဲ၌ ကြိုးစင်ရှိလေသည်။ ကြိုးစင်၏ ပတ်လည်၌ တရားရုံးချုပ်မှ တရားသူကြီးများ၊ သူ၏ရှေ့နေ၊ အခြားအရာရှိများ ရောက်ရှိနေကြလေသည်။ ထိုပုဂ္ဂိုလ်များမှာ ဂျပန်တို့၏ ထုံးစံအရ ကြိုးပေးသည့်အခါတိုင်း ကြိုးစင်အနား၌ ရှိနေရမည့်သူများပင်။ ထောင်ပိုင်ကြီးလည်း နေရာယူလိုက်လေသည်။ အစောင့်ကသူ့အား ကြိုးစင်ပေါ်ခေါ်ဆောင်သွားခဲ့၏။ ကြိုး၏ အောက်တည့်တည့်ရှိ ကြမ်းပြင်ပေါ်မှ စတုရန်းပုံအမှတ်အသားပြထားသည့် နေရာတွင်ရပ်နိုင်းလိုက်လေသည်။ ကြိုးကိုအောက်သို့ချ၍ ခေါင်းပေါ်မှစွပ်လိုက်၏။ လည်ပင်း၌ ကြိုးကို တင်းတင်းချည်လိုက်လေသည်။ အိုဇာကီသည် ခြေထောက်အောက်ရှိ စတုရန်းကွက်ကို ငုံ့ကြည့်နေလေသည်။ ဆုတောင်းသည့်အသွင်ဖြင့် ခေါင်းငိုက်စိုက်ချထားခြင်းဖြစ်၏။ ထိုအချိန်မှာပင် ခလုတ်ဖြုတ်ချလိုက်လေသည်။

အိုဇာကီ ဟိုရှီမီးအား နံနက် ၉ နာရီ ၅၀ မိနစ်တွင် ကြိုးပေးပြီး နိဂုံးချုပ်သွားပြီဖြစ်ကြောင်း ကြေညာလိုက်လေသည်။



ဆာဂေးအနေဖြင့် ထောင်ထဲ၌ နေထိုင်ခဲ့သည်မှာ ရက်ပေါင်း (၁၁၀၀) ပင်ပြည့်ခဲ့လေပြီ။ ရှုရှားမှ သူ့အမှုအတွက်ဆော်င်ရွက်နေကြသလားဟု ထိုင်တွေးနေမိ၏။ ထိုအခိုက်မှာပင် တံခါးဖွင့်သံကြားလိုက်ရလေသည်။ အခန်းတွင်းသို့ ထောင်ပိုင်ကြီးနှင့် ဘုန်းတော်ကြီးတို့ ဝင်ရောက်လာကြလေသည်။ ထောင်ပိုင်ကြီးက ဆာဂေးအား တာဝန်နှင့် ဝတ္တရားအရကြိုးပေးတော့မည့်အကြောင်း ပြောပြခဲ့၏။ သူ့အား သေတမ်းစာ ရေးခွင့်လည်းပေးခဲ့လေသည်။ ထို့နောက်ထောင်ပိုင်ကြီးက ဆာဂေးအား ဘာလိုသေးလဲဟု မေးလိုက်ပြန်သည်။ ဆာဂေးကလည်း အသေခံရန် အသင့်ဖြစ်နေကြောင်းပြန်ပြောလိုက်၏။

ဆာဂေးအနေဖြင့် ဂျပန်ထောင်တွင် ပထမဆုံးသောကြိုးပေးခံရသည့် နိုင်ငံခြားသားလည်းဖြစ်၏။ ထို့ကြောင့်ပင် ခရစ်ယာန်ဘုန်းတော်ကြီးလိုပါသလားဟု မေးလိုက်ပြန်သည်။ ဆာဂေးကလည်း ဂျပန်ဘုန်းကြီးအားခပ်ပြုံးပြုံးပင်ကြည့်၍ မလိုပါဟုပြောလိုက်တော့သည်။

သူ့အနေဖြင့်တစ်နေ့နေ့တွင် ဂျပန်သူလျှိုများနှင့် လူချင်းအလဲအလှယ်လုပ်မည်ဟုသာ ထင်ထားခဲ့လေသည်။ သို့သော်မော်စကိုက သူ့အား သာမန်သူလျှိုတစ်ဦးလိုသာ သဘောထားကြောင်း ယခုမှသိလိုက်ရလေသည်။ သူ့အနေဖြင့် ဤအချိန်၌ ဂျပန်တို့၏သတ်ပုံသတ်နည်းအား တွေးကောင်း တွေးနေမိပေလိမ့်မည်။ လည်ပင်းကို သံမဏိကြိုးနှင့်ချည်ကာ ဝက်အူတင်းပေးသည်ဆိုသည့် သူ့မိတ်ဆွေတစ်ဦး၏ ပြောပြချက်ကိုလည်း ပြန်အမှတ်ရကောင်း ရနေပေလိမ့်မည်။ ကြောက်စိတ်သည်းဝင်ကောင်းဝင်နေမည်ဟု ထင်ရ၏။

သူသည် ထောင်ဝရံတာမှတဆင့် လမ်းလျှောက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ သူ၏ပုံစံမှာ အထူးအရေးပါအရာရောက်သူ (ဗွီအိုင်ပီ) နှင့်ပင် သဏ္ဌာန်တူနေသေးတော့သည်။ ဝတ်စုံအသစ်ကိုလည်း ဝတ်စားထားခဲ့၏။ ဘုန်းတော်ကြီး တံခါးဖွင့်ပေးလိုက်သည်နှင့် အထဲသို့ ခါးကုန်း၍ ဝင်လိုက်ရ၏။ အမှောင်တွင်းမှဝင်လာခဲ့ရင်းမှပင် ဘုရားကျောင်းရှိရာသို့ ရောက်လာခဲ့လေတော့သည်။ ထိုဘုရားခန်းအား မြင်တွေ့လိုက်ရ၍ ဆာဂေးတစ်ယောက် အထူးအံ့ဩသွားခဲ့လေတော့သည်။

ထိုဘုရားခန်းမှာ အိုဇာကီ ဒူးထောက်ဝတ်ပြုသွားခဲ့သော အခန်းလည်း ဖြစ်ပေသည်။ ထောင်ပိုင်ကြီးမှာ သူ့အားလှောက်ရည်နှင့် မုန့်များတိုက်ကျွေးခဲ့၏။ ဆာဂေးက ငြင်းဆန်ခဲ့လေသည်။ ဘုန်းတော်ကြီးက သူ့အားကြိုးစင်ရှိရာအခန်းသို့ ခေါ်ဆောင်သွားခဲ့လေတော့သည်။

ဆာဂေးအနေဖြင့် ကြိုးစင်အားပထမဆုံး မြင်တွေ့လိုက်ရခြင်းပင်ဖြစ်၏။ သူသည်ချက်ချင်း တုန်လှုပ်သွားခဲ့လေသည်။ သက်ပြင်းတစ်ချက်လည်းချလိုက်သေး၏။ သူမြင်လိုက်ရသည့်ကြိုးမှာ သံမဏိကြိုးနှင့် ဝက်အူမဟုတ်ကြောင်း သိလိုက်ရလေပြီ။ ဆာဂေးတစ်ယောက် ကြိုးစင်ပေါ်ရှိစတုရန်းအကွက်ကလေးပေါ် ရောက်ရှိလာခဲ့လေသည်။ ဆာဂေးလည်းခေါင်းကို တစ်ပတ်လှည့်၍ လူများအားလိုက်ကြည့်လိုက်၏။ တရားသူကြီးနှင့်အခြားအရာရှိများသာ တွေ့မြင်နေရပြီး နိုင်ငံခြားသား တစ်ဦးတစ်ယောက်မျှ မမြင်ခဲ့ရချေ။ ဆာဂေးမှာ ဝမ်းနည်းဟန် ဖြစ်လာခဲ့လေသည်။

သူနားလည်သိရှိထားသည်မှာ ဂျပန်နိုင်ငံတွင်ဥပဒေအား သေဒဏ်ပေးလျှင် သက်ဆိုင်ရာတရားရုံးက ကိုယ်စားလှယ်များ စောင့်ကြည့်နေရခြင်းပင်။ သို့သော်လည်းသူ့အနေဖြင့် သက်ဆိုင်ရာ ကိုယ်စားလှယ်များအား မမြင်ခဲ့ရပေ။ ဆာဂေးလည်း သူသေရတော့မည်ဟူသော အသိဝင်လာလေသည်။ မော်စကို ကိုလည်းစိတ်နာသွားဟန်ရှိ၏။ ထို့ကြောင့်ပင် "လူသားအားလုံး သေမင်းထံပို့" ဟု ဆာဂေးတစ်ယောက် နာကျည်းစွာ အော်ပြောလိုက်စဉ်မှာပင် ခလုတ်ဖြုတ်လိုက်လေသည်။ သူ့ခြေထောက် အောက်ကြမ်းပြင်များပွင့်သွားကာ ဆာဂေးလည်း အောက်သို့ကျသွားလေတော့သည်။

အထက်ပါအကြောင်းအရာများမှာ တရားရုံးအစီရင်ခံစာမှ သိရခြင်းဖြစ်၏။ အချိန်မှာ နံနက် ၁၀ နာရီ ၃၆ မိနစ်ဟု ဖော်ပြထားလေသည်။ ထိုအချိန်မှစတင်ကာ ဆာဂေး၏အမှုလည်း ပြီးဆုံးသွားပြီ ဖြစ်လေသည်။

ဂျပန်သည်လည်း မဟာမိတ်တို့၏ တိုက်ခိုက်ခြင်းကိုခံလိုက်ရ၍ ရှေ့သို့တိုးနေရာမှ နောက်သို့ပြန်ဆုတ်ခဲ့ရလေသည်။ နာဂါဆာကီနှင့် ဟီရိုရှီးမား အဖြစ်အပျက်သည် ကမ္ဘာစစ်ကြီး၏ နောက်ဆုံးနိဂုံးချုပ်လည်းဖြစ်ခဲ့ရလေသည်။

၁၉၄၅ ခု ဩဂုတ်လ ၁၅ ရက်နေ့တွင် ဂျပန်သည် သူ၏ အင်ပါယာအား ခွဲဝေပေးလိုက်ရလေတော့သည်။ ဘုရင်မင်းမြတ် ဟီရိုဟီတိုက နိုင်ငံကို ရေဒီယိုမှ ကြေငြာပေးလိုက်လေသည်။ မဟာမိတ်များတိုကျိုမြို့တွင်းသို့ ဝင်ရောက်လာကြလေသည်။ စစ်အုပ်ချုပ်ရေးအရ နိုင်ငံရေးအကျဉ်းသားများကို အားလုံးလွှတ်ပေးရန် ပြောကြားလိုက်လေသည်။

ထောင်တံခါးများကိုလည်း ဖွင့်ပေးလိုက်၏။ မီယာကီမှာ ဆေးရုံတွင် လွန်ခဲ့သောတစ်လခန့်က ကွယ်လွန်ခဲ့လေသည်။ လွှတ်လာသူများ

www.burmeseclassic.com

www.burmeseclassic.com



ထဲ၌ မောက်ကဲလစ်ချလည်းမပါဝင်ခဲ့ပေ။ ကဲလစ်ချမှာ ထောင်တွင်း၌ပင် သေဆုံးခဲ့ပြီးဖြစ်လေသည်။

စက်တင်ဘာ (၂၂)ရက်နေ့၌ အင်္ဂလိပ်ထောင်တံခါးဖွင့်လိုက်ချိန်တွင် ကလောဆင်တစ်ယောက် အင်အားချိနဲ့စွာဖြင့် ထောင်ထဲမှထွက်လာခဲ့လေသည်။ ထောင်ဝ၌သူ့ဇနီးအင်နာက လက်ကမ်းပေးလိုက်၏။ ကလောဆင်မှာသူမလက်ထဲ၌ပင် လဲကျသွားခဲ့လေသည်။

အင်နာသည် လွန်ခဲ့သောအပတ်မှပင် အမျိုးသမီးထောင်မှ လွတ်လာခဲ့ခြင်းဖြစ်၏။ ကလောဆင်အား လာရောက်စောင့်ကြိုနေခြင်းလည်းဖြစ်ပေသည်။ သူတို့ဇနီးမောင်နှံမှာ တိုကျို၌ ဆွေမျိုးမရှိသဖြင့် ခြေဦးတည့်ရာမြို့ဆင်ခြေဖုံး၌ လျှောက်သွားနေကြ၏။ မိတ်ဆွေတစ်ဦး နေထိုင်စရာပေးခဲ့၍သာ သက်သာရာရခဲ့လေသည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ၌ ကလောဆင်ကျန်းမာရေး ပြန်ကောင်းမွန်လာလေသည်။ ထို့ကြောင့် ဆိုဗီယက်ဆက်သွယ်ရေး အရာရှိနှင့် သွားရောက်တွေ့ဆုံခဲ့၏။ နောက်ရက်သတ္တပတ်(၃)ပတ် အကြာတွင် ကလောဆင်နှင့်အင်နာတို့ ဆိုဗီယက်ပြည်ထောင်စုသို့ ထွက်ခွာသွားကြလေတော့သည်။

စစ်ကြီးပြီး၍ ငြိမ်းချမ်းရေးရခါနီးတွင် သတင်းတစ်ပုဒ် ထွက်ပေါ်လာခဲ့လေသည်။ ထိုသတင်းမှာ ဆာဂေးမသေသေးဟူသော သတင်းပင်ဖြစ်ပေတော့သည်။

*****************

## အခန်း(၁၅)

### ဇာတ်သိမ်း

ကမ္ဘာစစ်ကြီးပင် ပြီးဆုံးသွားခဲ့လေပြီ။

၁၉၅၅ ခုနှစ်၏ တစ်ခုသောညနေတွင် ရှန်ဟဲမြို့ရှိ ဆဲဝင်းဒီလိုက်စ် ညကလပ်တွင် လူစည်ကားလျက်ရှိ၏။ တရုတ်နှင့် ဥရောပသား ပရိတ်သတ်များမှာ နာမည်ကျော် ဂျပန်အဆိုတော်တစ်ဦး၏ တေးသံကို နားသောတဆင်ရန် စောင့်စားနေကြလေသည်။ မကြာမီ မီးများမှိန်သွားကာ အဆိုတော်ထွက်လာသည်။ သူမသည် အဝင်ဝအနီး ထွင်ထိုင်နေသူတစ်ဦးအား စိုက်ကြည့်မိလိုက်ချိန်၌ သီချင်းဆိုသံပါ ရပ်တန့်သွားရလေတော့သည်။ အထိတ်တလန့်အော်ဟစ်ပြီး သူမ၏ အဝတ်လဲခန်းသို့ ပြေးသွားလေတော့သည်။ ထိုအခန်းမှ ကုတ်အင်္ကျီနှင့် သက်ဆွဲအိတ်ကိုယူ၍ နောက်ပေါက်မှ ရေးကြီးသုတ်ပြာဖြင့် ထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့လေသည်။ စားပွဲရုံမှ အမှုထမ်းများလည်း သူမနောက်မှ ပြေးလိုက်သွားခဲ့ကြလေသည်။ လမ်းထောင့်ချိုးအတွင်းသို့ ပြေးသွားသည်ကို မြင်လိုက်ရ၏။ ခဏအကြာမှာပင် အမှောင်တွင်းမှ ခြောက်လုံးပြူး သေနတ်သံ (၃) ချက်ကြားလိုက်ရလေသည်။ လမ်းထောင့် ရေမြောင်း ထဲတွင် သေနေသောမိန်းကလေးအား တွေ့လိုက်ရလေသည်။ သူမသည် တစ်ချိန်က ဆာဂေးစွဲလမ်းမိသော ကီယိုမီပင်ဖြစ်ကာ သူမ၏ဇာတ်သိမ်း ခန်းလည်းဖြစ်ခဲ့လေသည်။

သူမသည် ဆာဂေးအလွန်ချစ်ခဲ့သူဖြစ်၏။ ဆာဂေးကို သစ္စာဖောက်ခဲ့သူလည်းဖြစ်၏။ ယခုမူ သူမသေဆုံးခဲ့လေပြီ။ သူမအား မည်သူသတ်သနည်း။

တိုကျိုတွင် ဆာဂေး ပျောက်ကွယ်သွားပြီးသည့်နောက်တွင် မော်စကိုမှ ဆာဂေး၏ဆရာ ဗိုလ်ချုပ်ဘဲဒင်က ဆာဂေးအကြောင်း စာအုပ်ရေးသားခဲ့လေသည်။ ဂျာမန်နှင့် ဂျပန်လူမျိုးများအကြား၌ "ဆာဂေး ယနေ့ထက်တိုင် အသက်ရှင်နေသလော" ဟု မေးစရာ ဖြစ်လာခဲ့လေသည်။

ဆာဂေးနှင့်အိုဇာကီအား သေဒဏ်ချမှတ်ပြီး ထောင်ထဲ၌ ၂နှစ်ခန့်ထားခဲ့လေသည်။ ဂျပန်ဥပဒေက ခွင့်ပြုသည်ထက် ၁၈ လနီးပါး ကြာမြင့်ခဲ့၏။

အိုဇာကီအနေဖြင့် ဂျပန်ဇာတိဖြစ်ကာ ဂျပန်၌ ဩဇာအရှိဆုံး ဂျပန်တစ်ယောက်လည်းဖြစ်ခဲ့၏။ သူ၏ ဩဇာအရှိဆုံး မိတ်ဆွေများက သေဒဏ်မှထောင်ဒဏ်သို့ လျှော့အောင်ကြိုးစားခဲ့ကြ၍ မကြာခဏပြန်စစ် ခဲ့ရလေသည်။ ဆာဂေးမှာမူ ခြားနား၍နေလေသည်။ သံအမတ် အော့မှာ



ပီကင်းသို့ နယ်နှင်ဒဏ်ခံထားရ၏။ မေဆင်းဂါးမှာလည်း အမှု၌ မပတ်သက်အောင် ရှန်းကန်နေခဲ့ရလေသည်။ ဆာဂေးမှာ ဖြေရှင်းချက် ပေးပြီးသော နိုင်ငံခြားသား သူလျှိုလည်းဖြစ်၏။ သာမန်လုပ်ရိုးလုပ်စဉ် အရဆိုလျှင် အချိန်မဆွဲဘဲ သေဒဏ်ပေးရမည်သာဖြစ်၏။ ယခုကဲ့သို့သော အချိန်ဆွဲထားခြင်းသည် ဂျပန်နှင့် ရုရှတို့အကြားရှိ လျှို့ဝှက်စေ့စပ်မှု တစ်ခုကြောင့်သာ ဖြစ်နိုင်ပေသည်။

ဆာဂေးက ဆိုဗီယက်နိုင်ငံသားအဖြစ် ဝန်ခံခဲ့၏။ ဂျာမန်သံရုံး အပါအဝင် အနောက်နိုင်ငံများနှင့် အဆက်အသွယ်ဖြတ်ခဲ့လေသည်။ ရုရှားသံအမှုထမ်းများနှင့် ဆာဂေးတို့ တွေ့ဆုံခဲ့ကြောင်းကိုမူ မသိခဲ့ရပေ။ ဂျာမဏီနိုင်ငံသားမဟုတ်ကြောင်း ငြင်းဆိုပြီးနောက် မည်သည့် ဥရောပသားနှင့်မျှ တွေ့ဆုံခဲ့သည်ကို မတွေ့ရပေ။ ယခုလိုဆုံးဖြတ်ရခြင်း အကြောင်းရင်းမှာလည်း ဆိုဗီယက်သံရုံးမှ အကူအညီရမည်ကို မျှော်လင့်၍ပင်ဖြစ်သည်ဟူ၍ ဆိုကြောင်း။ ဂျပန်က ဆိုဗီယက်နိုင်ငံသားအဖြစ် ဝန်ခံရန် ပြုလုပ်နိုင်း၍လည်းကောင်း ဖြစ်နိုင်ပေသည်။ ဤနည်းဖြင့် သူ့အနေနှင့် ဆိုဗီယက်မှ အကူအညီရခဲ့ပေလိမ့်မည်။

ဆာဂေးအနေဖြင့် ရုရှနိုင်ငံသားဟု ဝန်ခံပြီးသည့်နောက်တွင် ဈေးကြီးပြီး ဥရောပသားများ အသုံးမပြုနိုင်သည့် သွားစိုက်ဆရာဝန် ဒေါက်တာ တာကာယာမာ၏ အားဆောင်သွင်းသို့ ခေါ်ယူ၍ ၁၉၃၈ ခုနှစ်က ဆိုင်ကယ်မှောက်ပြီး ရခဲ့သောဒဏ်ရာပေးနေသည့် သွားများကိုပြုပြင် ပေးခဲ့လေသည်။ စစ်ဝတ်စုံချုပ်ရန်ပင် စက်ဆရာအား ခေါ်လာပေးခဲ့ပြီး သေခါနီး အဝတ်အစားသန့်သန့် ဝတ်ရသည်ဟူသော ယုံကြည်ချက်ကြောင့် ဟုဆိုသော်လည်း စာရေးသူအာထင်မှာတော့ စေ့စပ်ဆွေးနွေးမှုမှ

www.burmeseclassic.com

www.burmeseclassic.com



သဘောတူညီချက်ရရှိခဲ့သဖြင့် ခရီးထွက်ရန် ပြင်ဆင်ပေးခြင်းသာ ဖြစ်ပေမည်။ ကြိုးစင်တင်ပေးရန် မဖြစ်နိုင်ဘဲ မော်စကိုပြန်ရန်သာ ဖြစ်ပေလိမ့်မည်။

ဆာဂေးအား ကြိုးစင်တင်ရာ၌ ပါရှိသော အရာရှိသက်သေ စာရင်းရှိသော်လည်း အားလုံးမှာ ဂျပန်များသာဖြစ်ပေသည်။ ဥရောပသား တစ်ဦးတစ်ယောက်မျှ မပါဝင်ခဲ့ချေ။ နိုင်ငံခြားသားတစ်ဦးအား သေဒဏ် ပေးရာ၌ ထိုသူ၏မိသားစုဝင်သော်လည်းကောင်း၊ သက်ဆိုင်ရာသံရုံးမှ ကိုယ်စားလှယ်သော်လည်းကောင်း ရှိရမည်ဖြစ်၏။ ဂျပန်ဥပဒေကလည်း ဤသို့ပင်ဆိုထားခဲ့သည်။ ဆာဂေးအား လုံးဝအမှန်အကန် သေဒဏ် ပေးခြင်း မလုပ်၍သာ နိုင်ငံခြားသားသက်သေမရှိခဲ့ခြင်း ဖြစ်နိုင်ပါသည်။

ဂျပန်၌ သေဒဏ်ပေးပြီးပါက ချက်ချင်းဆိုသလိုပင် အမွေစား အမွေခံ (သို့) သံရုံးအား အလောင်းလာယူရန် အကြောင်းကြားရသည့် ဥပဒေရှိလေသည်။ အိုဇာကီအား ကြိုးပေးပြီး (၁၀)မိနစ်ကြာသောအခါ၌ ၎င်း၏အလောင်းအား (၁)နာရီအတွင်းလာယူရန် အကြောင်းကြားခဲ့၏။ ဆာဂေးအမှု၌မူ မည်သူမျှမသိကြပေ။ အတော်ကလေးကြာမှပင် သေပြီဖြစ်ကြောင်း သိခဲ့ကြရလေသည်။ ထို့ကြောင့် ဖြစ်နိုင်စရာရှိသော အချက်မှာ ဆာဂေးအား အသက်ရှင်လျက် ရုရှအစောင့်များလက်သို့ လွှဲလိုက်ခြင်းသာဖြစ်နိုင်ပေသည်။

ကချေသည်မလေး ကီယိုမီ ဘာကြောင့်များ သေနတ်ဒဏ်ရာနှင့် သေဆုံးသွားခဲ့ရပါသနည်း။ သူမသည် ဆာဂေးအား သစ္စာဖောက်ခဲ့ သလသည်။ ဗိုလ်မှူးကြီးအိုဇာကီမှ ဆာဂေးသည် ကီယိုမီကြောင့်မဟုတ်လျှင် ဂျပန်မှ အချိန်မီလွတ်နိုင်သည်ဟု နောက်ဆုံး သုံးသပ်ခဲ့လေသည်။



ဆာဂေးသေလျှင် ဆိုဗီယက်ရှိ စတုတ္ထဗျူရိုအနေဖြင့် ငြိမ်နေရုံသာရှိ၏။ သူမအား လှုလွှတ်ပြီးသတ်ရန် အကြောင်းမရှိပေ။

ကီယိုမီသည် ညကလပ်၌ သူမတွေ့ရလိမ့်မည်ဟု မမျှော်လင့် ထားသောသူကို တွေ့မြင်ခဲ့ရ၍ ကြောက်လန့်ခြောက်ခြားသွားခဲ့ရခြင်းပင်။ ကီယိုမီ အသတ်ခံရသည့်အချိန်၌ သံအမှုထမ်းတစ်ဦးလည်း ရှန့်ဟဲဘား၌ အရက်သောက်နေခဲ့ဟန်ဖြစ်၏။ သံအရာရှိမှာ အရက်ဘားတွင် အရက် သောက်နေသူကို လှမ်းမြင်လိုက်ရပြီး ဆာဂေးဟု အမှတ်တမဲ့ပြောလိုက်မိ ၏။ ထိုလူကခေါင်းခါ၍ အရက်ကိုမြန်မြန်သောက်ကာ မြန်မြန်ထွက်သွား ခဲ့လေသည်။ ထိုသံအရာရှိမှာ သူ့အမည်ကို မဖော်ပြရန် တောင်းဆိုသဖြင့် ဤစာအုပ်၌ မဖော်ပြတော့ပေ။

ဂျပန်တို့ လက်နက်ချပြီးသည့်နောက်တွင် ဗိုလ်ချုပ်အော့အား ဂျပန်သို့ ဝိကင်းမှပြန်ခေါ်၍ ဆာဂေးသတင်းမေးခဲ့၏။ သူ့နောက်ပိုင်း သံအမတ်ကြီးတာဝန်ယူခဲ့သူ ဒေါက်တာစတက်မား (Dr. Stahmer) အား နောက်ပိုင်းကိစ္စသိလို၍ ထပ်မေးကြည့်ခဲ့၏။ သူသည် ဂျာမဏီသို့ ပြန်လည်ရောက်ရှိသွားချိန်တွင် ဆာဂေးနှင့်ပတ်သက်၍ ဆာဂေး သေကြောင်း၊ ရုရှသို့ပြန်သွားကာ စစ်ကြီးပြီးဆုံးချိန်အထိ စတုတ္ထဗျူရို အရှေ့ဖျားဌာနခွဲတွင် ဘဲဒင်နေရာ၌ ဆက်ခံနေကြောင်းအား မဂ္ဂဇင်းများ၌ ရေးသားခဲ့လေသည်။ ဒေါက်တာစတက်မားသည် ဆာဂေးနှင့် ရင်းနှီးမှုမရှိ ဆက်လိုက်မှုမရှိ၍ သူ့စကားမှာ အရေးကြီး၏။ သူ့ထံတွင် ဆာဂေးအား သေစေလို (သို့မဟုတ်) လွတ်စေလိုသော ဆန္ဒမရှိပေ။ ဗိုလ်ချုပ်အော့မှာမူ ဆာဂေးနှင့်ပတ်သက်၍ ရေငုံနေခဲ့လေသည်။

နောက်ဆုံးအနေဖြင့် စာရေးသူ၏ သံတမန်ဆိုင်ရာနှင့်စပ်လျဉ်း

www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံအရ မှတ်တမ်းတင်လိုပါသည်။ ဖမ်းဆီးရမိသော အဖိုးတန်သူလျှိုချင်း လဲလှယ်ကြခြင်းမှာ မထူးဆန်း၊ မရှားပါးလှပေ။ ထိုကိစ္စနှင့်ပတ်သက်၍ အချို့အမှုများတွင် သူလျှိုများအား ပထမဦး စစ်ဆေးခဲ့ကြ၏။ အပြစ်ရှိ၍ သေဒဏ်ပေးသည်ဟုဆိုကာ ကြိုးပေးခြင်းအား လူထုသို့ သတင်းစာမှ ကြေငြာခဲ့လေသည်။ လူထုအား ဤမှုသာ အသိပေးပြီး သူလျှိုချင်းအလဲအလှယ်ကို လျှို့ဝှက်စွာ ပြုလုပ်ကြစမြဲပင်ဖြစ်၏။

ကြိုးပေးကြောင်း ကြေငြာခြင်းမှာလည်း တရားသဖြင့်သာ လုပ်ကိုင်ခဲ့ရခြင်းသာ ဖြစ်လေသည်။ လူထုအား ကြေငြာရုံသက်သက်မဟုတ်ဘဲ နောက်လုပ်မည့် သူလျှိုများအား တွေ့ကြုံရမည့် ကြမ္မာဆိုးအား သတိပေးခြင်းလည်း ဖြစ်လေသည်။ ဤသို့သတိပေးခြင်းမှာ တကယ်သေသည်ထက်ပင် ပိုမိုထိရောက်၍ အဖိုးတန်ပေသည်။ သူသေကောင်မှာမူ ဘာမှအသုံးမကျတော့ပေ။

ထိုအကြောင်းများကြောင့် ဆာဂေးတစ်ယောက် ယနေ့ထက်တိုင် အသက်ရှင်လျက်ရှိပြီး ဆိုဗီယက်သူလျှိုလုပ်ငန်းအား ညွှန်ကြားနေမည်(သို့)ပါဝင်လုပ်ဆောင်နေမည်ဟု ထင်ရပေသည်။

ဗြိတိန်နိုင်ငံမှ ပြန်လည်ခေါ်ယူခဲ့သော ဆိုဗီယက် သံအရာရှိနှစ်ဦးနှင့် ဩစတေးလျမှ ပီးတရော့ (Petrov) ဘွန်းမှ ကော့လော့ (Kokhlor) တို့အား မကြာမီက ကောင်းမွန်စွာတွေ့ခဲ့ရလေသည်။ သူတို့သည် စတုတ္ထဗျူရိုမှ သံအမှုထမ်းများ မဟုတ်ကြပေ။ ဘဲခင်ဆာဂေး တို့ပုံစံသည် သမားရိုးကျသာ စခန်းသွားမည်ဆိုပါက စတုတ္ထဗျူရိုသည် ရုရှအမှုထမ်းများ(သို့)ဒေသခံ ကွန်မြူနစ်များအား အရေးပေါ် ဆက်သွယ်ရန် စာတိုက်ပုံးတစ်ခုလိုသာ သဘောထားပြီး



ထိုထက်ပို၍ အသုံးပြုမည်မဟုတ်ဟုသာ ဆိုရပါတော့မည်။

ထိုနည်းတူစွာ ဟစ် (Hiss)၊ ရိုဇင်ဘတ်မိသားစု (The Rosenbergs)၊ နမ်းမေ (Nunn May) နှင့် ဖူး၍ (Fuchs) တို့ကဲ့သို့ အထူမြူသူလျှိုများသည် ဆိုဗီယက်ထောက်လှမ်းရေးဌာန၏ အုပ်ချုပ် ကွပ်ကဲမှုဘောင်တွင်း၌သာ ဆောင်ရွက်ခဲ့ကြရာ ထိုဖြစ်ရပ်များသည် ဆိုဗီယက်တို့၏ သိပ္ပံပညာနယ်ပယ်တွင် နိုင်ငံခြားသူလျှိုလုပ်ငန်း၏ တန်ပြန်သူလျှိုလုပ်ငန်းပင် ဖြစ်ပေတော့သည်။

စစ်ကြီးပြီးဆုံးချိန်မှစ၍ ဆာဂေးတို့၏ ကွန်ယက်ကဲ့သို့ မည်သည့် ဆိုဗီယက်သူလျှိုမှ ကွန်ယက်ဖြန့်နိုင်ခြင်း မရှိခဲ့ပေ။ သေဒဏ်အမှန်ထိုက်ခဲ့သည်ဆိုပါက သူတို့အဖြစ်မှာ အနာဂတ်အတွက် ခါးသည်းသောသင်ခန်းစာပင် ဖြစ်ပေတော့မည်။

အခြားတစ်ဘက်တွင်မူ ကမ္ဘာစစ်ကြီး၏ အလှည့်အပြောင်းသည် သူလျှိုကွန်ယက်တစ်ခုကြောင့် သမိုင်းတွင် အမှန်တစ်ကယ်ပင် ပြောင်းပြန်သည်ပတ်သွားခဲ့ရသည်ဟု ဆိုနေကြသည်မဟုတ်ပါလား။

ရဲမြင့်သိန်း
(ဘာသာပြန်သူ)

www.burmeseclassic.com